www.burmeseclassic.com




# မြနှောင်းညို

## အသည်းပန်းမှာဆူးတွေနဲ့ရယ်...

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- နိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၉၆၄/၂၀၀၂(၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၉၀၁/၂၀၀၂(၁၀)

ထုတ်ဝေသည့်ကာလ
၂၀၀၃ ခုနှစ်၊ ဇွန်လ

ပုံနှိပ်ခြင်း
တတိယအကြိမ်၊ အုပ်ရေ(၁၅၀၀)

တန်ဖိုး
၈၀၀ ကျပ်

မျက်နှာဖုံးပန်းချီ
မင်းသစ္စာ

ထုတ်ဝေသူ
ဒေါ်ခင်လေးညို (မြ-၀၃၃၀၀)
"ညို"စာပေ
အမှတ်(၇၅)၊ ညောင်တပင်လမ်း၊ ရွာသစ်အရှေ့
အောင်ဆန်းရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်မြို့။

မျက်နှာဖုံး+အတွင်းပုံနှိပ်နှင့်စာအုပ်ချုပ်
ဦးကြည်ဝင်း(မြ-၀၅၃၉၇)
"အောင်ကိန်း"ပုံနှိပ်တိုက်
၁၅၁/၁၅၃၊ ၃၈ လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# အသည်းပန်းမှာ ဆူးတွေနဲ့ရယ်

မြနှောင်းညို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

'ဆုရေ… သနပ်ခါးတုံးတွေက သေတ္တာညာဘက်ထောင့်မှာ သိလား။ သနပ်ခါးခဲလေးတွေကတော့ ခြေလက်လိမ်းဖို့ အဘွား ပလတ်စတစ်အိတ်နဲ့ထည့်ထားတယ်။ မမှီ ကိုယ်တိုင် ခဲပေးထားတာ သမီးရဲ့။ အစစ်တွေ'

ဒေါ်အေးသင်သည် မြေးမကလေးအတွက် အဝတ်အစားသေတ္တာကို အပြီးသပ်ထည့်သိုပေးနေသည်။ အဝတ်အစားသေတ္တာဆိုရသော်လည်း ဗလာစာအုပ်မှအစ ဆပ်ပြာအဆုံး လိုအပ်မည့်အသုံးအဆောင်အားလုံး ပါဝင်လေသည်။

'ဟောဒီမှာ ထုံးဗူးနော်၊ သမီး ရေချိုးပြီးရင် ချိုင်းမှာ ထုံးရည်ကြည်လေးသုတ်ဖို့ မမေ့နဲ့။ ချွေးနံ့ထိန်းတယ် သမီးရဲ့'

ဆုမြတ်လှိုင်သည် အဘွား အသင့်ပြင်ဆင်ပေးသော အိပ်ရာလိပ်ကိုမီကာ အဘွားလက်ဖြူဖြူတုတ်တုတ်ကြီးများကို ငေးကြည့်နေသည်။ အဘွားသည် ဤလက်များဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မနားမနေ စက်ချုပ်ကာ ဆုကြီးပြင်းအောင် မွေးမြူစောင့်ရှောက်လာခဲ့သည်။ ယခုမူ ဆုသည် အဘွားထံမှခွဲခွာ၍ အဝေးသို့ တစ်ယောက်တည်းသွားရပေတော့မည်။

'သြော်… ဟဲ့… မေ့နေလိုက်တာ။ ကြောင်အိမ်ပေါ်မှာ သရက်သီးသနပ်ပုလင်း တင်ထားပြီး ငါ့နှယ်'

'နေပါစေတော့ အဘွားရယ်။ တစ်သက်လုံးစားလာရတာ မုန်းနေပါပြီ'

'ဘယ်ဟုတ်မလဲ သမီးရဲ့။ အဆောင်မှာ စားမကောင်းတဲ့အခါ သမီး ပြန်စားဖြစ်မှာပါ။ ဒါမှမဟုတ်လည်း ဟိုမှာ ဝိုင်းဖွဲ့စားရတော့ သူငယ်ချင်းတွေကို ကျွေးနိုင်တာပေါ့'

အဘွားက နေရာမှထကာ ဝဖြိုးသော ခန္ဓာကိုယ်ကြီးနှင့်မလိုက်အောင် ပေါ့ပါးစွာလျှောက်သွားသော်လည်း ကြမ်းခင်းများကား ဒဏ်မခံနိုင်ဟန် တကျွီကျွီညည်းညူကြရှာလေ၏။ သူတို့နားနေသော အိမ်ခန်းသည် အလျားရှည်၍ အနံကျဉ်းသော အခန်းရှည်ကြီးတစ်ခန်းနှင့် နောက်ဖေးဆောင်သာပါရှိကာ အိမ်ရှေ့တွင်ရှိသော ဖိနပ်ချွတ်ဝရန်တာလေးမှာ သုံးတောင်မျှသာ ကျယ်ဝန်းလေ၏။

သည်အခန်းမှာပင် သုံးထပ်သားအခန်းဖွဲ့ကာ မြေးအဘွားနှစ်ယောက် နှစ်ပေါင်းများစွာ အတူအိပ်စက်လာခဲ့ကြသည်။ အိမ်ရှေ့ခန်းတွင် ပြတင်းပေါက်အနီး၌ အပ်ချုပ်စက်ကို နေရာချကာ အဘွား၏ အလုပ်ဌာနအဖြစ် အသုံးပြု



ရသည်။ ဤနေရာသည် ဆုတို့၏ဧည့်ခန်းလည်းဖြစ်ခါ ဆု၏ စာကြည့်ခန်းဆိုလည်း မှန်သည်သာဖြစ်ချေ၏။ ဆု၏ ခြေတံတိုစားပွဲကလေးသည် ဆု စာအုပ်တင်၍ စာရေးစာဖတ်နိုင်ခဲ့သလို အဘွား အဝတ်ညှပ်ရန်၊ ကော်ကပ်ရန်လည်း အကျိုးပြု တာဝန်ထမ်းမြဲ ဖြစ်လေသည်။

ဆုသည် ဟောင်းမြင်း၍ အဆီဝနေသော ကြမ်းပြင်ကို လက်ညှိုးကလေးနှင့် ထိတို့ပွတ်သပ်နေမိသည်။ ဆု နေ့စဉ်ပြောင်လက်အောင် တိုက်ချွတ်မြဲ ဤကြမ်းပြင်ကို နောက်နေ့တွင် အဘွားကိုယ်တိုင် တိုက်ချွတ်ရပေတော့မည်။

အဘွားသည် မီးဖိုထဲရှိ ကြောင်အိမ်လေးပေါ်မှ သူမကိုယ်တိုင် ပြုလုပ်ရောင်းချရာတွင် လူကြိုက်များ၍ မအူပင်ပြန်လက်ဆောင်အဖြစ် ရပ်ဝေးဧည့်သည်များ တကူးတက ဝယ်လေ့ရှိသော သရက်သီးသနပ်ထည့်ထားသည့် ပုလင်းကို ယူခဲ့ကာ ပလတ်စတစ်ခြင်းအနီလေးထဲတွင် မယိုင်မလဲအောင် သေသေချာချာ ထည့်နေသည်။

'ဒီခြင်းကို ဂုန်နီကြိုးကလေးနဲ့တုပ်ပြီးချည် သမီး။ ပစ္စည်းတွေကို နှိုက်လို့မရအောင်'

ဆုသည် ပေါင်ပေါ်မှာ ခွေအိပ်နေသော ကြောင်မကြီးကို အဘွား၏ အထည်ဖြတ်စ၊ ညှပ်စများဖြင့် ဆု ချုပ်ထားသော ထိုင်ခုံကလေးပေါ်သို့ တယုတယ ရွှေ့တင်ပေးလိုက်ပြီးမှ အဘွားပေးသောကြိုးစနှင့် ခြင်းကို ချည်နှောင်နေသည်။ တစ်ဖက်ခန်းမှ ကလေးနှစ်ယောက် တွန်းထိုးရန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သံနှင့်အတူ ဒေါ်မြ၏-

'ဟဲ့…မျောက်မသားတွေ သိပ်မကမြင်းကြနဲ့ဟေ့'

ဟူသော ဟန့်တားသံပေါ်ထွက်လာပြီး ကြမ်းပြင် သိမ့်သိမ့်ခါလျက် တစ်ယောက်က ပြေးဆင်းသွားကာ အော် ဟစ်ငိုယိုဆဲဆိုရင်း နောက်တစ်ယောက်က ပြေးလိုက်သွား လေ၏။

'အဘွားရေ သားကြီးကတော့ သားငယ်ကို နှက်သွားပြန်ပြီ'ဟု ဆုက အတက်သီကာ ပြုံးနေသည်။

'သွားတိုက်ဆေးကို အလယ်က ညှစ်မသုံးနဲ့နော် သမီး။ အမြီးကနေညှစ်၊ ကုန်ခါနီးကျရင် ပုလင်းကလေးနဲ့ လှိမ့်လိုက် အကုန်ထွက်တယ်'

'အဘွားက အလကားအကုန်ခံပြီး ဝယ်ထည့်နေတာကိုး။ ခါတိုင်းလိုပဲ ဆားနဲ့တိုက်မှာပေါ့ အဘွားရဲ့'

'မဟုတ်တာအေ၊ အဆောင်မှာ အများနဲ့နေရတာ အထိုက်အလျောက်တော့ ပါဦးမှပေါ့'

ဒေါ်အေးသင်သည် မြေးမငယ်၏ ထူးချွန်ထက်မြက်သောဦးနှောက်ကို ပိုင်ဆိုင်သည့်အဖြစ်ကို သူမရင်ခွင်သို့ ဆု ဝင်ရောက်ခိုနားလာခဲ့ပြီး များမကြာမီမှာပင် ကောင်းစွာ ရိပ်မိသိရှိခဲ့လေ၏။ ထိုစဉ်ကတည်းက သား မောင်မြတ်လှိုင်အတွက် သူမ ပြီးဆုံးအောင်သင်ကြားမပေးလိုက်ရသော တက္ကသိုလ်ပညာအမွေအနှစ်ကို မြေးကလေးကိုဖြင့် ဖြစ်သည့်နည်းနှင့် ပေးအပ်ခဲ့မည်ဟု အစွမ်းရှိသမျှ အလုပ်လုပ်ကာ



ငွေကိုကျစ်ကျစ်ပါအောင် စုဆောင်းလာခဲ့သည်။ ထို့ကြောင့်ပင် တက္ကသိုလ်ဝင်စာမေးပွဲကို ဆုတစ်ယောက် ဂုဏ်ထူးလေးခုဖြင့် တစ်ပြည်လုံးမှာ ပထမချိတ်ကာ ထူးချွန်စွာအောင်မြင်ခဲ့လျက် ဆေးတက္ကသိုလ်-၂သို့ ခုံနံပါတ်(၁)အဖြစ် ဝင်ခွင့်ရရှိခဲ့သော အချိန်၌ မရှိမဖြစ် လိုအပ်မည့် ပစ္စည်းမှန်သမျှ ပြည့်စုံအောင် ထည့်ပေးလိုက်နိုင်လေ၏။

သူမကား အသက်ခြောက်ဆယ်အတွင်းသို့ချင်းနင်းဝင်ရောက်ခဲ့ပြီ။ ခင်ပွန်းသည်သည် ဂျပန်ခေတ်က သံဖြူဇရပ် ရထားလမ်းဖောက်ရာသို့ ချွေးတပ်ဆွဲရာပါသွားရင်း ငှက်ဖျားမိကာ ကွယ်လွန်ခဲ့ရသည်။ မုဆိုးမဘဝနှင့် သားဘဝပျိုးထောင်ရင်း သားသည် ရန်ကုန်တက္ကသိုလ်သို့တက်ဆဲ မအူပင်သို့အပြန်လမ်းတွင် မော်တော်နစ်မြုပ်ကာ အသက်သေဆုံးခဲ့ရပြန်လေသည်။ သားလေလင်ဆုံး၍ လူ့လောကတွင် အသက်ရှင်နေရသည်မှာ အဓိပ္ပာယ်မရှိတော့ပြီဟု စိတ်တွေကျဆင်းနေခဲ့ရာမှ ဆုကို ပိုင်ဆိုင်လာသောအခါ မြေးအတွက် မေတ္တာတွေ၊ မျှော်လင့်ချက်တွေနှင့်အတူ ဒေါ်အေးသင် ရှင်သန်လှုပ်ရှားခဲ့ရပြန်လေ၏။

သူမ၏ ရည်မှန်းချက်အတိုင်း ဆုကို ဆေးပညာသင်ကြားဖို့ စေလွှတ်နိုင်ခဲ့ပြီ။ ဆု လစဉ်ရရှိမည့် ပညာရည်ချွန်ဆု ခုနစ်ဆယ့်ငါးကျပ်တွင် သူမ၏စုငွေ၊ နေ့စဉ်ရှာဖွေရရှိငွေတို့စုဆောင်းကာ မမီနိုင်ဟုထင်ရသောပန်းကို မြေးအဘွားနှစ်ယောက် တုံးခုတ်၍ လက်လှမ်းမီကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြေးငယ်ကို ဒေါ်အေးသင် သေသေချာချာ စူးစိုက်ကြည့်မိ၏။ လှိုင်းကြီးအင်္ကျီလက်စကနှင့် ရေညှိရောင် တက်ထရွန်ထဘီကလေးကိုဝတ်ကာ အနွေးထည်အနက်ကလေး ပခုံးမှာခြုံထားသော ဆုသည် ဝင်းညက်သန့်စင်သောမျက်နှာတွင် သနပ်ခါးရေကျဲသာ လိမ်းခြယ်ထားလျက်က နက်မှောင်၍ တန်းနေကာ နှာယောင်တွင် မွေးညင်းကလေးများဆက်နေသော မျက်ခုံးများ၊ ထူးထူးကဲကဲ ကြီးမားလှပသော မျက်တောင်ကော့တို့ ခြံရံသည့် မျက်ဝန်းများနှင့် သိမ်မွေ့လှပနေလေသည်။ ကျောအလယ်တွင် သားရေကွင်းတစ်မျှင်နှင့် စုစည်းထားသော ရှည်လျားမည်းနက်သန့်စွမ်းသည့် ဆံပင်များကလည်း ကျက်သရေဆောင်၍နေပေ၏။ ထိုးထွင်းဉာဏ်ရှိသော စက်ချုပ်သည်ပီပီ ဒေါ်အေးသင်သည် မြေးမလေးကို အဝတ်သစ်ဆယ်စုံထက် ပိုမထည့်ပေးလိုက်နိုင်ပေမယ့် မုံကျသပ်ရပ်၍ လုံခြုံခေတ်မီသော အထည်များသာ ချုပ်လုပ်ပေးလိုက်နိုင်ချေသည်။

ဒေါ်အေးသင်က ဝဖြိုးသော ခန္ဓာကိုယ်ကြီးကိုမှ အားမနာစွာ အစွမ်းကုန်သေးမျှင်လှသော ရွှေဆွဲကြိုးကလေးကို သူမ၏လည်ပင်းမှဖြုတ်ကာ ဆု၏ ဝင်းဝါသောလည်တိုင်ကျော့တွင် ဆွဲပေးမည်ပြုသည်။ ဆွဲကြိုးတွင် မျက်ရည်ဥသဏ္ဌာန် ပုလဲလော့ကက်ကလေးက တွဲလွဲခိုလျက်။

ဆုသည် ကိုယ်ကလေး တိမ်းညွှတ်ရှောင်ဖယ်လိုက်ရင်း–



'ဆု ယူမသွားချင်ပါဘူး ပြောပြီးမှပဲ အဘွားရယ်' ဟု ငြင်းဆန်လေ၏။

'ဆွဲသွားစမ်းပါအေ၊ ငါ့မြေးလေး မျက်နှာငယ်မှာ စိုးလွန်းလို့ပါ'

'ဘာလို့ မျက်နှာငယ်ရမှာလဲ အဘွားရဲ့။ ဆုဟာ ခုံနံပါတ်တစ် မဟုတ်လား။ အားလုံးထဲမှာ ဆု အတော်ဆုံးပါ'ဟု ဆုက ခပ်ကြွားကြွားကလေး ဆိုလေ၏။

ဘွားအေ၏လည်ပင်းတွင် အဘိုး ဆင်မြန်းပေးခဲ့သည့် ရွှေကြိုးမျှင်ကို ပြန်ဆွဲပေးရင်း အဘွား၏ မတွန့်မလိမ် ပြည့်ဖောင်းသောပါးအို့ကြီးကို ရွှတ်ခနဲ နမ်းလိုက်သည်။

'မတော်တဆ ပျောက်မှာစိုးလို့ပါ အဘွားရဲ့။ မပူပါနဲ့။ အဘွားသေတော့ ဆုပဲရမှာပါ။ ဟုတ်ဘူးလား'ဟု ကျီစယ်ရင်း ပါးအို့ကြီးကို ခပ်နာနာလိမ်ဆွဲလိုက်သည်။

'ခွေးမစုတ် နာလိုက်တာအေ'ဟု အဘွားက ဆုလက်ကိုတွန်းဖယ်ရင်း ပြုံးလာတော့သည်။

'သမီး ပိုက်ဆံအိတ်ထဲမှာ ငွေသုံးဆယ်ပဲ ထည့်ထားတယ်နော်။ သေတ္တာထဲမှာ စက္ကူအိတ်နှစ်အိတ်ခွဲပြီး တစ်ရာ့ငါးဆယ်စီ ထည့်ထားတယ်။ တက်ထရွန်ထဘီ နက်ပြာကလေးကြားမှာ'

'သိပါတယ် အဘွားရဲ့'

ဒေါ်ဒေါ်မြသည် အိမ်ရှေ့ဝရန်တာမှတစ်ဆင့် သူတို့အခန်းသို့ ကူးလာသည်။ သူမသည် အိမ်နီးချင်း ဒေါ်အေး

www.burmeseclassic.com

www.burmeseclassic.com



သင်နှင့်ဆန့်ကျင်စွာ အသားမည်းသလောက် ပိန်လှီသေးကွေးသည်။ သို့တစေ ရှင်ချိုဖျတ်လတ်၍ ပျော်ပျော်ကြီးနေတတ်လှလေ၏။

'ဘာလုပ်ပေးရဦးမလဲ ဆုရေ။ အဒေါ်လည်း ကူးလာမလို့ဟာ။ ဆိုင်ကို နှင့်ဦးလေးဖို့ ထမင်းချိုင့်ပို့ဖို့ မကျက်နိုင်တာနဲ့'

'အဆင်သင့်ပဲ ဒေါ်ဒေါ်မြ၊ ကိုလတ်လာရင် သွားရုံပါပဲ။ သဘော်လာမှ လာခေါ်မယ်တဲ့။ သူ့ဆိုက်ကား မှာထားတယ်'

သူတို့ ငှားနေသောအိမ်မှာ နှစ်ခန်းတွဲဖြစ်လျက် ဒေါ်ဒေါ်မြတို့မိသားစုနှင့် ဆုတို့မြေးအဘွားတို့ တွဲနေလာခဲ့သည်မှာ ကြာမြင့်လှပြီ။ ဆု တစ်သက်ပဲဆိုပါစို့။ ခင်ရာဆွေမျိုးဟူသော စကားနှင့်အညီ သံယောဇဉ်တွယ်တာမှုတွေက ကြီးမားခဲ့ကြလေရာ ဒေါ်ဒေါ်မြတို့ရှိ၍ပင် အဘွားကို ဆု စိတ်တုံးတုံးချကာ ထားခဲ့နိုင်ပေမည်။

'မောင်ဝင်းလတ်ကတော့ အအိပ်ကို ကြီးတယ်။ စောစောစီးစီး မအူပင်အမြန်နဲ့ သွားပါဆိုတာ မဟုတ်ဘူး။ ပုသိမ်အမြန်မှစီးချင်တယ်။ လမ်းမှာ တောက်လျှောက်ရပ်သွားတာကိုလည်း သူက စိတ်မရှည်နိုင်ဘူးလေ'ဟု ဒေါ်ဒေါ်မြက ဝေဖန်နေသဖြင့်-

'ဘာလိုလို့နဲ့ နောက်ဆုံးနှစ်တောင် ရောက်ပြီနော်။ ဆရာဝန်ဖြစ်တော့မှာပဲ'ဟု အဘွားက တွေးတွေးဆဆဆို၏။



'ငယ်ငယ်ကများ ဒီလိုဖြစ်လာမယ် မထင်ရဘူး။ ခင်ဝင်းမှီ အပင်ပန်းခံရကျိုးနပ်တာပေါ့လေ။ အခုအတန်းက အပိုင်း(က)ဆိုလား'

'ဟော… ပြောရင်းဆိုရင်း သားအမိလာကြပြီ' ဟု အဘွားကဆိုသည်။

ဆိုက်ကားတစ်စီး ထိုးစိုက်လာကာ ဒေါ်ခင်ဝင်းမှီနှင့် ကိုဝင်းလတ်ဆင်းလာကြသည်။ နောက်မှ ဆိုက်ကားအလွတ်တစ်စီး လိုက်လာလေသည်။

'ဆုရေ… မြန်မြန်လုပ်'

'ပြီးနေပါပြီ ကိုလတ်ရဲ့'ဟု ဆုက ပြောပြောဆိုဆို အိပ်ရာလိပ်ကို မသည်။

'ကိုလတ်ကိုပေး ဆု။ ဦးလေးရေ သေတ္တာကူသယ်ပါဦးဗျ'

ဆိုက်ကားဆရာနှင့် ကိုလတ် ပစ္စည်းများတင်ကာ ချည်နှောင်ခိုက် ဆုသည် အဘွား၊ ဒေါ်လေးမှီနှင့် ဒေါ်ဒေါ်မြတို့အား ကျုံ့ကျုံ့ထိုင်ကာ ကန်တော့သည်။ ဒေါ်အေးသင်ထိန်းမရဘဲ မျက်ရည်ကျဖြစ်ချေ၏။

'မငိုနဲ့လေအဘွား၊ အလကား ခေါင်းအုံနေပါ့မယ်။ ဆု ခဏခဏ ပြန်လာမှာပေါ့လို့'

'စိတ်ချလက်ချနေခဲ့ပါ အဘွားရေ။ ကျွန်တော် ဆုကို အဆောင်အထိ လိုက်ပို့မှာပါ။ နေသားမကျမချင်း နေ့တိုင်းသွားကြည့်ပြီး လိုအပ်တာအားလုံး စီစဉ်ပေးမှာပါ။ အခု

www.burmeseclassic.com

www.burmeseclassic.com



အတူသွားမယ့် အဲလစ်တို့ကလည်း သဘောကောင်းပါတယ်။ ကျွန်တော် သေချာအပ်ထားပါ့မယ်။ ကဲ… ညီမလေး သွားကြစို့။ မာမီ ကျွန်တော်တို့သွားမယ်'

ဒေါ်ဒေါ်မြက 'မမှီ သင်္ဘောဆိပ်လိုက်မယ် မှတ်လို့'ဟုဆိုလျှင် ဒေါ်ခင်ဝင်းမှီက 'ဒီတင်ပါပဲ အသွား။ ဆုကိုလည်း နှုတ်ဆက်ရင်း' တစ်ပိုင်းတစ်စနှင့် ဒေါ်ဒေါ်သင်ကိုလည်း အဖော်အဖြစ် နှစ်သိမ့်လိုကြောင်း မြှုပ်ကာပြောလေ၏။

'ချုပ်ထည်တွေအတွက် စိတ်ချ ဆုရေ။ အသက်နဲ့ငါ ကြယ်သီးတံတပ်ဖို့ လက်ချုပ်လိုက်ဖို့ တာဝန်ယူပါတယ်'

ကိုဝင်းလတ်က ရှေ့မှထိုင်ကာ ဆုက နောက်မှထိုင်လျက် ဆိုက်ကားထွက်ခွာသွားလျှင် ဒေါ်အေးသင်မှာ မျက်ရည်မဆည်နိုင်ဘဲ လက်မောင်းနှင့်တို့ကာတို့ကာ သုတ်ရှာလေ၏။ ဒေါ်ခင်ဝင်းမှီက ဒေါ်အေးသင်ကိုဖက်ကာ ချော့မော့ဆဲ။ ဒေါ်မြ၏သားကြီးနှင့် သားငယ်တို့က လက်ပြကျန်ရစ်လေ၏။

ဆုသည် တစစဝေး၍ ကျန်ရစ်သောအိမ်ကို ရီဝေသော မျက်လုံးများဖြင့် ငေးကြည့်နေသည်။ တစ်ချိန်တစ်ခါက သေသပ်စွာဆောက်လုပ်ထားခဲ့သော သည်အိမ်မှာ ယခုအခါ မုဆိုးမအဖြစ် ကာလရှည်ကြာ ရုန်းကန်လာရသော အိမ်ရှင်ဖြစ်သူ မင်းကတော်ကျ ဒေါ်လေးမှီလည်း မပြုပြင်နိုင်။ အိမ်ငှားများဖြစ်ကြသော အဘွားနှင့်အဒေါ် ဒေါ်မြမှာ



လည်း တစ်ဝမ်းတစ်ခါးစားဖို့ပင် အနိုင်နိုင်ဖြစ်ချေရကား အိုမင်းယိုင်နဲ့လျက် ရေနံချေးရောင်ပင် မပြောင်နိုင်ချေ။

ဆိုက်ကားသည် ကမ်းနားလမ်းအတိုင်း အသော့နှင့်လာသည်။ မိမိကျင်လည်ကျက်စားရာ မွေးဇာတိမြေ ဖြစ်သည်နှင့်အညီ မည်သည့်နေရာတွင် မည်သည့်အဆောက်အဦရှိမည်သိလျက် မြစ်ဘေးမှ တာရိုးကြီးတစ်လျှောက်ဆီသို့ငေးရင်း လိုက်ပါလာစဉ်တွင် သရက်ပင်တို့အုပ်ဆိုင်းလျက်ရှိသော ကျယ်ဝန်းလှသည့် ခြံကြီးတစ်ခြံရှေ့မှ ဖြတ်သန်းသွားနေရကြောင်း လှည့်မကြည့်ပါဘဲ ခံစားသိရှိလေ၏။ တိုက်ခံပျဉ်ထောင် နှစ်ထပ်အိမ်ကြီးကို မြင်ယောင်မိရင်း ဤအိမ်ကြီး၏နောက်ဘက်ခြံအစွန်တစ်နေရာမှ အလုပ်သမားတန်းလျားတွင် ဆု နေထိုင်ခဲ့ဖူးကြောင်း အလိုအလျောက်သတိရလာသည်။ တန်းလျားကလေးတွင် ဆု၏ချစ်လှစွာသော မွေးမိခင်သည် စိတ်နှလုံးပင်ပန်းဆင်းရဲစွာ အသက်ကုန်ဆုံးသွားရရှာကြောင်းဖြင့် မနေ့တစ်နေ့ကပင် ဖြစ်ပျက်ခဲ့သည့်ပမာ အာရုံမှာ ထင်ဟပ်လာခဲ့သည်။ ဆုတစ်ယောက် ယောင်ယမ်း၍ မျက်လုံးစုံမှိတ်မိရင်း ရင်ဝယ်ဆို့နင့်လျက် ပြင်းပြစွာ နာကျင်ရလေ၏။

ဈေးကို ဖြတ်ကျော်လာကာ သင်္ဘောဆိပ်မှာ ထိုးဆိုက်လိုက်လျှင် ဆုတို့ အလျှင်အမြန် သင်္ဘောဆိပ်သို့ ပြေးကြရသည်။ ဆိုက်ကားဆရာများက ပစ္စည်းသယ်ပိုးပေးကြလေသည်။ ဗန္ဓုကအမည်ရှိ သင်္ဘောဖြူကြီးသည် ကျယ်

www.burmeseclassic.com

www.burmeseclassic.com



လောင်စူးရှစွာ ဉသြမှုတ်လိုက်လေ၏။ ဤသင်္ဘောကြီးသည် ဆုကို ရန်ကုန်သို့ သယ်ဆောင်သွားတော့မှာပါလား။

'ဟိုမှာ အဲလစ်ရောက်နေပြီ'

အဲလစ်မှာ တတိယနှစ်(ဆေး)မှ ကျောင်းသူတစ်ဦး ဖြစ်လေသည်။

'နေရာလည်း မရှိပါလား။ ဦးခန်းက သွားစီးရအောင်'ဟု ကိုလတ်က အဲလစ်ကိုခေါ်သည်။

'ပုသိမ်ကအသူငယ်ချင်းတွေ ပါလာတယ်။ အဲလစ်သူတို့နဲ့ပဲ စီးမယ်။ ရန်ကုန်ကျမှ မင်္ဂလာဒုံကို ကားစုငှားသွားမယ်'

ကိုလတ်သည် အဲလစ်ကို နှုတ်ဆက်ကာ စိတ်မြန်လက်မြန် အပေါ်ထပ်သို့ ခပ်သွက်သွက်တက်ခဲ့သည်။ ဆုက အပြေးအလွှား လိုက်ရလေသည်။

'ကိုလတ်က ရိုးရိုးတန်းကစီးရတာ အသက်ရှူကျပ်တယ်'ဟု တီးတိုးပြောသည်။

'ပိုက်ဆံပိုကုန်မှာပေါ့။ ကိုလတ်က ဒေါ်လေးမှိ ပိုက်ဆံတွေကို ဖြုန်းပစ်နေတာ'

'ဒါကတော့ မာမီပဲ ကိုလတ်ကို အသုံးကြီးအောင် အလိုလိုက်ထားတာကိုး။ ညည်းက ပူမနေပါနဲ့။ ကိုလတ် လမ်းစရိတ်ခံမှာပေါ့'

'ပူမနေပါဘူး။ ဦးခန်းခေါ်တော့ ခေါ်တဲ့လူပေးရမှာပေါ့။ ဆုကမှ ရိုးရိုးတန်းခပဲ တတ်နိုင်မယ့်ဥစ္စာ'



'ဆုက ကြွားတတ်တယ်နော်'

သင်္ဘောအကြိမ်ကြိမ်စီးလျက် ရန်ကုန်နှင့်မအူပင် ဥဒဟို ကူးသန်းသွားလာနေသူဖြစ်သည့်အားလျော်စွာ ကိုဝင်းလတ်သည် သင်္ဘောသားများနှင့်ပင် ရင်းနှီး၍နေလေသည်။ တကယ်တော့လည်း လှိုင်းတွန့်ဆံပင်ကလေးများ နဖူးပေါ်ဝဲလျက် သွားတက်ကလေးပေါ်အောင်ပြုံးကာ ဖော်ရွေချိုသာမြဲမို့ ကိုဝင်းလတ်သည် လူချစ်လူခင် ပေါလေသည်။

ကိုလတ်က ဘတ္တလာအား နံနက်ခင်းစားသောက်ဖွယ်ရာ မှာကြားခိုက်ဝယ် ဆုသည် ပြတင်းပေါက်နံဘေးတွင်ရပ်ကာ အဘွားရှိနေမည့် ဆုတို့အိမ်ရှိရာသို့ မမြင်ရပါဘဲလျက် ရော်ရမ်းမှန်းဆကြည့်နေမိသည်။

သင်္ဘောကြီး ဆိပ်ကမ်းမှခွာလေပြီ။ ခရီးသွားများ၊ ဈေးရောင်းဈေးဝယ်များနှင့် ကြိတ်ကြိတ်တိုး စည်ကားနေသော သင်္ဘောဆိပ်သည်လည်းကောင်း၊ မအူပင်ဈေးကြီးသည်လည်းကောင်း၊ ကမ်းနားလမ်းတစ်လျှောက်ရှိ ဆိုင်ခန်း၊ တိုက်တာအဆောက်အအုံများသည်လည်းကောင်း 'ဆုရေ သွားပေဦးတော့'ဟူ၍ နှုတ်ဆက်နေရစ်သယောင် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့သည်။ ပေါ်တော်မူဘုရားပင်လျှင် မှုန်ဝါးရစ်ခဲ့လျက် သင်္ဘောချိုးကွေ့သွားလျှင် ကွယ်၍ကျန်ရစ်တော့သည်။

'ကျောင်းရောက်တော့ပျော်သွားမှာပါကွာ။ ကိုလတ်ဆု မပျော်သေးခင် နေ့တိုင်းလာမယ်'

www.burmeseclassic.com

www.burmeseclassic.com



'သူ့အဆက်တွေဆီ သွားလို့တောင် အချိန်လောက်မှာဖြင့် မဟုတ်ဘဲနဲ့'

'ဒီလောက် မလောက်တဲ့အချိန်ကလေးတွေကိုပဲ ဆုအတွက် ကတ်သီးကတ်သတ် ဖဲ့ရွဲ့ချန်ပြီး လာပါ့မယ်ဗျာ'

သြော်… ဆု၏ စွန့်စားခြင်း ခရီးအစ။

*

## အခန်း(၂)

နန်းဝါနွဲ့ကို အခန်းဖော်အဖြစ် ရရှိခဲ့သည့်အတွက် တစ်နည်းအားဖြင့် ဆုမြတ်လှိုင် ကံကောင်းသည်ဟု ဆိုနိုင်ပေသည်။ နန်းဝါနွဲ့သည် နှိမ့်ချရိုးသားသော ရှမ်းမကလေးပင်တည်း။ တစ်ဖက်ကမူ နန်းဝါနွဲ့၏ ပြည့်စုံကြွယ်ဝမှုသည် ဆုမြတ်လှိုင်၏ ချို့ငဲ့ဆင်းရဲမှုနှင့် ဆန့်ကျင်ဖီလာ အလှမ်းကွာလှန်းနေပြန်သည်။ သစ်လွင်ခြောက်ဆယ်တွင် မိန်းကလေးဆယ့်တစ်ယောက်သာ ပါဝင်ခဲ့သည့်အနက် သီတာဆောင်တွင် ဆယ်ယောက်နေထိုင်ရာ၊ ယင်းဆယ်ယောက်အနက် နန်းသည် ဒုတိယအခမ်းနားဆုံးပင် ဖြစ်ချေသည်။ နန်းသည် ငွေကြေးအလျှံပယ် သုံးစွဲနိုင်သည်။ သို့ပေမယ့် နယ်မှလာသူပီပီ နေထိုင်ဝတ်စားပုံကတော့ ရိုးသားလှသည်။

နန်းထက် ထည်ဝါခမ်းနားသူကား သီတာ၏အလှဘုရင်မ 'ခင်နှင်းဖြူ'။ သူမသည် ဖခင်ဖြစ်သူ အင်္ဂလန်တွင်တာဝန်ထမ်းဆောင်ခဲ့စဉ်က ကမ္ဘာကိုလည်း လှည့်ပတ်နိုင်ခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



ချေသည်။ 'ခင်နှင်းဖြူက ဆုလောက်မလှပါဘူး။ ဆုသာ အလှဘုရင်မ ဖြစ်ထိုက်တာ။ ဆုက တည်တည်ကြီးနဲ့ သိုးသန့်နေတော့ စီနီယာတွေက မာနကြီးတယ်ဆိုပြီး မဲမထည့်တာ သိလား' ဟု ခင်မင်စပြုလာမှ နန်းဝါန္တက ပြောပြသည်။

နန်းဝါန္တသည် သမီးထွေးဖြစ်သည်နှင့်အညီ မိခင်ကို ခင်တွယ်လှသည်။ နန်း၏မိခင်သည် နန်းကိုလာပို့ရင်း နန်း ပြန်မလွှတ်၍ ရန်ကုန်တွင် သုံးလကြာမျှ သောင်တင်နေလျက် နန်းထံ ညနေတိုင်း လာတွေ့ခဲ့ရသည်။ မနေ့ကမှ တောင်ကြီး ပြန်ရချေ၏။ မပြန်မီ ကလေးပမာငိုရှိုက်နေသော နန်းအတွက် စိတ်မဖြောင့်ဘဲ ဆုထံ အထပ်ထပ်မှာကြားအပ်နှံခဲ့လေသည်။

'နန်းဟာ သိပ်စိတ်ပျော့တာပဲ ဆုမြတ်လှိုင်။ အားငယ်တတ်၊ ကြောက်တတ်နဲ့ စောင့်ရှောက်လိုက်ပါဦးကွယ်။ စာမလိုက်နိုင်ရင်လည်း ပြပေးပါဦးနော်'

ယနေ့မူ ခါတိုင်းညနေလို မိခင်မလာတော့ပြီမို့ နန်းသည် ထမင်းမစားဘဲ အိပ်ရာထက်မှာ ခွေနေသည်။ ဆုကတော့ လေးနာရီခွဲသည်နှင့် အဆောင်မှကျွေးသော ထမင်းနှင့်ဟင်းကို ဝမ်းပြည့်အောင်မျိုချကာ ညလယ်စာစားနိုင်ရန်လည်း ထမင်းအနည်းငယ်တင်ထားပြီးလေပြီ။ ဓာတုဗေဒ လက်တွေ့စမ်းသပ်ချက်မှတ်တမ်းများ တကုန်းကုန်း ရေးမှတ်၍ပင်နေပြီ ဖြစ်လေ၏။

'ငါးနာရီထိုးရင် ခင်နှင်းဖြူအခန်း သွားရမယ်နော်။



သူ့မွေးနေ့တဲ့' ဟု နန်းက လှမ်းပြောသည်။

'တို့ကို ရီရီညွန့် ပြောထားတယ် နန်း'

'မသွားလည်း ဘယ်ကောင်းမလဲနော်။ နန်းက စိတ်ညစ်လို့ ကိုယ့်အခန်းမှာပဲ နေချင်တာ'

'နန်းမေမေက တစ်လလောက်နေရင် လာဦးမယ် ပြောသွားနဲ့'

ဆုသည် ဆုဘက် စောင်းလှည့်လာသော နန်းကို လှမ်းကြည့်မိ၏။ မိခင်ကိုလွမ်း၍ ငိုကြွေးနေသောနန်း၏ မျက်နှာကလေးမှာ နီရဲမို့အစ်နေလေသည်။ အမှတ်မထင် နန်းနည်းတူ မိခင်ကိုလွမ်း၍ ငိုကြွေးနေသော ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦးကို ဖျတ်ခနဲမြင်ယောင်ကာ ဆုရင်မှာ နာကျင်ရလေသည်။ နန်းလို ခေတ္တခွဲခွာရခြင်းမဟုတ်မူ၍ မည်သူ့မျှပင် လွမ်းတသသ ငိုကြွေးပါသော်လည်း မိခင်ပြန်မလာနိုင်တော့သောအဖြစ်။ ဆု၏မိခင် ဝဋ်ဆင်းရဲမှ လွတ်ကျွတ်ကွယ်လွန်စဉ်အခါက ဆု ငိုကြွေးခဲ့ရသော အဖြစ်များ။ ခုတော့လည်း ဆုသည် ငိုကြွေးခြင်းကို မေ့လျော့ခဲ့ပြီ။ အသည်းနှလုံးသည် ထုံပေပေနှင့် ရယ်စရာကို တော်ရုံနှင့် မရယ်ချင်သလို၊ ငိုစရာကိုလည်း တော်ရုံနှင့် မငိုဖြစ်တော့ပေ။ ငိုဖို့ မလိုတော့တာလား၊ မငိုတတ်တော့တာလား။

'ဆု ဘာတွေရေးနေတာလဲဟင်'

'ပရက်တီကယ်လေ နန်း၊ ပြီးပါပြီ'

'နန်း ကူးဦးမယ်နော်။ ခင်နှင်းဖြူအခန်းက ပြန်

www.burmeseclassic.com

www.burmeseclassic.com



မှ ကူးရတော့မယ်'

နန်းက ဆံပင်ဖြီးပြီးနောက် ဆု၏စာအုပ်ကို လှမ်းယူကာ လှန်လှောကြည့်ရှုနေ၏။

'ဆုက လက်ရေးကလေးတွေ သိပ်သေသပ်တာပဲ။ ဆု နေတာထိုင်တာကလည်း စည်းကမ်းစနစ်ကျလွန်းလို့ မေမေက သိပ်ချီးမွမ်းတာပဲ။ နန်းတော့ ဆုလို မနေနိုင်ပေါင်။ အသက်ရှူကျပ်တယ်။ ဟင်းဟင်း… ဆု စိတ်မဆိုးနဲ့နော်။ နန်းကြည့်ရတာလေ ဆုဟာ ဆုကိုယ်ဆု အကျဉ်းချထားသလိုပဲ'

ဆုက ပြုံးမိလျက် 'နန်းက ကဗျာဆန်သားပဲ' ဟု မှတ်ချက်ချလိုက်သည်။

အခန်းဝမှ ခန်းဆီးကိုလှစ်ရင်း ရီရီညွန့်က 'လာကြလေဟာ၊ နင်တို့နှစ်ယောက်ပဲ ကျန်တော့တယ်' ဟု လာခေါ်လေသည်။

ဆု အခန်းတံခါးပိတ်သည်ကို ရပ်စောင့်ရင်း နန်းက 'ခင်နှင်းဖြူအခန်းက သိပ်သားနားတာပဲ သိလား။ သူ့ပစ္စည်းတွေ ပြည့်ကျပ်နေလို့ ရီရီက သူ့တစ်ကိုယ်စာတောင် နေရာမရှိတော့ဘူးလို့ ညည်းနေတယ်' ဟု တီးတိုးပြောပြနေသည်။

ပျင်းသည့်အခါ နန်းသည် အခန်းလည်လေ့ရှိသော်လည်း ဆုကား ဘယ်သူ့အခန်းမှ မရောက်ဖြစ်။ နန်းက ရက်ရောသူဖြစ်ပါလျက်နှင့် ဆုသည် နန်း၏ အသုံးအဆောင် အစားအသောက်များနှင့်ပင် ဆက်စပ်ပတ်သက်ခြင်း မရှိ



အောင် ကင်းကင်းပြတ်ပြတ်နေတတ်သေးတော့လည်း အခြားသူများနှင့် မေးထူးဆက်ဆံရုံထက် ပိုမရင်းနှီးလာတော့သည်မှာ အံ့သြစရာမရှိ။

ခင်နှင်းဖြူတို့အခန်းထဲ ဝင်မိသည်နှင့် ခင်နှင်းဖြူ၏ ခုတင်ပေါ်မှ တရုတ်ဖဲအိပ်ရာဖုံး၏ အလှအပကို သတိမထားမိဘဲ မနေနိုင်သလို စာကြည့်စားပွဲရှေ့နံရံတွင် ခပ်စိုက်စိုက်ချိတ်ထားသော မှန်ကြီးကလည်း အာရုံကို ဆွဲဆောင်နေလေ၏။ စားပွဲဘေးရှိနံရံတွင် အရှင်တပ်ဆင်ထားသော စင်ကလေးရှိလျက် ခေတ်စားစ ကက်ဆက် တင်ထားကာ ကလစ်ဖ်ရစ်ချက်၏ 'ငယ်ရွယ်သူများ' သီချင်းသံသည် သိမ်မွေ့ညင်သာ ပျံ့လွင့်နေလေသည်။ ကက်ဆက်မှန်းပင် နန်းပြောပြ၍သာ ဆု သိထားရတာ။ ဆုတို့ မအူပင်တွင် မည်သူမျှပင် မသုံးသေး။ အလယ်ဆင့်တွင် တိပ်ခွေများစီထားကာ အောက်ဆုံးကအဆင့်တွင်မူ နှုတ်ခမ်းဆိုးဆေး၊ လက်သည်းနီ၊ ရေမွှေးနှင့် အခြားအလှပြင်ပစ္စည်းများ ပြည့်နေလေသည်။

အိပ်ရာဖုံးလွှတ်နေသော ခုတင်အောက်ဘက်ဆီတွင် ဖိနပ်များကို ခြောက်ရံထက်မနည်း တန်းစီ၍မြင်ရသေးသည်။ ယင်းသည်ပင်လျှင် အခန်းဖော်ကိုအားနာကာ ဝန်စည်စလယ် လျှော့ပေါ့ထားခြင်း ဖြစ်လေ၏။

'ခင်နှင်းဖြူ ချစ်ဖွယ်ချိုဆယ့်ခွန်' ဟူသော စာလုံးများ ရေးဖော်ထားသည့် မွေးနေ့ကိတ်မုန့်သည် စာကြည့်စားပွဲပေါ်တွင် နေရာယူနေသည်။ လိမ္မော်သီးများကို စီတ

www.burmeseclassic.com

www.burmeseclassic.com



နွာကာ ပန်းကန်ပြားနှင့်ထည့်ထားသည်။ ဆိတ်သားမုန့်များ၊ ချိုချဉ်များ၊ ရေခဲဘူးထဲမှ ရေခဲမုန့်ကို ရေခဲမုန့်ဖန်ခွက်ကလေးများထဲသို့ ရီရီညွန့်ကထည့်ပေးပြီး ခင်နှင်းဖြူက တစ်ယောက်စီ လိုက်ကမ်းသည်။ ခုတင်နှစ်ခုလုံးပေါ်တွင်ရော၊ ကုလားထိုင်(၂)ခုပေါ်တွင်ပါ သူငယ်ချင်းများ ပြည့်နေလေ၏။

မြင့်မြင့်အေးဆိုပေမယ့် ပုဂ္ဂိုဝသလောက် ရွှတ်နောက်ပြောင်ချော် အော်ကြီးဟစ်ကျယ် ရယ်မောနေကျ။ မိပုတ်က 'မွေးနေ့တစ်ရာတိုင်ပါစေ၊ တစ်နှစ်ထက်တစ်နှစ် ပိုပြီး ကျွေးမွေးနိုင်ပါစေ'စသည်ဖြင့် အတည်ပေါက် ဆုမွန်တောင်းရာမှ အဆုံးသတ် 'ပါတနာကလေးနဲ့လည်း ပိုလို့ပြေလည်နိုင်ပါစေ'ဟု ဖောက်လိုက်လေ၏။

ခင်နှင်းဖြူသည် စီရီသော သွားကလေးများ ပေါ်လာအောင် လှိုက်လှိုက်လှဲလှဲရယ်မောရင်း 'ယူဟာလေ ဒါပဲ ခလုတ်တိုက်နေတော့တာပဲ'ဟု ပြောလေသည်။

'ခလုတ်တိုက်ဆို ကလီယိုပတ်ထရာနဲ့ မတ်အန်တိုနီယိုကလည်း ပရက်တီကယ်မှာ အမြဲပြေလည်နေတာကိုး'

'သူငယ်ချင်းမို့ပါ ပုတ်ပုတ်ရယ်။ သူ့ပါပါနဲ့ အိုင့်ဒယ်ဒီနဲ့က သိပ်ကိုချစ်ကြတဲ့ သူငယ်ချင်းတွေလေ။ သူ့အစ်မတွေနဲ့လည်း အိုင်နဲ့ သိပ်ချစ်ကြတာ။ အမယ်လေး သူကတကယ်တော့ သိပ်ရှုက်တတ်တာ။ အိုင်နဲ့လေ ဆေးကျောင်းရောက်လာပြီး ခုံနံပါတ်ချင်းလည်းကပ်လျက်ဖြစ်နေတော့မှ စကားစပြောဖူးတာ သိလား'



ကိုတ်မုန့်လှီးနေသော ခင်နှင်းဖြူ၏ လက်ချောင်းကလေးများလှပပုံကို ဆုသည် တမေ့တမော ငေးကြည့်နေသည်။ သူမ၏ အဆစ်ပေါ်သော လက်ချောင်းများကို အမှတ်မထင် ငုံ့ကြည့်မိသည်။ လက်ချုပ်မလိုက်ရသည်မှာ ကြာ၍ ဆု၏ လက်ဖျားကလေးများ အရင်လို မွကြမ်းမနေဘဲ ချောမွတ်လာကြောင်း သတိပြုမိလေ၏။

နှမ်းဝါနွဲ့က မကျေနပ်ဘူးဆိုသော်လည်း ဆုမှာမူ ခင်နှင်းဖြူသည် သီတာအလှဘုရင်မရထိုက်ကြောင်းထောက်ခံချင်မိသည်။ မျက်လုံးမျက်ဖန် မလှဘူးဆိုပေမယ့် နှင်းလိုဖြူဖွေးသောအသားတွင် နှင်းဆီဖူးပမာ လှပသောနှုတ်ခမ်းများက ပြုံးလိုက်လျှင် ချစ်စရာကောင်းလှသဖြင့် စွဲမက်ဖွယ်မိန်းကလေးပင်တည်း။ ပခုံးတစ်ဝိုက်တွင် ဆံပင်ဝေ့ဝဲလျက်မို့အလှဘုရင်မ ကလီယိုပါထရာအဖြစ် အယ်လစ်ဇဘတ်တေလာ သရုပ်ဆောင်သွားသည်နှင့် နှိုင်းယှဉ်တင်စားကြသည်မှာလည်း မလွန်ဟု ဆုက တွေးမိလေ၏။

'ကျော်ဆွေကိုက စာကြမ်းပိုး။ စာအုပ်နဲ့ပဲ အချိန်ကုန်နေတာ။ သူ့ပါပါက ဆရာဝန်ကြီးဦးဖုန်းကိုလေ။ ပရော်ဖက်ဆာပေါ့။ သိတယ်မဟုတ်လား။ အဲဒီအန်ကယ်ကိုယ်၌က စာသိပ်ဖတ်တာ။ ဒါပေမယ့် အန်ကယ့်လိုတော့ ကျောင်းစာမဖတ်ဘူးတဲ့။ သူ့အစ်မတွေက မနည်းချော့မော့ စာကျက်ခိုင်းရတာတဲ့။ သူက အပြင်စာတွေပဲ ဖတ်တယ်တဲ့လေ'

ရေခဲမုန့်များကို ပန်းကန်များထဲ လိုက်ဖြည့်ပေးရင်း

www.burmeseclassic.com

www.burmeseclassic.com



ခင်နှင်းဖြူက 'ဆုကို တွေ့ဖူးစက အိုင် သိပ်မြင်ဖူးတာပဲ ဆိုပြီး စဉ်းစားနေတာ။ ဆုက ဦးမောင်မောင်သော်တို့နဲ့ အမျိုးတော်သလားဟင်'ဟု မမျှော်လင့်ဘဲမေးလေရာ သူမ၏ ချိုသာသောအသံသည် ဆုနားထဲတွင် အဆမတန် ခါးသက်လှလေ၏။

'ကြားတောင် မကြားဖူးပါဘူး ခင်နှင်းဖြူ'ဟု ဆုက ခပ်တည်တည် ငြင်းဆန်ပစ်လိုက်လေ၏။

'ညွန့်မှူးချုပ် ဦးမောင်မောင်သော်လေ။ မအူပင်ကပဲ'ဟု ခင်နှင်းဖြူက မယုံနိုင်ဘဲ ထပ်ဆင့်မေးသည်။

'သိကို မသိပါဘူး'

'တကယ်လားဟင်။ သူ့သမီး ဝင့်ဝင့်သော်နဲ့ ယူနဲ့ သိပ်တူတာပဲဆုရဲ့။ ငယ်တော့ငယ်တယ်။ ခုမှ ဆယ့်နှစ်နှစ်လောက်ပဲရှိသေးတာ။ အိုင်ဖြင့် ကျော်ဆွေကိုနဲ့တောင် ပြောမိသေးတယ်။ အိုင်ပြောမှ သူလည်း စဉ်းစားမိပြီး အိုင့်ကို ထောက်ခံတယ်။ တူသတဲ့'

'ကျော်ဆွေကိုနဲ့လည်း သိတယ်လား။ အဲဒီ ဝင့်ဝင့်သော်က'ဟု နန်းက ဝင်မေးသည်။

'သူတို့နဲ့ ဦးမောင်မောင်သော်နဲ့ကခြံချင်းကပ်လျက်။ သူ့အစ်မ စန္ဒာကိုကတော့ ဝင့်ဝင့်ကိုကြည့်မရဘူးတဲ့။ ကဲလို့တဲ့လေ။ အိုင့်မောင်လေးတွေကတော့ စိတ်ဝင်စားတယ်။ ဝင့်ဝင့်က စတား'

'ဟင်... အဲဒီအရွယ်လေးက စတား။ ပြီးတော့



တဲတယ်'ဟု နန်းက အံ့သြနေသည်။

'ဦးမောင်မောင်သော်ကတော့ သိပ်မာနကြီးတာပဲ။ စကားပြောရင် အထက်စီးချည်းပဲတဲ့။ အိုင့်ဒယ်ဒီနဲ့တော့ ပြေလည်ပါတယ်။ ကျော်ဆွေကို့အဖေ ဦးဖုန်းကိုနဲ့ကျ မဟုတ်မခံ ဘွင်းဘွင်းသမားကြီး မဟုတ်လား။ တစ်ခါတစ်ခါ သူတို့နှစ်ယောက် ဆုံမိကြရင် ဒယ်ဒီ ဦးနှောက်ခြောက်ရော။ တလေးတွေ ရန်ဖြစ်သလို အပြန်အလှန် ငြင်းခုံကြပြီး တစ်ယောက်ကိုတစ်ယောက် ချိုးဖဲ့ကြတာပဲ'

'ယူ့မောင်လေးတွေကတော့ ငယ်ငယ်လေးတွေပဲပေါ့'ဟု နန်းက ဘဝင်မကျနိုင်ဘဲ ထပ်မေးပြန်သည်။

'ဟုတ်တယ် နန်းရေ၊ ငယ်ငယ်လေးတွေပဲ။ ခေတ်ထပြောင်းနေပြီ။ နန်းသာ တက္ကသိုလ်ကျောင်းသူ ရင့်မကြီးဖြစ်လျက်နဲ့ စာပေးခံရတာကို ရှက်ပြီးငို သိလား'

တစ်နေ့က နန်းဝါနွဲ့ကို ခုံနံပါတ်တွဲဖက် ခင်မောင်မောင်က စာအုပ်ထဲ စာညှပ်ပေးသဖြင့် နန်း ရှက်ခေါ်သနှင့် ငိုခဲ့သည်ကို ပုတ်ပုတ် အစပြန်ဖော်လိုက်လျှင် နန်းက မျက်နှာထလေးနီကာ ပုတ်ပုတ်ကျောကို ထုလေ၏။

ဆုကား ကိုယ့်ဝမ်းနာကိုယ်သာသိလျက် မချိပြုံးနှင့် အောင့်အည်းနားထောင်နေသော်လည်း မျက်စိထဲတွင်မူ ဝင့်ဝင့်သော်၏မျက်နှာကို ပုံဖော်ကြည့်နေသည်။

မအူပင်မှအိမ်ကြီးတွင် နေစဉ်က ဆုကိုယ်တိုင်ပင် ငယ်လွန်းသေးသောအရွယ်မို့ ဝင့်ဝင့်သော်တို့ မျက်နှာများကို

www.burmeseclassic.com

www.burmeseclassic.com



မအူပင်သို့ ခေတ္တအလည်လာသည့်အခိုက် တွေ့မြင်ဖူးစေကာမူ မမှတ်မိ။ သုံးနှစ်အရွယ် ဝင့်ဝင့်သော်နှင့် လမ်းလျှောက်တတ်စ စိုးသော်တို့ ရောင်စုံဘောလုံးကြီးနှင့် အိမ်ရှေ့မြက်ခင်းပြင်ပေါ် ပြေးဆော့နေခိုက် ခုနစ်နှစ်အရွယ်ဆုသည် ငေးကြည့်ရင်းကြည့်ရင်း ရှေ့တိုးမှန်းမသိ တိုးသွားခဲ့မိသေးသည်။ 'ဟဲ့… ကောင်မလေး၊ ဒီအိမ်ရှေ့ကိုမလာနဲ့၊ ပြန်' ဟု သူတို့မိခင် ဒေါ်နုနုတင်က မျက်နှာထားကြီးနှင့် အော်ငေါက်လိုက်လေမှ နုနယ်သောအသည်းတွင် နာကျင်ထိတ်လန့်စွာ ခံစားရပြီး တန်းလျားသို့ပြန်ပြေးခဲ့ရကြောင်းကိုမူ ဆု သတိရနေမိလေသည်။ ဆုကား အမှတ်သည်းခြေကြီးခဲ့သည်။ ထိုစဉ်ကတည်းက အိမ်ကြီးဘက် ယောင်၍မှ ခြေဦးမလှည့်တော့ပေ။

လွန်ခဲ့သော လေးနှစ်ကတော့ မအူပင်ဈေးထဲတွင် ဒေါ်နုနုတင်တို့သားအမိကို တစ်ကြိမ်ထပ်၍ ဆုံတွေ့ရပြန်လေ၏။ ထိုနေ့က ဒေါ်မြမြနှင့်ဆု ဈေးဝယ်သွားကြရာ ဈေးအလယ် ပုစွန်ဆီ၊ ပုစွန်ချဉ်ဆိုင်ရှေ့တွင် ထည်ဝါသားနားစွာ ဝတ်စားထားသော အမျိုးသမီးကြီးတစ်ဦး ဈေးဝယ်နေလျက် ချစ်စဖွယ်ကလေးနှစ်ယောက်က သူ့မနောက်တွင် ရပ်နေလေရာ ဆုတို့ ဆက်မသွားနိုင်ဘဲ လမ်းပိတ်နေခဲ့သည်။ မျက်နှာတွင် နှုတ်ခမ်းနီ၊ မိတ်ကပ်ခြယ်သလျက် ပါတိတ်တင်ဆင်စာနှင့် ရောမလက်ဖွဲ့အိတ်ကြီးကို ကိုင်ဆွဲထားသော အမျိုးသမီးကြီးမှာ မအူပင်တွင် မြင်နေကျသူမဟုတ်မှန်းတော့ သူ သတိထားမိသည်။



'ကလေးရေ၊ လမ်းနည်းနည်း ဖယ်ပေးပါဦးကွယ်' ဟု ဒေါ်ဒေါ်မြက ကလေးမလေးကို ပြောသဖြင့် အမျိုးသမီးကြီး လှည့်အကြည့်တွင်မှ ဒေါ်ဒေါ်မြလည်း–

'ဟင်… မမတင်' ဟူ၍ အာမေဋိတ်ပြုလေ၏။

'သြော်… အမြပါလား' ဟုဆိုကာ ဆုကို တစ်လှည့်ကြည့်ပြန်ပြီး 'သူက' ဟု ရှုးစမ်းမေးမြန်းလေ၏။

ဒေါ်မြမြသည် ရုတ်တရက် အဖြေရခက်နေပြီးမှ 'ဆုလေ မမ' ဟု ဆိုသည်။

'ဘာ'

'ဆု၊ ဟိုဒင်း… မေလေးသမီး'

ဒေါ်နုနုတင်က ရင်ဘတ်ကို လက်နှင့်ဖိကာ မမြင်သင့် မမြင်အပ်သည်ကို မြင်တွေ့ရသည့်နှယ် 'ဘုရား… ဘုရား' နှင့် တမျှားပင် တနေချေ၏။

ဒေါ်မြလည်း ချဉ်ချဉ်ရှိလာလျက် 'ဒါ မမသမီးကလေးလား။ သွေးစပ်တယ်များ ပြောစရာမလိုဘူး။ ဆုနဲ့တူလိုက်တာနော်' ဟု ပြောချလိုက်သည်။

'ဒီစကားများ အစ်ကိုကြီးကြားရင် တူအောင်မွေးရမလားလို့ ငါ့ကို သတ်ပစ်နေပါ့မယ်အေ။ ကြည့်လည်းပြောပါ' ဟု ဒေါ်နုနုတင်က ခါးခါးသီးသီး ပြန်ပြော၏။

ကြောင်ငေးနေသော ဆုသည် မြွေပေါက်ကလေးပမာ ရှူးခနဲ ပါးပျဉ်းထောင်ကာ 'ဟုတ်သားပဲ ဒေါ်ဒေါ်မြရဲ့။ မတူသင့်ဘဲတူရင် ဒေါင်းယောင်ဆောင်တဲ့ ကျီးကန်းလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်တာပေါ့။ မလုပ်ပါနဲ့' ဟု ပြောလျက် ဘေးမှ ပခုံးချင်းဖွတ်တိုက် တိုးထွက်ခဲ့တော့သည်။

မမျှော်လင့်ခိုက် ပက်ခနဲပြောသွားသော စကားကို ရုတ်တရက် နားမလည်ဘဲ တဖြည်းဖြည်းမှ အဓိပ္ပာယ်ပေါက်သ ဒေါ်နုနုတင်မှာ ခံပြင်းစွာဖြင့် ဆု၏ ငယ်ကျိုးငယ်နာများ ရှုတ်ဖတ်သရေရှုပ်ချယ်၍ ကျန်ရစ်ကြောင်းဖြင့် ဆုနောက်မှ ပြေးလိုက်လာသော ဒေါ်ဒေါ်မြက အသွားနှင့် ဒေါ်လေးမှီအား အားပါးတရ ဖောက်သည်ချခဲ့လေ၏။

သူငယ်ချင်းများအချင်းချင်း စနောက်ရယ်မောခိုက် ဆုမှာ စိတ်တွေ ထွေပြားပုံ့လွင့်နေခဲ့သည်။ သည်မိသားစုသည် ဆုဘဝရှင်သန်လန်းဆန်းရေးတွင် ပြေးမလွတ်အောင် ပင် လိုက်လံအရိပ်ထိုး နှောက်ယှက်နေပါကလားဟု စိတ်ဝယ် နောက်ကျိုရှုပ်ထွေးရလေသည်။

စာကြည့်ခေါင်းလောင်းထိုးသည်နှင့် ဆုက မွေးနေ့များစွာ ပြန်လည်ကြုံဆုံရစေဖို့ ဆုမွန်ကောင်းတောင်းကာ ပြန်ခဲ့သည်။ နန်းလည်း တစ်ပါတည်းလိုက်လာလေ၏။

'ဆုရေ စာတွေ သိပ်မကျက်နဲ့ကွာ။ ဂရိတ်ငါးမှာ ခြောက်ရနေလို့ ဆရာတွေ ဦးနှောက်ခြောက်ကုန်ပါ့မယ်' ဟု ပုတ်ပုတ်က မနောက်သာနောက်သာ လိုက်နောက်လေသည်။

'မိပုတ်ကလည်း ငါ့ယောက်မကို လိုက်ပိတ်ပင်မနေပါနဲ့' ဟု ရီရီညွန့်က ကိုဝင်းလတ်ကို ဆုအစ်ကိုအမှတ်ဖြင့် ထပ်ဆင့်ရှုတ်လိုက်လေသေး၏။



အခန်းထဲပြန်ရောက်လျှင် 'ခင်နှင်းဖြူက ကျော်ဆွေကိုကို သိပ်စိတ်ဝင်စားတာပဲနော်' ဟု တီးတိုးစကားတင်းဆို၏။

'သူတို့ချင်းခင်တယ် ဆိုတာကိုး'

'ကျော်ဆွေကိုက လူလည်းပျော်တယ်။ ဒီမှာက နယ်ကပဲများတော့ သူက ဖောက်ဝက်ဂွန်နဲ့ဘာနဲ့။ ပြီးတော့ ဦးဖုန်းကို သားဆိုတော့ စီနီယာတွေကတောင် စိတ်ဝင်စားတယ်သိလား'

'ဟုတ်မှာပေါ့'

ပေါလိတီဝစ်ဇ်၏ ပါထာဗေဒစာအုပ်ကို ဆုမြတ်လိုင် ဖွင့်ပြီဆိုတော့ နန်းဝါနွဲ့လည်း အလိုက်တသိပင် သူမစားပွဲတွင် သွားထိုင်ကာ ဓာတုဗေဒစာ၌ ကူးရတော့သည်။

စာအုပ်ဖွင့်ပေမယ့် ဆုစိတ်သည် စာတွင် အာရုံဝင်စား၍မရ။ ခင်နှင်းဖြူ အသစ်ဖော်ပေးလိုက်သော ရေးဖြစ်နောက်ကြောင်းများသည် ဆုရင်ထဲတွင် မြုံနေအောင်းနေရာမှ ပြန်လည်နိုးကြွနေလေပြီ။ ဦးမောင်မောင်သော်၏ ခြံကြီးအတွင်းမှ ဓာတ်လမ်းတစ်ပုဒ်သည် နူးနယ်သောအသည်းနှလုံးတွင် အစွဲကြီးစွဲထင်နေခဲ့မှပဲလေ။

အိမ်နောက်ဖေးတန်းလျားဝယ် ကိုယ်တစ်ပိုင်းသေကာ အိပ်ရာထက်ဝယ် ပိန်လှီချည့်နဲ့စွာ လဲလျောင်းနေရှာသော မိခင်၏မျက်နှာကို တရေးရေးမြင်ယောင်လာသည်။ တစ်ချိန်က မေမေ အမိန့်ပေးစေခိုင်းနိုင်ခွင့်ရှိခဲ့သော အိမ်ဖော်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဲတို့ အားလပ်၍ တန်းလျားပြန်လာရချိန်တွင် စေတနာ အလျောက် ပြုစုသမျှသာ ခံယူရလျက် ကျန်အချိန်များတွင် လူမမယ် ဆုကိုပဲ လက်တိုလက်တောင်း စေခိုင်းရရှာသူ မေမေ့ဒုက္ခကို ဆု မမေ့နိုင်။ မေမေ ကွယ်လွန်ခါနီး အမော ဖောက်နေချိန်တွင် မေမေ ခွဲခွာသွားတော့မည်ကို နားလည် သိရှိကာ ဆုအနီးတွင် မေမေ့သူငယ်ချင်း ဒေါ်လေးမို ရှိနေ ၍သာ တစ်အားတက်ခဲ့ရကြောင်းလည်း ဆု သတိရနေသေး သည်။ မေမေ ကွယ်လွန်ပြီး ရက်လည်သောနေ့မှာပဲ ဒေါ်သဲ လည်း သဘောတူညီသဖြင့် ဆုကို ဒေါ်လေးမိုက အဘွားထံ သို့ ပို့ပေးလေ၏။

အဘွားသည် ဆုကိုပွေ့ဖက်ကာ 'မေမေသော့်ခမျာ သေမှပဲ ဒုက္ခငြိမ်းရှာတော့တယ်။ ဒီဘဝဒီမျှနဲ့ပဲ ဝဋ်ကြွေးကုန် ပါစေတော့ မမိုရယ်' ဟု မျက်ရည်စမ်းစမ်းနှင့် ပြောစဉ်က တော့ ဆု အနက်အဓိပ္ပာယ် အတိအကျမသိခဲ့။

အဘွားမေတ္တာကို အစားထိုးရရှိခဲ့၍ ဆုဘဝ ဤမျှ ရှင်သန်လာနိုင်ခဲ့သည့်တိုင်း အတိတ်တစ္ဆေသည် အခွင့်သာ တိုင်း ဆုကို ခြောက်လှန့်မြဲ။

ဆုက ပျံ့ဝဲသောစိတ်လိပ်ပြာကို ဇွတ်ပင် ဖမ်းယူ ချုပ်နှောင်ရလေ၏။ ကျောင်းစာအုပ်ထဲကို စိတ် အတင်း အဓမ္မ တွန်းပို့ရချေ၏။

ဘက်တီးရီးယား၊ အယ်လ်ဂျေး၊ ပရိုတိုးဇိုးဝါး၊ ဖန်ဂျိုင်း၊ ဖက်တာခိုးဝါး၊ မက်တာဖိုက်တာ၊ သက်ရှိလောက၊



သတ္တဝါနှင့်သစ်ပင်၊ ဝိညာဏနှင့် အဝိညာဏက . . . ဆု၏ စိတ်သည် တစ်စစနှင့် ပါဏာဗေဒဘာသာရပ်တွင်းသို့ စုံးစုံး မြုပ်သွားလေသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဆေးတက္ကသိုလ်တွင် ဆေးပညာသင်ကြားရာ၌ ဆေးကျမ်းအများစုကို မြန်မာဘာသာဖြင့် ပြန်လည်ရေးသားပြုစုခြင်းမှာ မတတ်နိုင်သေးသည်နှင့်အမျှ အချို့စကားအသုံးအနှုန်း ဝေါဟာရတို့ကို တိုက်ရိုက်ဘာသာပြန်ရန် ခက်ခဲလှလေရကား ယခုအခါ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဆေးကျမ်းများကိုပင် မှာယူအသုံးပြုနေသေးသည်။ သည်တော့ အင်္ဂလိပ်စကားကို ဆေးပညာလေ့လာရာတွင် အသုံးချနိုင်အောင် လမ်းညွှန်သင်ကြားပေးဖို့ လိုအပ်နေပေသည်။ အမှတ်များ မြင့်မားစွာရရှိလျက် ဆေးကျောင်းသို့ ရောက်ရှိလာကြသော ကျောင်းသားများမှာ ဉာဏ်ရည်ချင်းမကွာခြားလှစေကာမူ အင်္ဂလိပ်ဘာသာရပ်မှုကား တွေ့ထိပတ်သက်ခွင့် အခြေအနေနှင့် လေ့လာဆည်းပူးမှုအပေါ် မူတည်၍ အရည်အချင်းအတန်အသင့်ကွာဟကြချေ၏။ ထို့ကြောင့်ပင် အရည်အချင်းအလိုက် လိုအပ်သလို ဖြည့်တင်းပေးနိုင်ရေးအတွက်

www.burmeseclassic.com

အေ၊ ဘီနှင့် စီဟူ၍ စာမေးပွဲစစ်ကာ တန်းခွဲသုံးခု ခွဲထားခဲ့လေသည်။ အေတန်းခွဲတွင် တက်ရောက်သင်ကြားရသော ကျောင်းသားဆယ့်ငါးယောက်မှာ ခုံနံပါတ်တစ် ဆုမြတ်လှိုင်မှအပ အားလုံး ရန်ကုန်ကျောင်းထွက်ချည်းသာ ဖြစ်လေ၏။

ကျော်ဆွေကို၊ ဖရက်ဒီလင်းနှင့် စောဒီလုံးတို့သည် ခုံချင်းကပ်လျက် ထိုင်နေကြသည်။ တိုင်ပင်စရာမလိုဘဲ အတန်းထဲဝင်လာသော အတန်းသူများကို ဣန္ဒြေရစွာ ကသိုဏ်းရှုနေကြလေသည်။

သီတာအလှဘုရင်မဆိုပေမယ့် မြင်တွေ့နေကျမို့လား မသိ။ ခင်နှင်းဖြူကို ကျော်ဆွေကိုစိတ်တွင် လှသည်မထင်။ ခုံနံပါတ်တစ်၏အလှကမှ စွဲမက်စရာကောင်းသည်ဟု မှတ်ယူမိ၏။

ခုံနံပါတ်နှစ် ဖရက်ဒီလင်းကမူ 'လှတော့လှပါရဲ့။ မိန်းကလေးဆိုတာ နည်းနည်းတော့ မျက်နှာချိုဦးမှပေါ့။ ခုတော့ကွာ တစ်ကမ္ဘာလုံး သူ့လုပ်စာစားတဲ့အတိုင်းပဲ မျက်နှာထားတင်းလိုက်တာ လွန်ရော'ဟု ဆုမြတ်လှိုင်အား ကဲ့ရဲ့ခဲ့လေ၏။

ထိုစဉ်က စောဒီလုံးက 'နင် လိုက်လို့မရလို့ စပျစ်သီး ချဉ်တာပါပဲ'ဟု ဖရက်ဒီကို ဝေဖန်သေး၏။

အတန်းထဲသို့ နောက်ကျစွာဝင်လာသော ဆုမြတ်လှိုင်၏ မသိမသာပင့်ထားသောမျက်နှာနှင့် တည့်မတ်ကျော့ရှင်းသောလမ်းလျှောက်ဟန်ကိုကြည့်ကာ ဖရက်ဒီပြောလည်း



ပြောလောက်သည်ဟု ကျော်ဆွေကိုကိုတ်၍ဝန်ခံမိသည်။ လှတော့လည်းလှနေတာ ငြင်းမရဟုလည်း မဲတင်းနေလိုက်သေးသည်။ သူ ရှေ့ခုံမှာလာထိုင်တော့ တစ်ဖန် တက်ထရွန် ခရမ်းရင့်တစ်ဆင်စာသည် အဆီအသားမပိုမလို ကွက်တိကျသော ခန္ဓာကိုယ်တွင် ချပ်ချပ်ရပ်ရပ်နေသဖြင့် ဝါဝင်းသော လက်မောင်းကလေး ပြည့်ဖြိုးပုံ၊ ပြေပြစ်သော ကျောကျပုံ၊ ခါးကလေးသေးသိမ်ပုံ၊ တင်ပါးဆုံပြည့်ဝန်းပုံတို့မှာ အဆင်ပြေလှပနေကြောင်း တိတ်တဆိတ်ချီးမွမ်းနေမိလေ၏။ သူမနံဘေးမှ ခင်နှင်းဖြူနှင့် လှည့်စကားပြောတိုင်း မျက်တောင်ကော့ခြံရံသောမျက်လုံးကြီးများကို မြင်တွေ့ရလျက် သည်မျက်လုံးများသည် ဤမျှတင်းမာမနေဘဲ ရီဝေညို့ဆွဲနေလျှင် ဘယ်လောက်များမက်မောဖွယ်ကောင်းလိုက်မလဲဟု တွေးမိသည်။ သူ့ချစ်သူကိုကြည့်လိုက်တော့ ရီဝေရွှန်းလဲ့ပြီး ညို့ယူဖမ်းစားမှာသေချာသည်ဟုလည်း လျှောက်လဲချက်ပေးမိပြန်၏။

နည်းပြဆရာမ ဒေါ်အီလိုက်ဇာဟဲရစ်(စ)သည် ခွာသေးသော ခုံမြင့်ဖိနပ်ကို တခွပ်ခွပ်မြည်အောင်နင်းကာ 'ဂွတ်မောနင်းကလပ်စ်'ဟုနှုတ်ဆက်ရင်း အတန်းထဲဝင်လာသည်။ ဆရာမသည် ကပြားဖြစ်သည်နှင့်အညီ အင်္ဂလိပ်စကားကို အင်္ဂလိပ်မ,ရှုံးအောင် ပြောတတ်လေသည်။ ဘွဲ့ရပြီးစမို့ လူကလည်း အနည်မထိုင်လှသေးသောအရွယ်မျှ ရှိလေသေး၏။

ယနေ့အတွက် သင်ခန်းစာ စာရွက်များကို ဝေသည်။ ဒေါက်တာဘားနတ်ဒ်၏ နှလုံးသားအစားထိုးကုသ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ခြင်းအကြောင်းပင် ဖြစ်လေသည်။ အရေး၊ အဖတ်၊ အပြောနှင့် အဓိပ္ပာယ်ဖော်ယူမှုတို့ကို အဓိကထား၍ သင်ကြားလေရာ ဆရာမက ကျောင်းသူများမှစ၍ ဖတ်ခိုင်းသည်။ နော်ခရစ်စတင်းသည် ကရင်သံဝဲသော်လည်း စာဖတ်ရာတွင် ပီသ၍ ဌာန်ကရိုဏ်းကျလေသည်။

စာတစ်ပိုဒ်ဖတ်ပြီးမှ ဆရာမက 'နောက်တစ်ယောက်'ဟု ဆိုသည်။

ဆုမြတ်လှိုင်သည် အတန်းခွဲရန် စာမေးပွဲစစ်ရာ အဆင့် ၁၀ဆင့်ဖြင့် အေတန်းတွင် ပါဝင်လာလေရာ နော်ခရစ်စတီးနာထက်ပင် အဆင့်မြင့်သေးသည်။

သို့တစေ နယ်ကျောင်းသူပီပီ အသံထွက်မမှန်သလို ဌာန်ကရိုဏ်းလည်း မကျန။ ဆေးတက္ကသိုလ်မှာကလည်း အထင်အမြင် (Impression) ကောင်းဖို့ အရေးကြီးလှပေသည်။

ဆုမြတ်လှိုင်အပေါ် ဒေါ်အီလိုက်ဇာက အင်ပရက်ရှင် လုံးဝမရှိ။

ဆရာမသည် ဆုမြတ်လှိုင် စာမဖတ်မီကပင် စိတ်ပျက်သော အမူအရာကို လိုအပ်သည်ထက် ပိုမိုသိသာအောင်ပြသလျက် ဝါကျတစ်ကြောင်းဆုံးသည်နှင့် 'နောက်တစ်ယောက်'ဟု ဆိုလိုက်လေ၏။

အတန်းသားအားလုံး အံ့အားသင့်ကာ ကြောင်နေသည်။ ဆက်ဖတ်ရမည့် ခင်နှင်းဖြူပင်လျှင် ရုတ်တရက် အသံထွက်မလာ။



'စန္ဒီးပွိုက် ကမ်းမွန်'ဟု ဆရာမက ထပ်၍ ချိုပြုံးစွာပြောလေမှ ခင်နှင်းဖြူသည် ဆုမြတ်လှိုင်ကို အားနာလှစွာ အထစ်ထစ်အငေါ့ငေါ့ ဆက်ဖတ်လေ၏။

စာသင်ခန်း၏ အငွေ့အသက်သည် ယနေ့အဖို့ အေးစက်စက်နှင့် အနေရခက်စေလေသည်။ ဆရာမသည်လည်း ခံစားသိရှိဟန်နှင့် အတန်းစောစီးစွာ ဖြုတ်ပေးကာ တခွပ်ခွပ်နှင့် ဒေါက်ဖိနပ်သံပေးလျက် ထွက်သွားတော့သည်။

ဆုမြတ်လှိုင်သည် စာသင်ချိန်တစ်လျှောက်လုံး ခါးမတ်မတ်ထားကာ ဆရာမကို မျက်လုံးချင်းဆိုင် ကြည့်လျက် သက်တောင့်သက်သာ အနေအထားနှင့် မေးဖျားကလေးပင့်ကာ နေခဲ့သည်။ ရင်ထဲတွင် မည်မျှခံပြင်းသည်ကိုမူ ကျန်လူများက ရိပ်စားမိရုံရှိမည်ဖြစ်လျက် သူမကိုယ်တိုင်မူ အပြင်းအထန်ခံစားနေရချေသည်။ ဆရာမထွက်သွားသည်နှင့် ဆုမြတ်လှိုင်သည်လည်း ဘာမှမဖြစ်လိုက်လေဟန် ပုံမှန်အတိုင်း တည်ငြိမ်စွာပင် အတန်းထဲမှ ထွက်သွားလေ၏။

'အီလိုက်ဇာမို့ အားမနာတယ်ဟယ်။ ငါဖြင့် သူ့အစား မျက်ခွက်ဘယ်လိုထားရမှန်းမသိဘူး'ဟု စောဒီလုံးက ချုပ်တည်းထားရသမျှ ကျယ်လောင်စွာပြောချလိုက်လေ၏။

လက်ဖက်ရည်ဆိုင်တွင် ဝိုင်းဖွဲ့ထိုင်ရင်း သည်အကြောင်းကိုပဲ ဆက်လက်ဆွေးနွေးမိကြသည်။

'အီလိုက်ဇာအကျင့်က ဒီအတိုင်းပဲ။ မျက်နှာ သိပ်လိုက်တာ။ ခင်နှင်းဖြူကိုဆို သူ့မျက်နှာက ကြံ့သကားထဲ

www.burmeseclassic.com



တင်လဲခုန်ချလားတဲ့အတိုင်းပဲ' ဟု စောဒီလုံးက မဲ့ကာရွဲ့ကာ စကားတင်းဆိုသည်။

'ဆုမြတ်လှိုင်က ငါ့ပါတနာဆိုတော့ ငါသိတယ်ကွ။ အရေးအသား သိပ်ကောင်းတာ' ဟု ဖရက်ဒီက တွေးတွေးဆဆ ချီးမွမ်းသည်။

'ဆုမြတ်လှိုင်တော့ ရှုက်သွားမှာပဲဟယ်။ သနားပါတယ်'

'ရှက်ပုံမရပါဘူး။ ခပ်တည်တည်ပဲဟာ၊ စောကလည်း'

'နင် ဘာသိလို့လဲ။ ငါက ဘေးတိုက်ကျတော့ မေးရိုးကလေးထောင်သွားတာ တွေ့လိုက်တယ်ဟဲ့။ အံကြိတ်တာ။ အံကြိတ်တာ ဖိုးခွေ၊ နင် မတွေ့လိုက်ဘူးလား'

'နောက်တည့်တည့်ကြီး ဘယ်လိုလုပ်တွေ့မလဲ'

'အေး… နင်ကတော့ ခါးပေါ်တာပဲ မျက်စိအရသာခံနေတာပဲ' ဟု စောဒီလုံးကအသားလွှတ်နှက်တော့ ကျော်ခွေကို ရှက်သွားလျက် 'ဟာဗျာ' ဟု ညည်းသည်။

ဖရက်ဒီက စီးကရက်ကိုဖွာရှိုက်ရင်း 'နယ်ကနေ တစ်ပြည်လုံးမှာ ပထမရအောင်ဖြေနိုင်တာကတော့ ဘာပဲဖြစ်ဖြစ် ချီးမွမ်းရမှာပဲ' ဟု ပြောသည်။

'အဲသလို စာတော်တဲ့ကောင်မလေးတွေဟာ အများအားဖြင့် သေးသေးကွေးကွေးကလေးတွေ။ ပိန်လှီနေတာ'

စောဒီလုံးသည် စကားပြောရင်း စီးကရက်မီးခိုးမွှန်ကာ လက်နှင့်ပါးစပ်ကိုအုပ်လျက် ချောင်းဆိုးနေသည်။ အသားမည်းမည်း၊ ဝဝဖိုင့်ဖိုင့်နှင့် မျက်မှန်ထူကြီးတပ်ထားရာ ဘယ်လိုမှ ကဗျာမဆန်လှသော်လည်း ဟန်ပန်အမူအရာကမူ ပျောင်းပျောင်းနွဲ့နွဲ့ ရှိလှပေ၏။



'လှတဲ့မိန်းမတွေဟာ အများအားဖြင့် ဦးနှောက်မရှိပြန်ဘူး' ဟု သူက ဆက်ပြောသည်။

'ဆိုပါဦး၊ မမစောရဲ့ အယူအဆတွေ'

စောဒီလုံးက လက်ဖက်ရည်တစ်ကျိုက် သောက်လိုက်သေးသည်။ အိုက်လှဟန် သတင်းစာနှင့် ခပ်နွဲ့နွဲ့ ယပ်ခတ်သေး၏။

'လှပြီး ဉာဏ်ကောင်းတဲ့မိန်းမက ကြောက်စရာကောင်းတော့တာပေါ့ဟဲ့။ မာတာဟာရီတို့၊ ကလီယိုပက်ထရာတို့'

'ကလီယိုပက်ထရာကတော့ ချစ်စရာလေးပါ' ဟု ဖရက်ဒီက မချိုမချဉ် ကျော်ခွေကို့ကို ခပ်ပြုံးပြုံးကြည့်ကာ ခင်နှင်းဖြူနှင့် ရည်ရွယ်စနောက်တော့ ကျော်ခွေကိုက 'ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူးဗျာ' ဟု မလုံမလဲ ပြောလေ၏။

'ဖရက်ဒီက နင့်ကို စောင်းနေတာဟဲ့။ သူကသူ့အမေနဲ့ နမကလွဲရင် မိန်းမမှန်သမျှကို အကုန် အနည်းဆုံးစိတ်နဲ့တော့ ပစ်မှားလိုက်တာချည်းပဲ'

'စောကလည်းကွ။ သေတော့မှာပဲ' ဟု ဖရက်ဒီက ညည်းရချေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆွေကိုက သတိရကာ ကျွန်တော် သတ္တဗေဒ ပုံတွေဆွဲလာတာ။ အညွှန်းစာတွေ မတပ်ရသေးဘူး'ဟု ဖိုင်တွဲကိုဖွင့်သည်။

'ငါတော့ ဆုမြတ်လှိုင်ဆီက ကူးထားပြီးပြီ။ မင်း ကူးချင်ကူး'ဟု ဖရက်ဒီက သူ့ဖိုင်တွဲကိုပေး၏။

'ငါ့ကိုတော့လေ၊ ငါက တီယာဆိုလျှမ်ပုံ မဆွဲတတ်ဘူး မိဆုရယ်လို့ညည်းလိုက်တာ ဆုမြတ်လှိုင်က အပြီးဆွဲပေးလိုက်တယ် ဆရာ'

စောဒီလုံးက မျက်လုံးမှေးကာ မေးကလေးရှေ့ပစ်၍ ခပ်ကြွားကြွားပြောလိုက်လျှင်တော့ ဖရက်ဒီက မနာလိုစွာကြည့်လျက် 'အင်း… ဒီနေရာမှာတော့ သူ့ပဲ ငါက အားကျရတော့မလိုလို'ဟု ဆိုလေ၏။

'သနားပါတယ်ဗျာ'ဟု ကျော်ဆွေကိုက အရင်းမရှိ အဖျားမရှိညည်းလျှင် စောဒီလုံးက ပြုံးပြဲ၍ကြည့်သည်။

'ဆုမြတ်လှိုင်ကို သနားနေတာ'ဟု ဖရက်ဒီက ရှင်းပြသည်။

'ငါတို့ကသာ သနားနေရ မချောကဖြင့် ခပ်တင်းတင်းပြန်သွားလိုက်တာ သနားစရာရုပ်ကို တစ်စက်မှလုပ်ပြမသွားဘူး။ အင်း… သူ့နေရာသာငါဆိုရင်တော့ ဝိုင်းဟားကြမှာပါ'

'သြော်… နှိုင်းပဲနှိုင်းရက်ပလေ စောရာ'ဟု ဖရက်ဒီပြောတော့ စောဒီလုံးက မျက်စောင်းထိုးရင်း 'မြွေပွေး



ကိုက်'ဟု ကျိန်ဆဲနေလေ၏။

ဆုမြတ်လှိုင်အမူအရာက သနားစရာမဟုတ်ပေမယ့် ကျော်ဆွေကိုကတော့ ဘာကြောင့်ရယ်မသိ။ သနား၍သာ နေလေသည်။

တစ်လောက တစ်ဖက်ခြံမှ ဝင့်ဝင့်သော်နှင့် ခြံစည်းရိုးအနီးတွင် ဆုံမိကြခိုက် ဝင့်ဝင့်သော်ပြောပြခဲ့သော စကားများကို သတိရနေ၍ပင် ဆုမြတ်လှိုင်ကို သနားနေမိခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

ထိုညနေက ကျော်ဆွေကို ခြံထောင့်မာလကာပင်အောက်တွင်ပင် ပက်လက်ကုလားထိုင်တစ်လုံး၌ သက်သောင့်သက်သာထိုင်ကာ ဆရာဝန်စာရေးဆရာတစ်ဦး ဖြစ်လေသော အေဂျေခရိုနင်း၏ ကောင်းကင်ဘုံတံခါးဖွင့်ရန်သော့များ (Keys of The Kindom) ဟူသောဝတ္ထုကို ဖတ်နေခဲ့သည်။

ယင်းဝတ္ထုကား ဘုရားသခင်ခြေတော်ရင်း၌ မိမိကိုယ်ကို ဆက်ကပ်ပြီးသော ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးဖြစ်သည့် ဖရန့်စစ်ချစ်စ်ဟုလ်မ်း၏ လောကအလယ် ရုန်းကန်လှုပ်ရှားရပုံများကို ရေးဖွဲ့ထားခဲ့သည်။ ယင်းစာရေးဆရာ ဖန်တီးခဲ့သော ဇာတ်ကောင်များစွာအနက် ဤဘုန်းတော်ကြီးကား စရိုက်အပီပြင်ဆုံးဖြစ်သည်ဆိုပါလျှင် မှားအံ့မထင်။

နေရပ်တိုင်းပြည်မှ စွန့်ခွာကာ ရောဂါထူပြောသော တရုတ်မြို့ကြီးများဆီသို့ သာသနာပြုသွားရင်း သူ ကြုံခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည့် လောက၏ပြက်ရယ်ပြုမှုများ၊ အထက်ဆရာတော်များနှင့် အတိုက်အခံဖြစ်ရပုံများ၊ သူ၏ ယုံကြည်ကိုးကွယ်ချက်နှင့်ပတ်သက်ပြီး သူ မှန်ကန်သည်ဟုယူဆသော လမ်းကြောင်းအတိုင်း ရုန်းကန်လျှောက်လှမ်းရပုံများတို့ကို ပီပီပြင်ပြင် ရေးခြယ်ထားလေ၏။

ကောင်းကင်ဘုံတံခါး ဖွင့်လိုသူတိုင်းအတွက် မည်သို့သော ယုံကြည်မှုနဲ့ မည်သည့်ဘာသာတရားကိုမဆို သော့တစ်မျိုးဆီယူ၍ ကိုးကွယ်ဆည်းကပ်နိုင်သည်သာဖြစ်ကြောင်း သူ့အယူအဆမှာ အမြင်ကျယ်၍ သဘောထားပြည့်ဝလှပါပေသည်။

ပြီးတော့ ဘုန်းတော်ကြီးချစ်စ်ဟုလ်မ်း ငယ်စဉ်ဘဝက အချစ်။ ချစ်ရသော နိုရာအပေါ် ထားရှိသည့်သံယောဇဉ်အတိုင်းအဆသည် နိုရာကိုမပိုင်ဆိုင်လိုက်သည့်တိုင် မပြောင်းအလဲမရှိ တည်တံ့ခိုင်ကျည်လျက် နိုရာ့သားစဉ်မြေးဆက်တိုင် ရှင်သန်လန်းဆန်းနေခဲ့ပုံများမှာ ကျော်ဆွေကို့စိတ်နှလုံးကို လှုပ်ရှားထိခိုက်စေခဲ့လေ၏။

'ဟိတ် ကိုကို' ခေါ်သံကြား၍ လှမ်းကြည့်လိုက်တော့ ဝင့်ဝင့်သော်သည် ခြံစည်းရိုးနံဘေးတွင် ရယ်ကျဲကျဲကလေးရပ်ကာ 'ဝင့်ဝင့်ကို မာလကာသီးတစ်လုံးလောက်ကျွေးမလား' ဟု လှမ်းမေးနေသည်။

စွဲနေသော ဝတ္ထုစာအုပ်ကို အသာချကာ မာလကာပင်ပေါ်မှ ကြွပ်ကြွပ်ပွပွ အသီးသုံးလေးလုံးခူးပေးရသည်။



မျက်စိအောက်မှာ ကြီးပြင်းလာသော ဝင့်ဝင့်သော်ကို သူ့အစ်မသုံးယောက်ဖြစ်သော မာလာ၊ သူဇာနှင့် စန္ဒာတို့က ကြည့်မရကြဘဲ ကလေးအရွယ်နှင့်မမျှအောင် ပုံပေးလွန်းသည်ဟု ကဲ့ရဲ့ကြမြဲ။ ကျော်ဆွေကို့မျက်စိထဲမှာတော့ ဘယ်လိုကြည့်ကြည့် ဝင့်ဝင့်သော်လည်း ကလေးပါပဲ။

'ကိုကိုတို့အတန်းမှာ ဆုမြတ်လှိုင်ဆိုတာ ရှိတယ်ဆို'

'အဲဒါ ညည်းနဲ့ဘာဆိုင်လို့လဲ'

'ဝင့်ဝင့်က မဆိုင်ချင်ပါဘူး။ ကိုကို့ခင်နှင်းဖြူက ဝင့်ဝင့်နဲ့တူတယ်ပြောလို့ မေးနေရတာပါ'

ခေါင်းခါခါ လည်ခါခါနှင့် အမူအရာတွေများလှသောဝင့်ဝင့်ကိုကြည့်ကာ ကျော်ဆွေကို ရယ်ချင်မိ၏။ ဤဟန်ပန်များကို သူ့အစ်မများ မျက်မုန်းကျိုးခြင်းပင် ဖြစ်အံ့ထင်သည်။

'ကိုကို့ကိုခင်လို့ ပြောပြရဦးမယ်။ အဲဒါ ဖေဖေ့တူမအရင်း သိလား။ ဖေဖေ့နှမက မွေးတာ' ဟု လေသံကိုနှိမ့်ကာ တကယ့်မိန်းမကြီးများ အတင်းအဖျင်းပြောဟန်ပုံစံဖမ်းနေသည်။

'အဲဒါများ စကားလုပ်လို့။ သွားတော့၊ ငါ စာဖတ်ဦးမယ်'

'ဆုံးအောင်များ နားထောင်ပါဦး။ သူ့ကိုလေ လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးပြီးမွေးတာ သိလား'

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား…။ ဝင့်ဝင့်သော်၏ အသုံးအနှုန်းတွေသည် သူ့ကို ခေါင်းနားပန်းကြီးစေလေ၏။

'ဒီကောင်မလေးဟာ မဟုတ်က ဟုတ်က'

'ဟုတ်ပါတယ်ဆိုမှ။ အဲဒါနဲ့ ဖေဖေက သေခန်းဖြတ်လိုက်တာ။ သူ့အမေနဲ့ညားတဲ့လူကလည်း ဖေဖေတို့ကို မားပြတိုက်ဖို့ကြံတာ။ မိလို့ ထောင်ကျသွားတယ်တဲ့။ ကဲ… သူ့အမေသေတော့ သူ့ကို အဲဒီလူကြီးရဲ့အမေက မွေးစားထားတယ်။ သိပ်ဆင်းရဲတာပဲတဲ့။ ကိုကို ဘယ်သူ့မှလျှောက်မပြောနဲ့နော်။ ကိုကိုက ကိုကို့အစ်မတွေလို ဘဝင်မကိုင်လို့ ဝင့်ဝင့်ကခင်လို့ ပြောပြတာ။ ဖေဖေ ပြန်ကြားရင် မလွယ်ဘူး'

ဝင့်ဝင့်က ပခုံးကိုတွန့်ကာ ကြက်သီးထဟန်ပြုနေ၏။ မျက်စိနောက်လာသဖြင့် မာလကာသီးနောက်တစ်လုံးခူးပေးကာ နှင်လွှတ်လိုက်ရသည်။ ထိုစဉ်ကတော့ ဝတ္ထုကို သဲသဲမဲမဲစွဲလမ်းကာ အလေးအနက်မထားခဲ့။

ယနေ့ ဒေါ်အီလိုက်ဇာ ပညာပြလိုက်ကာမှပင် တစိမ့်စိမ့်တွေးကာ ဝင့်ဝင့်ပြောသည့်အတိုင်းမှန်လျှင် ဆုမြတ်လှိုင်၏ဘဝသည် မလှမပပါကလားဟု အတွေးပေါက်မိ၏။

အင်္ဂလိပ်စာသင်တန်းများကို ဆရာများက အလှည့်ကျလဲလှယ်၍ ကိုင်ကြသည်။ ဆုမြတ်လှိုင်ကား ထိုနှစ်အဖို့ ဒေါ်အီလိုက်ဇာ၏အတန်းများကို လုံးဝမတက်တော့ချေတကား။

*

## အခန်း (၄)

ဖားခွဲရင်း၊ ဓာတ်ငွေ့များစမ်းသပ်ရင်း၊ သိပ်သည်းဆများရှာဖွေရင်း၊ အလေးငယ်များချိန်တွယ်ရင်း ပထမနှစ်ဆေး(အတန်းငယ်)သည် ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့သည်။ ခုံနံပါတ်တစ်နှင့်နှစ်လည်း လက်တွေ့အတူလုပ်ရင်း၊ စာလည်း အကြိတ်အနယ်ယှဉ်ပြိုင်ရင်း ဂုဏ်ထူးသုံးခုစီ ရရှိခဲ့ကြသည်။ ဖရက်ဒီကို ဆုမြတ်လှိုင် မကြောနိုင်သည်မှာ အင်္ဂလိပ်စာ။ ထို့မျှမက သောလုံးကန်ရာတွင် နာမည်ရသော ဖရက်ဒီနှင့် နှိုင်းစာကြည့်လျှင် အားကစားတွင် ဘာတစ်ခုမှ ပြစရာမရှိသော ဆုမြတ်လှိုင်က တစ်ပန်းရှုံးကာ ဆေးတက္ကသိုလ်နှစ်လှူရှင်ဆုချီးမြှင့်အဖြစ် ဖရက်ဒီ အရွေးခံလိုက်ရလေ၏။ ဘာပဲဖြစ်ဖြစ် ဆုကတော့ အိမ်အပြန် မျက်နှာပန်းလှကာ အသွားခများလည်း တကုန်းကုန်း စက်ချုပ်ရလေသမျှ ခါးချည့်ရကျိုးနပ်ခဲ့ရှာလေ၏။ ဆုပြောပြသော တက္ကသိုလ်အကြောင်း မငြီးငွေ့တမ်းနားထောင်ရင်း တစ်ခါတစ်ရံတော့ 'ဟဲ့…

www.burmeseclassic.com

www.burmeseclassic.com



နင်တို့ဆေးကျောင်းနဲ့ နင်တို့ အင်ပရက်ရှင်က ခွဲခြားလို့မရအောင်ပါပဲလား’ဟု ပြောနေကျ အင်ပရက်ရှင်ဟူသော စကားကို နားမှာ အဝင်ထောက်ဟန်ဖြင့် မြည်တမ်းရှာပြန်လေ၏။

ပထမနှစ် ဆေး(အကြီးတန်း)တွင်မူ ဖရက်ဒီသည် လူရည်ချွန်ဆုကို ဆုမြတ်လျှိုင်လက်သို့ တစ်လှည့်လွှဲပြောင်းပေးရသည်။ စုပေါင်းလှုပ်ရှားမှုများတွင် ဘေးဖယ်နေတတ်သည့်တိုင် ဆုမြတ်လျှိုင်အပေါ် အင်ပရက်ရှင်ကောင်းလှလျက်နှစ်ခြိုက်သဘောကျလှသူ သီတာအဆောင်မှူးသည် ဌာနမှူးတစ်ဦးလည်းဖြစ်၊ ဆေးတက္ကသိုလ်(၂)တခွင်တွင် ဩဇာလည်းညောင်းရကား သူမ၏ထောက်ခံအားပေးမှုဖြင့် လူရည်ချွန် ဖြစ်ရပြန်၏။ မထင်မှတ်ဘဲ နွေရာသီ ခေါင်တိုင်(အင်းလေး) အပန်းဖြေစခန်းသို့ ရောက်ရှိရပြန်လေ၏။

လူရည်ချွန်စခန်းသို့ ဆုရောက်ရှိနေချိန်တွင် ကိုဝင်းလတ်မှာ နောက်ဆုံးနှစ်အပိုင်း(ခ)စာမေးပွဲကို ဖေဖော်ဝါရီလတွင် မအောင်မြင်လိုက်ဘဲ ကျရှုံးသည့် ‘ကလေးသူငယ်ကျန်းမာရေး’ ဘာသာရပ်ကို ဇွန်လတွင် နောက်ဆက်တွဲ ဖြေဆိုရဦးမည်မို့ စာကျက်ဆဲဖြစ်လေသည်။

အဆောင်မှာ ကိုလတ်တို့လူစုပဲ ရှိကြတယ်။ ကျောင်းပိတ်ထားတော့ အတန်းငယ်တွေလည်း မရှိကြဘူး။ သိပ်ပျင်းစရာကောင်းတယ် ဆုရယ်။



ပျင်းချင်းရှိတိုင်း ဆုတို့သီတာကို လာနေကျဆိုတော့ အခု ကိုလတ်မှာ သွားစရာမရှိတော့ဘူး။ ဆုကပြောမယ်လား။ ကိုလတ်ရဲ့အဆက်တွေဆီသွားဖို့တောင် အချိန့်လောက်မှာဖြင့် မဟုတ်ဘဲနဲ့လို့။ ကိုလတ် လူကြီးဖြစ်ပါပြီဆုရယ်။ လူမွေလူတေကလေး ကိုလတ်ဘဝကနေ အရွယ်နဲ့အတွေ့အကြုံတွေက စကားပြောလာတော့ ကိုလတ် အနည်ထိုင်ပါပြီ။

ဒါပေမယ့်လေ ပြီးခဲ့တဲ့ အဖြစ်အပျက်တွေကိုတော့ ဖြစ်နိုင်မယ်ဆိုရင် အစကနေ အသစ်ပြန်ပြီး ပြင်လိုက်ချင်ပါရဲ့။ အတိတ်ဆိုတဲ့ အိပ်မက်ဆိုးကနေ လန့်ပြီး နိုးလာလိုက်ချင်ပါရဲ့။ မပြည့်ဝနိုင်တဲ့ ဆန္ဒတွေလေ။

လူရည်ချွန်စခန်းသို့ ထည့်လိုက်သော ကိုလတ်စာမှာ ဘာမှထွေထွေထူးထူး မပါဘူးဆိုပေမယ့် ဆုနှင့်ကိုလတ်မှာ ငယ်စဉ်ကပင် သံယောဇဉ်ကြီးခဲ့သည်နှင့်အမျှ တစ်ယောက်နှင့်တစ်ယောက် စကားတစ်ခွန်းပဲဟရုံနှင့် နောက်ကွယ်မှာ အဓိပ္ပာယ်များစွာကို ကြားသိနိုင်စွမ်းရှိသလို မျက်လုံးကို တစ်ခါကြည့်ရုံနှင့် ရင်ထဲမှာ ဘာရှိသည်ကိုလည်း ဒက်ထိသိမြင်မြဲ။

ဆု ကလေးငယ်ဘဝကဆိုလျှင် ကိုလတ်က စက်ဘီးပေါ် တင်စီးနေကျ။ ကိုလတ် လူပျိုပေါက်မှာ ရည်းစား

www.burmeseclassic.com

www.burmeseclassic.com



စထားတတ်တော့လည်း ဒေါ်လေးမှီမသိအောင် ခတ်ပုံတွေ စာတွေ ဆု သိမ်းပေးရမြဲ။ ကိုလတ်ကား မြာစွံလှသည်။ မအူပင်မှာတော့ ဒေါ်လေးမှီသည် မင်းကတော်ကျဖြစ်စေကာမူ ထိုစဉ်အခါက အိမ်နှစ်လုံးငှားစားနိုင်လျက် သနပ်ခါးစက်လည်း ပိုင်ဆိုင်ကာ တိတ်တဆိတ် ငွေတိုးလည်းချ၍ စီးပွားရေးအဆင်ပြေခဲ့ရာ တစ်ဦးတည်းသောသား ကိုလတ်အမည်သည် ရေပန်းစားခဲ့လေသည်။ ကိုလတ်ကို လူကြီးလူငယ် မရွေး ချစ်ခင်ကြသည်မှာ အမှန်ပါပဲ။

ကိုလတ် တက္ကသိုလ်ကျောင်းမှ ပြန်လာချိန်များတွင် ကလေးဘဝကလို ကိုလတ်နောက် တကောက်ကောက် မလိုက်ဖြစ်တော့သော်လည်း လက်ဖက်သုတ်စားရင်း၊ ကျားထိုးရင်း ငြင်းခုန်ရန်ဖြစ်ရမြဲ။ လသာညများတွင် လမ်းထဲမှ လူငယ်များ၊ အပျိုမများနှင့်အတူ အသက်တို့မောင်နှမနှင့် ဆုတို့ ကိုလတ်တို့ ပါဝင် ထုပ်ဆီးတိုးမြဲ။

'အတိတ်ဆိုတာ အိပ်မက်တာမှ မဟုတ်တာပဲ ကိုလတ်ရယ်။ လန့်နိုးချင်လို့မရသလို အသစ်ပြန်ပြင်လို့ ဘယ်ရနိုင်ပါ့မလဲ။ မမရှယ်လီကို ကိုလတ် မေ့ပစ်လို့ရချင်ရမယ်။ မီမှီကိုတော့ ဘယ်လိုလုပ်ပြီး မေ့ဖျောက်ပစ်နိုင်မှာတဲ့လဲ' ဟု ဆုရင်ထဲမှာ ညည်းညူမိသည်။

ကိုလတ်ထံသို့မူ မာကြောင်းသာကြောင်း စာရေးလျက် ကိုလတ်အတွက် ပုဆိုးတစ်ထည် ဝယ်ထားကြောင်းပဲ ရေးထည့်ဖြစ်လေသည်။ ကိုလတ်က ဆုအတွက် မုန့်ဖိုးငါး



ဆယ် ဖွတ်ထည့်ပေးလိုက်လေရာ ပြန်ပေးမရမည့်အတူတူ မို့ အမှတ်တရပါဟု ငါးကြင်းဆီနှင့် ငါးကြင်းကြော်သည်ကို ဆိုလတ်ကတော့ ရိပ်မိသိရှိပေမည်။

အဘွားကတော့ လက်ရေးကြီးကြီးကျဲကျဲနှင့် စာ တိုတိုလေးပဲ ရေးနိုင်သည်။

**သမီးလေးဆု**

အဘွားလည်း တစ်နှစ်စာလျောင်ဖို့ သရက်သီးတွေလှမ်းရသိမ်းရနဲ့ မအားပါ။ အသက်တို့ မိသားစုကတော့အကူအညီရပါသည်။ အဘွား ကျန်းမာပါသည်။ သမီးဆရာဝန်ဖြစ်လာမှ ရောဂါပေါ်မလား မသိဘူး။ အဘွားအတွက် မပူနဲ့။ သမီး နွေပြန်မလာရ၍ပျင်းသော်လည်း လူရည်ချွန်စခန်းသွားရကြောင်း မိတ်ဆွေများကို ကြွားရသည်။ ဒါမှရောက်လည်း ရောက်ဖူးတာပေါ့။

မိဖြူသားသုံးကောင်ပေါက်သည်။ အကျားကလေးတွေ။ သမီးပြန်ရောက်လျှင် တော်တော်လှနေလိမ့်မည်။ သမီးပြန်လာလျှင် ဆရာကတော်မမှီနှင့် မမြတို့ဖို့ စားစရာဖြစ်စေ လက်ဆောင်ယူခဲ့ပါ။အဘွားတော့ဘာမှမလိုပါ။

**ကျန်းမာချမ်းသာပါစေ/၏**

**အဘွား**

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ရောက်စက 'နီးနီးလေးပဲ၊ ခဏခဏ ပြန်ခဲ့မယ်' ဟု အဘွားကို နှစ်သိမ့်ခဲ့သော်လည်း ခရီးစရိတ်လည်း ချွေတာရ၊ စာကျက်ချိန်လည်း အလျှော့မခံနိုင်လေရကား တစ်နှစ်လုံးမှ သုံးခေါက်သာ ပြန်ရောက်လေ၏။ သည်နွေမှာ အင်းလေးသွားရပြန်တော့လည်း နှစ်ရက်သုံးရက်ပဲ အဘွားထံပြန်ခဲ့ရသည်။ စခန်းသိမ်းမှပင် အိမ်မှာ ခဏနေခွင့်ရပေမည်။

မအူပင်နှင့်ရန်ကုန်မှာ ၄၆မိုင်ခရီးမျှသာ ရှိလေရာ အလှမ်းမကွာလှသလို ကျောင်းတွင်လည်း နေသားကျနေလျက် အဆောင်နေရခိုက်ဝယ် အိမ်မလွမ်းလှ။ သို့ပါသော်လည်း ရပ်ဝေးသို့ ခရီးမသွားဖူးသူမို့ အင်းလေးခေါင်တိုင်စခန်းရောက်တော့ အားလပ်ချိန်များတွင် အိမ်သို့မှန်း၍ လွမ်းမိလေသည်။

နန်းတို့မိသားစုသည် တောင်ကြီးမှအင်းလေးသို့ ဆင်းလာကာ ခေါင်တိုင်စခန်းတွင် ဆုကို လာရောက်တွေ့ဆုံသဖြင့် ကျေးဇူးတင်လှသည်။ နန်းသည် မိတ်ဆွေကောင်းပါပဲဟု အခါခါ အသိအမှတ်ပြုနေမိလေ၏။

'ဆုရေ နန်းကိုကြည့်ပါနော်။ မတော်တာတွေလည်း ဆုံးမ။ ဆုထက် အသက်သာကြီးတာ ဘာမှနားမလည်ဘူး။ ဆု စောင့်ရှောက်ပါကွယ်' ဟု နန်းမေမေက အပ်နှံနေတော့ နန်းက သူ့အမေ မမြင်အောင် ဇက်ပု၍ လျှာထုတ်ပြသည်။



နှစ်ယောက်တည်းရှိစဉ် 'ကိုလတ်ဆီက စာလာသေးလား' ဟု စပ်စုသည်။

'ကိုလတ်က ဆုအပေါ် သိပ်သံယောဇဉ်ကြီးရှာတယ်နော်'

ဆု တက္ကသိုလ်ရောက်စက ကိုလတ်သည် သူ့ကတိအတိုင်း နေ့စဉ်လာကာ ဆုကို လိုသမျှ ဝယ်ခြမ်းပေးသည်။ အဘွားကလည်းမှာကြားကာ ဆုကိုယ်တိုင်လည်း သတိထားသူမို့ ကျောင်းပိတ်၍ မအူပင်သို့အပြန် ကြုံမှပဲ အတူပြန်ဖြစ်ခါ ကိုလတ်နှင့် အပြင်တစ်ခါမှမထွက်ဖြစ်ခဲ့။ နောက်ပိုင်း ဆု နေသားကျသွားပေမယ့် ကိုလတ်က မကြာမကြာ လာတွေ့မြဲ။ အစ်ကိုဟု ပြီးစလွယ်ပြောထားပေမယ့် ဤမျှမှန်မှန်လာနေတော့ သိထားသူများက မထိတထိစကြတော့သည်။ ဆုက သူ့စည်းကမ်းနှင့်သူနေသည်မို့ ပြောင်တော့လည်း မစွပ်စွဲဝံ့ကြပေ။

နန်းကတော့ အရင်းနှီးဆုံးမို့ ဆု ဖွင့်ဟတိုင်ပင်ခြင်းမရှိစေကာမူ ကိုလတ်နှင့်လည်း ရံဖန်ရံခါ ကြုံဆုံသိကျွမ်းပြီမို့ ကိုလတ်၏သံယောဇဉ် အတိမ်အနက်ကို ခန့်မှန်းတတ်နေလေသည်။

'ဆုကတော့ ကိုလတ်အပေါ် အမှတ်မထားသလိုဘဲ'

'အစ်ကိုရင်းရှိရင်တောင် ပိုချစ်နိုင်မယ် မဟုတ်ပါဘူး နန်း။ အမှတ်ထားပါတယ်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'နှန်း ဆိုလိုတာကတစ်မျိုး။ ဆုဟာလေ လှတယ်ပြောကြလည်း သိပ်သတိပြုမိပုံ မရဘူး။ ချစ်တယ်ပြောကြလည်း ခံစားရပုံမပေါ်ဘူး။ နှန်းကတော့လေ ဆုကိုဆုအကျဉ်းချထားတယ်လို့သာ စွပ်စွဲချင်တာပဲ'

ဆုက နှန်းစကားကြောင့် ပြုံးမိသည်။

'အဲဒါတွေဟာ တို့ဘဝမှာ ဘာမှ ထူးခြားလာစေနိုင်မှာ မဟုတ်ဘူး နှန်း'

'ဒါကြောင့် နှန်းပြောတာ။ ဆုဟာ ထောင်ချထားပြီး အဲဒီသတ်မှတ်ထားတဲ့ဘောင်ထဲမှာပဲ နေတယ်။ ဆုကို နှန်းက သိပ်ခင်တာတောင်မှပဲ ဝင်ခွင့်မပေးဘူး။ နှန်းကိုထားတော့။ ကိုလတ်နဲ့ပတ်သက်လို့တော့ ဆု နည်းနည်းဖြစ်ဖြစ် စိတ်မလှုပ်ရှားမိဘူးလားဟင်'

သည်တစ်ခါ ဆုက အသံထွက်အောင် ရယ်မောမိလျက်-

'နှန်းက သိပ်ခံစားတတ်နေပါရောလားဟင်။ ကဲ..တို့ကလည်း ပြန်မေးရဦးမယ်။ နှန်းနဲ့နိုင်းပြီး ကိုယ်တွေ့ခံစားရတာတွေ ပြန်ပြောပြနေတာလားဟင်'

နှန်းက ရှက်ပြုံးနှင့် 'နှန်းလေ စာမေးပွဲပြီးတဲ့နေ့ကပဲ အဖြေပေးခဲ့ပြီ။ ဆု ဆူမှာစိုးလို့ မပြောပြခဲ့တာ'ဟု ဝန်ခံလိုက်လေ၏။

ပရက်တီကယ်တွင် တရင်းတနှီး ပူးကပ်တွတ်ထိုးနောက်တတ်သော ခင်မောင်မောင်နှင့်နှန်းဝါနွဲ့တို့ကို တစေ့



တစောင်း မြင်တွေ့လျက် ရိပ်မိခဲ့ပေမယ့် အတိအကျသိရစဉ်ဝယ် ဆုရင်မှာ မသက်မသာဖြစ်မိသည်။ နှန်းသည် ဆင်ခြင်စဉ်းစားဆုံးဖြတ်နိုင်သေးသည့်အရွယ် မဟုတ်သေးဟု ဆုယူဆလျက် တစ်ဖက်ကလည်း ခင်မောင်မောင်သည် လေးလေးနက်နက်မရှိလှဟု ခန့်မှန်းမိလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မိုးရွာပြီးစမို့ သစ်ပင်များသည် အရွက်များက ပို၍ စိမ်းသလို၊ စိန်ပန်းပွင့်များကလည်း ပို၍နီရဲနေလျက် လမ်းတစ်လျှောက် စိုစွတ်သောမြေပြင်ဝယ် ပန်းအကြွေတို့ ပြန့်ကျဲကာနေလေ၏။ ပန်းကြွေပွင့်တို့ကိုနင်းကာ ကျောင်းတော်သူကျောင်းတော်သားတို့ ဖြတ်သန်းလျှောက်သွားနေကြလေ၏။

သြော်… ဆေးတက္ကသိုလ်(၂) သို့မဟုတ် စိန်ပန်းမြေ။

ကိုဝင်းလတ်နှင့်ဆုသည် ပါမောက္ခချုပ်ရုံးနံဘေးမှ လျှောက်လာကာ အုတ်လှေခါးကလေးအတိုင်းဆင်း၍ မြေဝယ် ပျပ်ဝပ်သော အဆောက်အအုံဘက်သို့ ရောက်ရှိလာကြသည်။ ကိုလတ်မှာ စာမေးပွဲအောင်မြင်ကြောင်း ဆုထံလာရောက်ပြောကြားရင်း အလုပ်သင်ဆရာဝန် လက်စွဲစာအုပ်တစ်အုပ်ကို ဆေးတက္ကသိုလ်(၂) စာအုပ်ဆိုင်တွင် လာရောက်ရှာဖွေခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မနက်ဖြန် မအူပင်ပြန်မယ် ဆို။ စာပေးလိုက်ဦးမှာလား'

'စာမပေးလိုက်တော့ဘူး။ မနေ့ကပဲ စာတိုက်ကနေထည့်လိုက်တယ်။ ကိုလတ် မအူပင်မှာ ကြာဦးမလား'

'တစ်ရက် နှစ်ရက်ပါပဲ။ မာမီ့ကို မျက်နှာပြရုံလောက်ပါ။ တစ်ရက်နေ့ အလုပ်ဝင်ရမှာလေ'

'ရန်ကုန်ဆေးရုံကြီးမှာပဲလား'

'အင်း… ကိုလတ်ပြန်လာရင် အခန်းပြောင်းမယ်။ အဲဒါသိမ်းရင်းရှင်းရင်း ဆုလိုမယ်ထင်တဲ့စာအုပ်တွေ ရွေးပြီးလာပို့ပေးမယ်'

'အလုပ်သင်တစ်နှစ်ပြီးရင် ဘယ်များရောက်မလဲ မသိဘူးနော် ကိုလတ်'

စာအုပ်ဆိုင်တွင် ဗလာစာအုပ် လာရောက်ထုတ်ယူနေသော စောဒီလုံးနှင့်မင်းမော်တို့နှင့် ဆုံလေသည်။ ကိုဝင်းလတ် စာအုပ်ဝယ်နိုက် စောဒီလုံးက 'အဲဒါ ကိုဝင်းလတ်ဆိုတာလား' ဟု စပ်စုနေ၏။ မိန်းကလေးများနှင့် အကျွမ်းဝင်သော စောဒီလုံးသည် သီတာမှ စကားအတင်းအဖျင်းများကို လက်မလွှတ်တမ်း ကြားသိရမြဲ ဖြစ်လေ၏။ သူ တောင်းဆိုသဖြင့် ဆုက ခပ်အင်အင်နှင့်ပင် ကိုဝင်းလတ်နှင့် မိတ်ဆက်ပေးရလေ၏။

'မိဆုနဲ့ကျွန်တော်က ပရက်တီကယ်လုပ်ရင် မျက်နှာချင်းဆိုင်လေ။ ကျွန်တော်မသိတာဆို သူ့ပဲမေးရတယ်။



ဪ… ဒါနဲ့ မိဆု မဂ္ဂဇင်းထွက်နေပြီ။ နင့်ကဗျာ တွေ့ပြီးပြီလား'

'ကြည့်… ကြည့်… အာချောင်ပြန်ပြီ' ဟု ဆုက ကန့်ကွက်သော်လည်း စောဒီလုံးက ဂရုမစိုက်ဘဲ မင်းမော်လက်ထဲမှ ကျောင်းမဂ္ဂဇင်းကိုဆွဲယူကာ 'အစ်ကို ဒီမှာလေ သူ့ကဗျာ။ သူရေးမှန်း ဘယ်သူမှ မသိစေရဘူးတဲ့။ ကျွန်တော့်ကိုပိတ်ထားတယ်။ ကျွန်တော်က အတန်းကိုယ်စားလှယ်ဆိုတော့ သူရေးမှန်း ကျွန်တော်သိတာပေါ့။ ကျွန်တော်ကလည်းလေ မပြောနဲ့ဆိုမှ ပိုပြောချင်တာ ပါးစပ်ကို ယားလို့'

ကိုဝင်းလတ်က ပြုံးရယ်ရင်း 'လမ်းခင်းတဲ့စိန်ပန်း' ကဗျာကို ဖတ်ကြည့်နေသည်။

**ပန်းတစ်ပွင့်**
**လန်းစွင့်စွင့် နီတျာတျာ**
**လေဖွေ့ရာမြေမှာသက်**
**လျှောင်းစက်ရတာ။**
**ဆင့်ဆင့်လို့ကြွေကြွေလာ**
**ပန်းကမ္ဘာဖြန့်လွှမ်း။**
**ခြေရာထပ်အောင်လ**
**ဖြတ်သန်းကာ အခါခါနင်းပေရော့**
**မလွှမ်းပါ အားမာန်တင်းပါရဲ့**
**လမ်းခင်းမယ့် ပန်း။ ။**

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို့ကို နင်ပေးချင်ရင် အဲဒါပေးလိုက်လေ။ ငါတို့ နောက်မှထပ်ထုတ်ယူမယ်'ဟု စောဒီလုံးက စေတနာ ပိုသည်။

'တို့ စာအုပ်ဖိုး မပေးဘူးနော်'

'မင်းသမီးရယ် ဒီလိုတော့ မကျိစားပါနဲ့'

စောဒီလုံးနှင့်မင်းမော် နှုတ်ဆက်ထွက်ခွာသွားလျှင် ဆုက ကိုဝင်းလတ်ကို ကျောင်းရှေ့သို့ လိုက်ပို့သည်။

ကိုလတ်က 'ကိုလတ်ညီမ ရေးရင်တော့ ကဗျာကလည်း မာန်နဲ့ ထန်နေတော့တာပဲ'ဟု ညည်းသည်။

'ကြည့်ပါဦး သူများတွေက မြေကိုချစ်တဲ့ပန်းရယ်လို့ ဖွဲ့နွဲ့ကြ၊ မမွေးမကြိုင်ပေမယ့် ကိုယ့်ကျောင်းတော်က ပန်းမို့ချစ်ပါတယ်လို့ သီကုံးကြနဲ့။ ကိုလတ်ရဲ့ဆုကတော့ လေ ကြွေရမှာတော့ အလွမ်းသယ်မနေဘူး။ လမ်းခင်းပါမယ်။ နင်းကြစမ်းတဲ့။ ဟုတ်ရဲ့လား။ ဒေါသတွေလျှော့ပါဦး ဆုရယ်'

'ကိုလတ်က သိပ်တွေးတာကိုး။ ဆုက ဘာရယ် မဟုတ်ပါဘူး။ စိတ်ထဲမှာ ပန်းကြွေကလေးတွေကိုကြည့်ပြီး ခံစားရတာ ရေးလိုက်တာပါ'

'အဲဒီ ဆု ခံစားရတာကိုပဲ ကိုလတ် စိတ်ပူရတာ။ ဆု စိတ်ကို လျှော့ထားစမ်းကွာ'

ဆုက ပြုံးရယ်နေသည်။ ကိုလတ်ကို ပြန်မငြင်းနိုင်မှန်းသိနေသဖြင့် ထပ်၍ဆင်ခြေမပေးတော့။



'ကိုလတ်လည်း အသုံးလျှော့ဦးသိလား။ ဒေါ်လေးမီက အရင်လို စီးပွားရေးက မကောင်းတော့ဘူး'

'ကိုလတ် လိမ္မာနေပါပြီကွာ။ မယုံဘူးလား'

'ယုံတော့ ယုံပါတယ်'

ကိုလတ်ပြန်သွားလျှင် တစ်နာရီထိုးတော့မည်မို့ ဆုလည်း သတ္တဗေဒလက်တွေ့ခန်းသို့ ဝင်ခဲ့သည်။ ဖရက်ဒီ ရောက်နှင့်နေကာ စောဒီလုံး သတင်းဖြန့်ပြီး၍လည်း ကိုလတ်လာကြောင်း သိနှင့်နေလေ၏။

ဖရက်ဒီက 'ယူ့ဆီ မှန်မှန်လာတဲ့ဧည့်သည်ရှိတယ်ဆိုတာ တို့ကြားနေတာ ကြာပြီကွ'ဟု စကားစသည်။

'တစ်နာရီထိုးပြီ ဖရက်ဒီ။ သိပ်အာမနေနဲ့'ဆိုကာ ဆုက အဏုကြည့်မှန်ပြောင်းကို ချိန်နေလျှင် ဖရက်ဒီ ပခုံးတွန့်ကာ စလိုက်မှန်ပြားများ သွားထုတ်ရလေ၏။

'ငါတော့ မိုက်ခရိုစကုပ်အောက်မှာ အူသိမ်နဲ့အူမကြီးကိုကြည့်ရတာ မကွဲပြားပါဘူး'ဟု မင်းမော်က ညည်းညူနေသည်။

ဘယ်ကထပ်ရလာသည်မသိသော ကျောင်းမဂ္ဂဇင်းတစ်အုပ်ကို စောဒီလုံးက မင်းမော်နံဘေးတွင် ထိုင်ဖတ်နေရင်းမှ 'စလိုက်ထောင်ကြည့်ပြီး မှတ်ပါလားဟဲ့'ဟု ပညာပေးလိုက်သည်။

ဖရက်ဒီက 'အူသိမ်မှာ ဗီလိုင်အတွန့်တွေများတော့ အလယ်အူပေါက်ထဲကို လက်ညှိုးတွေလို ထိုးထွက်နေတယ်

www.burmeseclassic.com

www.burmeseclassic.com



တွေ့လား’ဟု လှမ်းပြောပြလေ၏။

‘ဖိုးဆွေ ဒီနား ခဏလာဦး’ဟု စောဒီလုံးက လှမ်းခေါ်လျှင် ကျော်ဆွေကို ခပ်လန့်လန့်အမူအရာနှင့် ထလာသည်။

စောဒီလုံးက ကာတွန်းတစ်ခုကို ဖတ်ခိုင်းနေသည်။

‘ဒီမှာလေ ဆေးကျောင်းသားတစ်ယောက်အပေါ် အမြင်အမျိုးမျိုးရှိကြတာကို တင်ပြထားတာ။ တယ်မှန်။ ဒါက သူ့အမေရဲ့အမြင်။ ချိုလိမ်လေးစို့လို့ အရုပ်လေးနဲ့ ဆော့တုန်း။ ဒါကတော့ နယ်မှာကျန်ရစ်တဲ့ ရည်းစားရဲ့ အမြင်။ သူနာပြုတွေ ဆေးကျောင်းသူတွေ ဝိုင်းနေမှာပဲပေါ့။ ဒါက ယောက္ခမလောင်းကြီးအမြင်။ အမ်ဘီဘီအက်စ်စက်ကြီးထဲ ထည့်လည်လိုက်ရင် ရွှေငွေစိန်ကျောက်လက်ဝတ်လက်စားအမျိုးမျိုး ပြန်ထွက်လာမှာပေါ့ဟယ်။ ပါမောက္ခကြီး အမြင်ကျတော့ ဟီဟီ… ကြည့်ပါဦး၊ ကျောင်းသားခမျာ တစ်ကိုယ်လုံးတုန်လို့၊ နားထဲကလေတွေထွက်ပြီး ခေါင်းထဲကဝက်အူတွေ စပလိန်တွေ ပြုတ်ထွက်နေရှာတာများ နှုတ်မေးခွန်းစစ်ရင်းက တုံးလွန်းလို့ စစ်ရတဲ့သူအနေနဲ့ ဦးနှောက်တောင် အစားထိုးဖလှယ်ပေးချင်စိတ်ပေါက်ရောတဲ့။ ကျောင်းသားအနေနဲ့တော့ သူ့ကိုယ်သူ စာအုပ်တွေပိပြီး လျှာထွက်သေမယ့် မသာလေးလို့ပဲ မြင်ပါတယ်တဲ့ဟယ်’

‘အဲဒါများ တခုတ်တရ ခေါ်ပြနေရတယ်လို့’ဟု ကျော်ဆွေကို စိတ်တိုသည်။



‘သြော်… ဒီ သူ့အမေရဲ့အမြင်ကလေးက နင်နဲ့ တိုက်ဆိုင်လွန်းလို့ဟဲ့။ ကြည့်စမ်းပါဦး’

ကျော်ဆွေကိုရက်သွားကာ ဆုကို တစ်ချက် လှမ်းကြည့်ပြီး ပြန်လစ်ပြေးတော့သည်။ စောဒီလုံးက နှုတ်ခမ်းကို လက်ကလေးကွယ်၍ တသိမ့်သိမ့်ရယ်လျှင် ဖရက်ဒီတို့ ပို၍ ပွဲကျနေ၏။

ဆုပင်လျှင် ခါတိုင်းလို တင်းမထားနိုင်ဘဲ စောဒီလုံးပြသော နားကျပ်ကလေးလည်မှာဆွဲကာ ချိုလိမ်စို့နေသော ကလေးပုံကိုကြည့်ကာ ပြုံးရယ်မိလေသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ပထမနှစ် ဆေး(အကြိုးတန်း)ကို ဂုဏ်ထူးသုံးခုဝေဝေဆာဆာ ရရှိအောင်မြင်ပြီး ဆုတစ်ယောက် ဒုတိယနှစ်(ဆေး)သို့ ရောက်ရှိလာချိန်တွင် ကျောင်းသားများ၏ အမည်ကို အမှတ်အလိုက် မစီတော့ဘဲ နာမည်နောက်ဆုံးတစ်လုံး၏ အင်္ဂလိပ်စာလုံး ပထမတစ်လုံးအလိုက်စီလေရာ ဆု၏ခုံနံပါတ်သည် ဆယ့်ကိုးဖြစ်သွားတော့သည်။ ကျော်ဆွေကိုကား နှစ်ဆယ်။ ခင်နှင်းဖြူမှာမူ နှစ်းဝါနှဲ့၊ ရီရီညွန့်၊ ခင်မောင်မောင်တို့အဖွဲ့ထဲ ရောက်သွားလေ၏။ ကျောင်းသားခြောက်ဆယ်ကို အုပ်စုဆယ်စုခွဲကာ ဆရာတစ်ဦးစီ အုပ်ချုပ်ကြီးကြပ်၍ သင်ကြားလေရာ ဆုတို့အုပ်စုတွင် ကိုဘိုကြည်၊ ဖရက်ဒီလင်း၊ စောဒီလုံးနှင့် မင်းမော်တို့ ပါဝင်လေ၏။

ခန္ဓာဗေဒခွဲစိတ်ခန်းမကြီးထဲတွင်မူကား ကျောက်ခုံများ အစီအရီတန်းနေလျက် ခွဲစိတ်လေ့လာလက်စ ဆေးစိမ်အလောင်းများ တင်ထားလေသည်။ ကျောက်ခုံအနီးသီး

www.burmeseclassic.com

www.burmeseclassic.com



နံဘေးတွင် ဆိုင်ရာကျောင်းသားအချို့ ရောက်ရှိနေကြပြီး အချို့လည်း စောသေးသဖြင့် ခွဲစိတ်ခန်းအပြင်ဘက် စင်္ကြံတွင် စကားပြောသူပြော၊ ဆေးလိပ်သောက်သူသောက်နေကြလေ၏။

ဆုမြတ်လှိုင်တို့၏ ဆေးစိမ်အလောင်းမှာ လက်နှစ်ဖက် မရှိတော့ပြီ။ ရင်ဘတ်မှာလည်း ဖွင့်ထားပြီးလေပြီ။

ဆုမြတ်လှိုင်က ကျောက်ခုံတစ်ဘက်တွင် ခုံမြင့်ပေါ်ထိုင်ကာ ကိုဘိုကြည်နှင့်ကျော်ဆွေကိုက မျက်နှာချင်းဆိုင်ဘက်တွင် ထိုင်နေကြသည်။

'ဟိုသုံးကောင် မလာသေးဘူးလား။ စောစောစကြရအောင်ဆိုမှ။ ငါ ကျူတိုရီယယ်အတွက် မကျက်ခဲ့ရသေးဘူး။ ခွဲပြီးရင် ငါ့ကို နည်းနည်းဖြီးလို့ရအောင် သင်ပေးဦး ဆု'

'အစ်ကိုကြီးက ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ'

ကိုဘိုကြည်မှာ အသားညိုညို၊ တုတ်တုတ်ခိုင်ခိုင် အညာသားဖြစ်ကာ အသက်အကြီးဆုံးလည်းဖြစ်၊ အိမ်ထောင်ရှင်လည်းဖြစ်ရကား အားလုံးက အစ်ကိုကြီးဟု ခေါ်ကြသည်။ တစ်ခါတစ်ရံ ဖရက်ဒီနှင့် စောဒီလုံးက ဤမြို့ရှိးသားတည်ကြည်လျက်က အဘယ်သို့ စောစီးစွာ အိမ်ထောင်ကျကြောင်း အောက်အစ်မေးသော်လည်း ဘယ်အခါမှမဖြေပေ။

လေတိုးလျှင် လဲကျတော့မည် ထင်မှတ်ရလောက်



အောင် ပိန်ကပ်သော မင်းမော်တစ်ယောက် သုတ်သုတ်ပျာပျာ ရောက်ရှိလာသည်။

'ဟဲ့… ကောင်မလေး၊ စဖတ်တော့လေ'ဟု ကိုဘိုကြည်က လောသည်။

'အင်းပါ၊ ဒီမှာ အချဉ်ထုပ်မကုန်တတ်သေးလို့'

'တစ်နေ့တစ်နေ့ အချဉ်ထုပ်ချည်း မျိုနေ'

စောဒီလုံးသည် အခန်းထဲဝင်လာကာ တန်းမလာသေးဘဲ နန်းဝါနွဲ့တို့နားရပ်ကာ စနေ ရွှတ်နေသေးသည်။ ပြီးမှ ဆိုင်ရာနေရာသို့ အိပ်ပဲ့အိပ်ပဲ့ လျှောက်လာလေ၏။

ကျော်ဆွေကို့နံဘေး တိုးထိုင်လိုက်သော စောဒီလုံးအား မင်းမော်က 'ဘယ်သွားသေနေတာလဲ။ နောက်ကျလိုက်တာ'ဟု ငေါက်သည်။

'ဟိုကောင်လေ ဖရက်ဒီ… ဖရက်ဒီ'ဟု စောဒီလုံးက မျက်နှာပိုးသတ်၍ မပြည့်မစုံဖြေရှင်းရင်း ဆုကို ပေကလပ် ပေကလပ်ကြည့်သည်။

ဆုသည် ခန္ဓာဗေဒခွဲစိတ်လမ်းညွှန်ကိုဖွင့်ကာ ယနေ့စရမည့် စာမျက်နှာကို လှန်၏။

'သေပြီလား'ဟု မင်းမော်က ဆိုပြန်လျှင် နားကလောဟန်နှင့် ကျော်ဆွေကိုက 'ဒါချည်းပဲ'ဟု တံတောင်နှင့်တွတ်၏။

'မလာရဲလို့တဲ့၊ ပြန်ပြေးပြီ'

မျက်လုံးလေးစုံသည် ဆုမြတ်လှိုင်အပေါ်ကျရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဆုမြတ်လှိုင်ကမူ ခပ်တည်တည်။

'နင် ဖရက်ဒီကို မခေါ်ဘူးမဟုတ်လား မိဆု'ဟု စောဒီလုံးက တဲ့တိုးမေးပစ်လိုက်သည်။

'စကားများလိုက်တာ။ စခွဲကြစို့'ဟု ဆုက စကားဖြတ်၏။

'ဒီလို ဘယ်ရမလဲဟဲ့။ နင့်ကို ဖရက်ဒီစာပေးတယ်လို့ ငါတို့သတင်းရတယ်။ အဲဒါ ဟုတ်သလား'

ဆုမြတ်လှိုင် မျက်လွှာပင့်အကြည့် မေ့လျော့ငေးကြည့်နေသော ကျော့်ဆွေကို မျက်လုံးလွှဲလိုက်လေ၏။ 'နှလုံးအပေါ်လွှာအမြွှေးဖွင့်မယ် အစ်ကိုကြီး'ဟု အစချီသော်လည်း စောဒီလုံးက 'နင်က ခွဲခြားခွဲခြားနဲ့ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပေါ့ဟဲ့။ နင်မပြောလည်း ငါသိပြီးပြီပဲဟယ်။ စောဒီလုံးပဲ၊ တစ်လုံးတည်းရှိတာ ဟင်း…'ဟုဆိုလျှင် မင်းမော်က အကျအနကောက်ကာ 'ဟိုက်… သောက်ကျိုးနည်း' ဟု အာမေဋိတ်သံပြုရာ စောဒီလုံးက မျက်စောင်းပစ်ထိုးလိုက်လေ၏။

'စာပေးတာ စိတ်ဆိုးစရာလား ဆုရ။ အပျိုကို လူပျို စာပေးတာ ဆန်းလား။ ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေ ရတာပဲဟာ'ဟု မင်းမော်က စသည်။

ကိုဘိုကြည်ကား စကားပေါ့ပြောခြင်းကို နားခါးတတ်သူဖြစ်လေရာ 'မင်း တယ် ပေါ့ပေါ့ဆဆပြောတတ်တာပဲ'ဟု ဝေဖန်လေ၏။



'ဟုတ်တယ်လေ အစ်ကိုကြီးရ။ စာပေးတာ အပြစ်လား'ဟု မင်းမော်က မျက်စိတစ်ဖက်မှိတ်ပြရင်း ဆက်နေသည်။

'စာပေးတာတော့ အပြစ်မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် ဒီကောင် ဒါမျိုးလုပ်ရမလား။ သူငယ်ချင်းတွေအချင်းကို။ ငါမသိလို့။ နေဦး… လာမှ ပြောပစ်ဦးမယ်'

'ဟာ… အစ်ကိုကြီးကလည်း မိဆု စကားမပြောလို့ ဒီစက်ရှင်(ခွဲစိတ်ခန်း)တောင် မလာရဲရတဲ့အထဲ။ သူငယ်ချင်းချင်းကော မကြိုက်ရတော့ဘူးလား'

'မိဆုမို့ စကားမပြောရုံရှိသေးတာ။ ငါဆို ပါးရိုက်ဝစ်မယ်'

'ဗွဒေါ…'မင်းမော် ဇက်ပုသွား၏။

'ဒီလိုရှိတယ် မင်းမော်။ မင်း ခုတင်ကပြောတဲ့ အပျိုကို လူပျိုစာပေးတာ ဆန်းသလားလို့ဆိုတော့ ဆန်းတော့မဆန်းဘူးပေါ့ကွ။ ဒါပေမယ့် အပျိုတွေတိုင်း စာပေးတမ်းဆို မင်းနမမင်းပေးမလား'

မင်းမော်၏မျက်လုံးမှာ မေးရာမှ ပြူးခနဲထွက်လာ၏။

'ဘယ်ပေးပါ့မလဲ ငါ့ညီ၊ အဲဒါပဲ ငါကပြောချင်တာ။ လူပဲကွာ စည်းတော့စောင့်မှပေါ့။ ခုဆိုကြည့်လေ၊ ဆုဟာ ငါတို့ရဲ့ခြောက်ယောက်တစ်အုပ်စု အတူပညာသင်နေတဲ့ အရင်းနှီးဆုံးသူငယ်ချင်း မဟုတ်လား။ မင်းကပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးတယ်။ သူငယ်ချင်းကော မကြိုက်ရဘူးတဲ့လား။ ကြိုက်တော့ကြိုက်ရတာပေါ့ကွာ။ တကယ်ချစ် တကယ်ကြိုက်လို့ကတော့ ဘာပြောစရာရှိမှာလဲ။ သို့သော်… ဒီသို့သော်က သိပ်အရေးကြီးတယ်။ လက်တည့်စမ်း အပျော်မကြိုက်သင့်ဘူး။ စာလည်းမပေးသင့်ဘူး။ ကဲ… မင်းမော်သဘောပေါက်ပြီလား'

'ဒုက္ခ၊ ငါပေးမိတာ ကျနေတာပဲ'ဟု မင်းမော်က ကျော်ဆွေကိုဘက်လှည့်၍ တိုင်တည်လျှင် ကျော်ဆွေကိုက မပြုံးမရယ် မျက်လွှာချကာ ခန္ဓာဗေဒစာအုပ်ကို ကြည့်နေ၏။ စောဒီလုံးကား 'အားရတယ်'ဟူသော အမူအရာဖြင့် လက်မလက်သည်းခွံချင်း ရိုက်တီးပြနေလေ၏။

'ဖရက်ဒီမှာ အိုင်လင်းဆိုတဲ့ချစ်သူရှိတာ ငါလည်းအသိ၊ ဆုလည်းအသိ။ ဆရာဝန်ဖြစ်ရင်ယူဖို့ သေချာပြီးသား။ မိဘတွေကလည်း သဘောတူပြီးသား။ သူ့ဘာသာ နှန့်ပိုးထပြီး ဟိုမှာဒီမှာ ရည်းစားလျှောက်ထားတာ သူ့ကိစ္စမို့ ငါ မပြောလိုပါဘူး။ ဆုနဲ့ပတ်သက်တဲ့ ဒီကိစ္စမှာတော့ ငါ မကျေနပ်ဘူး'

'ကဲပါ တော်ကြပါတော့။ ဒီလောက် စိတ်ပျက်စရာကောင်းတာတွေ ခေါင်းထဲမထားကြနဲ့။ အချိန်တောင်ကုန်သွားပြီ၊ နှမြောလိုက်တာ'ဟု ခပ်သောသောကလေးစကားစဖြတ်ကာ 'ဖတ်မယ်နော် အစ်ကိုကြီး နားထောင်'ဟု နှလုံးသားကိုဖုံးအုပ်နေသော အမြှေးပါး၏အတွင်းလွှာ



တို့ နှလုံးမှခွာထုတ်ပြီး နှလုံးကို အာဟာရပို့ပေးနေသော သွေးလွှတ်ကြောများကိုလေ့လာရန် ရှင်းပြလေ၏။ နှလုံးသားအမျက်နှာပြင်များ၊ သက်ရှိလူနာတွင် နှလုံးတည်နေရာကိုရင်ဘတ်မျက်နှာပြင်ပေါ်မှ မည်သည့်အမှတ်အသားများအားဖြင့် မှန်းဆပုံ၊ နှလုံးမှသွေးပြန်ကြောများ၊ သက်ဆိုင်သောနှာပ်အာရုံကြောများတို့ကို ဆက်တိုက် ရှင်းပြညွှန်ပြသည်။

ဆုဖတ်ပြသည့်လမ်းညွှန်အရ ကိုဘိုကြည်က နှလုံးကို ခွဲစိတ်လျက် အတွင်းပိုင်းကို လေ့လာကြသည်။ နှလုံးတွင် အခန်းလေးခန်းဖွဲ့စည်းထားပုံ၊ တစ်ခန်းမှတစ်ခန်းသို့ သွေးစီးထွက်ရာ အဆို့ရှင်ကလေးများ၏ ပုံဖန်းသဏ္ဌာန်၊ ဗဟိုသွေးလွှတ်ကြောမကြီးများ၊ နှလုံးကြွက်သား အကာအရံ၊ နှလုံး၏ဝတ္တရား ဆောင်ရွက်လှုပ်ရှားပုံစသည်ဖြင့် တစ်ဆက်တည်း ဒိုးဒိုးဒေါက်ဒေါက် ရှင်းပြလိုက်သည်။

'ဆုက အပိုင်တွန်းလာတာပဲ'ဟု ကျော်ဆွေကိုက ချီးမွမ်းသည်။ စောဒီလုံးက 'အဟွပ်… အဟွပ်…'နှင့် လုပ်ချောင်းဆိုးနေ၏။

'တို့ တွန်းမလာလို့ ဘယ်တစ်ယောက်ကများ ယောင်ပြီး စာအုပ်ကိုင်မှာလဲ'

'စာအုပ်ကိုင်ရုံတော့ ကိုင်ပါတယ်ဟယ်။ မဖတ်ဖြစ်လို့ပါ'ဟု စောဒီလုံးက ဝင်ပြောပြန်၏။

'ဆုက နှလုံးသားကို ဘယ်လိုမွန်းရမယ်ဆိုတာ အပြတ်လေ့လာထားတော့ ငါဖြင့် လန့်လာပြီဟာ'ဟု မင်း

www.burmeseclassic.com

www.burmeseclassic.com



မော်က လှမ်းနောက်ပြီးမှ ကိုဘိုကြည်ကိုလှမ်းကြည့်ကာ 'ဘွာ… ဘွာ…'ဟု ပါးစပ်ကို လက်နှင့်ပိတ်လိုက်လေ၏။

'ဒီနှလုံးဟာ ကြည့်ပါဦး လက်သီးဆုပ်လောက်ရှိတာနော်။ ပဋိသန္ဓေတည်ပြီး မကြာခင်ကစလို့ တဒိတ်ဒိတ်ခုန်လာလိုက်တာ တစ်သက်လုံး မနားတမ်းလှုပ်ရှားရင်း သေပဟေဲဆိုမှ ရပ်ရတာပဲ။ စံပြလုပ်သား ပထမဆင့်ပေးဖို့ကောင်းတယ်'

စောဒီလုံးက ယနေ့အဖို့ ပထမဆုံးအကြိမ် လေးနက်စွာပြောရင်းက တစ်ဆက်တည်း-

'ဒါကြောင့်လည်း အချစ်ကို နှလုံးသားနဲ့ယှဉ်တွဲပြီး တင်စားကြတာပဲနော်။ မိဆု… နင်တို့ကောင်မလေးတွေ အော်တိုထဲမှာ ရေးတတ်လာလေ။ ဘာတဲ့ "The night has a thousand eyes" ဆိုတာလေ။

*The night has a thousand eyes*
*And the day but one*
*But the light of the whole world dies*
*When day is done.*
*The mind has a thousand eyes*
*And the heart but one*
*But the light of the whole life dies*
*When love is done.*

ညမှာ မျက်လုံးတစ်လုံးတည်းရယ်တဲ့။ ဒါပေမယ့်လည်း နေအချိန်ကုန်ဆုံးပြီဆိုမှဖြင့် ကမ္ဘာလောကတစ်ခုလုံး အလင်းရောင်ဆိတ်သုဉ်းသွားတော့တာ ပါပဲတဲ့။ အဲသလိုပဲ



ဦးနှောက်မှာ မျက်လုံးတွေ အများကြီးရှိပါရဲ့၊ နှလုံးသားမှာတော့ မျက်လုံးတစ်လုံးတည်းရယ်တဲ့။ ဒါပေမယ့်လည်း အချစ်ကုန်ဆုံးပြီဆိုမှဖြင့် ဘဝတစ်သက်တာလုံး အလင်းရောင် ဆိတ်သုဉ်းသွားတော့တာပါပဲတဲ့'ဟု ကဗျာဆန်စွာ ပြောကာ စကားအဆုံးတွင် ဟင်းခနဲ ပင့်သက်ကလေးရှိုက်သေးသည်။

ဆုက လှိုက်လှိုက်လှဲလှဲ ရယ်မောမိလျှင် စောဒီလုံးက မျက်စောင်းချိတ်ကာ-

'အသည်းနှလုံးကို မရှိဘူး။ ဒါ ရယ်စရာလား။ ငါ အတည်ပြောနေတာ'ဟု ရန်တွေ့သည်။

'စောနယ် တန်ရာတန်ရာလုပ်စမ်း။ ချေးစိမ်းတွေ ပန်းကုန်တော့မယ်။ ကဲ… ဆက်ဖတ်ဟာ။ မြန်မြန်လုပ်မှ။ ငါ ကျူတိုရီရယ် မဖတ်ရသေးဘူး'ဟု ကိုဘိုကြည် ဝင်လောရသည်။

'စာလည်း မဖတ်ရသေးဘူး။ အိမ်ကပို့တဲ့ ကျောင်းလခတွေလည်း မရှိတော့ဘူး။ ဖဲလည်းမနိုင်ဘူး။ ဟော… တွေ့လား၊ လက်ကနာရီလည်း မရှိတော့ဘူး'ဟု စောဒီလုံးက မဲ့ကာရှုံ့ကာ ဖော်ကောင်လုပ်နေလေ၏။

သူတို့အုပ်စု၏ဆရာသည် အခန်းထဲဝင်လာကာ 'ပြီးရင် ကျူတိုရီရယ် ယူမယ်'ဟု သတိပေး၏။

'သုံးနာရီမှယူပါ ဆရာ။ ကျွန်တော်တို့ စာဖတ်လို့ မပြီးသေးလို့ပါ'ဟု မင်းမော်က တောင်းပန်လျှင် ဆရာသည်

www.burmeseclassic.com

www.burmeseclassic.com



'မင်း အပ်ပါးလင့်သ်(လက်ပိုင်း)လည်း စာမေးပွဲကျထား တယ်နော်။ သိပ်လွှတ်မနေနဲ့။ ဆုမြတ်လှိုင်ကလည်း သူငယ် ချင်းတွေကို ထိန်းဦး။ စာလေးဘာလေး ရှင်းပြ'ဟု ပြော ကာ ထွက်သွားလေသည်။

ဆုမြတ်လှိုင်က မကျေမချမ်း 'ဒီထက် ရှင်းပြရရင် လည်း လျှာထွက်ပြီးသေတော့မယ်'ဟု ရွတ်မြည်နေ၏။

မင်းမော်ကမူ 'ဆရာဟာလေ ငါ့များဆို အင်ပရက် ရှင်ကို မကောင်းဘူး'ဟု ညည်းညူနေလေ၏။

စောဒီလုံးသည် ကျော်ဆွေကို့မျက်လုံးရှေ့တွင် လက် ဝါးတစ်ဖက်ကို ထက်အောက်လှုပ်ရှားလိုက်လျှင် အမှတ် မထင် ဆုမြတ်လှိုင်၏ ဝင်းမွတ်သောမျက်နှာကို စိုက်ငေး ကြည့်နေမိလိုက်သော ကျော်ဆွေကိုမှာ မျက်နှာနီရဲလျက် စောဒီလုံး၏လက်ကို ပုတ်ချလိုက်လေသတည်း။

*

## အခန်း (၇)

ဒုတိယနှစ်ဆေး ဖြေဆိုရန် ဆုမြတ်လှိုင်တို့တင်ရ မည့် စာတမ်းမှာ 'သွေးတွင်ပါဝင်သော ယူရီးယားဓာတ်' အကြောင်း ဖြစ်ချေသည်။ ဆုတို့အုပ်စုကို ဇီဝကမ္မဌာနမှ သရုပ်ပြဆရာမ ဒေါ်စိုးစိုးရီက ကြီးကြပ်ကွပ်ကဲလေသည်။ အုပ်စုတိုင်း စာတမ်းတစ်မျိုးစီ သုတေသနပြုလုပ် တင်သွင်း ရမြဲ။

လူ့ခန္ဓာကိုယ်အတွင်းရှိ ပရိုတိန်းဓာတ်များ၏ ဖြစ် ပျက်ခရီးစဉ်အဆုံး၌ မလိုအပ်တော့ဘဲ စွန့်ပစ်မည့်ပစ္စည်းများ မှာ ယူရီးယားဖြစ်လေသည်။ သာမန်အားဖြင့် သွေး ၁၀၀ ကုဗစင်တီမီတာတွင် ၂၀မှ ၄၀မီလီဂရမ် ပါဝင်လှည့်ပတ်လျက် ယူရီးယားဓာတ်ကို ကျောက်ကပ်မှတစ်ဆင့် ဆီးထဲသို့ စွန့် လွှတ်မြဲဖြစ်လေသည်။ ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏ လျော့ပါးလျှင်သော်လည်းကောင်း၊ ကျောက်ကပ် အပါအဝင် ဆီးဖွဲ့စည်းစွန့်ပစ်ရာ အဖွဲ့အစည်း၌ ချွတ်ယွင်းချက်ရှိလာလျှင်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ကိုယ်ခန္ဓာတစ်ရှူးအပျက်အစီး များပြားလာလျှင်လည်းကောင်း၊ သွေးတွင်ပါဝင်သော ယူရီးယားပမာဏ မြင့်တက်လာတတ်သည်။ ထိုအခါ လူတွင် အန္တရာယ်ရှိလာနိုင်လေသည်။

ဆုမြတ်လှိုင်တို့လေ့လာရန်မှာ အသက်(၁၈)နှင့် (၅၀)နှစ်အတွင်း ယေဘုယျအားဖြင့် သွားလာလှုပ်ရှား ကျန်းမာနေသော လူများမှ သွေးရှိ ယူရီးယားပမာဏ ဖြစ်လေ၏။

ယူရီးယားပမာဏ ရှာဖွေရန် ခေတ်အမီဆုံးနှင့် အလွယ်ကူဆုံးနည်းလမ်းမှာ Auto Analyzer သုံးသောနည်းဖြစ်သည်။ သို့တစေ သုတေသနလုပ်ခြင်း ရည်ရွယ်ရင်းရှိသည့်အတိုင်း ဆုမြတ်လှိုင်တို့သည် ကွန်ဝေး၏နည်းအရ မိုက္ကရိုဒြူရက်အားဖြင့် အမိုနီယမ်ဘိုရိတ်ကို ဟိုက်ဒြိုကလိုရစ်အက်ဆစ်နှင့် တိုက်ကြေးရှင်းပြုလုပ်၍ တွက်ချက်ရှာဖွေကြရသည်။

ဆေးတက္ကသိုလ်(၂) စာကြည့်တိုက်တွင် မှီငြမ်းပြုရန်စာအုပ်များ အထပ်ထပ်ရှာဖွေကုန်ခမ်းပြီးမှ မြန်မာနိုင်ငံဆေးသုတေသန (ဘီအမ်အာအိုင်)စာကြည့်တိုက်တွင် ဆက်လက်ရှာဖွေကာ လိုအပ်မည့် အချက်အလက်များကို မှတ်စုထုတ်ယူရေးမှတ်ကြရသည်။

ဆရာမမှာ ကလေးနေမကောင်းသဖြင့် 'မင်းတို့ဒီနေ့ အချက်အလက်တွေ ပြီးပြတ်အောင်ရှာနော်။ လာမယ့်သောကြာကစပြီး သွေးဖောက်မယ်'ဟု သတိပေးကာ အိမ်ပြန်သွားလေရာ ဆရာမ မပါဘဲ ဆုတို့ကျောင်းသား တစ်သိုက်သာ ရှိလေ၏။

ဆောင်းဝင်စမို့ အဖျားအနာများချိန်တွင် ဆုမြတ်လှိုင်မှာလည်း အအေးမိလျက် ခေါင်းအုံ့ကာ မျက်လုံးအိမ်မှ မျက်ရည်ပူစီးကျရုံမက နှာရည်ယို ဟပ်ချိုးချေနေလေ၏။

'ဒီကောင်မလေး အေးကအေးနဲ့ အနွေးထည်မယူလာဘူး'ဟု ကိုဘိုကြည်က ဆူသည်။

'နေမကောင်းပါဘူးဆိုတာ အစ်ကိုကြီးတို့ပဲအတင်းခေါ်ပြီး'ဟု ဆုက ပြန်ပက်သည်။

'နင်မပါရင် ငါတို့ချည်းပျင်းတာပေါ့ဟဲ့'ဟု စာအုပ်စင်ကြားမှ စောဒီလုံးက လှမ်းပြောနေသည်။

အမှန်တော့ အေးစိမ့်သော ဆောင်းနံနက်ခင်းတွင် အနွေးထည်လိုကြောင်း ဆုသိသည်။ သို့တစေ ဆု၏အနွေးထည်မှာ ဈေးထဲမှ ရောင်းတမ်းထိုးထားသောဆွယ်တာ ဖြစ်လေရာ ဆုတို့တက္ကသိုလ်တွင် မည်သူ့မျှမဝတ်။ မည်မျှပင်ကိုယ့်ဘဝကိုယ်သိလျက် ရှိသမျှနှင့် ခြိုးခြံနေသော်လည်း မိန်းမသည် မိန်းမပဲမို့ အလှအပတော့ ကြိုက်နှစ်သက်တတ်သော ဆုသည် အဖိုးတန်ဝတ်ရန် မရည်မှန်းသည့်တိုင် အပေါစားဆွယ်တာကိုမူ အဆောင်နေဝတ်လျှင်ဝတ်၊ မဝတ်လျှင် သေတ္တာထဲမှာပဲ သိမ်းထားလေ၏။ သည်တော့ မည်မျှပင်ချမ်းချမ်း အင်္ကျီလက်ရှည်ရွေးဝတ်ကာ အအေးခံ၍ နေတတ်သည်မှာ အကျင့်ပါနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နှစ်ခါ ဆောင်းရောက်လျှင်တော့ ဆု နွေးထွေးလိမ့်မည် မျှော်လင့်ရသည်။ ကိုလတ်ထံမှစာထဲတွင် 'မာမီနဲ့ဆုဖို့ ကိုလတ် တရုတ်ကဝင်တဲ့ ဆွယ်တာတစ်ထည်စီဝယ်ထားတယ်။ လူကြုံကောင်းရင် ထည့်ပေးလိုက်မယ်။ နယ်စပ်မှ အမှတ်တရပေါ့ ဆုရာ ဟုတ်လား' ဟု ရေးလာလေ၏။

ကိုလတ်၏ ကျေးဇူးများကတော့ ဆု မည်မျှပင် ငြင်းဆန်နေသော်လည်း မရှောင်သာ မတိမ်းသာသော အကြောင်းအချက်များကြောင့် ဆုအပေါ် အတန်ပိခဲ့ပြီ။ ပြဋ္ဌာန်းစာအုပ်တစ်အုပ်မှ ဝယ်မဖတ်နိုင်သောဆုသည်ကိုလတ်ထံမှ စာအုပ်ဟောင်းများပဲ အမွေဆက်ခံရသည်။

မနေ့ကပင် ဆု၏ ဇီဝကမ္မစာအုပ်တွင် ကိုလတ်အမည်ထိုးထားသည်ကို စောဒီလုံးက ကျော်ဆွေကို့ကိုပြကာ နောက်နေခဲ့သေးသည်။ ဆု မမြင်၊ မသိဘူး ထင်ကြပေမယ့် ဆုက သူတို့ထင်သည်ထက် ပို၍ပါးနပ်ပါ၏။ သို့တစေ မသိချင်ယောင်ဆောင်နေခြင်းဖြင့် ပို၍ချောမွတ်အဆင်ပြေမည်ဟု ဆုက ဥပေက္ခာပြုထားဖြစ်လေ၏။

ကိုလတ်နှင့်ဆု၏ဆက်ဆံရေးကို ဆု၏ အပေါင်းအသင်းများက မခန့်မှန်းတတ်ဘဲ လက်မှန်းရမ်းဆ တွေးချင်သလို တွေးကြလျှင်လည်း ဆုကငြင်းလည်းမငြင်း၊ ဝန်လည်းမခံ ဖာသီဖာသာနေမြဲ။ ယခုမူ ကိုလတ်သည် မိုင်းမောတွင် တာဝန်ကျကာ ပြောင်းရွှေ့သွားလေပြီ။ ကိုလတ်၏စာများ



ကို မှန်မှန်ပြန်ရေးဖို့ ဆု တာဝန်ကျေပါ၏။

'နူရိုလော်ဂျီ (Neurology) မှတ်စုတွေ ထွက်တယ်ဆု။ တစ်အုပ်ငါးကျပ်၊ နင် ယူဦးမလား' ဟု အာရုံကြောဆိုင်ရာဘာသာရပ် စာအုပ်မှတ်စုထွက်ကြောင်းဖြင့် မင်းမော်ကမေးသည်။

'ဘိုင်ကျတယ်။ ကျောင်းက မှတ်စုပဲ ဖတ်တော့မယ်။ သူတို့ဝယ်ကြတယ် မဟုတ်လား။ တို့ကိုငှားပေါ့'

'ငါ မဝယ်ဘူးဟ၊ ဖိုးဆွေ ဝယ်တယ်'

ကျော်ဆွေကိုက 'ဝယ်သာ ဝယ်တာပါ။ ဖတ်ဖြစ်မှာ မဟုတ်ပါဘူး။ ဆု ယူထားလေ။ တို့ လိုချင်မှတောင်းမယ်' ဟု ဆို၏။

တတွဲတွဲနေကြရပြီဆိုတော့ ဆု၏အဖွဲ့သားများသည် ဆု၏ငွေရေးကြေးရေးအခက်အခဲများကို အတော်အသင့် သိနေပေပြီ။ စောဒီလုံးနှင့် မင်းမော်မှာလည်း ဆုလောက် အခြေအနေမဆိုးသော်လည်း မောင်နှမများသဖြင့် ကျပ်တည်းကာ ဆုဘဝကို ကိုယ်ချင်းစာနိုင်လေသည်။ ကိုဘိုကြည်မှာမူ ကျောင်းထားပေးသော ယောက္ခမများက ချမ်းသာသည့်တိုင် ဖဲနှိပ်စက်သဖြင့် ပြောင်ရောင်သည်မရှိခဲ့။ ဖရက်ဒီနှင့် ကျော်ဆွေကိုသာ ကြေးရတက် လူချမ်းသာသားသမီးများ ဖြစ်လေသည်။ သည်တော့ ဆုဆင်းရဲလှသည်မှာ သည်အုပ်စုထဲမှာ မသိမ်ငယ်ခဲ့ရပေ။ သူမအဖို့ အမြဲအစဉ် အလိုအပ်ဆုံးဖြစ်နေသော စာအုပ်များကို သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



များက ငှားရမ်းမြဲဖြစ်သလို အချို့စာအုပ်များကိုမူ သူငယ်ချင်းများ၏အမည်များကို တန်းစီ၍ ကြိုတင်စာရင်းတင်ထားခြင်းဖြင့် စာကြည့်တိုက်မှ တစ်နှစ်လုံး အပိုင်စီးထားရသေးသည်။

ပညာရည်ချွန်ဆု နှစ်လသုံးလ မထုတ်ရဘဲ နောက်မှ စုပေါင်းရသောအခါများတွင် အဆောင်ကြေးကို နားလည်မှုနှင့်ဆိုင်းထားနိုင်သလို ကျောင်းလခများကိုလည်း ငွေရမှပင် နောက်ကျကြေးနှင့်အတူ စုပေါင်းပေးသွင်းရတတ်သည်။ သည်လိုအခါမျိုးတွင်တော့ အခါအားလျော်စွာ ငွေထည့်ဝင်ရသည့် စုပေါင်းလှူပ်ရှားမှုမျိုး၌ နှမ်းဝါနွဲ့ ငွေစိုက်ပေးသည်ကို လက်မခံလိုဘဲလျက် မငြင်းနိုင်ဘဲ ရှိရတတ်လေသည်။

ဆု ခြိုးခြံရကြောင်း ဤသူငယ်ချင်းများသည် နားလည်ကြသည်ဆိုပေမယ့် ပတ်ဝန်းကျင်နှင့်လျော်ညီသော အနေအထည်ပင် မဝတ်နိုင်၍ ဆု အအေးဒဏ်ကို ကြိတ်မှိတ်ခံစားနေရသည်ကိုတော့ သူတို့သိနိုင်မည်မဟုတ်။ ခေါက်ထီးများ ခေတ်စားလာချိန်တွင် ဆု တစ်မိုးလုံး ထီးရှည်နှင့်ပင်နွှဲခဲ့ရသည်ကိုလည်း သူတို့ ဘယ်သတိထားမိပါ့မလဲ။ ဆု၏ညှပ်ဖိနပ်ကလေး ကြိုးပြတ်လုဆဲဆဲဖြစ်နေ၍ ညက ဆုကိုယ်တိုင်နိုင်လွန်ကြိုးနှင့် ချည်တုပ်ခဲ့ရကြောင်းလည်း ဆုဖာသာပဲ သိတော့သည်။ ခရီးဆက်ရဦးမည့် ရှေ့လေးနှစ်ခရီးအကြောင်း ဆု ဆက်မတွေးကြောင်း သူတို့ ဘယ်မှာသိနိုင်မှာတဲ့လဲ။

'စိတ်ညစ်လိုက်တာ။ လက်ကိုင်ပဝါ တစ်ထည်လုံး



လည်း ရွှဲကုန်ပြီ'ဟု ဆု ညည်းညူမိသည်။

မင်းမော်က သဘောရိုးနှင့် 'လက်နဲ့ပဲညှစ်ပေါ့ဟာ' ဟု အကြံပြုသည်ကို နောက်သည်ထင်ကာ ဆုက မျက်စောင်းထိုးလေ၏။

ဖရက်ဒီကား စာအုပ်စင်များကြားတွင် မှိုငြမ်းစာအုပ်ရှာဖွေနေသည်။ ဆု ပါဝင်နေတိုင်းပင် သူငယ်ချင်းများကြားတွင် သူ မပါဝင်မပတ်သက်သလို လွတ်နေသည်မှာ ဆုက မခေါ်မပြောကတည်းကပင် ဖြစ်လေသည်။ ဖရက်ဒီ အနေခက်သည်နှင့်အမျှ စိတ်ပျက်လက်ပျက် ဖြစ်ရသည်။ အပြစ်ကင်းစွာ ပျော်ရွှင်ခင်မင်ခဲ့ချိန်များကို တမ်းတနေမိကြောင်း သူ့ကိုယ်သူပင် အံ့သြလှစွာ သတိပြုမိခဲ့သည်။ အိုင်လင်းနှင့် မတွေ့မိကရော တွေ့ပြီးမှပါ သူ့ဝါသနာအတိုင်း လှလေသမျှနှင့် ဓာတ်ကရုပ်ချင်သည်။ အိုင်လင်း စိတ်ကောက်လျှင်လည်း ချော့လျှင်ပြေပျောက်မည်ကို သိနေရကား စိတ်ပင်ပန်းဆင်းရဲ မဖြစ်စဖူး။ ယခုမှပင် အလှမှာ သာယာယစ်မူးရခြင်းသည် ဖြူစင်သောခင်မင်မှုလောက် တန်ဖိုးမရှိပါကလားဟု အတွေးပေါက်လေတော့၏။

'တို့ တကယ် စိတ်ညစ်နေပြီ။ နှာရည်ကလည်း တအားယိုတာပဲ'ဟု ဆုက ထပ်ညည်းပြန်၏။

'တို့ လက်ကိုင်ပဝါ သွားဝယ်ပေးရမလား'ဟု စာကူးရာမှ ကျော်ခွေကိုက လှမ်းမေးသည်။ ဆုက လက်ကိုင်ပဝါတော့ထပ်မဝယ်ချင်။ အဆောင်မှာရှိပြီးသားမို့ သုံးလေး

www.burmeseclassic.com

www.burmeseclassic.com



ကျပ်လည်း အပို အကုန်မခံနိုင်ပေ။

ဆု တွေဝေဆဲ ဖရက်ဒီသည် ဘောင်းဘီအိတ်ထဲမှ တစ်ရှူးစက္ကူအချို့ကိုထုတ်ယူကာ 'တို့မှာ တစ်ရှူးပါတယ်။ ဒိုင်ရီယာရနေလို့ ဆောင်ထားတာ' ဟု ဝမ်းလျှောနေ၍ အိမ်သာသုံးစက္ကူပါလာကြောင်းနှင့် လှမ်းပေးလေ၏။

ဆု ယူသင့် မယူသင့် ချိန်ဆခိုက် ဖရက်ဒီသည် အရင်းနှီးဆုံးသူငယ်ချင်းများရှေ့တွင် သိက္ခာဆည်မနေတော့ဘဲ 'ကျေးပါတော့ ဆုရာ။ ဒီလောက် စိတ်ဆိုးရရင် ကျေနပ်ပါတော့။ ပလိစ်ကွာ' ဟု တောင်းပန်ဖြစ်လေ၏။

ကျော်ဆွေကိုက ဖရက်ဒီ့လက်မှစက္ကူများကို လှမ်းယူကာ ဆုကိုပေး၏။ ဟပ်ချိုးတစ်ချက်ချေရင်း ထွက်လာမည့်နှာရည်များကို အမြန်ဆုံး တားဆီးနိုင်ရန် ဖရက်ဒီ့စက္ကူများကို ဆု အသုံးပြုလိုက်ရတော့သည်။

'သူ့စက္ကူ သုံးပြီးရင်တော့ သူ့ကို မခေါ်ချင်လည်း မရဘူး။ တစ်ခါညစ်ဖူး သူ့ကျေးဇူး' ဟု မင်းမော်က စေ့စပ်ဖျန်ဖြေလိုက်သည်။

'ဆောရီး ဆုရာနော်' ဟု ဖရက်ဒီက ထပ်ဆင့်ပြောလျှင် ဆုက 'ဟင်း… ဒီက မကောင်းတတ်လို့' ဟု ပြုံးစစဆိုကာ စိတ်ပြေငြိမ်းလေ၏။

'ဆုကို အအေးမိနှာရည်ယိုစေတဲ့ ရောဂါပိုးကလေးတွေကတော့ လူသားတွေ ငြိမ်းချမ်းရေးကို ဆောင်ရွက်လိုက်နိုင်လို့ နိုဘယ်လ်ဆုကြီး မျှော်မှန်းနေမလား မသိဘူးနော်'



ဟု စောဒီလုံးက ပေါက်ပေါက်ရှာရှာ နောက်ပြောင်လေ၏။

'မင်း ဒိုင်ရီယာကကော စိတ်ချရပြီလား' ဟု ကျေနပ်နှစ်သိမ့်သော အမူအရာနှင့် ကိုဘိုကြည်က မေးသည်။

'ဗလာစာရွက် အားကိုးပဲ အစ်ကိုကြီး'

'အလုပ်သိမ်းကြစို့ အစ်ကိုကြီး။ တရုတ်နှင့်အမေရိကန် ချစ်ကြည်ပြေငြိမ်းတဲ့အထိမ်းအမှတ်နဲ့ တစ်နေရာသွားကြစို့' ဟု မင်းမော်က ဆွယ်သည်။ 'ပိုက်ဆံမရှိဘူးကွ။ ရန်ပုံငွေထပ်ဖြည့်ဖို့ကလည်း မင်းတို့ တစ်ပြားမှမပေးကြဘဲနဲ့။ ငါလည်း စိုက်စရာမရှိဘူး'

'ဒါတော့ လကုန်မှပေးနိုင်မှာကိုး။ ဖိုးဆွေ စိုက်လိုက်ကွာ'

'ဒီနေ့တော့ ကျွန်တော်ကပဲ ကျွေးပါ့မယ် အစ်ကိုကြီးရာ။ ဆု ဘာစားမလဲ' ဟု ဖရက်ဒီက မျက်နှာချိုသွေးလျှင် စောဒီလုံးက မိန်းကလေးလေသံဖြင့် 'မုန့်လက်ဆောင်း' ဟု ဆုဟန်အတိုင်း ဝင်ဖြေလိုက်ပြန်သည်။

မင်းမော်က လေတစ်ချက်ချွန်ကာ 'ဒါဆို ဗိုလ်ချုပ်ဈေးပေါ့။ နိပ်ဟ၊ ဗိုက်တစ်သန်းအားနဲ့ ငမ်းပစ်လိုက်မယ်' ဟု ကြွေးကြော်လေသည်။

ကျော်ဆွေကို၏ အဖြူရောင်လိပ်ခုံးကားကလေးတွင် ခြောက်ယောက်စီးသွားကြ၏။ ဗိုလ်ချုပ်ဈေး၌ ဆီချက်ခေါက်ဆွဲနှင့် မုန့်လက်ဆောင်း တဝစားကြပြီးလျှင် ဈေးအနီး ဘသားချောငါးယောက် ခြေဆန့်ကာ အငမ်းသန့်လေသမျှ

www.burmeseclassic.com

www.burmeseclassic.com



ဆုလည်း တကောက်ကောက်လိုက်နေရပြန်သည်။

'ဘာမှလည်းမဝယ်ဘဲနဲ့ ဒီအတန်းက ဖြတ်လျှောက်တာ သုံးခေါက်ရှိပြီ'ဟု ဆုက သတိပေးသည်။

'လျှောက်တာပဲ ဘာဖြစ်လဲဟ' မင်းမော်က ဆက်လက်ချီတက်မြဲ။

'လက်ကိုင်ပဝါ မဝယ်တော့ဘူးလား ဆု'ဟု ကျော်ဆွေကို သတိပေးသည်။

'ဟင့်အင်း… တစ်ရှူးတွေ အများကြီးပဲ'ဟု ငြင်းရသည်။ မဝယ်နိုင်ဟု မပြောချင်ဘဲ ဝန်လေးမိလေသည်။

ဖရက်ဒီက 'ဟော့… ဟော့… ဒီဘက်ချိုး၊ ရှေ့က နှစ်ယောက် တော်တော်လှတယ်'ဆိုသဖြင့် ကျန်လူသိုက်လည်း တကောက်ကောက်လိုက်ပါသွားရပြန်သည်။

အနားရောက်လျှင် တစ်ယောက်ကလှည့်ကြည့်ကာ 'ဟင်… ဆုတို့ပါလား'ဟု ဆို၏။

'သြော်… ခင်နှင်းဖြူ'

ဖရက်ဒီတို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးဖြဲဖြဲဖြစ်နေကြတော့သည်။

'ဒီနေ့ ရိစ္စာ့ချ်မလုပ်ကြဘူးလား ခင်နှင်းဖြူ'ဟု သုတေသနကိစ္စမေးရင်း ဆုက ခင်နှင်းဖြူနံဘေးမှ အသားကပ်ဘောင်းဘီရှည်အနက်၊ စပို့ရှပ်အနီ၊ ဆံပင်ကုတ်ဝဲနှင့် အပျိုဖြန်းကလေးကို ကြည့်မိသည်။

ဝင့်ဝင့်သော်မှန်း ပြောပြစရာမလိုဘဲ ဆု သိလိုက်ပါ၏။ မည်သို့ပင် မတော်စပ်ချင်ကြပေမယ့် သွေးက စကားပြောကာ ဆုမျက်နှာမှာ ဆေးဆိုးပန်းရိုက် လိမ်းခြယ်သလျှင်သည်ပုံပဲထွက်မည်မှာ သေချာလေ၏။



'ဒီနေ့ နန်းတို့လည်း သွားစရာရှိကြလို့လေ။ ရီရီလည်း သူ့အမေရောက်နေလို့ သန်လျင် ဘုရားဖူးသွားတယ်။ ဒါနဲ့ ဝင့်ဝင့် စလင်းဘက်ဝယ်ဖို့ အဖော်ခေါ်တာ လိုက်လာတာ။ ဝင့်ဝင့် ဒါ မမနှင်းရဲ့သူငယ်ချင်းတွေ။ ဒါက ဆု၊ ဒါက ကိုဘိုကြည်၊ စောဒီလုံး၊ ကိုမင်းမော်၊ ဖရက်ဒီ။ ကိုဆွေ့ကိုတော့ သိပါတယ်နော်'

'ကိုကို့ကို မသိလို့ ဘယ်ရမလဲ။ အဲဒီတစ်အိမ်လုံး ဝင့်ဝင့်နဲ့ကိုကို တစ်ယောက်ပဲတည့်တာ'

'ဒါကတော့ ဝင့်ဝင့်သော်တဲ့။ ဒဂုံတစ်က'

ဆေးကျောင်းသားတစ်သိုက်က အလွန်တည်ကြည်သိက္ခာရှိစွာဖြင့် တွေ့ရတာဝမ်းသာပါကြောင်း ပြောကြသည်။ ဝင့်ဝင့်သော်ကား ဆုကို တအံ့တသြ ငေးမောကြည့်နေသည်။ ဆုကလည်း မပြုံးမတည် ခံစားချက်မဖော်ပြသော မျက်လုံးများနှင့် ပြန်ကြည့်နေ၏။ ဝင့်ဝင့်သော်က အရင် မျက်နှာလွှဲလိုက်လေ၏။

လူချင်းခွဲကြမှပင် ကျော်ဆွေ့ကိုစိတ်ထဲ သက်သာရာ ရသွားသည်။ ခင်နှင်းဖြူလည်း အနေရခက်မှာပဲဟု ကိုယ်ချင်းစာကြည့်မိသည်။ ကာယကံရှင်နှစ်ဦးမှုကား ဘယ်သို့ရှိမည်မှန်း မမှန်းဆတတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကို ကိုကိုက လျှို့ထားလိုက်တာ။ ဂလိုဂလိုလှ တဲ့ ညီမလေးရှိတာ ပြောမပြဘူး'

မင်းမော်က အပြစ်တင်မှ-

'ဟာ… အိမ်နီးချင်းပါ'ဟု ဖြေရှင်းသည်။

'အိမ်နီးချင်းများ မင်းက ငေးနေရသေးလားကွ'

'မဟုတ်ပါဘူးဗျာ။ ခုတလော မမြင်တာကြာလို့။ ဟိုအရင်က ကလေးရှိသေးတာ'

'လူတိုင်း အရင်က ကလေးချည်းပေါ့ဟဲ့ ဖိုးခွေးရဲ့။ နင် သိပ်ဟုတ်နေပါလားဟင်။ ဝင့်ဝင့်တို့ နှင်းနှင်းတို့'

'ဟာဗျာ မမစောကလည်းပေါက်ကရတွေလျှောက် ပြောမနေစမ်းပါနဲ့'ဟုတားမြစ်ရင်းရှေ့မှသွားနေသော ဆုကို လှမ်းကြည့်မိတော့ စောဒီလုံးက သူ့ခါးကိုတို့ကာ-

'မကြားပါဘူးဟဲ့ ငနောလေးရဲ့'ဟု ဆို၏။

မည်သူမှ သတိမထားလိုက်ဘူး ထင်ရသော်လည်း မိန်းကလေးဆို အနုလုံပဋိလုံ ကသိုဏ်းရှုနေကျ ဖရက်ဒီက တော့ ဆုဘေးသို့ ကပ်လျှောက်ရင်း ဆု မသိစေချင်သော အချက်ကို ဖွင့်ဟလိုက်လေသည်။

'အဲဒီကောင်မလေးဟာ ဆုနဲ့ သိပ်တူတာပဲဟာ။ ညီအစ်မဆို တကယ်ယုံတယ်'

ဆုမျက်နှာ ရုအောင့်ပုပ်သိုးသွားသည်ကို ကျော်ခွေ ကိုပဲ အကဲခတ်လိုက်နိုင်လေ၏။

*

## အခန်း (၈)

နံနက်ဆယ့်တစ်နာရီ လက်ချာပြီး၍ စာသင်ခန်းမှ အထွက်တွင် ရုတ်တရက် နန်းဝါနှင့် မူးလဲလေသည်။ ဆုမြတ် လှိုင်တို့မိန်းကလေးတစ်သိုက် အတော်ပင် ပျာယာခတ်သွား လျက် ကုလားထိုင်တစ်လုံးတွင်ထိုင်စေကာ ယပ်ခတ်သူ၊ အမိုးနီးယားငွေ့ရှူခိုင်းသူနှင့် ဝိုင်းဝိုင်းလည်သွားရလေ၏။

'ခင်မောင်မောင်ကော'ဟု ခင်နှင်းဖြူကမေးသည်။

'အတန်းမတက်ဘူး ထင်တယ်။ မတွေ့မိဘူး'ဟု ဆုကပြောလျှင် နန်းက ခေါင်းသာညိတ်နိုင်လေ၏။

စာသင်ကျောင်းနှင့်သီတာဆောင်မှာ အလှမ်းမဝေး လှ။ ပြည်လမ်းဟိုဘက်မှာရှိသော အဆောင်သို့ နန်းကို တွဲခေါ်လာခဲ့ကြသည်။ ခင်နှင်းဖြူက နန်းကို အဝတ်များ ဖြေလျော့စေခိုက် ရီရီညွန့်သည် သံပုရာသီး သူမအခန်းမှာ ရှိသဖြင့် သံပုရာရည်သွားဖျော်ရန် အဖော်ခေါ်ရာ ဆုလည်း လိုက်ပါသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆုသူငယ်ချင်းကို သေသေချာချာ မေးဦးနော်'

'ဘာကိုလဲ'

'အခုမူးလဲတဲ့ ကိစ္စပေါ့'

'မနက်က ကော်ဖီတစ်ခွက်ပဲသောက်သွားတယ်။ အစာမရှိတော့ ဟိုင်ပိုဂလိုင်ဆီးမစ်အတက်ခံရတာဖြစ်မှာပေါ့' ဟု ဆုက သွေးတွင် သကြားဓာတ်လျော့နည်းခြင်းလက္ခဏာ ဟု ယူဆရှင်းပြနေသည်။

'ဆုဟာလေ ဘယ်လောက်များ ကိုယ့်ကိစ္စနဲ့ကိုယ် နစ်မြုပ်နေသလဲဆို အနီးဆုံးလူ ဘာဖြစ်နေတယ်ဆိုတာတောင် မရိပ်မိဘူး'

'ဘာဖြစ်နေလို့လဲ'

'နန်းဟာက မရိုးဘူးထင်တယ်ကွ။ တံတွေးတပျစ် ပျစ်နဲ့ အစားလည်းပျက်တယ်'

'အစားက ခါတိုင်းလည်းရွေးတာပဲ' ဟုပြောရင်း ရီရီညွန့်ဆိုလိုရင်းအဓိပ္ပာယ်ကို သိနားလည်ကာ မျက်လုံးပြူး တော့သည်။

'ဟုတ်မယ်မထင်ပါဘူး။ နန်းဟာ ဒီလောက်မမိုက် ဘူးထင်တယ်။ သုံးနှစ်ခွဲတောင် လိုသေးတဲ့ဥစ္စာ'

'ဆု မေးကြည့်ပါဦး'

'ဒုက္ခဝါပဲကွာ၊ တို့ ဘာလုပ်ရမှန်းတောင် မသိ တော့ဘူး။ တစ်ခုပဲ ရီရီ။ အတန်းထဲကလူတွေတော့ မသိစေ ချင်ဘူး။ မဟုတ်ရင် အပြောခံရတာ နစ်နာတယ်မဟုတ်လား'



'အားလုံး ရိပ်မိနေပါပြီ။ ပွစိပွစိပြောနေကြတာ ပဲ' ဟု ရီရီညွန့်က စိတ်မရှည်စွာ ပြောလေ၏။

ဆုမြတ်လှိုင် သံပုရာရည်ခွက်နှင့်ဝင်လာလျှင် ရီရီ ညွန့်က ခင်နှင်းဖြူကိုမျက်ရိပ်ပြကာ ခေါ်ထုတ်သွားလေ သည်။ မျက်ရည်ပေါက်ပေါက်ကျလျက် ရှိုက်နေသော နန်း ကို ဆု ဘာမှပြော၍မထွက်။

'နန်းရယ်'

'ဆု သိပြီမဟုတ်လားဟင်'

'တို့ မပြောတတ်တော့ဘူး နန်းရယ်'

'နန်းလေ သုံးလရှိနေပြီ'

ဆုမြတ်လှိုင်ငြိမ်ကျသွားသည်။ ရုတ်တရက် စကား စ ရှာမရ။

'ခင်မောင်မောင် သိပြီလား'

နန်းက ခေါင်းညိတ်သည်။ ဆုကို မကြည့်။

'ဘယ်လိုလုပ်ကြမလဲ'

'သူ မကြံတတ်ဘူးတဲ့'

'ဘုရားရေ…'

နေ့လယ် ကျောင်းပြန်တက်လျှင် ဆုစိတ်မှာမဖြောင့် နိုင်ဘဲ ကျောင်းဆင်းလျှင် ခဏစောင့်ဖို့ ကိုဘိုကြည်ကိုမှာရ သည်။ ကျောင်းဆင်းမှပင် ခင်မောင်မောင်ကိုရှာပြီး သိတာ ဆောင်လွှတ်လိုက်ဖို့ ကိုဘိုကြည်ကိုမှာကြားရလေ၏။

ညနေ အဆောင်ပိတ်ခါနီးမှပင် ခင်မောင်မောင်

www.burmeseclassic.com

www.burmeseclassic.com



သည် ကျော်ဆွေကိုကားနှင့် ရောက်ရှိလာသည်။

'နှင် တစ်နေ့လုံး ကျောင်းမတက်ဘဲ ဘယ်သွားနေတာလဲဟင်'

'ဆုကလည်းဟာ… ငါ့ဆို အယုံအကြည်ကိုမရှိဘူး။ ငါ နာရီသွားပေါင်တာပါဟ'

'နာရီ'

'အေး… ငါလည်း ဒါပဲရှိတယ်။ မနေ့က နန်းပြောကတည်းက ငါလည်းထူပူနေတာ။ ပိုက်ဆံလည်း တစ်ပြားမှ မရှိ'

'ခုမှ ထူပူနေလို့ရမလား။ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်ရမှာပေါ့'

'အဲဒီအတွက်ပဲ ငွေရှာရတာပါပဲ။ ဒါပေမယ့် ပြီးရင် ဘယ်မှာနေကြမလဲ'

'နှင့်အိမ်ကို မတိုင်ပင်ဘူးလား'

'မဖြစ်ဘူးဟ၊ အသိပေးလို့ မရသေးဘူး'

'ဘာဖြစ်လို့'

'အမေက ဘာသာမတူ၊ လူမျိုးမတူရင် လုံးဝသဘောတူမှာ မဟုတ်ဘူး။ ခုနေခါတော့ ဘယ်မိန်းကလေးနဲ့မှလည်း သဘောတူမှာ မဟုတ်ပါဘူး။ ငါ့ကို သူက ကလေးပဲ မှတ်နေသေးတာ။ ငါနဲ့ကြိုက်တဲ့ မိန်းကလေးတိုင်းဟာ ငါ့ကို သွေးဆောင်ဖျားယောင်းတယ်ချည်း မှတ်တာဟ။ ပြီးတော့ ငါ့အမေက မုဆိုးမ။ အငယ်တွေပြန်ကြည့်ဖို့လည်း



ရှိသေးတယ်'

'နှင် ဒါဖြင့် အစက ဘာလို့ နန်းကိုကြိုက်သေးလဲ။ ဒါတွေ ထည့်မစဉ်းစားဘူးလား'

ဆု ဒေါသထွက်ကာ ပါးများပင်ရဲလာသည့်ကို ကျော်ဆွေကိုသည် မျက်နှာသေလေးနှင့် ငေးကြည့်နေသည်။

'ကြိုက်တာက တခြားပဲ။ ခုဟာက…'

'တော်တော့ ခင်မောင်မောင်။ တို့ ဒီထက် စိတ်ဆိုးရင် မကောင်းတော့ဘူး'

ကျော်ဆွေကိုကကြားဝင်ကာ 'အခု တို့ရော အစ်ကိုကြီးရော တိုင်ပင်ပြီးကြပါပြီကွာ။ မနက်ဖြန် ရုံးမှာ လက်မှတ်ထိုးမယ်။ တစ်ရက်နှစ်ရက်အတွင်း ဒီအနီးအနားမှာပဲ အိမ်ရှာကြမယ်။ မင်္ဂလာဒုံရွာထဲမှာ ရနိုင်ပါတယ်'ဟု ရှင်းပြရသည်။

'နှင်က ဒီလို ပြေပြေလည်လည်ပြောပါလား။ နှင့်ဘက်က သဘောမတူတာချည်း လျှောက်ပြောနေတာ'

'သူ့ဘက်ကလည်း သဘောတူမှာမဟုတ်ပါဘူး။ မယုံရင် သူ့လည်းမေးကြည့်ပါဦး။ ရှေ့လျှောက် ဘယ်လို စခန်းသွားကြရမလဲ။ ငါ သေချင်တယ်ဟာ'

ကိုယ်ဝန်မရှိနိုင်ဓိက မစဉ်းစားဘူးလားဟု ဆုက မေးချင်သော်လည်း ဝမ်းထဲသာ မျိုချလိုက်ရလေသည်။

'ဒါဖြင့် တို့ နန်းကို သွားခေါ်လိုက်ဦးမယ်'

'နင်ပဲရှင်းပြလိုက်တော့။ ငါတို့ပြန်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျော်ခွေကိုက ဆုံ၏ ထပ်၍ဒေါသထွက်လာမည့် အရိပ်အယောင်ကိုမြင်ကာ-

'မင်းကလည်း တွေ့ပြီးရှင်းပြလိုက်ပါဦး' ဟု ဝင်တိုက်တွန်းသည်။

'မင်း အပြန်နောက်ကျမှာစိုးလို့ပါ။ မင်းအဘွားကြီး ပူတတ်ပါဘိသနဲ့'

'အာ… ဒီလောက်တော့ ရပါတယ်' ဟု မျက်နှာအထားခက်လျက် ကျော်တွေကိုက ဖုံးဖိရှာသည်။

ဆုအဆောင်ထဲသို့ ခပ်သုတ်သုတ်ပြန်ဝင်လာသည်။ မဆင်ခြင် မစဉ်းစားသောနှန်းကို အပြစ်တင်ချင်သော်လည်း ဆုစိတ်သည် သူမ၏ မိခင်ဖြစ်သူကို အမှတ်မထင် သတိရနေမိသည်။

နန်းတို့ကိစ္စကား သူငယ်ချင်းတစ်စု ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် ဖုံးဖုံးဖိဖိတော့ ဖြစ်နိုင်ပေမည်။ ဆုအမေအလှည့်တုန်းကမူ သည်လိုတိုင်ပင်စရာ အဖော်မရှိရှာဘူးထင်ရဲ့ဟု ဆုက အတွေးဝင်မိပြန်လေ၏။

*

## အခန်း (၉)

ဒေါ်စိုးစိုးရီသည် သုတေသနအတွက် ကူညီပါရန် မေတ္တာရပ်ခံခေါ်ယူထားသော အငယ်တန်းမှ ကျောင်းသူကျောင်းသားအချို့ကို သွေးဖောက်ယူနေသည်။ စောဒီလုံးနှင့် ကိုဘိုကြည်က ပုလင်းငယ်များတွင် ထည့်ပိတ်ကာ အမည်၊ အသက် ရေးမှတ်နေ၏။

'မရွှေဆု ထူးထူးဆန်းဆန်း နောက်ကျနေပါလား' ဟု ဒေါ်စိုးစိုးရီမေးလျှင် 'နောက်ကျဆို နန်းဝါနဲ့အမေကြီး လိုက်လာလို့လေ။ အကျိုးအကြောင်းလည်း ဘယ်လိုမှ ရှင်းပြလို့ရမှာ မဟုတ်ဘူး။ အဘွားကြီးက လက်ထပ်လိုက်တဲ့ သတင်းဖတ်ရပြီး ခွဲဖို့လာတာ။ ခုန ကျွန်တော် သွားခေါ်တော့ အဆောင်ဝမှာ အဘွားကြီးကငိုလို့။ ဆုကလည်း ခွဲဖို့ မဖြစ်တော့တဲ့အကြောင်း ပြောပြနေထင်ပါရဲ့။ ကျွန်တော် အသာကုတ်ပြီး ပြန်လာရတယ်' ဟု စောဒီလုံးက ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'လူကြီးတွေကလည်းကွာ၊ ဖြစ်လာမှ ဘယ်တတ်နိုင်မလဲ'

'မရဘူး မမရေ၊ အဆင်မပြေလိုက်တာများ နှစ်ဖက်လုံးခါနေတာပဲ'

'ဖရက်ဒီကကော ဘာလို့မလာပြန်တာတုန်း'

'အိုင်လင်း စာမေးပွဲပြီးမှာမို့လေ သွားစောင့်တယ်'

'သူတို့လည်း နှစ်ရှည်လများ တွဲလာကြတာပဲ။ ပြဿနာမပေါ်ပါလား'ဟု ဒေါ်စိုးစိုးရီက မှတ်ချက်ချသည်။

'ဩော်... မမစိုးရဲ့၊ ခင်မောင်မောင်ဆိုတဲ့ကောင်ကလည်း ဘာတစ်ခုမှလေးနက်တာမဟုတ်။ နန်းဝါနွဲ့ကလည်း အုံ့အုံ့အအရယ်။ မကာကွယ်တတ်၊ မရှောင်တိမ်းတတ်။ ဘာညာဘာညာပေါ့ မမရယ်'

စောဒီလုံးက လက်ဟန်ခြေဟန်နှင့် မဲ့ကာရွဲ့ကာ ပြောနေသဖြင့် 'နင့်လက်ကြီးလည်း ပုလင်းတွေတိုက်မိတော့မယ်'ဟု ကိုဘိုကြည်က သတိပေးရသည်။

ကျော်ဆွေကိုနှင့်မင်းမော်ကား အခန်းတစ်ထောင့်တွင်ထိုင်ကာ စာရင်းဇယားတွေ တွက်မလိုချက်မလိုနှင့် တကယ်တမ်း ဘာမှမလုပ်ဘဲ ဆုထံမှ စောဒီလုံးယူလာနှင့်သော သုတေသနမှတ်တမ်းစာအုပ်ကြားမှ လေယာဉ်ပျံစာအိတ်လေးကို ဆရာမ မမြင်အောင် ကြည့်နေကြသည်။

ဒေါက်တာဝင်းလတ်ထံ လိပ်စာတပ်ကာ ရှမ်းပြည်နယ် မိုင်းမောသို့ထည့်မည့်စာ။ ဆုသည် ဘယ်အခါမှ နမော်



နမဲ့နိုင်သည်မရှိ။ ယခု နန်းဝါနွဲ့မိခင် ရုတ်တရက်ရောက်လာ၍ စိတ်အိုက်နေခိုက်တွင် သုတေသနအတွက် နောက်ကျနေခြင်းကြောင့် စောဒီလုံးလိုက်သွားပြီး စာအုပ်တောင်းယူသဖြင့် အမှတ်တမဲ့ဖြစ်ကာ ပါလာခြင်းဖြစ်လေမည်။

မင်းမော်က 'ကြည့်ရတာ စာတိုက်သွားမလို့ဖြစ်မှာကွ။ အသွားကြီးရောက်လာပြီး မသွားရတာဖြစ်မှာပဲ'ဟု ကျောင်းမှ ဘတ်စ်ကားမှတ်တိုင်သာသာရှိသော မင်္ဂလာဒုံစာတိုက်ကို ရည်ညွှန်းပြောနေ၏။

'ပြန်ထည့်ထားစမ်းပါကွာ။ ရောက်လာလို့ ဒေါ်ပွနေပါဦးမယ်'

'မပွပါဘူး။ စနေကျပဲဟာ'

'သူ့စာအုပ်ထုတ်ကြည့်တယ်ဆိုပြီး စိတ်ဆိုးမှာပြောတာပါ'

'စာအုပ်ကြားပါလာတော့ တွေ့တာပေါ့ကွ။ စိတ်ဆိုးလို့ရမလား'

ကျော်ဆွေကိုက စာအုပ်ကိုပြန်ပိတ်ကာ ခပ်လှမ်းလှမ်းသို့ တွန်းပို့ထားသည်။ မမစိုးနဲ့ စောဒီလုံးကား တစ်စုံတစ်ရာကို သဘောကျကာ အားရပါးရရယ်မောလျက် ရှိသည်။ ကိုဘိုကြည်တစ်ယောက်သာ အလုပ်ရှုပ်နေ၏။

မင်းမော်သည် ကျော်ဆွေကို၏ မရွှင်ပျသောမျက်နှာကိုကြည့်ကာ အားမလိုအားမရ ဖြစ်မိသည်။ ရိုးသားသလောက် အေးချမ်းသည်။ သိမ်မွေ့သလောက်လေးနက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်သူငယ်ချင်းကို သူတို့ စနေ နောက်နေကြသော်လည်း တကယ်တမ်းကျ သူတို့ကလည်း အတိမ်အနက် မတွက်ချက်ကြည့်မိသလို သူကလည်း ဖွင့်ဟဝန်ခံဖူးခြင်း မရှိခဲ့ပေ။

'ဖိုးခွေ… မှန်မှန်ပြောစမ်းကွာ။ မင်း မိဆုကို ချစ်နေတယ်မဟုတ်လား'

ကျော်ခွေကို့မျက်နှာ နီသွားသည်။ တစ်စုံတစ်ရာမှု မငြင်း။ တစ်ဖက်ထောင့်မှ ဆရာမတို့ ကြားခစိုးကာ တစ်ချက်လှည့်ကြည့်လေ၏။ ဆရာမတို့ကား အလုပ်ရှုပ်ကာ နေသည်။

'ငါ ပြောပေးရမလား'

'မဟုတ်တာကွာ'ဟု ကျော်ခွေကို ပြူးပြူးပျာပျာ ဖြစ်သွား၏။

'ဒါဖြင့် မင်းဘာသာ ဖွင့်ပြောလိုက်တော့'

'ဟာ… ဘယ်ဖြစ်မလဲ'

'နေဟာ၊ ပါသွားတာ အေးတယ်'

ကျော်ခွေကို မှိုင်ကျသွားသည်။ ဒေါက်တာ ဝင်းလတ်သည် သူ့ထက်အရင် တစ်သက်လုံးစောစီးကာ ဆုမြတ်လှိုင်ကို တွေ့ခဲ့သည်။ သူ့ထက်လည်း ပညာသာလွန်ကာ ဆရာဝန်ပင် ဖြစ်နေနှင့်ပြီ။ ယခုပင် ဆုမြတ်လှိုင်၏ အသည်းနှလုံးကို ပိုင်ဆိုင်နှင့်နေပြီလား။

'စာပေးမလား၊ ငါ ရေးပေးမယ်'ဟု သည်ကိစ္စမျိုးတွင် စေတနာထက်သန်တတ်လှသော ယောက်ျားတို့ဝါသနာ



အရ မင်းမော်က မေးနေတိုက်တွန်းနေသည်။

ကျော်ခွေကို ခေါင်းခါတော့ မင်းမော် စိတ်မရှည်။ သူ့ကုလားထိုင်ကို ကျော်ခွေကို့ဘက်သို့ တိုးရွှေ့သည်။

'မင်း အဲသလိုလက်နှေးနေရင် ပါသွားမယ်ကွ'

'ဘယ်တတ်နိုင်မလဲ'

'ဘာ'

'သူ့သဘောကျရွေးချယ်တာ ငါ ဘာတတ်နိုင်မှာလဲ'

'ဟ… ရွေးချယ်ရအောင် မင်းက ဘာမှမပြောရသေးတာ။ မင်းက ဖွင့်ပြောမှ သူက စဉ်းစားနိုင်မှာပေါ့'

'ပြောဖို့လိုလား။ သူ့ကိုငါချစ်တာ ငါ့ဟာငါ သိနေတာ။ သူလည်း ငါ့ချစ်ရင် သူ့ကိုယ်သူသိမှာပေါ့'

မင်းမော် နဖူးကို လက်ဝါးရိုက်ကာ ကုလားထိုင်ပေါ် ခွေပျော့ကျသွားသည်။

'ဟဲ့… နောတွေ၊ ဘယ်လိုဖြစ်နေတာလဲ'ဟု စောဒီလုံးက လှည့်မေးလေ၏။

'တွက်စရာရှိတာ တွက်ကြလေ'ဟု ဆရာမက ခေါ်သြသည်။

'ဟိုကောင်မလေးတွက်ထားတာ တစ်ပိုင်းတစ်စနဲ့ ဘာတွေမှန်းလည်း မသိဘူး မမ။ သူလာမှ အလုပ်ဖြစ်မယ်'ဟု မင်းမော်က ဆင်ခြေပေးသည်။

'မင်းတို့ကောင်တွေ အချောင်ခိုတယ်'ဟု ကျွဲဘို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်က မာန်မဲသည်။

'မင်းဟာကလည်း တယ်လီပသီနဲ့ တစ်ယောက်စိတ် တစ်ယောက်သိရင်တောင်မှ ရေးရေးရှိသေး။ ကိုယ့်ဟာကိုယ်ပဲ သိနေကြတော့မယ်ဆိုတော့ မဟုတ်သေးပါဘူး။ ဒီမှာ မင်းကိုချစ်မချစ်တော့ ငါ အကဲမဖမ်းတတ်ဘူး။ မင်းချစ်နေတာတော့ သူသိမှာ သေချာတယ်။ မိဆုက အတော်ပါးနပ်တာ။ နောက် ငါသိတာတစ်ခုက မင်းကို ခင်တယ်ကွ'ဟု မင်းမော်က ဆက်လက် ဆွယ်တရားဟောနေသည်။

'ဒါတော့ ငါလည်း သိတာပေါ့'

'အေးလေ သိရင်လည်း…'

'သိလို့ ခက်နေတာပေါ့ကွ'

'ဘာခက်နေတာလဲ'

'ခင်နေတော့ ခက်တာပေါ့။ မဖြစ်ပါဘူးကွာ'

ဆုမြတ်လှိုင်ရောက်လာတော့မှ စကားပြတ်သွားကြသည်။ ဆရာမလည်း နောက်နှစ်ပတ်အတွင်း အပြီးအပြတ်လုပ်ရန် ဆုမြတ်လှိုင်အား မှာကြားနေ၏။

'သုံးတဲ့ကိရိယာတွေကို ခတ်ပုံတော့ရိုက်မှ။ ပြီးရင် စာတမ်းကို ကော်ပီရှစ်ခုရိုက်။ ဌာနကို တစ်ခုတင်ပြီး မမနဲ့ မင်းတို့ တစ်ခုစီယူကြမယ်။ အဲဒါ ဘယ်သူသွားရိုက်မလဲ။ မောင်ဘိုကြည့်ပဲလား'

'ဟုတ်ကဲ့ မမ'

'ဒီနေ့ မမ စောစောပြန်မယ်။ ပြီးရင် သေချာ



သော့ပိတ်ခဲ့ကြ။ စိတ်ချရပါ့မလား'

ဆရာမသည် သူ့တပည့်အားလုံးကို ယုံကြည်စိတ်ချစွာ မျက်နှာလွှဲမြဲ ဖြစ်လေသည်။

စာရင်းဇယားများကို ဆုမြတ်လှိုင် တွက်ချက်ချိန်တွင် ကျော်ဆွေကိုက လော့ဂရစ်သမ်တစ်အုပ်နှင့် နံဘေးမှ ကူညီသည်။ မင်းမော်က အင်ကျူဘေတာ(အပူညှိနိုင်းပေးသော ကိရိယာ)ထဲသို့ ကွန်ဝေးယူနစ်ခေါ် ကြွေခွက်ပြားကလေးများကိုထည့်ကာ ထိုင်စောင့်နေ၏။

ဆုနံဘေးမှနေ၍ ကျော်ဆွေကို ပင့်သက်တရှိုက်ရှိုက်နှင့် မရှုနိုင်မကယ်နိုင်ဖြစ်နေသည်။ ဒေါက်တာဝင်းလတ်သည် ဆု၏ချစ်သူလား။ မဟုတ်နိုင်ဟု ချက်ချင်း ငြင်းပစ်မိ၏။ အကယ်၍သာ ကိုဝင်းလတ်ကို ဆုချစ်ခဲ့လျှင် စောဒီလုံးတို့ နောက်ကြစကြလျှင် ကျေနပ်နှစ်သိမ့်ဟန် ရှိရမည်။ ယခု မငြင်းဆန်သည့်တိုင် တစ်ခါမှဝန်မခံသလို မျက်နှာတွင်လည်း ခံစားချက်ဗလာ။

'ကိုဆွေ သူ ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ။ တစ်ခါလုံးအမှားချည်းပဲ။ လော့ဂ်တောင် မှန်မှန်မကြည့်ပေဘူး'ဟု ဆုမြတ်လှိုင်က သူ့ကိုလှည့်ကြည့်ရင်းစိတ်မရှည်သလိုမေး၏။

ကွန်ဝေးကြွေခွက်များတွင် နုတ်ခမ်းတစ်ဝိုက် အမဲဆီသုတ်ပြီးသော အဖုံးမှန်ပြားများ ဖုံးအုပ်နေရာမှ စောဒီလုံးက 'ခမဲလိုနေတာဟဲ့၊ ခမဲလိုနေတာ'ဟု ထုံးစံအတိုင်း ရွှင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမပြန့်သွားလျှင် မင်းမော်နှင့် စောဒီလုံးတို့ ခေါင်းချင်းဆိုင်ကာ တွတ်ထိုးနေကြသည်။

'ဆာလိုက်တာ၊ တို့ပြန်နှင့်ရင်ကောင်းမယ်' ဟု ဆုကပြောလျှင် ကိုဘိုကြည်က 'ကောင်းတယ်၊ နောက်ဆုံးမှလာ အရင်ဆုံးပြန်' ဟု ထေ့ငေါ့၏။

'ဆာရင် ခေါက်ဆွဲကြော် သွားဝယ်မယ်လေ။ ငါလည်း သိပ်ဆာတာပဲ' ဟု စောဒီလုံးက ပြောသည်။

'ဘယ်သူက အဆံထုတ်မှာလဲ' ဟု မင်းမော်က မေးလျှင် ဆုမြတ်လှိုင်က-

'စကားကောင်းကောင်းပြောတာ မဟုတ်ဘူးကွာ' ဟု ကန့်ကွက်သဖြင့် မင်းမော်က 'ဆောရီး... ဆောရီး...' ဟု ရယ်မောနေသည်။

ကိုဘိုကြည်က အိတ်ကတ်စမ်းကာ 'နှစ်ထုပ်ပဲဝယ်၊ ရော့... တစ်ဆယ်၊ ပိုတာပြန်ပေး' ဟု ပြော၏။

စောဒီလုံးက ဆုမြတ်လှိုင်နံဘေးမှ အချဉ်ထုပ်ကို ကောက်ယူကာ ကပ်ကျန်နေသော သရက်ပြားတစ်ဖတ်ကို ကတ်သီးကတ်သပ် နှိုက်စားလျက် အားရပါးရရှုံ့မဲ့ရင်းမှ 'ငါ့ကျ ချန်မထားဘူး။ သူချည်း စားပစ်တာပဲ' ဟု ဆုကို အပြစ်တင်သေး၏။

'ငတ်ကြောပြတ်နေပြန်ပါပြီ။ သွားမှာသွားစမ်းပါ' ဟု မင်းမော်က လောနေသည်။

'သွားမယ်ဟဲ့၊ သွားမယ်။ အစ်ကိုကြီးလာလေ



ခေါက်ဆွဲကြော်တာစောင့်ရင်း လက်ဖက်ရည် သောက်ရအောင်။ နင်တို့သုံးယောက် ခွက်တွေဆေးထား သိလား။ အမဲဆီပြောင်အောင် ဆေး၊ ငါတို့ နားဦးမယ်'

စောဒီလုံးသည် အခန်းဝမှ မင်းမော်ကို မျက်စိတစ်ဖက် မှိတ်ပြကာ ကိုဘိုကြည်ကို ခေါ်ထုတ်သွားလေ၏။

မင်းမော်က ကွန်ဝေးယူနစ်များကို လက်ဆေးခွက်သို့ သယ်ယူသွားသည်။

ပြီးမှ-

'ငါ ဆေးမယ်။ ဖိုးခွေက အမဲဆီတွေသုတ်ပစ်နှင့်။ အခု လောလောဆယ်တော့ ငါဗိုက်နာလို့ အိမ်သာပြေးလိုက်ဦးမယ်' ဟု အရိုးဆုံးနှင့်မရိုးနိုင်သောဆင်ခြေကို အသုံးပြုကာ ရှောင်ထွက်သွားလေ၏။

'ဆေးကြောဖို့ဆို ပြေးပြီ။ သူ့စောင့်နေလို့ကတော့ ပြီးမှာ မဟုတ်ပါဘူး'

ဆုမြတ်လှိုင်က ဘာမှ မရိပ်မိလိုက်ဘဲ ဇိုးဇိုးဇတ်ဇတ်ထလာကာ ကွန်ဝေးယူနစ်များကို ဆေးကြောလေ၏။

ဆုဘေးတွင် နီးကပ်စွာရပ်ကာ ဆုထံမှ သနပ်ခါးနံ့နှင့် ကိုယ်သင်းနံ့ကလေး ပျံ့မွှေးနေသည်ကို သတိထားမိနေရင်း ဆု ဆေးကြောနေသော ကွန်ဝေးယူနစ်များကိုပဲ ငေးမောမိ၏။ စောက်တိမ်သောကွန်ဝေးကြွေခွက်ပြားကလေးများမှာ အတွင်းအပြင် နှစ်ခန်းအဖြစ် ပတ်လည်ကန့်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုကို ဘယ်အချိန်မှစ၍ ချစ်လာမိလေသလဲ။ သစ်လွင်နေ့ကလား။ မဟုတ်ဘူး ထင်သည်။ ခုံနံပါတ်တစ် လှသည် လှသည်ပြောကြတော့ စိတ်ဝင်စားစွာကြည့်မိပြီး သူလှသည်ဟု ယူဆမြဲအလှမျိုးပါပဲဟု ဝန်ခံဖြစ်ခဲ့သော်လည်း ရင်မခုန်ဖြစ်ခဲ့သလို စိတ်မှာလည်း စွဲလမ်းမနေခဲ့ကြောင်း သေချာလေသည်။ ကျောင်းဖွင့်ရက်များတွင် နေ့စဉ်မြင်တွေ့နေစဉ်မှာ အမှတ်မထင်ဖြစ်ခဲ့ချိန် များခဲ့သည်နှင့်အမျှ မြင်နေကျ မမြင်ရလျှင်လည်း မတမ်းတမိခဲ့ကြောင်း သူ သိသည်။ ပထမ တော်သည်။ နောက် လှသည်ဟူ၍သာ သတိထားမိတာကလေးတွေသည် နောင်အခါ တစစ ရင်မှာစွဲလမ်းလာဖို့ အခြေခံ အုတ်တစ်ချပ်စီ သဲတစ်ပွင့်စီ ဖြစ်ကောင်းဖြစ်လေမလား။ ဝင့်ဝင့်သော်ပြောပြ၍ ဆုဘဝကို တစ်ပိုင်းတစ်စ သိကာ ကရုဏာသက်မိတာကလေးတွေလည်း အနည်းအကျဉ်း ပါဝင်နေသေးသလား။

မှတ်မှတ်ရရ ဆေးစိမ်းအလောင်းကို ခွဲစိတ်လေ့လာကြချိန်တွင် မျက်နှာချင်းဆိုင်ထိုင်ရင်း ဆု ပြောဟန်ဆိုဟန်၊ ပြုံးဟန်မဲ့ဟန်၊ ရယ်မောဟန်၊ စိတ်ဆိုးဟန် အစစအရာရာကို မျက်စိမှာ ထင်မြင်စွဲလမ်းလျက် မမြင်ရမတွေ့ရသည့်အခါ ရင်မှာ တမ်းတတတဖြစ်လာတတ်သည်မှာတော့ ကာလအတန်ကြာ ညောင်းခဲ့ပြီ။ ခုတော့လည်း အချိန်တိုင်းမှာ အတိုင်းအဆမရှိ သူ့သာ စိုးမိုးငြီတွယ်နေလေပြီ။ ဒါဟာ အချစ်ပဲထင်ပါရဲ့ဟု ပထမ မှန်းဆကြည့်ရသည်။ နောက်တစ်ဖန် အချစ်



ပါပဲဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်ရပြန်ချေ၏။

'သူ့ ဒီခွက်တွေ သယ်သွားနှင့်'

ဆု စကားသံကိုကြားပေမယ့် အဓိပ္ပာယ်ကို မတွေးဖြစ်။ ဆုမျက်နှာကိုသာ လှမ်းကြည့်မိသည်။ ပြုံးနေသော မျက်နှာတွင် ပျက်ပြယ်စ သနပ်ခါးများသည် နူးညံ့ညက်ညောသော အသားအရေကို မပီမပြင်ဖော်ပြနေသည်။ လှပသော မျက်လုံးနက်နက်ကြီးများက ရွှန်းရီနေသလို ပြာလဲ့သော မျက်သားများကလည်း နူးညံ့နေ၏။ လှရက်နိုင်တဲ့ ဆုရယ်။

'ဟိတ်... ဒီခွက်တွေ သွားသိမ်းချည်ဆိုမှ' ဆိုလည်း သူ မလှုပ်။

ချိုရွှင်စွာပြုံးနေသော ဆုသည် မှုပျက်နေသော သူ့အဖြစ်ကို ပထမဆုံးအကြိမ် မသင်္ကာဖြစ်လာကာ မျက်မှောင်ကြုတ်လေ၏။

သည်တော့မှ သူ လှုပ်ရှားလာသည်။

'ဆု...'

သူ့အသံသည် တုန်ယင်၏။ သူကား သတိမထားမိ။

'ဆု...'

ဆုမြတ်လှိုင်သည် ဘာရယ်မသိဘဲ အာစေးမိနေ၏။ နူးညံ့သော ကျော်ခွေကို့အပေါ် တစ်ကြိမ်တစ်ခါမှ စိုးရိမ်စရာ လန့်စရာဟု မယူမှတ်ခဲ့ပါဘဲလျက် ခုမှ ရင်သည်

www.burmeseclassic.com

www.burmeseclassic.com



အဘာယ့်ကြောင့် ခုန်လိုက်စပြုလာပါလိမ့်။

'ဆု'

ဆုမြတ်လှိုင် ရိပ်မိပါပြီ။ တပြိုင်နက်မှာပင် အံ့သြလိုက်မိ၏။ ကျော်ဆွေကို ဖွင့်မပြောဝံ့ဘူးဟု ယူဆခဲ့မိသည်မှာ မမှန်တော့သောကြောင့် အံ့သြရခြင်းပါပဲ။

'ကဲလေ… ဒါတွေ မြန်မြန်သိမ်း၊ အစ်ကိုကြီးတို့လာရင် စားကြသောက်ကြနဲ့ အချိန်ကြာဦးမှာ'ဟု ပြောပြောဆိုဆို ဆုက မလိမ့်တပတ်လှည့်ထွက်ဖို့ ပြင်သည်။

'နေပါဦးဆုရယ်၊ တို့ ပြောစရာရှိလို့ပါ'

'ရေးကြီးခွင်ကျယ်လုပ်လို့ သူကလည်း၊ လာ စားပွဲမှာ သွားထိုင်ကြမယ်'

'မဟုတ်ဘူး ဆု'

ဆုကမျက်နှာကလေးတင်းလိုက်ကာ 'ဒီမှာ ကိုဆွေ မဟုတ်တာတော့ မပြောရင် အကောင်းဆုံးပဲ'ဟု ခြိမ်းခြောက်လိုက်သည်။

ကျော်ဆွေကိုသည် တံခါးပေါက်ဝယ် ပိတ်ရပ်ကာ ဆီးတားရင်း-

'တို့ ပြောမယ့်စကားကို ဆု သိလို့လား'ဟု ရည်ရွယ်ရာမဲ့ မေးမိ၏။

ဆု ရုတ်တရက် မဖြေနိုင်။

'ဆု တို့ကိုမုန်းတယ် မဟုတ်လားဟင်'ဟု ထွက်မိထွက်ရာ တစ်ခွန်းထွက်သွားသည်။ ဘာပြောမိမှန်းလည်း



မသိ။

ဘုရားရေ… ဆုက ကွေ့ရှောင်ရင်း လက်ဆေးခွက်ရှိရာ အခန်းငယ်မှ ထွက်နိုင်ရန် ကြိုးစားသည်။

'ဟုတ်တယ်မဟုတ်လားဟင်။ မုန်းတယ် မဟုတ်လား'

'ချစ်ပါ'ပြောလျှင် မချစ်ဘူးဖြေရန် အသင့်စိတ်ကူးပေမယ့် 'မုန်းတယ်မဟုတ်လား'ဆိုတော့ ရင်ဖိုလိုက်သည့်ကြားမှ ရယ်ချင်သလို သနားသလို ဖြစ်မိရသည်။

'ကိုဝင်းလတ်ကြောင့်လားဟင်'

'အို…'

ဒုက္ခပါပဲ။ ပြောလေရှုပ်လေမို့ ဆု တကယ်ပင် မဖြေတတ်တော့။

ဆုက ဘေးမှတိုးထွက်လျှင် ကျော်ဆွေကိုသည် ဆု၏ လက်မောင်းကို ဖျတ်ခနဲဖမ်းဆွဲလေသည်။ မထင်မှတ်၍ ဆု ဟန်ချက်ပျက်ကာ တစ်ကိုယ်လုံး ယိမ်းယိုင်သွားတော့သည်။ မရည်ရွယ်ခဲ့သော်လည်း ရင်ခွင်ထဲရောက်လာသောဆုကို သိမ်းဖက်လိုက်မိသည်။ နူးညံ့အိစက်သောအတွေ့ဝယ် ယစ်မူးမေ့လျော့လိုက်မိသည်။ ပူနွေးမွှတ်သိပ်သော အနမ်းပွင့်တို့ ဆင့်ကာဆင့်ကာ ကြွေကျသွားချေ၏။ ပါးများ၊ နှုတ်ခမ်းများ၊ မျက်နှာ၊ လည်တိုင် အနှံ့အပြား။

ခုမှပင်-

'ချစ်တယ် ဆုရယ်'ဟု ဘယ်လိုကဘယ်လိုရယ်

www.burmeseclassic.com

www.burmeseclassic.com



မသိ ဖြောင့်ဖြောင့်ဖြူးဖြူး ပြောနိုင်တော့သည်။

အငိုက်မိသွားပေမယ့် နောက်တစ်ခဏဝယ် ဆုကတအားတွန်းဖယ်ရုန်းကန်လေ၏။ မာန်တွေဟန်တွေ ကွယ်ပျောက်ကာ တင်းထားသမျှ ပြေလျော့လျက် သူ့လက်မှလွှတ်သည်နှင့် ကြောက်လန့်တကြား ထွက်ပြေးသွားတော့သည်။

ကျော်ဆွေကိုသည် အသည်းနှလုံးတွေ၊ ဦးနှောက်တွေ အားလုံးရှုပ်ထွေးဆူပွက်ကာ ကြောင်ငေး၍ ကျန်ရစ်လေ၏။

*

အခန်း (၁၀)

ဒုတိယနှစ်စာမေးပွဲ ဖြေဆိုပြီးစီးခဲ့ပြီ။ ပင်ပန်းလိုက်သည်မှာ ပြောစရာမရှိ။ တစ်နှစ်ခွဲလုံး စာမှန်မှန်ကျက်လာသူ ဖရက်ဒီတို့ ဣန္ဒြေရသလောက် စာမေးပွဲဖြေခါနီးမှ စာအုပ်တွေ၊ မှတ်စုတွေ ရှာဖွေစုဆောင်းရသော ကိုဘိုကြည်တို့၊ စောဒီလုံးတို့မှာ အသက်ပါသွားမည် ထင်မိလောက်အောင် ယဲ့ယဲ့ကျန်ရစ်သည်။ ကိုဘိုကြည်ကား ဘယ်လိုမှကျက်၍ မပြီးပြီဟု ခန္ဓာဗေဒဘာသာရပ်ကို လွှတ်ထားကာ ဇီဝကမ္မဗေဒတစ်ဘာသာပဲ အပြတ်ကုန်းရုန်း ကျက်ခဲ့သည်။ စာမေးပွဲဖြေဆိုမည့်ညတွင် 'မပြီးဘူး မပြီးဘူး' ညည်းညူရင်း စောဒီလုံးက အိပ်ငိုက်ပြေအောင်ဟု တဖုတ်ဖုတ်ထ၍ ပြေးလွှားတတ်သည်။ မင်းမော်ကတော့ စာအုပ်ကို သမံတလင်းပေါ်ချကာ ခြေထောက်က ခုတင်ပေါ်မှီ၍ လူစောက်ထိုးကြီးနေပြီး စာဖတ်လေ၏။

အစ်ကိုကြီးကိုဘိုကြည်ကား မကြာခဏ ရေချိုးခန်း

www.burmeseclassic.com

www.burmeseclassic.com



သို့ပြေးကာ မျက်နှာသစ်လိုက်၊ ဇက်ပိုးကို ရေတဖတ်ဖတ်ရိုက်လိုက်။

ကျော်ဆွေကိုမှာ တစ်ကြိုးဆယ်ပုဒ်ပဲ ဖတ်မည်ဟု စိတ်အေးလက်အေးရှိနေသည်။ အချိန်ပိုနေသဖြင့် နံကြားထောက်ကာ စာအုပ်လှန်လိုက်လေ၏။

ရေးဖြေမှာကတည်းက အစ်ကိုကြီးကိုဘိုကြည်ကတော့ အကျထားသည့် ခန္ဓာဗေဒကို ပြန်ဖြေရဖို့ သေချာနေပြီ။ နန်းဝါနွဲ့သည်လည်း 'စာပြန်ကျက်ဦး'ဟု ပြောခံရသည်ဟု နှုတ်မေးခွန်းဖြေပြီးသည်နှင့် မျက်ရည်ကျကာ ပြန်သွားရသည်။ ကျော်ဆွေကိုလည်း နှုတ်မေးခွန်းမဖြေနိုင်။ စာမေးပွဲခန်းမှထွက်လာလျှင် လက်မအောက်စိုက်ပြကာ ပြန်သွားလေ၏။

ထိုညနေတွင် အောင်စာရင်းထွက်မည်ဖြစ်ရကားရုံးခန်းရှေ့တွင် ကျောင်းသားများစုဝေးစောင့်ဆိုင်းကြရသည်။ ဆရာကြီးများ အစည်းအဝေးထိုင် ညှိနှိုင်းဆုံးဖြတ်ဆဲ။ အပြင်တွင် စုရုံးစုရုံးနှင့် ဂနာမငြိမ်နိုင်သော ကျောင်းသားများမှာ မှိုင်သူမှိုင်၊ ငိုင်သူငိုင်။ တချို့လည်း အပြုံးအရယ်မပျက်။ မျက်တွင်းဟောက်ပက်နှင့် မလှုပ်မယှက်ချင်တော့။ သည်ကြားကပင် စာမေးပွဲဝန်ဖိစီးမှုက မပြီးဆုံးနိုင်သေး။

'ငါတော့ ဒီနှစ် အိမ်မပြန်ရဘူး'ဟု ညည်းညူရင်းပင် ကိုဘိုကြည်သည် ဆုတို့နှင့်အတူ စုဝေးရောက်ရှိနေသည်။ ဖရက်ဒီက အိုင်လင်းနှင့် စကားပြောရင်း စကြီတစ်ဆစ်ချိုး



မှာထိုင်နေလျက်။ စောဒီလုံးကတော့ မျက်လုံးပိတ်၍တတွတ်တွတ် ရွတ်ဖတ်လိုက်၊ ရင်ကို လက်နှင့် အသာဖိလိုက်၊ ပင့်သက်ရှိုက်လိုက်နှင့် တစ်ယောက်တည်း ဗျာများကာနေ၏။ မင်းမော်ကား ဆက်ရက်တစ်ကောင်တည်း တွေ့လိုက်သဖြင့် ကံမကောင်းဟု စိတ်ဓာတ်ကျနေသည့်ကြားကပင်-

'နင်လည်း ရင်ခုန်နေမှာပါ။ ဂုဏ်ထူးနှစ်ခု ပါပါ့မလားလို့'ဟုလည်း ဝတ္တရားမပျက်မကွက်ကို လှမ်း၍နောက်နေသေးသည်။

ပြုံးရယ်ရင်းမှပင် သူငယ်ချင်း မစုံမလင် တစ်ယောက်လိုနေသည့်အတွက် ကွက်လပ်ကလေးတစ်နေရာကျန်နေသည်ဟု ဝမ်းနည်းနေမိသည်ကိုတော့ သူမဘာသာခံစားသိရှိရလေ၏။

ကျော်ဆွေကို့စိတ်တွေ သူမအပေါ်မှာ မရိုးသားနိုင်တော့သည်ကိုတော့ လွန်ခဲ့သောအချိန်များစွာကပင် ဆု ရိပ်မိသိရှိခဲ့သည်။ သို့တစေ သိုဝှက်ဖုံးဖိနိုင်ဖို့ ကြိုးစားရှောင်သော သူ့အမူအရာတွေက ဆုစိတ်ကို မေ့လျော့စေခဲ့သည်။ သည်အထိတော့ ဆု မတုန်လှုပ်သေး။ သုတေသနအခန်းထဲတွင် သူ့ရင်ခွင်ထဲမှာ သူ့အနမ်းကိုခံရသည့်နောက်ပိုင်း သူ့ကို မလွဲမကင်းသာမှုရင်ဆိုင်ကာ တတ်အားသရွေ့ သိသိသာသာ ရှောင်ဖယ်ခဲ့သော်လည်း ကိုယ်ထိလက်ရောက် စော်ကားလေခြင်းဟု စိတ်ဆိုးမရသည့်အချိန်တွင်တော့ ဆုကိုယ်ဆု အံ့သြတုန်လှုပ်ရတော့သည်။ ညှိုးငယ်သော သူ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့မြင်ရတိုင်း ကရဏာလှိုင်းဂယက်တွေ ဘာလို့များ လှုပ်ရှားမိရတာလဲကွယ်။ တစ်ခါတစ်ရံ အိပ်မက်ထဲတွင် သူ့ရင်ခွင်မှာ နွေးထွေးနှစ်သိမ့်နေတတ်ကာ လန့်နိုးမှ ဆု ကိုယ်ဆု မကျေမချမ်းဖြစ်ရတာလည်း တစ်ကြိမ်မကပါ လား။

ခင်နှင်းဖြူကိုယ်တိုင်မောင်းလာသော နီညိုရောင် ဖီးယက်ကလေး ထိုးဆိုက်လာသည်။ အဖြူခံတွင် ရောင်စုံ အလုံးကလေး ပြန့်ကျဲနေသော တစ်ဆင်စာဝတ်စုံနှင့် စလင်း ဘက်အဖြူ၊ ဒေါက်ဖိနပ်အဖြူတို့နှင့် ခင်နှင်းဖြူသည် နှင်းပွင့် ကလေးပမာ ဖြူထွေးလှပမြဲပါပဲ။ ခင်နှင်းဖြူနှင့် အတူပါ လာသော အမျိုးသမီးငယ်သည်လည်း အသားလတ်လတ်၊ မြင့်မြင့်သွယ်သွယ်နှင့် ကြည့်ကောင်းသူပင်ဖြစ်လျက် အထူး သဖြင့် နှာနှစ်ဖက်မှ ကြီးမားသော အပါးဝိုင်း စိန်နားကပ် ကြီးမှာ တဝင်းဝင်းတလက်လက် ရှိလှလေ၏။

ဆုမြတ်လှိုင်သည် အစ်ကိုကြီးကိုဘိုကြည်နှင့် စော ဒီလုံးနောက်ဘက်သို့ မသိမသာရှေ့ကာ ကွယ်နေမိသည်။ ဆုသည် အညိုရောင်ကျေးနှစ်ကောင်ကွက် အင်္ကျီလက်ပြတ် နှင့် တက်ထရွန်လုံချည်အညိုရောင်ကို ဝတ်ထားပေသည်။ တစ်ညနေလုံး ငိုရှိုက်နေသော ကိုယ်ဝန်အရင့်အမာကြီးနှင့် နန်းဝါနွဲ့ကို ချော့မော့နှစ်သိမ့်နေရ၍ အောင်စာရင်းထွက် တော့မည်ဟု အပြေးအလွှားလာစဉ်မှာ သနပ်ခါးပင်မပွတ် နိုင်ခဲ့။ အရင်ကတော့ အလှဘုရင်မရွေးချယ်ရာတွင် ခင်နှင်း



ဖြူ အနိုင်ရသည့်တိုင် ဆုကိုယ်ဆု ရှုံးနိမ့်သည်မထင်မှတ် သလို အလှချင်း၊ နေချင်းလည်း ယှဉ်စရာဟု မယူဆသည်မို့ စိတ်မှာ မသိမ်ငယ်ခဲ့။ ယခုမှပဲ ခင်နှင်းဖြူကို မြင်ရုံမျှနှင့် ဆု အဘယ်အတွက် အနေခက်ရပါသလဲ။

မတွေ့ချင်ကာမှပဲ ခင်နှင်းဖြူသည် ဆုတို့ထံ တန်း တန်းမတ်မတ် လာလေ၏။

'ကိုဆွေ မဖြေနိုင်ဘူးဆို'ဟု ကိုဘိုကြည်နှင့်ဆုကို မျက်လုံးဝေ့ကာ မည်သူ့ရယ်မဟုတ်ဘဲ မေးလိုက်လေ၏။

'ပြောတာပဲ။ အခု ဖိုးဆွေ ဘယ်မှာလဲ'ဟု ကိုဘို ကြည်ကဖြေရင်း တစ်ဆက်တည်း မေးခွန်းပြန်တင်သည်။

'သူ့ အိမ်မှာပဲ။ အခန်းအောင်းပြီးခွေနေလို့ သူ့ပါပါ နဲ့မာမာ ယောက်ယက်ခတ်နေသတဲ့။ ဒါနဲ့ မမစန္ဒာ အောင် စာရင်းလာကြည့်တာ'ဟုဆိုရင်း ခင်နှင်းဖြူသည် သူမနှင့် ပါလာသူကို 'စန္ဒာကို'အဖြစ် ဆုတို့လူသိုက်နှင့် မိတ်ဆက် ပေးလေ၏။

စန္ဒာကိုသည် အိုင်လင်းပါမကျန် အားလုံးကို အပြုံး နှင့် အသိအမှတ်ပြုပေမင့် ဆုကိုတော့ ရှိသည်မအောက်မေ့ သည့် အသွင်။ ဆုအမည်ကိုလည်း မကြားလိုက်သလို နေ လေ၏။

သည်ဆက်ဆံမှုမျိုး၊ သည်လို ဥပေက္ခာပြုပုံမျိုးကို ကြုံရဆုံရဖူးလွန်း၍ ရိုးနေပြီဖြစ်သော ဆုသည် စန္ဒာကို့အမူ အရာကို သူမကိုယ်၌ကလည်း မသိလေဟန်၊ သတိမထားမိ

www.burmeseclassic.com

www.burmeseclassic.com



လေဟန် အတတ်နိုင်ဆုံး သက်တောင့်သက်သာအနေအထား နှင့် နေပြလေ၏။

ကျော်ဆွေကိုနှင့်ဆုသာသိသည့် အတွင်းရေးကို ဆုသည် ပင်ကိုယ်ကပင် လျှို့ဝှက်သိပ်သည်းသူပီပီ ဘယ်သူ့ကိုမှ မဖွင့်ဟ၊ မပြောဖြစ်ခဲ့။ ကျော်ဆွေကိုကလည်း သူ့အရှုံးကို ဘယ်မှာ လူသိခံချင်ပါ့မလဲ။ သို့သော်လည်း ဆုမြတ်လှိုင် ငြင်းပယ်လေ၍ စိတ်မှာထိခိုက်လေလွင့်ရရှာသူ ကျော်ဆွေကိုတစ်ယောက် အတန်းများပင်မတက်ဘဲ ပျက်ကွက်ခဲ့ရကြောင်းဖြင့် ဆေးတက္ကသိုလ်တစ်ခွင်တွင် အတင်းအဖျင်းသတင်းများပင် ပျံ့နှံ့ခဲ့လေ၏။ ဆင်းရဲနွမ်းပါးလှသော ဆုက ခေါက်တာ ဦးဖုန်းကို၏သားကိုပင် ငြင်းဆန်လေသည်ဟု အံ့သြကြသည်။ တစ်ဖက်ကလည်း ပညာနှင့်အလှမှာ ဆုဂုဏ်မောက်လှချည့်ဟု မဲ့ရွဲ့ကြသည်။

ခင်နှင်းဖြူလည်း မကြားမသိဘဲ ဘယ်နေပါ့မလဲ။ မျိုသိပ်မထားနိုင်ဘဲ ‘ကိုဆွေက ဆုကို ပရိုပို့စ်လုပ်တယ်ဆို’ ဟု နန်းဝါနွဲ့အား ဖွင့်မေးခဲ့သေးသည်။

နန်းဝါနွဲ့က–

‘သူငယ်ချင်းဆိုပေမယ့် ဆုက နန်းကို ဘာမှတိုင်ပင်တတ်တာ မဟုတ်တော့ နန်း ဘယ်သိပါ့မလဲ ခင်နှင်းဖြူ’ ဟု ပြန်ပြောလျှင် ခင်နှင်းဖြူသည် မချိပြုံးကလေးနှင့် ‘ဆောရီး နန်းရယ်။ အိုင်တော့ သူများ ကိုယ်ရေးကိုယ်တာကို စပ်စုနေမိပြီ’ ဟု ခပ်ညည်းညည်း တောင်းပန်ကြောင်း



ဖြင့် နန်းက တစ်လုံးမကျန် ဆုထံပြန်၍ ဖောက်သည်ချလေ၏။

‘ရတာမလို၊ လိုတာမရတဲ့။ ကျော်ဆွေကိုတို့လိုလူမျိုးတွေဟာ ဒုက္ခတွေတယ်ကြီးတာပဲနော် ဆု။ ဒါပေမယ့်လေ ဆုကိုလိုချင်မိတဲ့လူတွေကတော့ ပိုလို့ပိုလို့ကို ဒုက္ခကြီးတယ်လို့ နန်းတော့ထင်တာပဲ’ ဟု နန်းဝါနွဲ့က ဆုကိုပဲ မကျေနပ်လေဟန် ဝေဖန်ခဲ့သေး၏။

‘ဆုရေ… ငါးဆယ့်နှစ်ရာခိုင်နှုန်းပဲအောင်တယ်တဲ့ဟေ့။ ထွက်တော့မယ်။ ငါတော့ အပြင်ကလှမ်းမေးတာ သေချာသွားပြီ။ တစ်ဘာသာ အောက်ဆိုက်ပြတယ်’ ဟု ကိုဘိုကြည်က ပြောပြသည်။

အစည်းအဝေးပြီးဆုံး၍ ဆရာများပြန်ကြပြီဆိုလျှင် ကျောင်းသားများသည် အောင်စာရင်း လက်နှိပ်စက်ရိုက်ရာရုံးခန်းအပြင်မှာ တိုးကာဝှေ့ကာ အုတ်အုတ်ကျက်ကျက်ဖြစ်နေကြလေ၏။ မှန်ပြတင်းအပြင်မှ မျက်နှာပြသူ အော်မေးသူတို့လည်း မနည်း။

စန္ဒာကိုသည် မပြီးဆုံးသေးသော ဆေးကျောင်းသားတို့၏ စာမေးပွဲဝင်ဒုက္ခကို တအံ့တသြငေးမောနေသည်။ အရင်နှစ်များက မောင်ဖြစ်သူ ချောချောမောမော ဖြေဆိုနိုင်မြဲမို့ စန္ဒာကိုတို့ သောကမရောက်ခဲ့ရ။ သည်နှစ်မှပင် နှစ်ကုန်ခါနီးလေ ကျောင်းပြေးလေနှင့် တကယ်ဖြေတော့မည်ဆိုမှ ကိုဘိုကြည်နှင့်မင်းမော်က ဇွတ်အတင်း အဆောင်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



သွားကာ စာစုကျက်စေရတော့သည်။ အကျိုးအကြောင်းကို ခင်နှင်းဖြူ တိတ်တဆိတ်ပြောပြ၍သိရတော့ မောင်ဖြစ်သူကို ကရုဏာဒေါသ ထွက်ခဲ့ရသည်။ ဤအရာသည် နီးစပ်မှုသာ ဖြစ်၍ အချစ်မမည်ကြောင်း ပြောပြချင်ပေမယ့် အေးသလောက်ငြိမ်သလောက် ခေါင်းမာသော မောင်ငယ် နားကြည်းမည့်စကားများကို တကယ်တမ်းကျ အပြောခက်ကြရပြန်သည်။

တစ်ဖက်ခြံမှ ဝင့်ဝါလှသော ဦးမောင်မောင်သော်တို့မိသားစုနှင့် စန္ဒာကိုတို့မိသားစုမှာ ရှေ့တွင် ဟန်ဆောင်ပြုံးကြပေမယ့် ကွယ်သည်နှင့် မဲ့ရွဲ့စကားတင်းဆိုမြဲ။ ဆုမြတ်လှိုင်သည် အမှန်တော့ ဦးမောင်မောင်သော်တို့၏ အရှက်ထုပ်ပေပဲ။ ဖြစ်ချင်တော့ စန္ဒာကိုတို့ နှိမ့်ချစကားတင်းဆိုရမည့် ဆုမြတ်လှိုင်လို လင်မရှိဘဲ သန္ဓေတည်ကာ နှင်ချွန့်ပစ်ခြင်းခံရသော ဦးမောင်မောင်သော်၏ အရှက်သွေး၊ သရက်သီးသနပ်သည်စက်ချုပ်သည်၏မြေးကိုမှ ကျော်ဆွေကိုတစ်ယောက် အသည်းပလ္လင်မှာ နန်းတင်ချင်ပြီဆိုတော့ ဖြစ်ရလေဟု ရင်ထုမနာ ဖြစ်ရချေပြီ။

ဘာပဲဖြစ်ဖြစ် ‘ဥဒုမ္ဗရဒေဝီကို ဘုန်းချင်းမညီမျှတော့ ယားတယ်ရယ်လို့ မပေါင်းထိုက်ဘဲ ရေသဖန်းပင်ပေါ်တင်ပစ်ခဲ့တဲ့ ပဏ္ဏိကလေလုလင်ကို ငါ ခု မအံ့သြတော့ဘူး’ ဟူ၍တော့ စောင်းချိတ်မိသေးသည်။ ကျော်ဆွေကိုထံမှ တုံ့ပြန်မှုကား စန္ဒာကိုကို ရှောင်ဖယ်ခြင်း။



နောက်ဆုံးတော့ မာမာကပဲ ‘သမီးရယ်၊ မိမောင်က ကြမ်းလို့မရဘူး။ မာမာ ချော့ပြောပါ့မယ်။ စာမေးပွဲတစ်ဖက်နဲ့ သူ့ စိတ်ညစ်အောင်မလုပ်ပါနဲ့’ ဟု တားမြစ်သဖြင့် သားအမိတစ်စု ဝိုင်း၍ချော့မော့အလိုလိုက်ခဲ့ရပြန်လေ၏။

အောင်စာရင်းစာရွက်ကိုင်ကာ ထွက်လာသော ရုံးအုပ်စာရေးကြီးသည် ဆုမြတ်လှိုင်ကိုမြင်သည်နှင့် ကြော်ငြာသင်ပုန်းတွင် မကပ်ရမီမှာပင် ‘ညည်း နှစ်ဘာသာလုံးရတယ်ဟေ့ ဆုမြတ်လှိုင်’ ဟု လှမ်းအော်ပြောလေ၏။

ဆုမြတ်လှိုင်သည် ဂုဏ်ထူးတွေရလွန်း၍ ရိုးလှပြီ။ မရမှသာ စိတ်ထိခိုက်မည်ဖြစ်ကာ ရသည့်အတွက် ထူးကဲဝမ်းသာလှသည်မဟုတ်။ သို့စင်လျက် လက်ခုပ်ကလေးတစ်ချက်နှစ်ချက်တီးကာ ခုန်ဆွခုန်ဆွ ရယ်မောပစ်လိုက်သည်။ စန္ဒာကိုတို့ရှေ့မှာ တမင်တကာပင် သူမ၏အောင်မြင်မှုမှာ ယစ်မူးပြလိုက်လေ၏။

ခန္ဓာဗေဒဂုဏ်ထူး တစ်ခုပဲပါသည့် ဖရက်ဒီက အရင်ဆုံးပြေးလာကာ ‘ကွန်ဂရက်ကျူလေးရှင်း’ ဟု ဆို၏။ ဆုက ‘ကျေးဇူး’ ဆိုရင်း လက်ဆွဲနှုတ်ဆက်လာသော အိုင်လင်းကိုလည်း ‘ဖရက်ဒီက မြင်းကောင်းခွာလိပ်သွားတာပါ’ ဟု နှစ်သိမ့်လိုက်သေးသည်။

စောဒီလုံးနှင့်မင်းမော်မှာ မမျှော်လင့်ဘဲ အောင်မြင်ကြရကား တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်နေကြပြီးမှ ခန္ဓာဗေဒဘာသာရပ်ကျရှုံးသော အစ်ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုဘိုကြည်ကိုသတိရကာ ကိုယ်ရှိန်သပ်လိုက်ကြသည်။ ကိုဘိုကြည်ကတော့ ကြိုတင်တွက်ဆပြီးပြီမို့ မထိခိုက်လှ။ စန္ဒာကိုသည်သာ ကျော်ဆွေကိုအတွက် မျှော်လင့်ထားသူပီပီ ခန္ဓာဗေဒကျပြီဆိုတော့ မျက်စိမျက်နှာပျက်ကာ ခင်နှင်းဖြူက ဖျောင်းဖျအားပေးနေရလေ၏။

ဆုမြတ်လှိုင်သည် နန်းဝါနွဲ့နည်းတူ ခန္ဓာဗေဒ ကျရှုံးသော ခင်မောင်မောင်ကို 'စိတ်မပျက်ပါနဲ့ဟယ်၊ နင်တို့နှစ်ယောက် အတူကျတော့ စာအတူကျက်ရသေးတာ။ တစ်မျိုးစီကျရင် ပိုဆိုးမယ်။ တို့လည်း စောစောပြန်လာပါ့မယ်။ တို့ရဲ့မှတ်စုတွေလည်း တစ်ဝက်ယူထား'ဟု အားပေးရင်း ကိုဘိုကြည်ဘက်လှည့်ကာ 'အစ်ကိုကြီးက တစ်ဝက်ယူနော်။ လဲဖတ်ကြပေါ့'ဟုအားပေးလေ၏။ တမင်တကာပင် ကိုဆွေအတွက် ထည့်မစဉ်းစားကြောင်း သဏ္ဌာန်လုပ်ပြလိုက်ခြင်းပါပဲ။

ကိုဘိုကြည်ပင်လျှင် ရှင်ပျံရယ်မောနိုင်သော ဆုမြတ်လှိုင်ကိုကြည့်ရင်း ကျော်ဆွေကိုအတွက် သည်ကောင်မလေး တကယ်ပဲ စိတ်မကောင်းမဖြစ်လေဘူးလားဟု ဇဝေဇဝါဖြစ်လျက် 'ဖိုးဆွေ··· မင်းတော့ အချစ်မှားပြီထင်တယ်'ဟု ရင်ထဲမှာ ညည်းညူမိသေးသည်။

ရင်းနှီးလှသော ကိုဘိုကြည်ပင်လျှင် အကဲမဖမ်းနိုင်မှတော့ စန္ဒာကိုတို့သည်လည်း ဆုမြတ်လှိုင်ခင်းပေးသော လမ်းကို ကျော်ဆွေကို လျှောက်မိခြင်းဖြစ်ပါသည်ဟု စွပ်စွဲ



ဖို့ မဖြစ်နိုင်သည်ကိုသိကာ ပို၍အခံရခက်လေ၏။

'တို့ မနက်စောစောပြန်ရမှာမို့ ပစ္စည်းတွေ သိမ်းလိုက်ဦးမှ။ သွားမယ်နော် အားလုံးပဲ'ဟု ဆုမြတ်လှိုင်က ဧကရီတစ်ဦး၏ မာန်အပြည့်ဖြင့် အောင်စာရင်းအနီးမှ ထွက်ခွာခဲ့သည်။

အမှန်တော့ ကြင်နာသနားခြင်းတွေ ရင်မှပြည့်လျှမ်း၍ လောင်မြိုက်ကျွမ်းမြည့်ရသည့်အဖြစ်ကို ဆုမှတစ်ပါး မည်သူမှ မသိနိုင်ချေတကား။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဆုက စိမ်းနိုင်သမျှ တို့ကချစ်မိတာမို့လည်း အမြဲပဲသတိရနေ လွမ်းနေတယ် ဆုရယ်။

ဒီကျောင်း ဒီမြေမှာ နေရာတိုင်း ဆုကိုပဲ မြင်နေထင်နေမိသလို အရာရာတိုင်းဟာ ဆုကို သတိရဖို့ပဲ ဖန်တီးပေးနေကြတယ်။ အရင်လို ပြုံးလို့ပျော်လို့ နေခဲ့ကြတဲ့ ဘဝကလေးကို တောင်မှပဲ ဘယ်တော့မှ ပြန်မရနိုင်တော့ဘူး လားရယ်လို့ ဝမ်းနည်းနေမိပါရဲ့။ ရခဲ့သမျှအခွင့် အရေးကလေးနဲ့ပဲ တို့ ကျေနပ်နေခဲ့ရင် ဘယ် လောက်များ ကောင်းလိုက်မလဲ။ ခုတော့ နောင်တတွေ ရင်မှာ တပွေ့တပိုက်နဲ့လေ။ လူ မိုက်အတွက် ဆုလာဘ်တွေပေါ့ ဆုရယ်။

စက် တဂျုံးဂျုံးနင်းရင်း ချုပ်ရင်းကပဲ အနားမှာ လာပြောနေသလို ကြားယောင်နေမိ၏။ မလုပ်လျှင် မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော အလုပ်များမို့ သံပတ်ပေးထားသော စက်ရုပ်ပမာ လှုပ်ရှားလုပ်ကိုင်နေရပေမယ့် မျက်စိထဲတွင် ညှိုးလျလျမျက်လုံးညိုညိုများကို တဝဲလည်လည် မြင်ယောင်နေ၏။ စိတ်လိပ်ပြာသည် စိန်ပန်းနီတို့ပွင့်လန်းရာ ကျောင်းတော်ဆီသို့ ပျံ့လွင့်သွား၏။ ပန်းအကြွေခင်းထားသောလမ်းမှာ ဖြတ်သန်းနင်းလျှောက်ရင်း ပျော်ခဲ့ပြုံးခဲ့ကြလေသမျှ သူ့လိုပင် ဆုလည်း ဘယ်မေ့နိုင်ပါ့မလဲ။

အို…မေ့ထားခြင်းသည်သာ ဆုအတွက်အကောင်းဆုံးနည်းလမ်း ဖြစ်မှာပါ။ အချစ်သည် ဆုဘဝလမ်းခရီးမှာ အတားအဆီးပါပဲ။ ဆု မချစ်သင့်ပါ။ သူ့ကို ချစ်များချစ်နေမိပြီလား။ မဖြစ်နိုင်သောဓာတ်ကို ဆု မစသင့်ပါ။ ကိုယ့်ဝမ်းနာကိုယ်သာသိသမို့ သူ့ကို အတွေးထဲမှ နှင်ထုတ်ပစ်နေရပြန်၏။ မနိုးလာပါနဲ့ဦး ချစ်တဲ့ စိတ်ဝိညာဉ်ရေ။

သံကွန်ခြာ ခုနှစ်ထပ်ရယ်နဲ့
သော့ခတ်လို့ထားလိုက်ချင်
မနိုးလာစမ်းပါနဲ့
မှောင်နန်းမှာ ထာဝစဉ်အိပ်ပါကွယ်
ဆောင်ခန်းကြာ ချုပ်နှောင်ပိတ်ပါလို့
လှောင်ဖမ်းကာ ဇွတ်ပင်သိပ်မိတယ်
လက်ထိပ်တွေဆင်။
အို… တမင်ဆိုးနိုင်ပေ့
တန်ခိုးတွေအနန္တရယ်မို့



ကန္တာရခရီး သူနှင်
တောင်စဉ်တွေဖြတ်ကျော်ပြေး
ဖမ်းမရနိုင်ဘု
နွမ်းလျပြီ စိတ်ပင်ညစ်ပါရဲ့
ချစ်ဝိညာဉ် သူခြေဆန့်ရက်သမျှ
မြေနှံ့အောင် ရှာဖွေရဦးမယ်ပေါ့
တွေ့မှလေ ဆယ်ကမ္ဘာဆုံးထိအောင်
တုံးခတ်မယ်လေး။

ဆုမြတ်လှိုင်သည် ရင်ဖုံးဆက်ချုပ်ရိုးမလှသဖြင့် အပ်ချည်ဖြုတ်တံကလေးနှင့် ပြန်ဖြုတ်ရလေသည်။ လူကြီးများဝတ်သော အင်္ကျီများမှာ ကျောမှာရော၊ ရင်ဖုံးမှာပါ ချုပ်ရိုးပါရုံမက အတွင်းအိတ်ကပ်လည်း ထည့်ရသေးရာ ခေတ်အင်္ကျီများ ချုပ်ရသည်ထက် လက်ဝင်ခက်ခဲလေ၏။

မနေ့က သူ့စာနှင့်အတူ နန်းဝါနွဲ့ထံမှလည်း စာရသည်။ သားကလေးမွေးဖွားကြောင်း၊ နန်းဖခင်က မိခင်မသိအောင် ငွေပို့ပေး၍အဆင်ပြေကြောင်း၊ သည့်မတိုင်မီက ကျော်ဆွေကိုထံမှ ချေးငှားရကြောင်း၊ မွေးဖွားစဉ်ကလည်း ကိုဘိုကြည်နှင့်ကျော်ဆွေကိုပင် အစစအရာရာကူညီကြောင်း။

အကျချင်းတွဲမိနေကြလို့ နန်းတို့အိမ်မှာ စာစုကျက်ကြတယ် ဆုရေ။ ကျက်ကြတယ် ဆိုပေမယ့် အစ်ကိုကြီးကိုဘိုကြည်ကပဲ နန်းတို့ကို ဆော်ဩရမြဲပေါ့။ နန်းတို့ကလည်း သော

www.burmeseclassic.com

www.burmeseclassic.com



များ၊ ပြီးတော့ ဆုရဲ့ကိုခွေကလည်း စာထဲမှာ
စိတ်မှမရောက်တာပဲလေ။

ဆု သူငယ်ချင်းတွေဆိုတော့ ဆုအကြောင်း
မကြာခဏပြောမိ တမ်းတမိကြတယ်။ ဆု
နာမည်ကြားတိုင်းမှာပဲ သူ့မျက်နှာ ညှိုးသွား
တတ်တော့ နန်း သနားမိတယ်ကွယ်။ ဒါပေ
မယ့်လေ ဆုဘ၀၊ ဆုအကြောင်းတွေကြောင့်
ဆုဟာ အသည်းနှလုံးကို သော့ပိတ်ချုပ်နှောင်
ထားရတယ်လို့ နန်း နားလည်နေပါရဲ့။

ဖြစ်နိုင်ရင်တော့ စောစောပြန်ခဲ့ပါ ဆုရေ။
နန်းကို စာသင်လှည့်ပါဦး။ ခက်ခဲရင်တော့
လည်း ရှိပါစေ။ နန်း နားလည်နေမှာပါပဲ။

ဆုသည် အားလပ်ချိန်များများမထားဘဲ ချုပ်ထည်ရှိ
သမျှ ကြိုးစား၍ချုပ်သည်။ ကျောင်းမဖွင့်မီ တစ်ပတ်လောက်
စော၍ပြန်မည်ဟု အားခဲထားလေသည်။ နန်းတို့ နောက်
ဆက်တွဲစာမေးပွဲများသည် ကျောင်းဖွင့်မှပင် စစ်ဆေးဖြစ်ပေ
လိမ့်မည်။

'သမီး… အဘွား လက်ဖက်သုပ်ပေးမယ် စား
မလား'

မီးဖိုချောင်ထဲမှ သရက်သီးများပိုင်းနေသော အဘွား
က လှမ်းမေးသည်။ နွေရာသီတိုင်း အဘွားက ၀တ္တရား
မပျက် သရက်သီးများဝယ်ကာ အစိမ်းသနပ်ထည့်လျက်



အချို့လည်း တစ်နှစ်လုံးစာ ဆားနယ်အခြောက်လှမ်း သို
လှောင်မြဲ။

'အဘွား… ပြီးတော့မှာလား'

'အေး… လေးငါးဆယ်လုံးပဲ ကျန်တော့တယ်'

'ဒါဆိုလည်း သုပ်ပေးလေ။ ဒေါ်ဒေါ်မြနဲ့ အသက်
ကိုလည်း လှမ်းခေါ်လိုက်ပါဦး'

နေပူရှိန်ပြင်း၍ နေ့လယ်နေ့ခင်း တစ်မှေးပင် အိပ်
မရသည့်အတူတူ အလုပ်နားနိုက်၀ယ် ရေနွေးကြမ်း၊ လက်
ဖက်သုပ်နှင့် အပန်းဖြေကြရသည်။

'အဘွားလက်ရာစားရရင် မောင်လတ်ကို လွမ်း
သတော်'ဟု ဒေါ်ဒေါ်မြက တမ်းတသည်။ ကိုလတ်သည်
အဘွားသုပ်ကျွေးသော လက်ဖက်သုပ်ကို မက်မက်မောမော
ရှိလှချေသည်။

'တစ်နှစ်တောင် ရှိပြီနော်။ ကိုလတ် ပြောင်းသွား
တာ'ဟု အသက်ကလေးက ပြောသည်။ အသက်ပင် အပျို
ကြီးဖားဖားဖြစ်နေပြီကို ဆု သတိပြုမိလေသည်။

'ငယ်ငယ်ကတော့ ပေါ့ပေါ့ဆဆ နေလွန်းတော့
မမှီအတွက် ရင်လေးခဲ့တာ။ ခုတော့ တော်ရှာသား။ ကျရာ
နေရာလည်း မညည်းမညူ သွားတာပဲနော်'ဟု ဒေါ်ဒေါ်မြက
ချီးမွမ်းနေသည်။

'မမှီလည်း မနေ့ကရော၊ တစ်နေ့ကရော မပေါ်လာ
ဘူး။ နေမကောင်းရဲ့လား မသိ။ သမီး ညနေ သွားကြည့်ချေ

www.burmeseclassic.com

www.burmeseclassic.com



ဦး' ဟု အဘွားက ပြောသည်။

ဒေါ်လေးမှီသည် ပါးပါးလှပ်လှပ်ကလေးဖြစ်ကာ ချူချာမြဲ။ သို့တစေ ကြီးကြီးကျယ်ကျယ် ဖြစ်သည်တော့မရှိ။

'မနက်က ဈေးသွားတော့ ဒေါ်သဲနဲ့တွေ့လို့လေ။ အိမ်ကြီးကို လာပြုပြင်ကြတာဆိုပဲ။ ပင်စင်ယူရင် ဦးမောင်မောင်သော်က ဒီပြန်လာနေမတဲ့။ နုနုတင်ကတော့ ရန်ကုန်မှာပဲနေချင်တာတဲ့။ ရန်ကုန်မှာလည်း တိုက်တစ်လုံးလို့ ပြောတယ်။ စီးပွားကလည်းဖြစ်၊ ရာထူးကလည်း တိုး၊ မာနဆိုတာ မိုးထိနေပြီ'

'သူ့သမီးကလေးကလည်း မမဆုနဲ့ အတော်ဆင်တယ်နော်။ ဘောင်းဘီတိုနဲ့ ကမ်းနားလမ်းမှာ စက်ဘီးလျှောက်စီးတော့ ကောင်လေးတွေ ဝိုင်းနောက်ကြလို့တဲ့'

'ရုပ်သာဆင်ရင်ဆင်မယ်။ အကျင့်တော့ မဆင်နိုင်ပါဘူး' ဟု ဆုက ခပ်ခါခါကလေး ပြောမိ၏။

'စာလည်း အတော်ဖျင်းသတဲ့အေ။ အခု ဆယ့်ခြောက်နှစ်မှာ ရှစ်တန်းနှစ်ခါကျ။ အဲဒါ တစ်လနှစ်ရာနဲ့ ဆရာမ အိမ်ခေါ်သင်သေးတာတဲ့။ ဒီနှစ် အငယ်ကောင်က လိုက်မီလာပြီဆိုပဲ'

ဆုသည် စာမေးပွဲပြီး၍ မအူပင်အပြန်အိမ်မဲသဘော်ပေါ်တွင် ဦးမောင်မောင်သော်တို့မိသားစုနှင့် ဆုံစည်းခဲ့ရသည်ကို အမှတ်ရလာသည်။ ထိုနေ့က ဆုသည် ဦးခန်းအပြင်ဘက်တွင် တစ်နေရာစာရကာ ပလတ်စတစ်ခင်း၍ ထိုင်နေခဲ့



သည်။ မအူပင်ဈေးထဲမှ အသိမိတ်ဆွေတစ်ဦးနှင့်လည်း ဘေးချင်းကပ်လျက်မို့ စကားပြောဖော်လည်း ရခဲ့သည်။

ထိုအခိုက်အတန့်ဝယ် အထုပ်အပိုးများ၊ သေတ္တာများကို သယ်ပိုးလျက် အမျိုးသားနှစ်ဦး၊ သုံးဦး တက်လာသည်။ နောက်မှ ထည်ဝါသားနားသော အသက်ငါးဆယ်အရွယ် အမျိုးသားကြီးတစ်ဦး၊ နောက် စိန်ရောင်ရွှေရောင်ပြိုးပြက်သော အမျိုးသမီးကြီး၊ ပြီးတော့ ဝင့်ဝင့်သော်နှင့်ချာတိတ်ကလေးတစ်ဦး။ သြော်… ဦးမောင်မောင်သော်နှင့်တပည့်တပန်းများ။

မတွေ့မမြင်ချင်မှဘဲ ကြုံဖန်ဆုံတတ်ပလေဟု ဆုစိတ်ပျက်လက်ပျက် ဖြစ်မိ၏။ မတွေ့စေချင်သော်လည်းနေရာအနှံ့လှည့်ပတ်ကြည့်ရှုနေသော ဝင့်ဝင့်သော်က မြင်ဖြစ်အောင် မြင်သည်။ မြင်ရုံမက သူမ၏မိသားစုကိုလည်းပြောပြညွှန်ပြဟန် တူ၏။ လိုက်ပို့သော တပည့်တပန်းများအပြန် လှေကားထိပ်သို့လိုက်ပို့ရင်း ဦးမောင်မောင်သော်သည် ဆုကို ခက်ထန်စက်ဆုပ်သောအကြည့်ဖြင့် စူးစူးရှားရှား စိုက်ကြည့်လေ၏။ ဆုသည် သူ့ရှေ့တွင် အပြစ်ရှိသောသိုးငယ်ပမာ ငုံ့လျှိုးလေမည် ထင်ဟန်တူ၏။

ဘာရမလဲ။ ဆုပေပဲ။ မပြုံးမတည် မျက်နှာတွင်ခံစားချက်ဗလာချီဖြင့် မျက်လုံးမလွှဲတမ်း စူးစူးရဲရဲ ပြန်ကြည့်နေလိုက်သည်။ ငါးမိနစ်လောက် ကြာမည်လားမသိ။ သူ့မျက်လုံး မလွှဲမချင်း ရင်ဆိုင်ကြည့်မည်ဟု ဆုကလည်း

www.burmeseclassic.com

www.burmeseclassic.com



မလျှော့။ နောက်ဆုံးတော့ ဦးမောင်မောင်သော်ပင် မျက်နှာလွှဲကာ တပည့်များကိုနှုတ်ဆက်ပြီး ဦးခန်းထဲသို့ ခြေသံပြင်းပြင်းနှင့် ပြန်ဝင်သွားလေ၏။

သည်အကြောင်းကို အဘွားအား ပြန်ပြောပြလျှင် အဘွားသည် "အင်း... မောင်မောင်သော် မောင်မောင်သော်၊ ငါ့မြေးမှာ သင်းသွေးအပြည့်ပါတာတွေ၊ သင်းလိုပဲ တစောက်ကန်းမာနတွေ တလူလူလွင့်နေတာတွေ မသိရှာဘဲကိုး"ဟု ညည်းညူလေ၏။

"စိုးသော်ဆိုတဲ့ ကောင်လေးကတော့လေ ဆုရှေ့ဖြတ်သွားရင်း မိတ်ဆွေဖွဲ့ချင်တယ်ထင်ပါရဲ့။ ပြုံးပြသေးတယ်။ ဆုက ခပ်တင်းတင်း နေပစ်လိုက်တာပေါ့"ဟုလည်း ဆုက ပြန်ပြောရသေးသည်။

ယခု ဒေါ်ဒေါ်မြက စိုးသော်တို့အကြောင်း စကားစလာတော့ ဆုသည် သူတို့မိသားစုမျက်နှာတွေကို မြင်ယောင်ကာ ရင်မှာ နာကျင်ခါးသီးမိ၏။ ဖြစ်နိုင်လျှင် ဦးမောင်မောင်သော်နှင့်ပတ်သက်သမျှသွေးကို ဆုခန္ဓာကိုယ်မှ ဖောက်ထုတ်ပစ်လိုက်ချင်သည် အထိ။

ဒေါ်အေးသင်လည်း ဆု၏မှိုင်းညို့သော မျက်နှာကို ရွှင်ပျလာစေလိုသောသဘောဖြင့် စကားစဖြတ်ကာ "အသက်ကော ဒီနှစ် ရှစ်တန်းအောင်ပါ့မလား"ဟု မေးရသည်။

"မအောင်ရင် ကျောင်းထုတ်ပစ်တော့မယ်။ အဘွားဆီ စက်ချုပ်သာသင်"ဟု ဒေါ်မြမြကပြောရင်း သားအမိနှစ်



ယောက် ငြင်းခုန်ကာ ဆုကပြန်ဖြေရင်း စကားလမ်းကြောင်းပြောင်းသွားတော့သည်။

ဒေါ်အေးသင်ကတော့ ဆုံးရှုံးသွားသော သားကိုယ်စား သူမ ရရှိပိုင်ဆိုင်ရသည့် ဆုလာဘ်တစ်ပါးအဖြစ် အမြတ်နိုးကြီးမြတ်နိုးကာ ဆုမြတ်လှိုင်ဟူ၍ မှည့်ခေါ်ထားရသော မြေးငယ်၏ ဝင်းဝင်းစက်စက်မျက်နှာလေးကို ကရုဏာနှင့် ငေးနေရှာသည်။ ဆု တစ်နှစ်သမီးအရွယ်တွင်မှ မေမေသော် ခေါ်လာသဖြင့် စတင်တွေ့ဖူးခဲ့ရသည်။ ထိုအချိန်က ဦးမောင်မောင်သော်သည် အိမ်ထောင်မကျသေး။ မမလေးအဖြစ်အတွက် ရှက်လှသည်ဟု သူတို့ဖခင် ဦးမောင်မောင်ကြီးကွယ်လွန်ပြီးကတည်းက မအူပင်သို့ပြန်မလာခဲ့။ လက်ထပ်ပြီး ကလေးနှစ်ယောက်ရမှပင် နယ်စပ်သို့ ပြောင်းရွှေ့ရသဖြင့် သူတို့မိသားစုကို မအူပင်တွင် ထားရစ်ခဲ့တော့သည်။

စိမ်းကားပစ်ခွာနိုင်လှသော ဦးမောင်မောင်သော်၏ စိတ်သဘောထားကို ဒေါ်အေးသင် အမှန်ပင် အံ့သြခဲ့လေသည်။ မောင်မောင်သော်သာ နှမအပေါ် ပြေချိန်တန်ပြေပျောက်၍ ခွင့်လွှတ်ခဲ့လျှင် မေလေး ဤမျှ ဆင်းရဲပင်ပန်းစွာ သေဆုံးရမည်မထင်။

သား မောင်မြတ်လှိုင်ကိုပင် အချုပ်ထဲ ပို့ရက်ခဲ့သေးသောအဖြစ်မှာ မေ့ရက်စရာပင်မရှိ။ သူမ၏သားသည် လူငယ်ဘာဝ မေလေးချိန်းရာသို့အသွား မောင်မောင်သော်က အိမ်ဝင်းထဲတွင် အမိအရဖမ်းကာ ခါးပြမှုဖြင့် စွဲချက်တင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဆရာတော် မေတ္တာရပ်ခံ၍ အချုပ်ခန်းမှ တစ်လအကြာတွင်လွတ်လာပြီး ချက်ချင်း ရန်ကုန်သို့ ပို့ခဲ့ရသည်။ သားကား မစဉ်းစားမဆင်ခြင်ဘဲ မအူပင်သို့ တိတ်တဆိတ်ပြန်လာမြဲ။

ဦးမောင်မောင်သော်နှင့် မေမေသော် သို့မဟုတ် မေလေးမှာ အသက်ဆယ့်ငါးနှစ်ခန့် ကွာဟခဲ့သည်။ သူတို့နှစ်ယောက်သည် ဖအေတူမအေကွဲမောင်နှမဖြစ်ကာ မောင်မောင်သော်မိခင်ကွယ်လွန်ပြီး ဆယ်နှစ်ကျော်မှ ဦးမောင်မောင်ကြီးသည် ဒုတိယအိမ်ထောင် ထူထောင်ခဲ့သည်။ မေမေသော်မွေးပြီး မကြာမီပင် ဒုတိယအိမ်ထောင် ကွယ်လွန်ခဲ့ပြန်သည်။ မောင်မောင်သော် အရာရှိကြီးအဖြစ် အသက်ကြီးကြီး မမာမကျန်းဖခင်နှင့် အတူနေထိုင်ရန် မအူပင်ပြောင်းရွှေ့နေထိုင်ခိုက် မေမေသော်နှင့်သူမ၏သား မောင်မြတ်လှိုင်ဇာတ်လမ်းသည် ဟိုးလေးတကျော် ဖြစ်ခဲ့သည်။ ဂုဏ်ရည်မတူသည့်အတွက် အမျက်ချောင်းချောင်းထွက်ရသည်တွင် မေလေး၌ ကိုယ်ဝန်ရှိလာပြန်တော့ ဦးမောင်မောင်ကြီးမှာ အရှက်ကြီးရှက်ကာ စိတ်အကြီးအကျယ်ထိခိုက်လျက် မေလေးမျက်နှာမကြည့်လိုပြီဟု အိပ်ရာတွင်ဗုန်းဗုန်းလဲခဲ့လေ၏။ မကွယ်လွန်မီတစ်နေ့က ပြတင်းပေါက်မှ ခြံထဲမျှော်ကြည့်နေခိုက် ကိုယ်ဝန်အရင့်အမာနှင့် မေလေးကို မြင်တွေ့ကာ ခန်းဆီးပိတ်စေပြီး အိပ်ရာထဲပြန်လဲသည်ဆို၏။ ထိုညတွင် ရောဂါသည်းကာတစ်ရက်နှစ်ရက်အတွင်း အသက်ကုန်ဆုံးခဲ့လေ၏။



ဦးမောင်မောင်သော်က ခြံရိပ်ပင်မနင်းရဟု အပြီးအပိုင် နှင်ချလိုက်သော်လည်း ပြေးစရာမြေမရှိခဲ့လေ၍ မေမေသော်သည် ခြံနောက်ဖေးတန်းလျားမှာသာ ကုတ်ကပ်နေခဲ့ရသည်။ ဦးမောင်မောင်သော် ပြောင်းရွှေ့သွားပြီးနောက် ထိုတန်းလျားမှာပင် ဆု ကြီးပြင်းလာခဲ့သည်။

တစ်ဦးတည်းသောသား မော်တော်နစ်မြုပ်သေဆုံး၍ ပဋ္ဌာမြေလူး အရှူးမီးဝိုင်းဖြစ်နေခဲ့သော ဒေါ်အေးသင်သည် သား၏ရင်သွေး ကျန်ရစ်ကြောင်း တော်တော်နှင့်မသိခဲ့ရ။ မေလေး မီးဖွားပြီးမှပင် မအူပင်သို့ ခင်ပွန်း ကွယ်လွန်ပြီးပြန်လည် ရောက်ရှိလာသော မဝင်းမှိမှတစ်ဆင့် အကျိုးအကြောင်း သိရတော့သည်။

ဆု ခြောက်နှစ်သမီးအရွယ်တွင် နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းကာ မေလေးသည် ချော်လဲရာမှဦးနှောက်လည်းထိခိုက်၊ ကိုယ်တစ်ခြမ်းလည်းသေခဲ့သည်။ ကိုယ်ဖိရင်ဖိပြုစုမည့်သူလည်းမရှိ။ ဆေးလည်း မည်မည်ရရ မကုသနိုင်ဘဲ တစ်နှစ်နီးပါး ဝေဒနာခံစားရပြီးနောက် နာတာရှည်အဆုတ်အအေးမိရောဂါနှင့် ကွယ်လွန်သွားရှာတော့သည်။

မေလေးသည် မောင်မောင်သော် စွပ်စွဲသည့်အတိုင်း သူတို့ဖခင်ကြီး သေဆုံးရခြင်းမှာ သူမအပြစ်ဖြစ်သည်ဟု လက်ခံကာ တစ်သက်လုံး စိတ်ဆင်းရဲဒုက္ခ ခံစားသွားခဲ့သည်။ အပြောအဆိုမှ လွတ်စေတော့ဟု သူတို့ခြံရိပ်ကို ဒေါ်အေးသင် မနင်းခဲ့။ မေလေး ကွယ်လွန်ပြီးမှပင် မဝင်းမှိ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာ၍ ဆုတစ်ယောက် ဒေါ်အေးသင်ထံရောက်ရလေ၏။

တရားဥပဒေနှင့်စကားပြောလျှင် မေလေး ပိုင်ဆိုင်ထိုက်သော ခြံနှင့်အိမ်တစ်ဝက်ကို ရရှိနိုင်ကြောင်းဖြင့် အချို့က အကြံဉာဏ်ပေးသော်လည်း ဒေါ်အေးသင် နားမဝင်ခဲ့။ ဆုသည် မေလေး၏သမီးဖြစ်ကြောင်း အခိုင်အမာ သက်သေခံနိုင်သည့်သူများမှာ မောင်မောင်သော့ကို မလွှန်ဆန်ဝံ့သော မောင်မောင်သော့အမှုထမ်းများသာ ဖြစ်ကြလျက် နောက်တစ်ကြောင်းကလည်း ဆုကို သူ့သွေးအဖြစ် ပြန်လည်သိမ်းပိုက်သွားပါက ဆုလည်း မေတ္တာငတ်၊ သက်သေအထောက်အထားဖြင့် မြေးဖြစ်ကြောင်း အခိုင်အလုံမပြနိုင်သည့် သူမလည်း မြေးငယ်ကို ဆုံးရှုံးရမည်မို့ သူမ၏ လုပ်အားနှင့်သာ ဆုဘဝကို ပျိုးထောင်ပေးခဲ့သည်။

မြေးကလေးဘဝ တင့်တယ်စေရန် ခရီးဖြင့် တစ်ပတ်ကျိုးခဲ့လေပြီ။

*

## အခန်း (၁၂)

စိန်ပန်းပွင့်တို့ ပင်လုံးဝေပြန်လေပြီ။ ကျောင်းမဖွင့်မီ ဆုမြတ်လှိုင် ဓာ၍ပြန်ခဲ့သည်။ အခေါင်တွင် ပစ္စည်းတွေချထားခဲ့ပြီး အခန်းပင်မရှင်းနိုင်ဘဲ နန်းဝါနှဲ့ထံ ထွက်ခဲ့လေသည်။

မင်္ဂလာဒုံရွာကုန်းရွာကလေးထဲမှ နန်းတို့အိမ်သို့ ရောက်သောအခါ ဆု ကြိုတင်မျှော်လင့်ထားသည့်အတိုင်း အစ်ကိုကြီးကိုဘိုကြည်နှင့်ကျော်ခွေကို ရောက်နေကြသည်။ ဆုကိုမြင်လျှင် ကိုခွေ့မျက်နှာ ဝင်းပသွားဟန်၊ ရုတ်ခြည်းကိုယ်ရှိန်သတ်လျက် အပြုံးပျက်ပြယ်ကာ မျက်လွှာချလိုက်ဟန်တို့ကို ဆုက မိမိရရ မြင်လိုက်ရ၏။

အစ်ကိုကြီးကတော့ 'နန်းရေ ဆုလာပြီဟ' ဟု ဝမ်းသာအယ်လဲ ပြေးဆင်းလာခဲ့သည်။

'ဆုက ဝလို့လှလို့ဟယ်' ဟု ပိန်သွားရှာသော နန်းက ဝမ်းပန်းတသာ နှုတ်ဆက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုက နန်းနည်းတူ ပိန်သွားကာ နဂိုသွယ်လျနေရာမှ ပါးချောင်နားချောင်ဖြစ်နေသော ကျော်ဆွေကို့ဘက်သို့ မလုံမလဲ မျက်လုံးဝေ့မိလျှင် ကျော်ဆွေကိုက မျက်လုံးလွှဲပစ်လေ၏။

ခင်မောင်မောင့်လက်ထဲမှ တစ်လသားငယ်ကို ဆုက ပွေ့ချီယူလိုက်သည်။ နန်းက သားရေခင်းခုပေးမည်ပြုဆဲမှာပင် သားငယ်က ရှူရှူပေါက်ချလေ၏။

'စာလည်း မည်မည်ရရ မကျက်ဖြစ်ပါဘူးဆုရယ်။ နန်းက ကလေးတစ်ဖက်နဲ့ အချိန်ကုန်တာ။ ကိုဆွေတို့လာရင် ခေါက်ဆွဲတို့၊ အစိမ်းကြော်တို့ ပါလာတတ်တယ်။ ပြီးတော့ ထမင်းတစ်အိုးတည်ပြီး စားကြတာပဲ။ တစ်ခါတလေလည်း ပြီးစလွယ်ပဲ ဘဲဥကြော်စားကြရော။ အစ်ကိုကြီးလည်း ဖဲသိပ်မရိုက်ဖြစ်တော့ နန်းတို့ မီးဖိုချောင်ထဲ ကိုဆွေနဲ့တစ်လှည့်စီ လိုတာဖြည့်နေကြတယ်။ အဖေက တစ်ခါနှစ်ခါတော့ ပို့ပါရဲ့။ အကြွေးတွေဆပ်ရသေးတော့ လုံးလည်လိုက်နေတုန်းပဲ'

စသည်ဖြင့် နန်းနှင့်တွတ်ထိုးကြရသည်။

'ဆု စောပြန်လာမယ်လို့ နန်းပြောထားလို့ သူမျှော်မျှော်နေတာ။ ခြေသံကြားရင်း လှည့်ကြည့်ရင်းနဲ့ သနားစရာပဲ။ နန်းတို့က မသိဟန်ဆောင်နေပါတယ်။ ဆုက နှုတ်တောင်မဆက်ဘူး'ဟု တိုးတိုးကြိတ်၍အပြစ်တင်သေးသည်။

'သူငယ်ချင်းတွေပဲ တကူးတကများ နှုတ်ဆက်ရ



ဦးမှာလား'ဟု ဆုက မင်သေသေနှင့် ပြောပေမယ့် ပွင့်လင်းသောမရွှေနန်းက 'အို... သူက ဆုကိုချစ်နေတဲ့ဟာ'ဟု တည့်တည့်ပြောလေ၏။

ခင်မောင်မောင် ထမင်းအိုးတည်ဖို့ ဆန်ကောက်လျှင် ကိုဘိုကြည်က ထင်းမီးမွှေးဖို့ပြင်သည်။

'အစ်ကိုကြီးတို့ စာကျက်ကြပါ။ တို့ ချက်ပါ့မယ်'ဟု ဆုက တာဝန်လွှဲပြောင်းယူလျှင် ခင်မောင်မောင် ဟန်လုပ်နိုင်ဘဲ ဆန်ဇန်းချကာ အိမ်ရှေ့သို့ သုတ်ခြေတင်လေ၏။

'နင့်တစ်ယောက်တည်း နိုင်မလား'ဟု အစ်ကိုကြီးက စိတ်မဖြောင့်။

'အံမယ်လေး... မီးဖိုနားနေရလွန်းလို့ ခြေမွေးလက်မွေးတောင် မီးလောင်ပြီး ပြောင်နေတဲ့တို့ပါ'ဆိုတော့ အစ်ကိုကြီး ပြုံးသည်။

ဆု နှင်သော်လည်း မသွားဘဲ ဆန်ဝိုင်းကောက်ရင်း 'ဖိုးဆွေ သိပ်စိတ်လေတယ်ကွာ။ ရိပ်မိတာဖြစ်မှာ စိုးနေရတယ်'ဟု တစ်နှစ်ထပ်နေရမည့်အန္တရာယ်ကို တင်ပြလေ၏။

ဆုက သူ့မနှင့် မသက်ဆိုင်လေဟန် ဒန်အိုးထဲ ဆန်ထည့်၍ရေဆေးသည်။ ဆန်ဆေးရာသို့ အစ်ကိုကြီး လိုက်လာပြန်သည်။

'နင် ရက်စက်လွန်းပြီ မိဆု'

'ဘုရားရေ...'

'ငါ့ကို ပြုံးပြဲပြဲမနေနဲ့။ ငါ အတည်ပြောတာ။

www.burmeseclassic.com

www.burmeseclassic.com



ဖရက်ဒီတုန်းက နင်စိတ်ဆိုးတာ ငါနားလည်တယ်။ ငါ နင့်ဘက်ကနေနာခဲ့တာ နင်အသိပါ။ ခုကိစ္စမှာတော့ နင် လွန်လွန်းတယ်။ နင့်ကြိုက်ရတာ ငရဲပန်းပန်ရသလို ဖြစ်နေပြီ'

သည်တော့ ဆု မခံချင်။

'ပြောရက်လိုက်တာ။ ငရဲပန်း ပန်ရသလိုတဲ့'

'နို့… မဟုတ်ဘူးလား။ နင့်လို အသည်းမာတဲ့ မိန်းမမျိုးကို ချစ်မိတာ ဝဋ်ပဲ… ဝဋ်ပဲ'

'တို့မှာ ဒါတွေအတွက် အချိန်မရှိဘူးဆိုတာ အစ်ကိုကြီးတို့ သိသင့်ပါတယ်'

'သိပါတယ်၊ ဒါပေမယ့် နင် ပြန်မကြိုက်တိုင်း ပစ်ပစ်ခါခါ မလုပ်ပါနဲ့ မိဆုရာ။ ဒီကောင်ဟာ ကလေးလို အေးချမ်းဖြူစင်တာ နင်လည်းအသိ။ အချစ်ရေးမှာလည်း လေးနက်တဲ့ လူစားမျိုး။ အပူအပင်ကင်းတဲ့ သူ့ဘဝမှာ နင် ငြင်းပယ်တာဟာ သိပ်ပြီးထိခိုက်စေတာပေါ့။ ဒါကို နင် ဖျောင်းဖျောင်းဖျဖျနဲ့ ခံသာအောင်ဖေးမပါကွာ။ သူငယ်ချင်း အရင်းအချာတွေမဟုတ်လား'

မီးရှိန်တက်လာပြီမို့ ဆုမြတ်လှိုင်က ထမင်းအိုးတည်သည်။

'တို့ဘက်ကလည်းစဉ်းစားပါဦး အစ်ကိုကြီး။ ခု လောက် ပြတ်ပြတ်သားသားနေလို့ ပြောလို့မရလို့။ တို့က သူ့ကို အခင်အမင်မပျက်ဆက်ဆံရင် တို့ကို အနေမတတ် အထိုင်မတတ် ရေလာမြောင်းပေးတဲ့အဖြစ်မျိုး ပြောတော့မှာ



ဆင်းရဲတဲ့သူကို အထင်သေးတိုင်း ဝိုင်းပြီးနှိမ့်ချကြတော့မှာ'

'နင်က ခင်မင်လာတဲ့ သံယောဇဉ်တွေ ထည့်မတွက်ဘဲ သူများ လျှာအရိုးမရှိတိုင်းပြောမယ့် အတင်းအဖျင်းတွေကို အလေးအနက်ထားတယ်ပေါ့'

'ဟုတ်တယ်၊ တို့ အပြောမခံချင်ဘူး။ မခံနိုင်ဘူး'

'ဒီမယ် ဆု၊ မဟုတ်မဟတ် အတင်းအဖျင်းဆိုတာ ရေရှည် မခံပါဘူးကွာ။ ခဏနဲ့ ပျောက်ပျက်သွားတာမျိုးပါ။ ကိုယ်ကောင်း ခေါင်းဘယ်မရွေ့တဲ့'

ဆုသည် မအူပင်မှသယ်လာသော ငါးရံ့အူဟင်းကို ပြန်နွေးရန် ဒယ်အိုးထဲထည့်သည်။ ဆုစိတ်ကိုကလည်း ထွေပြားပြီမို့ ခေါင်းရွေ့နိုင်တာ အစ်ကိုကြီးမသိ။

'သူ တို့ကို ချစ်ဖို့မကောင်းဘူး'

'ဘာ…'

'သူကကော တို့ကို ဘာလုပ်လို့ချစ်ရတာလဲ'

'ခက်ပါပြီဟာ၊ ဘာလို့ချစ်ရတာလဲဆိုတော့ ငါ ဘယ်လိုရှင်းပြရမလဲ။ ချစ်တာပဲ သီအိုရီကို သက်သေပြသလို အထောက်အထားတွေ ရှာရဦးမှာလား။ ချစ်ချင်လို့ချစ်တာပေါ့ဟ'

'တို့ဆိုလိုတာက ဒီလိုပါ။ သူ့နားမှာ သူ့လို အစစအရာရာပြည့်စုံပြီး ဒါဟာစဉ်းစားဖို့ အချိန်ပိုတွေလည်းရှိတဲ့ မိန်းကလေးတွေရှိသားနဲ့ တို့ကို လာပတ်သက်ဖို့ မကောင်းဘူးလို့'

www.burmeseclassic.com

www.burmeseclassic.com



'နင်က ဘယ်သူ့ကိုဆိုလိုတာလဲ'

'မဆိုလိုပါဘူး'

'အချစ်ပါဆိုမှဟာ။ ဒီလိုသာ အမိန့်ပေးလို့ စေခိုင်းလို့ရမှဖြင့် လောကကြီး ဒီလိုမနေတော့ဘူး အရူးမရဲ့'ဟု စိတ်ပျက်လက်ပျက် ငေါက်ငမ်းပြီးမှ 'နင့်ကို ဒီကောင်ကြောက်ပါတယ်ဟာ။ နင် မကျေနပ်ရင် ဘာမှထပ်မပြောရဲပါဘူး။ စကားလေးဘာလေး ပြန်ပြောပြီး စာကျက်ခိုင်းစမ်းပါ'ဟု ချော့မော့သည်။

'တော်ကြာ မျှော်လင့်ချက်ပေးတယ်ပြောရင်ကော'

'ဒီမှာ မိဆု၊ ငါ ဒီထက်လည်း ပိုမပြောတတ်တော့ဘူး။ ငါကတော့ သူ့တစ်ယောက်တည်း လွှတ်မထားခဲ့နိုင်ဘူး။ ဒီကောင်မဖြေနိုင်ရင် ငါပါ အကျခံမယ်'

ကိုဘိုကြည် စိတ်ဆိုးမာန်ဆိုး အိမ်ရှေ့ထွက်သွားတော့သည်။ သူ၏ နောက်ဆုံးစကားသည် ဆုကိုအရှိက်မိကာ အထိနာစေလေ၏။

ကလေးကိုချီပွေ့ထားပေးကာ နန်းကို စာကျက်စေသော်လည်း စာကျက်သူလေးယောက်မှာ တက်တက်ကြွကြွမရှိဘဲ တစ်ထောင့်စီတွင် တစ်မျိုးစီ တွေဝေနေကြလေ၏။

ကလေးအိပ်လျှင် ဆုက ထမင်းပွဲပြင်သည်။ ဆုမှာ အိမ်ရှေ့နှင့်မီးဖို ကူးချည်သန်းချည် အလုပ်များနေပေမယ့် ကျော်ဆွေကိုကမကြည့်ဘဲ အဝေးသို့ ငေး၍သာနေ၏။ သူ့အနီးတွင် ခန္ဓာဗေဒစာအုပ်သည် မျက်နှာငယ်နေလေသည်။



'နန်းရေ ထမင်းစားကြစို့... ခင်မောင်မောင်... အစ်ကိုကြီး'

ဆုက တံတွေးတစ်ချက်မျိုချပြီးမှ–

'ကိုဆွေ လာလေ'ဟု ဆက်ခေါ်လိုက်ရာ အသံအဖျားခတ် တုန်ခါသွားသည်ထင်မှတ်လျက် ဆုကိုယ်ဆု ကျိန်ဆဲမိလေ၏။

ကျော်ဆွေကိုက မျက်လွှာပင့်ကြည့်ခိုက် အစ်ကိုကြီးသည် ပြုံးပြုံးကြီးနှင့် ကျော်ဆွေကို့လက်မောင်းကို ဆွဲထူ၏။ အစ်ကိုကြီးဆွဲခေါ်ရာသို့ ကျော်ဆွေကို အလိုက်သင့်ပါလာလေသည်။ ထမင်းဝိုင်းစားကြသည့်အခါ အကြံသမားတွေ နေရာယူလိုက်ပြီးနောက် ဆုအတွက် ကျော်ဆွေကို့နံဘေးမှာပဲ နေရာကျန်လေ၏။

ထမင်းဝိုင်းမှာ ခြောက်ကပ်ကပ်နိုင်နေ၏။ နယ်မှပြန်မရောက်သေးသော စောဒီလုံးနှင့်မင်းမော်ကို ကြိတ်၍တမ်းတကြသည်အထိ။

ထမင်းစားပြီးသည်နှင့် ကိုဘိုကြည်က ဘုရားစင်ရှေ့တွင် ဖျာတစ်ချပ်ခင်းကာ ကျောဆန့်တော့သည်။ ခင်မောင်မောင်နှင့် နန်းဝါနွဲ့ကလည်း ရှောင်ပေးမှန်းသိသိသာသာ အိပ်ခန်းထဲမှ ထွက်မလာတော့။

နှစ်ယောက်အတူ ပန်းကန်များကို မီးဖိုထဲသယ်ကြစဉ် စကားမဆိုဖြစ်။ ဆု ပန်းကန်ဆေးစဉ် သူက ဆေးပြီးပန်းကန်များကို အဝတ်နှင့်သုတ်သည်။ သုတေသနအခန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အနမ်းပွင့်တို့ ကြွေခဲ့ဖူးကြောင်း အလိုလိုသတိရနေကြလေ၏။

'စာကျက်ပြီးကုန်ပြီလား'

'နည်းနည်းပါးပါးပေါ့'

'တစ်ပတ်ပဲ လိုတော့တာ'

ကျော်ဆွေကိုက တစ်စုံတစ်ရာမဖြေဘဲ ပန်းကန်များကို စင်ပေါ်မှောက်ထားနေ၏။

ဆုသည် ရုတ်တရက် အားမလိုအားမရဖြစ်ကာ 'ဘာလို့ စာမကျက်တာလဲဟင်။ အဲဒါ လုံးဝ အဓိပ္ပာယ်မရှိဘူး။ တို့ မကြိုက်ပါဘူး'

ကျော်ဆွေကိုက မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ဘာမှမပြော။

'တစ်နှစ်တစ်နှစ် အချိန်တွေ ဘယ်လောက်ကြာသလဲ။ ခုနစ်နှစ်ဆိုတဲ့ခရီးဟာ အကြာကြီး။ ခုပဲကြည့်၊ နားရမယ့်နေ့မှာ အတန်းတွေပြန်တက်၊ စာတွေကျက်ရနဲ့ ဘယ်လောက်ပင်ပန်းနေပြီလဲ'

ကျော်ဆွေကို လက်သုတ်ရင်း မျက်နှာလွှဲလျက်က တစ်လုံးချင်း ဖြည်းလေးစွာပြောလေသည်။

'စာမေးပွဲကျရင် ဆု သနားမယ်ထင်လို့ မဟုတ်ပါဘူး။ တို့ စာကိုကျက်လို့မရလို့ပါ။ ပြီးတော့လည်း ဆု အတွက် စာမေးပွဲဟာ အရေးကြီးဆုံးပေမယ့် တို့အတွက်တော့ အရေးမှမကြီးတာဘဲ။ ဆု စေတနာနဲ့ရှင်းပြလည်း တို့ နားလည်တာ တခြား၊ လက်ခံတာ တခြား၊ ဘာပုံစံတွေ



ဘယ်လို ချမှတ်ထားလဲ။ လူတွေဟာ ကိုယ်လျှောက်ချင်သလို လျှောက်ကြမှာပဲ မဟုတ်လား'

ဆု ပါးစပ်ကလေးဟကာ တရားဆက်မဟောတတ်အောင်ပင် စကားစပျောက်သွားလေ၏။

သိမ်းပြီးဆည်းပြီး ဆု အိမ်ရှေ့ထွက်ခဲ့သည်။ ဝရန်တာတွင် ခန္ဓာဗေဒစာအုပ်ကို စိတ်မပါလက်မပါ ဟိုသည်လှန်လှောနေသော ကိုဆွေ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

'ကိုဆွေ'

အကြင်နာမျက်ဝန်းများသည် သူ့ကို ရွှန်းရွှန်းလဲ့လဲ့စိုက်ကြည့်ကာ ပြုံးနေတော့ ကျော်ဆွေကို့ရင်မှာ တသိမ့်သိမ့်ဖိုလှိုက်မိသည်။

'စိတ်ညစ်မနေပါနဲ့ ကိုဆွေရယ်။ တို့ သူ့ကို စိတ်မဆိုးပါဘူး'

ပြောရင်း ဆုတာသာအတွေးနက်ကာရှက်မိသေးသည်။

'ပြီးခဲ့တာတွေကို ခဏမေ့ထားရအောင်နော်။ ပြီးတော့လည်း ဘာပဲဖြစ်ဖြစ် တို့တစ်တွေဟာ သူငယ်ချင်းတွေပဲ မဟုတ်လား'

ဆုက သူ့စာအုပ်များကို ကောက်ယူစစ်ဆေးကြည့်ရှုနေသည်။

'တို့ဘက်က သူငယ်ချင်း မဖြစ်နိုင်တော့ဘူး'

ကဲ… ဘယ်လောက်များ ခက်လိုက်ပါသလဲ။

'ဘာတွေ ကျက်ပြီးပြီလဲဟင်။ ရေးဖြေအတွက်

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာတွေ အရင်ကျက်ဦး။ ပြီးမှပဲ နှုတ်ဖြေအတွက် သပ်သပ်လုပ်ယူရတော့မှာပဲ’ဟု ဆက်ပြောသည်။

ဇွတ်အတင်း စာစကားပြောနေသော ဆု၏ပြုံးမျက်နှာကိုကြည့်ကာ ပထမဆုံးအကြိမ်အဖြစ် ကျော်ခွေကို ပြုံးမိသည်။ အပြစ်ကင်းသော သူ့မျက်နှာကို ဆုကလည်း ပင့်သက်ရှိုက်ရင်း ရိုက်မိသောသားငယ်ကို ပြန်လည်ချော့မော့သည့် မိခင်တစ်ဦး၏အကြည့်မျိုးဖြင့် ငေး၍ကြည့်နေမိချေ၏။

ဆု၏အတွေးထဲတွင် ခန္ဓာဗေဒ၏ကြွက်သားတွေ၊ သွေးကြောတွေ၊ အာရုံကြောတွေကြားမှ ကဗျာတစ်ပုဒ် လူးလွန့်တိုးထွက်လာချေသည်။

ကဗျာဆရာမ ငွေတာရီ၏ ‘အချစ်’ပါတဲ့လေ။

**လန့်ကြောက်မိ၍**
**ချစ်မည့်အရေး**
**ငါ မတွေးခဲ့။**
**ရှုံ့ရှာမိ၍**
**ချစ်သည့်စာလုံး**
**ငါ မကုံးခဲ့။**
**ချစ်ဆုံးဘယ်မှာ မမျှော်ပါလည်း**
**ခုခါချစ်မြား ငါ့သည်းကြား၌**
**တအားစူးနစ် သတိလစ်သည်**
**သည်ချစ်ငါ့ရှောင် မလွတ်တကား...။**

## အခန်း (၁၃)

တတိယနှစ် ဆေးကျောင်းသူကျောင်းသားများလည်း စာသင်ခန်းနှင့်ဆေးရုံ ပြေးလွှားကူးသန်းကြရပြီ။ ဆေးပညာကို မင်္ဂလာဒုံစစ်ဆေးရုံနှင့် မြောက်ဥက္ကလာပ ဆေးရုံတို့တွင် အလှည့်ကျတာဝန်ချထား သင်ကြားပေးလေသည်။ ယခင်က သည်အတန်းရောက်လျှင် နက်တိုင်လည်စည်းနှင့် ဘောင်းဘီနှင့် ရှူးဖိနပ်နှင့် နတ်ရေကန်ထဲဆင်းလိုက်သလို အသွင်ပြောင်းရမြဲပေမယ့် နောက်ပိုင်း၌မူ ဘောင်းဘီစျေးကြီးသည်က တစ်ကြောင်း၊ မြန်မာဆန်လိုသည်က တစ်ကြောင်း တတိယနှစ်ကျောင်းသားတို့အဖို့ ဂျူတီကုတ်နှင့်နားကျပ်ပဲ လိုအပ်လေ၏။

နားကျပ်အသစ်စက်စက်ကလေးများကို နာမည်ရေးထိုးထားသော တိပ်များ ကိုယ်စီကပ်ပြီးချိန်တွင် ကျော်ခွေကိုက ဆုမြတ်လှိုင်အား နားကျပ်ချင်းလဲလှယ်ကြဖို့ တောင်းဆိုလေ၏။ ဤသို့ဖြင့် ဆုမြတ်လှိုင်၏နားကျပ်တွင် ‘ခွေ’

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆွေကို့နှားကျပ်တွင် 'ဆု'ဖြစ်၍ နေလေ၏။

စာမေးပွဲကျ၍ ခုံနံပါတ်အောက်ရောက်သွားပြီဆိုတော့ တကွဲတပြားစီဖြစ်သွားကြရကား အလွမ်းပြေ ဆု၏နှားကျပ်ကလေးကိုပဲ ကိုယ်နှင့်မကွာအောင် ထားတော့မည်ဟု ကျော်ဆွေကိုက ဆိုလေ၏။

ခွဲစိတ်ကုသပညာနှင့် ဆေးပညာတာဝန် 'ပို့စတင်' ချထားသောအခါ ခင်နှင်းဖြူနှင့် ရီရီညွန့်သည် ဆု၊ နန်းဝါနွဲ့တို့နှင့် တစ်ဖွဲ့တည်းဖြစ်လာခဲ့သည်။ မြောက်ဥက္ကလာဆေးရုံသို့ သွားရတိုင်း ခင်နှင်းဖြူက အိမ်မှ အကြိုအပို့လုပ်သောကားနှင့် အတင်းခေါ်မြဲ ဖြစ်လေသည်။

ဆုမြတ်လှိုင်မှာ ခင်နှင်းဖြူနှင့်ပတ်သက်လျှင် လိပ်ပြာမသန့်ချင်။ တစ်ဖက်ကလည်း ခင်နှင်းဖြူသည် ကျော်ဆွေကို့အသိုင်းအဝိုင်းက လိုလာသူမှန်းသိရှိလျက် မနာလိုစိတ်ကဆုရင်ထဲသို့ ပုန်းလျှိုးကွယ်လျှိုး ခိုအောင်းလာခဲ့သည်။ သို့စဉ်လျက် ဘယ်အခါမှ ဆုအပေါ် ထေ့ငေါ့ပြုမူခြင်း မရှိသောခင်နှင်းဖြူကို ဆု မချစ်ပါဘဲလျက် မုန်းရခက်လေ၏။

ခင်နှင်းဖြူကိုယ်တိုင်ကလည်း ဆုမြတ်လှိုင်ကို ချစ်လှသည်မဟုတ်သော်လည်း ကျော်ဆွေကို သူမကိုမချစ်ခြင်းသည် ဆုမြတ်လှိုင်အပြစ်မဟုတ်ကြောင်း နားလည်နေသည်။ လုပ်ကြံ အတင်းအဖျင်းပြောလောက်အောင်လည်း ခင်နှင်းဖြူ မသေးသိမ်လှိုပေ။

'မိမောင်ငယ်ငယ်က နေ့တိုင်း မာမာ သွားစောင့်ပြီး



နေ့လယ်စာကျွေးရတယ်။ ကိတ်တို့၊ ကွတ်ကီတို့၊ အိုက်စကရင်းတို့ယူသွားပြီး ကျွေးပေမယ့် သူကလေ သူ့သူငယ်ချင်းမုန့်ဘူးထဲက မုန့်ဗိုင်းတောင့်တို့ မုန့်လိပ်ပြာတို့မှ စားချင်တယ်။ မုန့်ချင်း လဲကျွေးရတော့ မာမာက စိတ်တိုတာပေါ့။ မုန့်တော့ထားပါတော့ ခင်နှင်းဖြူရယ်။ ပိုအရေးကြီးတဲ့ကိစ္စတွေမှာတော့ တန်ဖိုးကိုတွက်တတ်ဖို့ လိုတာပေါ့။ မိမောင်ကြောင့် မာမာ စိတ်ညစ်နေရှာတယ်။ ဆူဆူပူပူလုပ်လည်း သူက ထုံပေပေရယ်။ အကဲပဲ ကြည့်နေရတာပဲ'

ကျော်ဆွေကို နူတ်နည်းသလောက် သူ့အစ်မစန္ဒာကိုက စကားပြောကောင်းလှလေသည်။

'ဒီနှစ် ဆုနဲ့ အုပ်စုမတူဘူး'ဟုပြောကာ ခေတ္တစဉ်းစားပြီးမှ –

'ဆုက ကိုဆွေ့ကို ငြင်းပါတယ်'ဟု ခပ်ဆိုင်းဆိုင်းပြောသည်။

'အဲဒါပဲကြည့်။ ဒေါက်တာဦးဖုန်းကိုရဲ့သားကို စက်ချုပ်သည်မြေးက ငြင်းတယ်ဆိုတာ ဘယ်လောက် အခံရခက်သလဲ။ သူ အသုံးမကျလို့ပေါ့'

'ဆုမှာ ပညာမာနရှိတယ် မမစန္ဒာ'

'တစ်နေ့ကျ အမ်ဘီဘီအက်စ်ချင်း အတူတူ ဖြစ်ကြမှာပါပဲ'

'ဆုက တစ်ဘွဲ့မက ရည်မှန်းမှာပေါ့'

ခင်နှင်းဖြူမှာ သူမကို ကျော်ဆွေကို မရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းအတွက် နားမလည်နိုင်သော်လည်း ဆုမြတ်လှိုင်ကို အဘယ်ကြောင့် ရွေးချယ်ကြောင်းတော့ နားလည်သလိုရှိလေ၏။ အပြင်အဆင်၊ အခြယ်အသမလိုဘဲ လှပသော ဆု မျက်နှာ၊ အဆင်ပြေ အချိုးကျသော ကိုယ်နေဟန်သာမက မာနကြီးသော မျက်လုံးများက ဆွတ်ချူရန် ခက်ခဲကြောင်း ဖော်ပြနေသလိုပါပဲ။ တချို့က အဖြူရောင် နှစ်သ်ကပေမယ့် အချို့ကျ ပန်းရောင်မှ လှသည်ထင်ကာ အချို့ကတော့ ခရမ်း သွေးခြယ်မှ စိတ်ကူးယဉ်ပန်းချီဆန်သည်ဟု ယူဆပေမည်။ တစ်ဖန် ယောကျ်ားများသည် အဆင်သင့် ကြွေလာသော ပန်းကို မနမ်းချင်။ လက်လှမ်းမမီမှဘဲ တုံးခုန်၍ ချိုင်ချင် ချူချင်လေသလား။

အတူတွဲကာ သွားလာရမှ ခင်နှင်းဖြူသည် ဆုကို ပို၍ အံ့ဩရသည်။ မည်မျှပင် ဆာလောင်သော်လည်း ဆု သည် သွားရေစာ ဝယ်စားလေ့မရှိ။ အသင့်ဆောင်လာမြဲ မာရီ ဘီစကစ်များနှင့်သာ ဝမ်းဖြည့်တတ်ကာ အလွန်ဆုံး အချဉ်ထုပ်သာ ဝယ်မြဲလေ၏။ အားလပ်ချိန်များတွင် ခင်နှင်း ဖြူတို့ ဟိုအကြောင်း သည်အကြောင်း ပြောဆိုရယ်မောရာ တွင် ပါဝင်ဆွေးနွေးခြင်း မရှိမူ၍ နှုတ်ဆိတ်မြဲ။ ဖြစ်နိုင်လျှင် ကျောင်းစာအုပ်နှင့် မျက်နှာမခွာတမ်း ငြိမ်သက်နေတော့ သည်။ နှန်း ပြောလေ့ရှိသည့် 'ဆုဟာ သူ့ဘဝကို သူ အကျဉ်းချထားတယ်'ဟူသောစကားကို ခင်နှင်းဖြူ သဘော ပေါက်သလိုလို ရှိချေ၏။ အစစအရာရာ မှိုသိပ်လွန်း၊ ထိန်း



သိမ်းလွန်းလှသောကြောင့် ပတ်ဝန်းကျင် အပြင်ဘက်သို့ ရောက်မှန်းမသိရောက်ကာ သီးသန့်ကမ္ဘာ တည်ဆောက်နေ သော ဆု။ မည်သည့်အရေးကိစ္စကိုမှ စိတ်ပါဝင်စားခြင်း မရှိ။ ပြောလည်း မပြောတတ်သလို သူမ၏ အရေးကိစ္စ မှန်သမျှလည်း သူမ၏ သီးသန့်ကမ္ဘာမှာပဲ သိမ်းဆည်းထား လေ၏။

တတိယနှစ်တွင် နံနက်ပိုင်း၌ ဆေးရုံတွင် လူနာ များကို စမ်းသပ်လေ့လာရင်း ပညာရှာကြရသည်။ လူနာ တစ်ဦးကို ရှေးဦးစွာ ကြည့်ရှုလေ့လာခြင်းပြီးမှ ထိတွေ့စမ်း သပ်ခြင်း၊ ခေါက်ကြည့် လှုပ်ကြည့်ခြင်းနှင့် နောက်ဆုံး တွင်မှ နားကျပ်ကို အသုံးပြုရန် အဆင့်ဆင့် လေ့ကျင့်ရလေ ၏။ ရောင်နေသော အသည်းတို့၊ သရက်ရွက်တို့ကို မည်သို့ စမ်းသပ်၍ စမ်းသပ်တွေ့ရှိသော အကြိတ်အဖုတစ်ခုကို မည် သို့ ရှင်းလင်းအောင် ဖော်ပြမည် စသည်ဖြင့် အခြေခံလူနာ စမ်းသပ်မှုပညာကို ကိုယ်တိုင် လူနာကြားမှာ ရှာဖွေကြ ရသည်။

ညနေပိုင်းများတွင်မူ ကျောင်းသို့ပြန်ကာ ရောဂါ ဗေဒ၊ ဆေးဝါးဗေဒနှင့် အဏုဇီဝဗေဒတို့ကို စာလည်းသင်၊ လက်တွေ့လည်း လုပ်ကြရသည်။ ဆေးပညာ သင်ကြားရာ တွင် အရာရာ၌ လက်တွေ့စမ်းသပ်ခြင်း မကင်းနိုင်ခဲ့။ အဏု ဇီဝဗေဒရပ်တွင် ဘက်တီးရီးယား၊ ဗိုင်းရပ်၊ ရစ်ကက်စီယား ကပ်ပါးကောင်များ စသည်ဖြင့် ရောဂါဖြစ်စေသော ပိုးမွှား

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါများနှင့် ရောဂါများကို လေ့လာရင်း လူ၏တုံ့ပြန်ခံနိုင်မှုကိုလည်း သင်ယူကြရသည်။ ဆီး၊ ဝမ်း၊ သွေး၊ သလိပ်များကို မှန်ပြားမှာဆွဲကာ ဆေးဆိုးခြင်း၊ အဏုကြည့်မှန်ပြောင်းဖြင့် လေ့လာခြင်းတို့ဖြင့်လည်း အချိန်ကုန်ကျရသည်။ ဆေးဝါးဗေဒဘာသာရပ်ကို ကျက်မှတ်ရာတွင် အမျိုးပေါင်း များစွာသော ဆေးဝါးများ၏ အမည်နှင့် တန်ခိုးသတ္တိတို့သည် ဦးနှောက်များ ဆူပွက်မတတ် ချာချာလည်စေသည်။ မည်သည့်လမ်းကြောင်းအားဖြင့် ဆေးဝါးသည် ခန္ဓာကိုယ်အတွင်းသို့ အမြန်ဆုံး ပျံ့နှံ့ရောက်ရှိကာ လိုအပ်သော အစွမ်းအာနိသင်ကို ပေးနိုင်မည်ကိုသိရှိရေးအတွက် ဖားငယ်လေးတစ်ကောင်စီကို အချိန်သတ်မှတ်၍ စတရက်စ်ကိနင်း (Strychnine) တိုက်ကျွေးခြင်း၊ အရေပြားအောက် ကြွက်သားအောက်နှင့် ဝမ်းဗိုက်အတွင်း အမြှေးပါး (Peritoneum) ထဲ အသီးသီးဆေးထိုးထည့်ခြင်းပြုလုပ်ကာ ခြေလေးဘက်ထောင့်တန်းပြီး တက်သွားချိန်ကို မှတ်သားကြရသည်။ တစ်ဖန် ယုန်ကိုရင်ခွဲ၍ နှလုံးသားထုတ်ယူကာ တဆတ်ဆတ်ခုန်လှုပ် ရှင်သန်ဆဲ နှလုံးသားနှင့် ဆေးဝါးအချို့ တွေ့ဆုံထိစပ်စေကာ ဆေးတန်ခိုးအားဖြင့် နှလုံးအပေါ် အကျိုးအာနိသင် သက်ရောက်ပုံကို လေ့လာ မှတ်တမ်းတင်ကြရပြန်သေးသည်။

ရောဂါဗေဒ ဘာသာရပ်ကား တတိယနှစ်မှာ သာမက နောက်ဆုံးနှစ်အပိုင်း(က)သို့တိုင် ဝန်တာဖိစီးလျက်



ကျောင်းသားအများစုကို အိပ်မက်ဆိုးမြင်မက်စေနိုင်စွမ်းရှိလေသည်။ ထူထဲသော စာအုပ်ကြီးထဲတွင် ရောဂါများမှာ လေ့လာကျက်မှတ်၍ပဲ မကုန်ခမ်းနိုင်။ သာမန် ကျန်းမာသော အနေအထားမှသည် ရောဂါကြောင့် ယိုယွင်းပြောင်းလဲခဲ့သော ကိုယ်ခန္ဓာအစိတ်အပိုင်းများမှ တစ်ရှူးအဖွဲ့အစည်းများကို အဏုကြည့်မှန်ပြောင်းအောက်ဝယ် လေ့လာကာ ရောဂါအမည်တပ်ရသည်။ အားလပ်ချိန်တွင် ရောဂါဗေဒပြတိုက်တွင်းရှိ ဆေးစိမ်ထားသော ရောဂါဖြစ်ထားသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို အပြေးအလွှား လေ့လာကြည့်ရှုရပြန်လေ၏။ မြင်တွေ့ရသော လက္ခဏာများအပေါ် ဝေဖန်ဆန်းစစ်လျက် 'ဟောဒါ အဆုတ်အအေးမိတာ၊ ဟောဒါက အဆုတ်နာရောဂါ၊ ဒါကတော့ အဆုတ်ကင်ဆာ' ဟု ရောဂါအမည်တပ်နိုင်ရန် လိုသလို တစ်ခါတစ်ရံတော့ အဏုကြည့်မှန်ပြောင်းနှင့်လေ့လာမှ အတိအကျသိရမည့် လက္ခဏာတွေနှင့် ရင်ဆိုင်ရတတ်ပြန်သည်။ 'အဲဒါက အစာအိမ် အနာပေါက်ထွက်တာ။ ဒါကတော့ အစာအိမ်ကင်ဆာ' ဟူ၍ ခွဲခြားနိုင်ဖို့လိုအပ်ကာ 'ဒါက အူသိမ်မှာ တီဘီရောဂါဖြစ်တာ၊ ဟိုဟာကတော့ အူယောင်ငန်းဖျား တိုက်ဖွိုက်ပါ' ဟုလည်း သိရပြန်လေ၏။

ရောဂါဗေဒ ပြတိုက်ထဲမှာ ကြာကြာနေလျှင် ဖော်မလင်ဆေးနံ့များမွှန်ကာ မူးချင်အန်ချင်ဖြစ်ရင်းကပင် တစ်ခါတစ်ရံ ဆေးစိမ်အင်္ဂါအစိတ်အပိုင်းမမြင်ဘဲ ယင်းတည်ရှိရာ

www.burmeseclassic.com

www.burmeseclassic.com



ဖန်ပုလင်းမှ နံပါတ်အမှတ်အသားကို ကြားရရုံမျှပင် ဘာ ရောဂါဟု အတတ်သိအောင် အလွတ်ရနေတတ်ချေသတည်း။

*

## အခန်း(၁၄)

ဆုနှင့် ကိုခွေသည် ကျောင်းမှာဆုံတွေ့လျှင် ပြုံးပြရုံ၊ စာအုပ်ငှားရုံထက် အခြေအနေ ပိုမပေးသော်လည်းစနေ၊ တနင်္ဂနွေများတွင် နန်းဝါနွဲ့တို့အိမ်ကလေး၌ သူငယ်ချင်းတွေနှင့်အတူ စုဝေးတတ်ကြသည်။ စိတ်ရောလူပါ ပင်ပန်းဆင်းရဲလာပြီဆိုတော့ ထုပ်သားငယ်မှာ မခိုင်ခဲ့လေတော့လည်း ထုပ်တိုင်ငယ်မှ ပိုးထိုးကာ ခင်မောင်မောင်နှင့် နန်းဝေနွဲ့တို့ အိမ်ထောင်ရေးတွင် အဖုအထစ်တွေ များလာခဲ့လေသည်။ ကျောင်းတက်ချိန်တွင် အိမ်နီးချင်း အဒေါ်ကြီးထံ ကလေးရောအိမ်ပါပစ်ခဲ့ရသလို ကျောင်းမှ ပြန်အရောက် ခြေပစ်လက်ပစ် လဲလျောင်း နားနေလိုလျက်က သားကို ထိန်းရ၊ မီးဖိုချောင်ဝင်ရမို့ နန်းက ခင်မောင်မောင့်ကို တွက်ကတ်သည်။ ညတစ်ရေးနိုး၍ ကလေးထငိုလျှင် ဘယ်သူမှ ထမချီလိုဘဲ ရန်ဖြစ်ကြရပြန်၏။ ကလေးနေမကောင်း၍ ကျောင်းပျက်ပြန်တော့လည်း မှတ်စုစာအုပ်ထဲမှာ ကွက်လပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ မျှားခဲ့ပြန်သည်။

သည်စနေ အတန်းပြီးဆုံးချိန်တွင် ကိုဘိုကြည်က…

'ခင်မောင်မောင် ညက အဆောင်ရောက်လာတယ်။ နန်းဝါနဲ့ ရန်ဖြစ်လာသတဲ့။ ကောင်မလေးကလည်း ဒီနေ့ကျောင်း မတက်ဘူး။ အဲဒါ ငါတို့သွားကြမလို့ နင်လည်းလိုက်ခဲ့ဦး' ဆိုပြန်တော့ ဆု မငြင်းသာ။

စိတ်သောကတွေ ပြေပျောက်စေတော့ဟု ချောင်လည်သော ကျော်ဆွေကိုတို့၊ ဖရက်ဒီတို့က နန်းတို့ မီးဖိုချောင်စရိတ်ကို ပံ့ပိုးပေးသလို ဆုကလည်း နန်း၏အိမ်တာဝန်များကို ခွဲဝေယူပေးခြင်းဖြင့် စုစုဝေးဝေး ပျော်ပျော်ပါးပါးနှင့် သူတို့မောင်နှံ၏ ရန်ပွဲများကို စဲစေကြမြဲ။

သည်တစ်ခေါက်တော့ နန်း၏မျက်ကွင်း၌ ညိုမည်းဒဏ်ရာစွဲကာ မေးရိုးတစ်ဖက်ဖူးယောင်လျက် ဆုတို့ကို မြင်သည်နှင့် နန်းမျက်ရည်ကျရသည်။ နန်းက အိပ်ခန်းအတွင်း ဆုကို ငိုယိုတိုင်တည်ခိုက် ကိုဘိုကြည်တို့ ချော့မော့မာန်မဲပြီး ပြန်ခေါ်လာကြသော ခင်မောင်မောင်သည် အိမ်ရှေ့ခန်းတွင် မှိုင်တွေနေ၏။

'သူ့အမေက နန်းကို ခုထိတောင်မှ ချွေးမလို့ အသိအမှတ်ပြုတာ မဟုတ်ဘူး။ သူ့သားကို ဖွတ်လုယူသွားတယ် ထင်နေတာ။ နန်းရဲ့သားဟာ သူ့မြေးပဲ။ ဒါလည်း ချစ်ရမှန်းသိတာမဟုတ်ဘူး။ သူ့အမေအိမ် တစ်ခါသွားရင် သူ့အမေက တစ်ခါငိုပြီး နန်းနဲ့ကွဲဖို့ ပြောသတဲ့။ နန်းက ဘယ်သွားနေ



ချင်ပါ့မလဲ။ မနေ့က သွားမယ်ဆိုလို့ တားရင်း စကားများကြတယ်။ ကြည့်ပါဦး၊ သူ့လက်သီးနဲ့ ထိုးထားတာ'

အနိုင်အထက် လုပ်ရက်လေခြင်းဟု ဆုက ဒေါသထွက်ကာ…

'နင် လူ့စိတ်မှ ရှိသေးရဲ့လား ခင်မောင်မောင်။ မကျေနပ်ရင် ပါးစပ်နဲ့ပဲ ပြောသင့်တယ်။ နန်းကို သူ့မိဘတွေက ရွေးလိုဥထားတယ်ဆိုတာ နင်မသိဘူးလား'ဟု ကြိမ်းမောင်းမိ၏။

'သူ့ကိုမှ သူ့မိဘက ရွေးလိုဥတာ မဟုတ်ဘူး။ ငါ့အမေကလည်း ငါ့ကို ဆင်းရဲတဲ့ကြားကပဲ အရိပ်ကြည့်ယုယလာတာပဲ။ ခုတော့ သူပင်ပန်းရတာ ဆင်းရဲရတာချည်းပဲ နေ့ရှိသရွေ့ ပြောနေတယ်။ ငါ ဖြစ်သလိုနေရ စားရတာ အမေကသိလို့ ငါ ကြိုက်တတ်တာတွေ ချက်ချက်ပြီး စောင့်နေတာကို ငါမသွားလို့ဖြစ်မလား။ အဲဒါကိုလည်း သွားပြန်ပြီ၊ စားခဲ့ပြန်ပြီနဲ့။ ဒီမှာလည်း ကြည့်ပါဦးဆုရာ၊ ငါ့ကို သူ ကုတ်ထား ကိုက်ထားတာ'

ခင်မောင်မောင် အင်္ကျီချွတ်ပြတော့ လက်မောင်းနှင့် ကျောပြင်တွင် လက်သည်းရာ အစင်းကြောင်းတွေ နီရဲလျက်။ ပခုံးမှာတော့ သွားရာအကွင်းလိုက်နှင့် ညိုမောင်းယောင်ကိုင်းနေလေ၏။

ဆုက နန်းဒဏ်ရာကို ကျပ်ထုပ်ထိုးပေးခိုက် ကျော်ဆွေကိုက ခင်မောင်မောင့်ကို ဆေးထိုးပေးရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း၍ ချော့မော့ရင်း၊ ဖျောင်းဖျရင်း လင်မယားနှစ်ယောက် မျက်နှာကြည်လင်စ ပြုလေ၏။

'ကျောင်းစာတွေ၊ အိမ်ထောင့်တာဝန်တွေ ဖိစီးနေလို့ နင်တို့ ဒီလိုစိတ်တိုနေ၊ ဒေါသကြီးနေကြတာ။ ဒီတော့ ဒီကနေ့ နင်တို့ ရုပ်ရှင်သွားကြည့်ကြ။ တစ်နာရီခွဲပွဲမီသေးတယ်။ သမ္မတရုံက ဂျပန်ကား ကောင်းတယ်ဆိုပဲ'

ကိုဘိုကြည်က အိတ်ကပ်ထဲ လက်နှိုက်တော့ ငွေနှစ်ဆယ်ထွက်လာသည်။

'ရော့… ပိုက်ဆံယူသွား။ ဒါ ငါ့ညက ဖဲနိုင်ထားတာ'

'အစ်ကိုကြီးကလည်း ဒီမျက်ကွင်းကြီး ညိုနေတာ'

'နေကာမျက်မှန်တပ်သွား'

နန်းက မေးရိုးကို စမ်းကြည့်နေသဖြင့် 'ဆံပင်ဖားလျားနဲ့ဆို မသိသာပါဘူး'ဟု ဆုကပါ ဝင်တိုက်တွန်းသည်။

'တကူးတကာတွေ အများကြီးပဲ'ဟု ခင်မောင်မောင်က အင်တင်တင် လုပ်နေပြန်ရာ သည်တစ်ခုတော့ မည်သူကမျှ အကူအညီမပေးလိုသဖြင့် ဆုကပဲ 'တို့ ကူးထားပေးပါ့မယ်ဟယ်'ဟု တာဝန်ယူလိုက်ရလေသည်။

'ကလေးကို ဆုနဲ့အိုင်လင်း ကြည့်ထားလိုက်။ ငါ ထမင်းချက်ထားမယ်။ ဟင်းတော့ ဝယ်ခဲ့ဟာ'

'ငါလည်း လိုက်ချင်လိုက်တာဟယ်'ဟု စောဒီလုံးကဆိုလျှင် မင်းမော်က…



'ဆေးရိုးသည်ကလဲဟာ ကန့်လန့်ကန့်လန့် မလုပ်စမ်းပါနဲ့'ဟု တားမြစ်လေသည်။

အဝတ်အစား လဲလှယ်ပြီး ထွက်ကြဖို့ ပြင်ပေမယ့် ခင်မောင်မောင်နဲ့ နန်းဝါနွဲ့မှာ ခပ်အမ်းအမ်း ဖြစ်နေသေးသည်။ မကျေချမ်းလှသေးဘဲ မာနမီးခဲတွေက မီးလျှံငြိမ်းသွားခိုက်ဝယ် အငွေ့တလူလူ ကျန်နေသေးသည်။

'ဒီမှာ မိနန်း၊ ညည်းတို့နှစ်ယောက် ပျော်ပျော်ပါးပါး ရုပ်ရှင်သွားရင်း လမ်းမှာ စဉ်းစားဖို့ ငါ စကားလက်ဆောင်ပေးလိုက်ဦးမယ်။ ငါတို့ သမ္မာကျမ်း စာကောရိန္တုသြဝါဒစာစောင် အခန်းကြီး ၁၃ခန်း၊ အခန်းငယ်(၄)ကနေ(၇)မှာ ဘာဆိုထားသလဲဆိုတော့ မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ငြူစူခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျော်ကန်စွာ မကျင့်တတ်။ ကိုယ့်အကျိုးကို မရှာတတ်။ ဒေါသအမျက်မထွက်တတ်။ အပြစ်ရှိသည်ဟု မထင်တတ်။ မတရားသော အမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်။ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏တဲ့။ ကဲ… သွားကြတော့'

နန်းသည် ခင်မောင်မောင့်ကို ဖျတ်ခနဲ လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ ပြုံးယောင်ပြလျက် ရှေ့မှသွားနှင့်သည်။ ခင်မောင်မောင်က အပေါင်းအသင်းများကို လက်တစ်ဖက်မြှောက်ကာ နှုတ်ဆက်လျက် နန်းနောက်သို့ ခပ်သုတ်သုတ်လိုက်သွားလေ၏။

စောဒီလုံးပြောသမျှ ဒေါက်ဖြုတ်ဖို့ အကွက်ချောင်းနေကျ မင်းမော်ကပင်လျှင် သည်တစ်ကြိမ် ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နှစ်သိမ့်ကာ နေလေသည်။

ကိုဘိုကြည်သည် နန်းတို့သွားရာလမ်းသို့ အိမ်တံခါးမှလိုက်၍ မျှော်ကြည့်သည်။

'အမြဲအတူနေရတော့လည်း လျှာနဲ့သွားလို ထိခိုက်မိမှာပေါ့။ ငါတို့တော့ တစ်ခါမှ ရန်မဖြစ်ဖူးဘူး။ ဘယ်ဖြစ်ချိန် ရှိမှာလဲ။ ငါက ကျောင်းမှာချည်း အချိန်ကုန်တာ။ အိမ်ရောက်တော့လည်း အိမ်ကပ်တာ မဟုတ်ဘူး'

'ဟော… အစ်ကိုကြီး လွမ်းပြီဟေ့'ဟု ဆုကကျီစယ်သည်။

'အစ်ကိုကြီး ခဏပြန်တာတောင် အိမ်မကပ်တော့ အမျိုးသမီးက စိတ်မဆိုးဘူးလား'ဟု အိုင်လင်းက မေးသည်။

'စိတ်ဆိုးနေရင် သင့်မြတ်တဲ့အချိန် ဘယ်ကျန်ပါ့မလဲဟ။ သူ့ခမျာ ငါ့မျက်နှာ မြင်ရသရွေ့ အချိန်ကလေးကိုပဲ တန်ဖိုးထားနေရတာ'

စောဒီလုံးက နှုတ်ခမ်းကြီးမဲ့ရွဲ့ကာ မေးငေါ့လျက်–

'အံမယ်လေး… သူ့မျက်ခွက်များ တို့တော့ မြင်



ချင်ပေါင်'ဟု ဆိုသည်။

'ဒါကြောင့် အစ်ကိုကြီးကလည်း နင့်မယူတာပေါ့ဟဲ့'ဟု မင်းမော်က အခွင့်ရသဖြင့် ဝမ်းပန်းတသာ ဝင်တွယ်တော့သည်။

စောဒီလုံးက အသံမထွက်ဘဲ နှုတ်ခမ်းသာ လှုပ်လျက် အယုတ္တ အနတ္တဆဲရေးလေ၏။

ရယ်ရယ်မောမောနှင့်ပင် ကိုဘိုကြည်၊ ဖရက်ဒီ၊ စောဒီလုံးနှင့် မင်းမော်တို့လည်း စာလုံးစီကစားနည်း (Scrabble) ကစားကြသည်။ အိုင်လင်းက အမှတ်ပေါင်းပေးလေသည်။

အိုင်လင်းကား သင်္ချာအဓိက ဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ပင်ရပြီးခဲ့ပြီ။ ဆေးကျောင်းသားတစ်စုမှာသာ တစ်ဝက်ကျော်မျှ ပေါက်သေးသောခရီးတွင် ရှန်းရင်းကန်ရင်း။

ကျော်ဆွေကိုက ဖိုးကျူးကလေး၏ ပုခက်ကို လွှဲခိုက် ဆုက ခင်မောင်မောင့်မှတ်စုကို ကူးပေးနေသည်။

'ခွေးကောင်… တို့တောင် မခိုင်းရက်ဘူး'ဟု ကျော်ဆွေကိုက ခင်မောင်မောင့်ကို ငြူစူနေ၏။

'ဆုဖို့ မာလကာသီး၊ တို့လွယ်အိတ်ထဲမှာ'

ဆုသည် ကြမ်းပေါ်ကျနေသော ကျော်ဆွေတို့လွယ်အိတ်ထဲသို့ လက်နှိုက်ရှာဖွေသည်။

'တစ်လုံးတည်းရယ်'

'လွယ်အိတ်ကြီး ဖောင်းနေတော့ ရှက်စရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆရာ။ ဒါတောင် ဟိုကောင်တွေ တွေ့မှာစိုးလို့ မနည်း ကာဗာလုပ်ထားရတာ။ တနင်္လာနေ့ကျမှ ထပ်ယူခဲ့မယ်နော်'

မာလကာသီးကို မက်မက်မောမော ကိုက်စားနေသော ဆုကိုကြည့်ကာ ဝင့်ဝင့်သော်နှင့် တူလှသည်ဟု မဆီမဆိုင် တွေးမိသည်။ သူ့အတွေးကိုသာ ဆုသိလျှင် စိတ်ဆိုးမှာပဲဟု ပြုံးမိလေ၏။

'သူ့မှတ်စုတွေရော အပြည့်ရှိရဲ့လား'

'အင်း'

'တကယ်'

'အင်း… တို့ကျောင်းမှ မပြေးတာ'

'သူက အိပ်ငိုက်ငိုက်ပြီး လက်ချာတွေမလိုက်ဘဲ နေတတ်လို့'

'ဒီနှစ် ကြိုးစားပါတယ် ဆရာ။ စာမေးပွဲအကျကောင်းလို့ ခုံနံပါတ်ချင်းဝေးပြီး ခွဲနေရတာ။ ထပ်ကျလို့ ဘယ်ဖြစ်မလဲ'

'ကိုခွေက ဝတ္ထုသိပ်ဖတ်တာပဲ။ စာကျက်မှပေါ့။ ပြစမ်း အဲဒီစာအုပ်က ဘာလဲ'

'The Heart has its Reasons တဲ့။ အသည်းနှလုံးရဲ့ လျှောက်လဲချက်များသို့ ပြောရမလား။ ဝင်ဆာမြို့စားကတော် မစ္စက်ဆင်ပဆင် ရေးတာလေ'

'သြော်… နန်းစွန့်ဘုရင်ရဲ့ ချစ်သူပေါ့နော်။ သူ့ကြောင့် အင်္ဂလန်ဘုရင် နန်းစွန့်ရတာ မဟုတ်လား'



'သူ့ကြောင့် မဟုတ်ပါဘူးဆုရဲ့။ သူ့ကို ချစ်မိတဲ့ အတွက်ကြောင့်ပါ'

'မတူဘူးလား'

'ဘယ်တူပါ့မလဲ'

'သူက တစ်ခုလပ်လား'

'နှစ်လင်ကွာ။ ဒါပေမယ့် ဆုရယ်၊ ချစ်မိတော့ ဘယ်တတ်နိုင်မှာလဲ။ အချစ်ထက် ဘာကမှ ပိုပြီးအရေးမကြီးတော့ဘူး ဆုရဲ့။ ဝင်ဆာမြို့စားရေးတဲ့ (A King's Story) ဆိုတာ ရှိသေးတယ်။ ဘုရင်တစ်ပါးရဲ့ ပုံပြင်ပေါ့။ တွဲဖက်မှ ပိုကောင်းတာ။ ဆု ဖတ်မလား'

'မအားပါဘူး ကိုခွေရယ်'

'ဆုဟာလေ… ကဗျာလေးကို ချစ်တတ်လျက်နဲ့ စာကျတော့ သိပ်အဖတ်နည်းတာပဲ'

'ကဗျာဖတ်တာက အချိန်မကုန်ဘူးလေ။ စာဖတ်ရတာက သိပ်ကြာတယ်။ တို့မှာမှ အချိန်မရှိတာ'

ကျော်ခွေကိုသည် ဆု၏ ပခုံးမှသည် ကျောပြင်တစ်ခုလုံးသို့ ပြန့်ကျဲနေသော မည်းနက်ပျော့ပျောင်းသော ဆံပင်များကို အမှတ်မထင် ကိုင်ကြည့်နေသည်။ ဆုကလည်း မကန့်ကွက်။

'ရိုမီယိုနဲ့ ဂျူးလီယက်တို့လို ရှင်မွေ့နွမ်းနဲ့ မင်းနန္ဒာတို့လို အရှူးအမူးချစ်ရတဲ့ အချစ်မျိုးချစ်သလို ရယူပိုင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုမှုကင်းတဲ့ အချစ်တွေလည်း ရှိပါတယ် ဆုရယ်'

'ချစ်ရင် ပိုင်ဆိုင်လိုကြတာချည်းပဲ မဟုတ်လား ကိုဆွေရဲ့'

'ဟုတ်မှာပေါ့။ တို့ ဆိုလိုတာက မပိုင်ဆိုင်ရဘူး ဆိုရင်လည်း အချစ်ဟာ ပျက်ပြယ်မသွားဘူး။ ခုနက စာ ရွတ်ပြတဲ့ ကျမ်းချက်ကလေးဟာ သိပ်ကောင်းတာပဲ ဆုရယ်။ ဆု နားထောင်လိုက်သေးတယ် မဟုတ်လား'

'အင်း'

'ဆု သဘောမကျဘူးလား ဟင်'

'မသိဘူးလေ'

'ဆုကလည်းကွာ။ သဘောကျတာ မကျတာ တောင်မှပဲ မသိဘူး'

'တို့က ကိုဆွေ့လိုမှ စိတ်ကူးယဉ်ပြီး စဉ်းစားနေ တတ်တာမှ မဟုတ်တာ'

'စိတ်ကူးလည်း ယဉ်ရဦးမှာပေါ့ ဆုရဲ့။ ဆုက တစ်နဲ့နှစ်ပေါင်းပြီး သုံးဖြစ်တာလောက်ပဲစဉ်းစားချင်တာကိုး'

'အဲဒါမှ လက်တွေ့ဆန်တာ'

ဆုက တမင်တကာ ကျော်ဆွေကို့ကို မထိတထိ ကလိနေခြင်း ဖြစ်လေသည်။ ကျော်ဆွေကို မချင့်မရဲ ပင့် သက်ရှိုက်တော့ ဆု ရယ်မောရသည်။

'အချစ်ဆိုတာကိုကော ဆု ယုံရဲ့လား'

'အဲဒါလည်း တို့ မသိဘူး'



ဖိုးကျူးကလေး အနည်းငယ် လှုးလွန့်လာသဖြင့် ဆုက တေးဆိုညည်းကာ စုတ်သပ်ကာနှင့် ပြန်အိပ်အောင် ချော့သိပ်ရလေသည်။

'သူ သိပ်စကားများတာပဲ။ ကလေးနိုးတော့မယ်'

'တစ်ခါတလေမှ ပြောရတာပဲ'

ဆုက မာလကာသီးတစ်ကိုက်ကိုက်ရင်း ကျော်ဆွေ ကို၏ နုနယ်သော မျက်နှာကလေးကို ချစ်စနိုးပြုံးကြည့်မိ သည်။

'ဆုနဲ့ တွေ့ရတဲ့အချိန်တွေက သိပ်ကို နည်းတာပဲ ကွာ'

ဆုက ပြုံးလျက် စာကို အသော့နှင်ကာ ကူးနေ သည်။

'ဆုမှာ ချစ်တတ်တဲ့အသည်းနှလုံး ရှိပဲရှိရဲ့လားလို့ တို့သံသယဖြစ်လာပြီ သိလား။ ဆုရဲ့ ဦးနှောက်ထဲမှာ ရောဂါ ဗေဒတွေ၊ ဆေးဝါးဗေဒတွေ၊ ခန္ဓာဗေဒတွေချည်း နေရာယူ ထားလွန်းနေသလား မပြောတတ်တော့ဘူး'

ပုခက်ထဲမှကလေး လှုးလွန့်လာပြန်လျှင် စာအုပ် ကိုသိမ်းကာ နို့ဘူးဖျော်ရပြန်၏။

အိုင်လင်းက 'အကူအညီလိုသလားဆု' ဟု လှမ်း မေးသော်လည်း လူက နေရာမရွေ့ဘဲ ဖရက်ဒီကိုမှီကာနေ သည်။

ဆုက အလိုက်တသိ 'ရတယ် အိုင်လင်း' နေ...

www.burmeseclassic.com

www.burmeseclassic.com



နေ…'ဟု လှမ်းပြောရသည်။ ကျော်ဆွေကိုလည်း ကလေးကို ပွေ့ကာ ဆုနောက်သို့ တကောက်ကောက် လိုက်သည်။ 'အို… အို… အေး… အေး' ချော့ပေမယ့် မိခင်မတွေ့၍ ကလေးက တဝါးဝါး ငိုနေလေ၏။

'ဆုရေ မြန်မြန်လုပ်ကွာ။ မာလကာသီးကလည်း မကုန်နိုင်သေးဘူးလား'

'ချွေးတာ စားနေတာလေ။ ဟင်း… ဟင်း၊ ပြီးတော့မယ်။ ခဏလေး… ခဏလေး… ပူနေသေးလို့'

နို့ဘူးကို ရေအေးစိမ်ရသေးသည်။ လက်ခုံပေါ် အစက်ချကြည့်ပြီး အနေတော် နွေးထွေးပြီဆိုမှ ကိုဆွေ့လက်ခုံပေါ် အစက်ချ အတည်ပြုကာ ကလေးကို လက်လွှဲယူသည်။ ကလေးသည် ယဉ်ပါးနေသော ဆုလက်ထဲ ရောက်သည်နှင့် အငိုတိတ်ကာ နို့ဘူးကို အငမ်းမရစို့လေ၏။

ကလေးမှာ နန်းလိုဖြူ၍ ခင်မောင်မောင့်နှယ် မျက်လုံးမျက်ဖန်လှသည်။ နို့ဘူးချည်း မတတ်နိုင်၍ အမေ့နို့မှု၍ တိုက်ရသောကြောင့် နန်းပင်ပန်းသော်လည်း ကလေးမှာ ပို၍ အာဟာရမျှတကာ ဥဝကစ်ကစ်နှင့် ချစ်စရာကောင်းလှသည်။ ရှစ်လသားမို့ အတော်နားလည်ကာ နို့ဘူးစို့ရင်း ကျော်ဆွေကို လှပ်ပြသော ရောင်စုံကျောက်ဂျက်ကို လိုက်ဖမ်းဆော့နေလေ၏။

'ကိုဆွေ မစနဲ့ကွာ။ နို့ဘူးကောင်းကောင်းမစို့တော့ဘူး…'



ကျော်ဆွေကိုက ရင်ခွင်မှာ ကလေးပွေ့လျက် တင်ပျဉ်ခွေထိုင်နေသော ဆုကိုပြုံး၍ ကြည့်နေမိသည်။ ကလေးပါးကို ကုန်း၍နမ်းရှိုက်လျှင် ဆု၏ရင်မှ အငွေ့အသက်ကလေးများကို မသိတသိ ရှူရှိုက်မိရသည်။

'ငြိမ်ငြိမ်နေစမ်းပါဆို'ဟု ဆုက သူ့ခေါင်းကို တွန်းဖယ်ထုတ်သည်။

'ဆုက တကယ့်ကလေးအမေလေးလိုပဲ။ တို့တွေယုံတမ်းစိတ်ကူးယဉ်ကြည့်ရအောင်။ ဖိုးကျူးလေးက သားကလေး၊ ဆုကအမေ၊ တို့က အဖေပေါ့။ သိပ်ပျော်စရာကောင်းမှာပဲနော်'

ဆုက အံ့သြနေပြီးမှ ရှက်ရယ် ရယ်သည်။ ကျော်ဆွေကိုမှာမူ တကယ်ပင် သူ့အတွေးနှင့်သူ ကြည်နူးနေလေသည်။

'ကြံကြံဖန်ဖန်ကွယ်'

'ဆုနဲ့အတူတူ နေချင်လှပြီ'

'အဲဒါပေါ့၊ မုန့်ဆီကြော်မှ ဘယ်နေမှန်း မသိသေးဘဲနဲ့ နူတ်ခမ်းနာကို ပလတ်စတာ ကပ်ထားချင်တာမျိုး'

ကျော်ဆွေကို အပြုံးပျောက်ပြယ်ကာ ပင့်သက်ရှိုက်သည်။

'ပြောပေါ့ ဆုရယ်။ တို့မှာက မပိုင်ဝက်မွေးဘ[illegible] ဖြစ်နေမှကိုး'

ဆု ရင်နင့်ရပြန်သည်။ ဆု၏ အသည်း[illegible]ပျော့်မြေ

www.burmeseclassic.com

www.burmeseclassic.com



မှ ရှေးဦးစွာ ပွင့်လင်းခဲ့သော ပန်းတို့သည် သူ့အတွက်ဖြစ်ကြောင်း သူမသိ။ သိလည်း သိစေချင်သည်။ သိသွားမှာလည်း စိုးမိသည်။

'သူများတွေကတော့ ဟုတ်လှပြီ ထင်ကြတယ်။ မတင်မကျ တို့အဖြစ်ကို တို့ပဲ သိနေရတာ ဆုရယ်'

'အချိန်တွေ ရှိပါသေးတယ် ကိုဆွေရယ်'

'အောင်မှလား'ဟု မျက်လွှာပင့်ကြည့်ရင်း မေးသည်။ ထိုအကြည့်များသည် ဆု၏ရင်ကို လှုပ်ခါစေမြဲ။

ဆုက မသိမသာ ခေါင်းဆတ်ပြလျှင် သက်ပြင်းတစ်ချက်ချပြန်ကာ-

'သုံးနှစ်တောင် လိုသေးတယ်'ဟု ညည်းသည်။

'နှစ်နှစ်နဲ့ ကိုးလပါကွယ်'

'အကြာကြီးပဲ'

'ထင်သလောက် မကြာပါဘူး'

'အဲဒီအခါကျရင်တော့ ချစ်တယ်လို့ ဆုက အဖြေပေးမှာလား'

ဆုက ခေါင်းညိတ်မည်ပြုပြီးမှ သတိရကာ မျက်စောင်းကလေးနှင့်-

'ကြည့်၊ သူ သိပ်လည်တယ်'ဟု ကလေးလက်ကို ကိုင်ကာ ဂျောက်ဂျက်နှင့် ကျော်ဆွေကို လက်ကို ရိုက်စေသည်။

'ဆု··· ချစ်လားဟင်'



'စောပါသေးတယ်ဆို'

'ဒီနှစ်အောင်ရင် အဖြေပေးကွာ'

'ကဲ··· ကဲ··· နောက်ဆုံးနှစ်နော်'

'အပိုင်း-က'

'ဟင့်အင်း-ခ'

ဆုအသံက ရယ်သံစွက်နေ၏။

'က-ကွာ'

သူ့အသံ အနည်းငယ် ကျယ်သွားသည်။

'ဟဲ့ကောင်ရဲ့··· ကလေးတစ်ဖက်နဲ့ ဘယ်လိုလုပ် က,မလဲဟဲ့။ ကဲ··· က,မှာဖြင့်လည်းပေး။ ငါကလေး ချီထားပေးမယ်'

နားစွန်နားဖျားနှင့် စောဒီလုံးက လှမ်း၍ ရမ်းကြိတ်လေသည်။

သူတို့ ကစားဝိုင်းမှာလည်း ဆူဆူညံညံ စိုစိုပြည်ပြည်ရှိလှသည်။ စောဒီလုံးအသံကြီး အိုးကွဲခွက်ကွဲ ထွက်လာတိုင်း ဝိုင်းဝန်း၍ ရှူးရှီး သတိပေးကြရသည်။

'ကလေးက လိမ္မာသားနော် ကိုဆွေ'

'သိပ်လည်း ချစ်စရာ ကောင်းတာပဲ။ ဒါနဲ့တောင် ခင်မောင်မောင့်အမေက မချစ်ဘူးဆိုတာ ဟုတ်ပါ့မလား'

'သူ့အမေက နန်းကိုမှ လက်မခံနိုင်တာပဲ'

'ယူပြီးနေပြီးပဲ'

'တစ်ဦးတည်းသော သားတွေကို အမေတွေက

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပဲ သိပ်ပိုင်ဆိုင်လိုကြတယ် ကိုဆွေ'

ကျော်ဆွေကို နှုတ်ဆွံ့ရသည်။ ဆု စကားသည် သူ့အတွက် မှန်လွန်းနေသောကြောင့်ပါပဲ။ သူ့မှာ ခင်မောင်မောင်ထက်ပင် ပိုကဲကာ အမေသာမက အစ်မသုံးယောက် ရှိသေးသည်။ ဆုနှင့်ပတ်သက်လျှင် သူနှင့် အမေတို့ကြားတွင် အပေးအယူမမျှနိုင်သော အဆီးအတားတွေ ခုခံနေမြဲ။ ခက်သည်က မာမာနှင့် အစ်မများသည် သူ့ကို သိပ်ချစ်ကြကြောင်း သူ သိနေလေတော့ သူတို့အလိုဆန္ဒနှင့် ဆန့်ကျင်နေရခြင်းအတွက် စိတ်မကောင်းပင် ဖြစ်ရသေးသည်။ တဲ့တိုးမပြောသာသည့်တိုင် သူတို့က စောင်းပါးရိပ်ခြည် မကျေနပ်ကြောင်း ပြကြလျှင်တော့ သူကလည်း တုံဏှိဘာဝေ ဆိတ်ဆိတ်နေလျှက်က အသံတိတ် ဆန္ဒပြဖြစ်ရပြန်လေ၏။

ဆုသည် စကားပင် မပြန်နိုင်သော ကိုဆွေ့အကဲကို ခတ်ကြည့်ကာ စိတ်နှလုံးလေးလံရသည်။ ကိုဆွေ မသိပေမယ့် သည်ပြဿနာသည် ဆုကို တွန့်ဆုတ်စေသည့် အကြောင်းရင်းပါပဲ။

*

## အခန်း(၁၅)

သီတာဆောင်ရှေ့တွင် ဆု ပြန်အလာကို စောင့်ဆိုင်းရင်း နာရီ ရပ်များနေသလားဟုပင် မကြာခဏ စစ်ဆေးကြည့်မိရသေးသည်။ လှုပျှိုပေါက်ကလေးပမာ စိတ်တွေ လှုပ်ရှားလွန်းနေပုံကို သတိထားမိကာ ကိုယ့်ကိုယ်ကို ရယ်ချင်မိသေးတော့၏။

မိုင်းမောတွင် နှစ်နှစ်ခွဲ ကြာခဲ့ပြီးနောက် ကံကောင်းထောက်မလှစွာ မအူပင်သို့ ပြန်ပြောင်းရွှေ့လာရသော ဒေါက်တာဝင်းလတ်သည် လေယာဉ်ပေါ်မှ ဆင်းသည်နှင့် ပစ္စည်းများပါ အငှားကားပေါ်တင်ကာ မင်္ဂလာဒုံသို့ တန်းလာခဲ့သည်။ ဆုက ကျောင်း မဆင်းသေး။

ဆုတို့ ဆေးတက္ကသိုလ်(၂) နယ်မြေကို သူက ကြည်ကြည်နူးနူးကြည့်နေမိသည်။ ဆုတက္ကသိုလ်မရောက်မီက သည်ကျောင်းဘက်သို့ သူ ခြေဦးမလှည့်စဖူး။ ဆုနှင့်ပတ်သက်၍ပင် ဤနေရာ ဤဌာနနှင့် သူပတ်သက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆု သစ်လွင်ကလေးဘဝက အကြိမ်ကြိမ်အဖန်ဖန် သည်နေရာသို့ ရောက်ရှိခဲ့ရသည်။ နောက်တော့လည်း သူ့စိတ်တွေ တစ်မျိုးတစ်မည် ပြောင်းလဲလာပြီဟု သူကိုယ်သူ ရိပ်မိလာကာ အချိန်အခါရှိသေးခိုက် ကိုယ်ရှိန်သတ်ရပြန်၏။ အကြောင်းကြောင်းတွေက သည်ခရီးလမ်းကို ဆက်မလျှောက်ဖို့ တားဆီးပိတ်ပင်ခဲ့လေသည်။ အဖြူတွင် အရောင်ဆိုးခြင်းဖြင့် လှမလာဘဲ ရုပ်ဆိုးသွားနိုင်သည့် အလားအလာတွေကို သူ သိတတ်တွေးတတ်ပါ၏။ တခြားနေရာတွေမှာ အသိဉာဏ်မကြွယ်ဝလျှင်ရှိစေ၊ ဆုနှင့်ပတ်သက်လာလျှင်တော့ အရာရာကို ဆုသည် သူကိုယ်တိုင် ဖြစ်သည့်နှယ် သိမြင်မြဲ။ ဆုသည် သူ့အတွက် ဖွင့်ထားသော စာအုပ်ပေပဲလေ။

အတန်းတစ်တန်း ဆင်းလာနေပြီ။ ကျောင်းဝင်းထဲမှ ကျောင်းသူကျောင်းသားများ ထွက်လာကြသည်။ အချို့က ဘတ်စ်ကားမှတ်တိုင်ဆီ လျှောက်သွားကြသည်။ ကျောင်းသူကလေးတွေ တစ်သုတ်ပြီးတစ်သုတ် အဆောင်သို့ ပြန်လာကြစဉ် သူတို့ကြားမှာ ဆုကိုရှာဖွေကြည့်မိသည်။

လာပါပြီ။ အဝေးကတည်းကပင် ဆုလာနေသည်ကို သူတွေ့ရပါ၏။ တစ်ယောက်တည်းကား မဟုတ်။ ဆုနံဘေးတွင် မြင့်မြင့်သွယ်သွယ်ကောင်ကလေးတစ်ယောက်က ပူးပူးကပ်ကပ်ပါလာလေ၏။ ချာတိတ်ကလေးသည် ရှုပ်အင်္ကျီ လက်ရှည်ကို အနည်းငယ် ပင့်လိပ်ထားကာ ချောကလက်ရောင် ဘောင်းဘီရှည် ဝတ်ဆင်လျက်၊ ဂျူတီကုတ်



ကို လက်မှာ ချိတ်ထားလေသည်။ ဘဝဝယ် ရောင့်ရဲ ကျေနပ်လျက် ထိုခဏ၌ အစစအရာရာ ပြီးပြည့်စုံနေသည့် အသွင်သည် သိသာ ထင်ရှားလှလေ၏။ သူမ၏ ကောင်ကလေး အနီးမှာ ရှိနေခြင်းသည် ဆုကိုလည်း ကြည်နူးချမ်းမြေ့စေကြောင်းကို ဆု၏ မာန်တွေဟန်တွေ ကင်းရှင်းစွာ ဝင်းပကြည်လင်သော မျက်နှာကလေးကို မြင်ရစဉ်ခဏမှာပင် သူက သိလိုက်နိုင်လေ၏။ သြော်… နှမြောကြေကွဲစွာ သိရှိလိုက်ရလေ၏။

အုတ်ခုံကလေးတွင် ထိုင်နေသော ကိုဝင်းလတ်ကို ဆုတော်တော်နှင့် မမြင်။ အနီးရောက်၍ မြင်တွေ့ချိန်မှာတော့ စီးကရက်ဖွာရှိုက်ရင်း ကိုဝင်းလတ် ပြုံးကြည့်နိုင်လေပြီ။

ဆုက တအံ့တသြ မျက်လုံးကလေး ပြူးသွားသည်။ တစ်ဆက်တည်းမှာပင် ဝမ်းသာခြင်းနှင့် အားနာခြင်းတို့ မျက်နှာတွင် ရိပ်ခနဲ ရောယှက်ပေါ်လာကာ နောက်တစ်ခဏမှာတော့ သူ့ဆီအပြေးလာလေ၏။ သူက မတ်တတ်ရပ်ကာ ကြိုရချေသည်။

‘ကိုလတ် မအူပင် ပြောင်းရတယ် ဆု’

‘ဟယ်… ဝမ်းသာလိုက်တာ ကိုလတ်ရယ်။ အခုတစ်ခါတည်း ပြောင်းလာရပြီလား။ ဒေါ်လေးမိုကော သိပြီးပြီလား။ ဘယ်တော့ မအူပင် သွားမှာလဲဟင်။ ဘယ်သင်္ဘောနဲ့ သွားမှာလဲ’

ဆုက ဆက်တိုက်မေးနေရာမှ သူမ၏ ချာတိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



သတိရကာ လှည့်ကြည့်၏။ ကြောင်အမ်းအမ်းဖြစ်နေသော ချာတိတ်မှာ မျက်နှာ မသာယာ။

'ကိုခွေ-ဒါကိုလတ်လေ။ မအူပင် ပြန်ပြောင်းလာရပြီ။ ကိုလတ် သူက ဆုရဲ့သူငယ်ချင်း ကျော်ခွေကိုတဲ့'

ကိုဝင်းလတ်က ပြုံးပြုံးရွှင်ရွှင် လက်ကမ်းပေးလျှင် ကျော်ခွေကိုက အလိုက်သင့် လက်ဆွဲ နှုတ်ဆက်သော်လည်း ဝတ်ကျေဝတ်ကုန်။ မနာလို မဖြစ်ပါနဲ့ ချာတိတ်ရာ။ မင်းက ဆုရဲ့ အချစ်ကို ရတဲ့သူပါ။

'မာမီ့ဆီ စာတော့ ရေးထားတာပဲ။ ဆုကိုတော့ အံ့သြသွားအောင် ကြိုပြီး အကြောင်းမကြားတာပါ။ ကိုလတ် ရန်ကုန်မှာ တစ်ရက်နှစ်ရက်ကြာမယ်။ မအူပင် ပြန်ခါနီး တစ်ခေါက်လာဦးမယ်လေ။ ဆုမှာချင်တာ မှာရအောင်'

ဆုက ကျော်ခွေ့ကို့ကို လှည့်ကြည့်ကာ-

'သူပြန်တော့လေ'ဟု နှင်သည်။

'မဟုတ်ဘူးလေ။ ဆုတို့သွားစရာရှိရင်သွားပါ။ ကိုလတ် ခုပြန်မှာ။ တက္ကစီလည်း စောင့်နေတယ်'

ကျော်ခွေကိုက ဆုကို လှမ်းကြည့်သည်။

ဆုက 'သွားစရာမရှိပါဘူး'ဟု ဖြေပြီး 'သူ့ ဟတ်ချစ်ဆင်(Hutchison)စာအုပ် နက်ဖြန်မှ တို့ယူခဲ့မယ်'ဟု ထပ်၍ပြောသည်။

ကျော်ခွေကိုသည် 'ကျွန်တော် သွားပါဦးမယ်'ဟု ပြုံးယောင်ယောင်နှင့် တကယ်မပြုံးဘဲ နှုတ်ဆက်ကာ လှည့်



ပြန်သွားလေသည်။ သူကိုယ်သူ ထိန်းထားမည်ဖြစ်လျက်က လမ်းလျှောက်ပုံမှာ ခပ်ဆတ်ဆတ်။ သူက ကျောင်းဘက်သို့ ပြန်သွားနေသည်။

ဆုသည် သား ဆိုးနွဲ့စိတ်ကောက်သည်ကို ကျိတ်၍ ပြုံးလာသော မိခင်၏ မျက်နှာကလေးနှင့် လိုက်ကြည့်ရင်း-

'သူ့ကားက ကျောင်းမှာ'ဟု ကိုလတ် မမေးဘဲ ဖြေရှင်းပြနေ၏။

'မဆိုးပါဘူး'ဟု ကိုလတ်က မှတ်ချက်ချသည်။

'ရှင်'

'ဩော်... ဆုရဲ့ ချာတိတ်လေးရိုးသားပုံရပါတယ်'

'ဟုတ်တယ်၊ ကလေးလိုပဲ၊ ဒါပေမယ့် ဆုရဲ့ချာတိတ်တော့ မဟုတ်သေးပါဘူး'

'ညာနော်၊ သိလား။ ကိုလတ်ကိုညာ'

ဆု မျက်နှာကလေးက ခပ်ရှက်ရှက်။ အားတုံ့အားနာ အမူအရာကလေးကလည်း တစ်ချက်တစ်ချက် ပေါ်လာသေးသည်။ ကလေးမရယ်၊ အချစ်ဆိုတာ အားနာပါးနာ ဖန်တီးပေးလို့ ရကောင်းတာမှ မဟုတ်ပေဘဲ။ ဘယ်တတ်နိုင်ပါ့မလဲ။ ကိုလတ် နားလည်ရပေမပေါ့။

'တကယ်ပါ ကိုလတ်ရဲ့။ ဆု စဉ်းစားတုန်းပါပဲ'

'နေပါဦး၊ ဒါချက်မှာ စဉ်းစားနေဖို့ လိုသေးလား'

လူတစ်ယောက်ကို ချစ် မချစ်ဆိုသည်မှာ စဉ်းစားနေဖို့ မလိုဘူးဟု ကိုဝင်းလတ် ယုံကြည်သည်။ စိတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အလိုလို သိလျက် အာရုံဝယ် အလိုလိုတွယ်ငြိမြဲ မဟုတ်ပေဘူးလား။

'ဒါတော့ ဒါပေါ့၊ ဒါပေမယ့် လက်ခံဖို့တော့ စဉ်းစားဖို့ လိုတာပေါ့'

'သြော်… သြော်၊ ကိုလတ်နားလည်ပြီ'

ဆုက ကျောင်းဘက်ဆီသို့ မျှော်ကြည့်နေသဖြင့် ကိုလတ်က သိလွန်းလှစွာပင်–

'ဘီအိုစီဘက်က ကျွဲမောင်းသွားပြီ ထင်တယ်'ဟု ထင်မြင်ချက် ပေးလိုက်ရသည်။

'ချာတိတ်က ဘော့စ်ပဲ ထင်ပါရဲ့'ဟု အစ်လိုက်သည်။

ဆုက 'ဒေါက်တာ ဦးဖုန်းကိုရဲ့သား'ဟု တိုးတိုးကလေးဖြေ၏။

ကိုဝင်းလတ် လေတစ်ချက်ချွန်လိုက်သည်။ ဆု စဉ်းစားနေရမည်ဆိုသည်ကို သူလုံးဝ သဘောပေါက်လေပြီ။ ဂုဏ်တံတိုင်း ငွေတံတိုင်းသည် အတော်ကြီး မြင့်မားနေပါကလား။ ဆေးကျောင်းသူဆိုသော ဂုဏ်တစ်ခုတည်းနှင့် သည်တံတိုင်းတွေကို ဆုကလေး ကျော်ဖြတ်နိုင်ပါ့မလား။

'ချာတိတ်ကတော့ ညည်းကို တကယ်ချစ်ပုံရပါတယ်'

'ဒါပေမယ့်…'

ဆုက စကားမဆက်။ ကိုဝင်းလတ်ကလည်း



မမေးဖြစ်ပေ။ ခေတ္တငြိမ်သက်နေကြပြီးမှ–

'ဆုတို့ ဘယ်တော့ ဖြေကြရမှာလဲ'ဟု မေးလိုက်သည်။

'ဖေဖော်ဝါရီ၊ ဒါပေမယ့် မတ်လထဲ ကူးသွားမှာပဲ။ သီအိုရီပြီးရင် တစ်လနီးပါး အားနေမယ်။ ဆုတို့ ကျောင်းက ဗိုင်ဗာ နောက်ဆုံးမှ ဖြေရမှာ'

'ညည်း တတိယနှစ်မှာ နှစ်ဘာသာဂုဏ်ထူးနော်၊ ဒီနှစ် မလျှော့စေနဲ့ဦး'ဟု သူက ပူပန်မိသေး၏။

'စိတ်ချပါ၊ ဆုအတွက် စာမေးပွဲဟာ အစဉ်အမြဲ ပထမနေရာမှာပဲ ရှိနေမှာပါ'

ဟုတ်မှာပါပဲဟုတွေးရင်း ကိုဝင်းလတ်သည် သူမယှဉ်ထိုက်လေသော ပန်းကလေးကို မဆွေးသာ မလွမ်းသာ ငေးကြည့်နေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

တစ်နှစ်ဟူသော အချိန်သည် ဘာမှကြာလိုက်သည် မထင်ရဘဲ ဖျတ်ခနဲ ကုန်ဆုံးသွားပြန်လေ၏။ နောက်ဆုံးနှစ် အပိုင်း(က) စာမေးပွဲသည် အချိန်တန်လျှင် တားမရဘဲ ဆိုက်ရောက်လာလေရကား အသင့်ဖြစ်သူရော၊တစ်ပိုင်းတစ်စ မပြီးပြတ်ဘဲ ကျက်စာတွေ ကျန်သေးသူသာမက ယခုမှ စာအုပ်ရှာရသူတွေပါ ရောက်လာသည့်ဘေးကို ပြေးတွေ့ကြရပြန်လေ၏။

တစ်နှစ်အတွင်း ဆေးရုံများ၌ လှည့်လည်ကာ ဆေးပညာဌာနခွဲ၊ ခွဲစိတ်ပညာဌာနနှင့် ယခုနှစ်အဖို့ အသစ်အဆန်း အဖြစ် သားဖွားနှင့် မီးယပ်ပညာရပ်များကို လေ့လာဆည်းပူး ခဲ့ကြရသည်။

ကိုယ်တိုင် ကလေးမွေးဖွားပေးနိုင်ရန် ရှေးဦးစွာ ဆရာများ မွေးဖွားပြသည်ကို ကလေးဆယ်ယောက်ပြည့် အောင် ကြည့်ရှုလေ့လာရသေးသည်။ သည်အတွင်း သား

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဝ မည်မျှပွင့်လျှင် ရေမြွှာဖောက်ပေးနိုင်ကြောင်း၊ သားအိမ်ညှစ်အားကောင်းအောင် မည်သို့ ဆေးသွင်းရကြောင်း၊ မွေးချိန်နီးမနီးနှင့် မိခင်အခြေအနေ၊ ကလေးအခြေအနေ ကောင်းမကောင်း စောင့်ကြည့်စစ်ဆေးပုံ၊ မွေးလမ်းကြောင်း ချဲ့ပုံ၊ ဆင်းလာသော ကလေးကို မည်သို့ဆီး၍ထိန်းရပုံ စသည်ဖြင့် ပညာယူရသည်။ အစစအရာရာ ပိုးမွှားကင်းရေး၊ သန့်ရှင်းရေးကို အဓိကထားကြရသည်။

အာဝေနိက ဒုက္ခဝေဒနာခံစားရင်း အော်ဟစ်ညည်းတွား ချွေးသီးချွေးပေါက်များ ကျနေသည်ကိုမြင်တွေ့ရကာ ကျောင်းသားတစ်ယောက် မူးမေ့လဲသဖြင့် ဝိုင်းဝန်းပြုစုကြရသည်ကလည်း အမှတ်တရပါပဲ။

လက်သည်းချွန်နှင့် မိခင်လောင်းက မင်းမော်၏ လက်မောင်းကို အားပြုညှစ်သဖြင့် ပါးလှပ်လှပ် မင်းမော်ခမျာ ယိုင်ထိုးယိုင်ထိုးဖြစ်ရရုံမက လက်မောင်းငယ် သွေးစို့ရသည်ကလည်း ရယ်ပွဲတစ်ခု။

မင်းမော်က မိန်းကလေးများကို စောင်းချိတ်ကာ-

'ငါတော့ ယောကျ်ားယူတော့ဘူး၊ ကြောက်တယ်' ဟု တမင် ကန့်ကလန့်ပြော၍ စောဒီလုံးက 'ငါလည်း ဒီအတိုင်းပဲဟယ်' ဟု ရှုရှုံ့မှုကြီး ပြောလိုက်တော့ ကျောင်းသူများမှာ စိတ်တိုသည့်ကြားမှ မပြုံးဘဲ မနေနိုင်ခဲ့။

မွေးလာသည့်ကလေးကို တဝါးဝါး ငိုမှပင် စိတ်ချနိုင်လျက် ချွဲတွေသလိပ်တွေ စုပ်ထုတ်ပေးခြင်း၊ ချက်ကြိုး



ဖြတ်ချည်ခြင်း၊ စအိုပါ မပါစမ်းခြင်း၊ ပေါင်ချိန်ခြင်း၊ လက်ကောက်ဝတ်တွင် အမှတ်အသား ချည်ပေး ချုပ်ပေးခြင်း၊ ရေချိုးသန့်စင်ခြင်း ဆက်တိုက်လုပ်ကြရရင်း လူ့အဖြစ်မှာ ဘဝအစကတည်းက ရုန်းကန်ရလှချည့်ဟု အတွေးပေါက်မိနေရသေးသည်။

နံနက်စောစော ရှစ်နာရီမှ ကိုးနာရီ ဆေးရုံစာသင်ခန်းမသို့ အမီပြေးရသည်မှာလည်း နောက်ဆုံးနှစ် ကျောင်းသားများအဖို့ စာအုပ်မေ့ကျန်လိုကျန်၊ နံနက်စာ ဝေ်သူဝေ်နှင့် ဒုက္ခမသေးလှ။ သည်အချိန်အတွင်း သက်ဆိုင်ရာ တာဝန်ချပေးထားခြင်းခံရသော ကျောင်းသားက လူနာကို မေးမြန်းစမ်းသပ်စစ်ဆေးကာ အတန်းဖော်များထံ တင်ပြရာ၌ ဆရာဖြစ်သူက အနီးမှနားထောင်ကာ လိုအပ်သမျှ ပြင်ဆင်ဖြည့်စွက်ပေးလေသည်။ စာမေးပွဲဖြေဆိုရန်အတွက်သာမက တစ်သက်တာအတွက် လိုအပ်မည့် အချက်အလက်များကို ဆရာက မေးခွန်းထုတ်၍ လမ်းကြောင်းသွားသမျှ စာအုပ်ထဲမှာ ရှာဖတ်ရုံနှင့် မပြည့်စုံနိုင်သော တန်ဖိုးမဖြတ်နိုင်သည့် သင်ခန်းစာများကို ဤနေရာတွင် ယူတတ်သူတို့ ရရှိနိုင်ပေသည်။ စာအုပ်တွင် ရေးမထားသော ဆရာများ၏ လက်တွေ့ ကုသလေ့လာရင်း တွေ့ရှိလာသည့် အသိပညာ၊ အတတ်ပညာများကို ဤနေရာတွင် တပည့်များ အမွေဆက်ခံရရှိမြဲ ဖြစ်ချေ၏။

'ဆေးကုသတယ်ဆိုတာ ဆေးပေးရုံ၊ ခွဲစိတ်ပိုက်

www.burmeseclassic.com

www.burmeseclassic.com



ရုံနဲ့ မပြီးဘူး။ ဒီလူနာဟာ ဒီရောဂါ မခံစားရမီက အခြေအနေ၊ နေကောင်းစဉ်က အခြေအနေအတိုင်း စားနိုင်၊ သွားနိုင်၊ လုပ်ကိုင်နိုင်တဲ့အထိ ရည်မှန်းချက်ထားရမယ်။ အဲဒီအခြေအနေနဲ့ အနီးစပ်ဆုံးပြန်လည်တိုးတက်လာရမယ်။ တစ်နဲ့နှစ်ပေါင်းရင် သုံးဖြစ်တယ်ဆိုတဲ့ ပုံသေနည်းနဲ့ ဆေးကုလို့မရဘူး။ ပတ်ဝန်းကျင် အခြေအနေနဲ့ ဆက်စပ်ဖြေရှင်းရတဲ့ ရောဂါတွေရှိသလို လူမှုရေးနဲ့ ဆက်သွယ်ပတ်သက်နေတဲ့ ပြဿနာတွေကိုလည်း မေ့ထားလို့မရဘူး'ဟူသော ဩဝါဒများ။

'များများအပင်ပန်းခံပြီး လေ့လာ ကျက်မှတ်လေ မင်းတို့ အမှားနည်းလေ ဖြစ်မှာပဲ။ မင်းတို့ဟာ ကုန်သည်တွေ မဟုတ်ဘူး။ ကုန်သည်တစ်ချက်မှားရင် ငွေဆုံးရှုံးတယ်။ ဆရာဝန်တစ်ချက်မှားတော့ အသက်ဆုံးရှုံးတယ်။ ဘဝဆုံးရှုံးတယ်။ ဘဝဆိုရာမှာ ဒီလူနာရဲ့ ဘဝတစ်ခုတည်းမဟုတ်ဘူး။ သူ့ကို မှီခိုအားထားနေတဲ့၊ သူ့ကိုလိုအပ်နေတဲ့လူတွေရဲ့ ဘဝပါ ဆုံးရှုံးတယ်၊ ပျက်စီးတယ်ဆိုတာ မင်းတို့ နားလည်ခံယူတတ်ကြရမယ်။ မင်းမတတ်လို့ အသက်တစ်ချောင်း ဆုံးရှုံးသွားတဲ့အခါ ဘယ်သူအများဆုံး ခံစားရမလဲ။ လူနာဘက်ကတော့ သိချင်မှလည်းသိမယ်။ တို့လူမျိုးကိုကလည်း ခွင့်လွှတ်တတ်တော့ ကုသိုလ်ကံအကြောင်းရယ်လို့ ဖြေသိမ့်သွားလေ့ရှိကြတာပါပဲ။ ဒါပေမယ့် မင်းမတတ်တာ ဘယ်သူသိလဲ၊ မင်းသိတယ်။ မင်းတစ်သက်လုံးမှာ လိပ်ပြာမသန့်အောင် ဖိစီးသွားပေလိမ့်မယ်။ အသိစိတ်ရှိတဲ့လူဆိုရင် လူ့အသက်ကို



ကိုင်တွယ်ဖို့ တတ်အောင် ကြိုးစားရမှာပဲ။ ငါသေတာမှ မဟုတ်ဘဲ။ ငါဆုံးရှုံးတာမှ မဟုတ်ဘဲလို့ သဘောထားမယ်ဆိုရင်တော့ အမ်ဘီဘီအက်စ်ဘွဲ့ လက်မှတ်ဟာဖြင့် လူသတ်လိုင်စင် ဖြစ်သွားမှာ မလွဲပေဘူး'ဟူသော ဆုံးမစကားများ။

'ဒီအချိန်မှာပဲ ဆရာတို့ သိသမျှတတ်သမျှ ဝေဖြန့်ပေးနိုင်တယ်။ မင်းတို့ လက်ခံယူရင် မင်းတို့ရမှာပဲ။ နောင်တစ်ချိန် အလုပ်ခွင်ထဲကျမှ ဟိုတုန်းက ဆရာပြောတာတွေ အခု လိုအပ်နေပေမယ့် ကျွန်တော်မမှတ်သားခဲ့ရလို့ ဆရာ တတ်နိုင်ရင် ပြန်လည်ပို့ချပေးဖို့ စီစဉ်ပေးပါဦးဆိုရင် မလွယ်တော့ဘူး။ ဒီတော့ ခုရှင်းမှနောင်ရှင်း၊ ခုကတည်းက ရှင်းသွားကြပါ'ဟူသော တိုက်တွန်းချက်များ။

ဆရာဝန်ဆိုပေမယ့် 'ကျယ်ကျယ်ဖြေကြစမ်းပါ၊ ဆရာလည်း မင်းတို့ကြားကြ တတ်ကြပါစေတော့လို့ ကြိုးစားပြီး အော်ဟစ်နေရတာပါ။ ကြေးစည်မှုပြီး ဆုပန်လာတာ မဟုတ်ပါဘူး'ဟု စကားလုံးပိုင်ပိုင် ပြောတတ်လှ၍ ချီးမွမ်းပြုံးရယ်မိရသလို-

'လူတွေဟာ သဘာဝကို တုပြိုင်ဆန့်ကျင်လာတော့ မဖြစ်ဖူး၊ မကြုံဖူးတဲ့ ရောဂါတွေ ဖြစ်လာကြတယ်။ ကြီးပွားရေး တိုးတက်ရေးကို ရှေ့ရှုရင်း စက်ရုံအခိုးအငွေ့တွေ၊ ကားအိပ်ဇောငွေ့တွေ၊ အဏုမြူဓာတ်ငွေ့တွေ နေရာတကာ ပျံ့နှံ့လို့မို့ ကင်ဆာ ကင်ဆာနဲ့ရောဂါတွေ နေရာအနှံ့ဖြစ်ရပြန်တယ်။ အစားအစာတွေ အထွေးအဆန်း ပြုပြင်ဖန်တီးထား

www.burmeseclassic.com

www.burmeseclassic.com



သောက်ရင်းကပဲ အစာလမ်းကြောင်းမှာလည်း ရောဂါတွေ စုံကြပြန်ပါရော။ အသွားအလာ အကူးအသန်းလွယ်သလောက် ရောဂါကူးစက် ပျံ့နှံ့ဖို့ လွယ်ပြန်ချေသေးရဲ့။ တစ်ခါရှေ့ ရောက်ဖို့ အပြိုင်အဆိုင် ကြိုးပမ်းရင်း လူရောစိတ်ပါ ပန်းပြီး နှလုံးရောဂါတွေ၊ သွေးတိုးရောဂါတွေ အဲဒီတိုးတက်ပါတယ် ဆိုတဲ့ နေရာတွေမှာ ဘယ်လောက်များပြားနေသလဲ။ ကမ္ဘာ ပေါ်မှာ လူဦးရေသန်းတစ်ရာကျော်လောက်ဟာ စိတ်ဝေဒနာ တစ်ခုခုကို ခံစားနေရတယ်ဆိုတဲ့ အချက်ကကော ဘာကို ရည်ညွှန်းနေသလဲ။ ဒါတွေဟာ သဘာဝတရားက ဒဏ်ခတ် နေတာတွေပဲလို့ ဆရာမြင်တယ်' ဆိုပြန်တော့ ခွဲစိတ်ဆရာဝန် ကြီး၏အတွေးအခေါ်ကို တမျှော်တသီ ဝေမျှခံစားကြရပြန်၏။

မှုခင်းဆိုင်ရာ ဆေးပညာဘာသာရပ်အတွက် ရန်ကုန်ဆေးရုံကြီး၏ ရင်ခွဲရုံမှာ အချိန်တွေအသုံးချရင်း အခ်ိဳ ဌာနရုံကြားမှာ ပညာရှာရသေးသည်။

လူမှုရေး ဆေးပညာဌာနမှ ကြီးမှူး၍ လှည်းကူးသို့ ကွင်းဆင်းလေ့လာရေး ထွက်စဉ်ကကော၊ ကျေးလက်ကျန်းမာ ရေးဌာနများသို့ လှည့်လည်ခရီးထွက်ကြရစဉ် လေ့မှောက်ပြီး အညာသား ကိုဘိုကြည် ရေနစ်သဖြင့် ဖရက်ဒီနှင့် ကျော်ဆွေ ကိုတို့ ဆင်းဆယ်ရသေးသည်။ ရုတ်တရက် သတိမရခိုက် သောကဖြင့် စောဒီလုံး မျက်ရည်ကျကြောင်းကို တသသ ရင်မောဆွတ်ပျံ့စွာ ပြန်ပြောင်းပြော၍ မပြီးနိုင်ပြန်ပေ။

'ဒီနေ့ ငါတို့ကျောင်းမတက်ဘူးဆ၊ လက်မှတ် ထိုး



လိုက်ဦး' ဟု ခင်မောင်မောင်တို့ခိုင်းလျှင် ဝတ္တရားကျေစွာ တာဝန်ထမ်းရင်း မလွှဲမရှောင်သာ ဆက်လက်ထိန်းသိမ်းနေ ကြသည့် ခင်မောင်မောင်နှင့် နန်း၏ အေးစက်တင်းမာသော အိမ်ထောင်ရေးအတွက် ဆုမြတ်လှိုင်တို့ပါ ဝင်ရင်မောခဲ့ရသည်။

နန်းဝါနွဲ့တို့ စီးပွားရေး အခြေအနေမှာ နန်း၏မိခင် စိတ်ပြေကတည်းက ချောင်ချောင်လည်လည် ပြန်ဖြစ်ခဲ့သော် လည်း အကြိတ်အခဲများက ကြီးမားခဲ့ကြပြီ။ ကလေးငယ်ကို နန်းမိဘများက ခေါ်ယူလျက် ထိန်းသိမ်းထားပြီမို့ နန်းက အဆောင်ရှိ ဆုအခန်းတွင် လာခိုနေနိုင်သလို ခင်မောင်မောင် လည်း သူ့မိခင်ထံမှာပဲ အနေများလေ၏။ ယခင်ကလို ရိုက် နှက်ဆိုဆဲပြီး နင်ပဲငဆ ရန်မဖြစ်တော့သော်လည်း တစ် ယောက်နှင့်တစ်ယောက် သူစိမ်းပြင်ပြင် ဖြစ်ခဲ့ပြီ။

'နန်း သူ့ကို မချစ်တော့ဘူး' ဟု နန်းက ထိတ်လန့် ကြေကွဲစွာ ဆိုခဲ့သည်။

ဆုက 'နန်းစိတ်ညစ်ရလွန်းလို့ မချစ်တော့ဘူးလို့ ထင်နေတာပါကွယ်။ ဖိစီးတဲ့ဝန်တွေ လျော့နည်းသွားတော့ နန်းအရင်ကလို ပြန်ပြီးခံစားလာနိုင်မှာပါ' ဟု အားပေးပါ သေးသည်။

သို့တစေ -

'နန်းကိုယ်နန်း သိတယ်ဆု။ သူ့ကို စိတ်လည်း မဆိုး၊ မုန်းလည်းမမုန်းတာ အမှန်။ အဆင်မပြေခဲ့တဲ့ အခြေ အနေမှာ သူလွန်တာရှိသလို နန်းလည်း လွန်ခဲ့တာပဲ။ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ဆုရယ် နန်းရဲ့အချစ်ဟာ အဲဒီအထိ မှတ်ကျောက်တင် မခံနိုင်ခဲ့ဘူး ထင်ပါရဲ့။ နန်း သူ့ကို နည်းနည်းမှ မချစ်တော့ဘူး'ဟု နန်းက နမြောတသစွာဆိုလေ၏။

'အချစ်ဆိုတာ မပြောင်းလဲတတ်ပါဘူး သူငယ်ချင်းရယ်'

'ဒါဆိုလည်း အစကတည်းကိုက အချစ်စစ် မဟုတ်ခဲ့ဘူး ထင်ပါတယ် ဆုရယ်'

နန်းနှင့် ခင်မောင်မောင်ကား ယဉ်ကျေးစွာ ထိန်းသိမ်းဆက်ဆံနေကြသော သူစိမ်းနှစ်ဦးပမာ ဟန်လုပ်စကားပြောကြရင်း ဆက်လက်ရပ်တည်ဖို့ အချည်းနှီးကြိုးပမ်းဆဲ။ ဘေးမှ သူငယ်ချင်းများမှာတော့ မသက်မသာ ဘေးမှ ရပ်ကြည့်ရုံပဲ တတ်နိုင်လေ၏။

*

BURMESE CLASSIC .com

## အခန်း(၁၇)

'သိပ်လွမ်းနေမှာပဲ ဆုရယ်'

နောက်ဆုံးနှစ် အပိုင်း(က)စာမေးပွဲ အောင်စာရင်းထွက်ပြီးပြီဆိုလျှင်ပဲ ဝန်ထုပ်ကြီးပစ်ချလိုက်သည့်ပမာ ပေါ့ပါးလျက် ကျန်ရစ်သည်။ မနေ့ကပင် နှစ်ယောက်အတူ အောင်မြင်သည်တွင် ဆုက ဂုဏ်ထူးနှစ်ခု ရင်ဝယ်ပိုက်ရပြန်လေ၍ သူကပဲ ဆုကို ကျောင်းစားသောက်ဆိုင်မှာ ဂုဏ်ပြုကျွေးမွေးရသေးသည်။ ပြီးတော့ ဇီဝကမ္မဗေဒဌာန အောက်ထပ် တစ်ဆစ်ချိုးကလေးမှာ အမိအရ ခိုး၍နမ်းရပါသေး၏။ တစ်နေ့လုံး ခွဲခွာရမှာမို့ နှုတ်ဆက်အနမ်းကလေးပါ အချစ်ရယ်။

'ချစ်တယ်လို့ ပြောခဲ့ပါလား ဆုရယ်'ဟု ခခယယ တောင်းပန်ပေမယ့် ပင့်သက်တရှိုက်ရှိုက်နှင့် ဆုက နှုတ်ဆိတ်နေနိုင်ရက်သည်။

နောက်ဆုံးတော့-

'ကျောင်းဖွင့်ရင်တော့ အဖြေပေးပါတော့ ဆုရယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု သူကပဲ အလျှော့ပေးရပြန်လေ၏။

စာသင်ဆောင်များကိုဖြတ်၍ အဆောင်သို့အပြန်···

'တစ်နှစ်ခွဲရမယ့် ကျောင်းကြီးကို တစ်ဝကြည့်ထားမှ' ဟု ဆုက ပြောသေးသည်။

'တို့ကတော့ ကျောင်းပိတ်ပေမယ့် လာနေရဦးမှာ။ မင်းမော်နဲ့ အဖော်လာနေရမှာ။ ဒီကျောင်းကြီးမြင်နေရရင် ဆုကို ပိုလွမ်းနေတော့မှာပဲ။ စိတ်ညစ်လိုက်တာကွာ'

မနေ့က ကျော်ဆွေကိုတို့သည် ရောဂါဗေဒလက်တွေ့နှင့် နှုတ်မေးခွန်းကို နောက်ဆုံးအဖြစ် ဖြေဆိုခဲ့ကြရသည်။ ဆေးစိမ်အစိတ်အပိုင်း စပက်စီမင် (Specimen)မှာ သားအိမ်မှန်း သိသော်လည်း ရောဂါအမည်မသိ။ သူ့ရှေ့မှ စပက်စီမင်တစ်ခုကိုင်ကာ တမင်ခပ်နှေးနှေးသွားနေသော ဆုကို ဖြတ်ကျော်ရင်း သူ့စပက်စီမင် ထောင်ပြရသည်။ ဆုက သားအိမ်ကင်ဆာဖြစ်ကြောင်းပြောမှ ဟင်းချနိုင်ကာ နေရာယူရသည်။ ပြဿနာဖြေရှင်းရန် ပုစ္ဆာဖတ်ကာ ဇဝေဇဝါမို့ ခင့်မင်နေသော သရုပ်ပြဆရာကို ခေါ်ကာ အကူအညီတောင်းရပြန်၏။ ဆရာသည် ဆေးတက္ကသိုလ်(၁)မှ အောင်မြင်လာပြီး ပါပါတပည့်ဖြစ်ရကား သူ့ကို ရောဂါအမည်အဖြစ်နိုင်ဆုံးမှစ၍ ဖြစ်နိုင်ခြေလေးငါးခု ရွတ်ပြသွားသည်။ ရေးဖြေ၍ မပြီးခင် နှုတ်မေးခွန်းဖြေဆိုရန် လာခေါ်သဖြင့် စပက်စီမင်ကိုင်၍ လက်တွေ့ဖြေဆိုခန်းမှ ထွက်လာကာ နှုတ်မေးခွန်း ဖြေဆိုရမည့် အခန်းပြင်၌ ထိုင်စောင့်ရပြန်၏။



စားပွဲငါးခုခွဲ၍ မေးမြန်းရာ တစ်ဘက်ခန်းမှ မင်းမော် ရှုံ့မဲ့ပြီး ပြန်ထွက်လာသည်။

ကျော်ဆွေကို့ရှေ့မှ ဖြတ်သွားရင်း 'ကျွတ်တယ်၊ ကျွတ်တယ်။ အရေခွံနွှာလိုက်တယ်' ဟု ညည်းတွားလေ၏။

နောက်စားပွဲတစ်ခုမှအခေါ်ကို သူ့နည်းတူ ထိုင်စောင့်နေသော တစ်ဘက်ခန်းအဝမှ ကျောင်းသားမှာ စိတ်လှုပ်ရှားတိုင်း လူကလည်း လှုပ်လှုပ်ရွရွ ဂနာမငြိမ်။ သူ့စပက်စီမင် ဖန်ပုလင်းမှာလည်း စာရေးခုံပေါ်တွင် ပြည့်လုပြည့်ခင် ကြီးမားလှ၏။ အူမကြီးလား၊ မိစင်ထရီလား၊ အစာအိမ်လားနှင့် ကျော်ဆွေကို ခွဲခြားမရ။ ယင်း စပက်စီမင် မရ၍ တော်သေးသည် အောက်မေ့မိ၏။ အမှုထမ်းတစ်ဦးက ယင်းကျောင်းသား၏ ခုံနံပါတ်ကို နံဘေးမှ တီးတိုးညင်သာ အခေါ်၊ သူ့ခမျာ အလန့်တကြားခုန်အထ စပက်စီမင်ကြီး ချွမ်းခနဲ ကျကွဲချေ၏။ ကျောင်းသားကား မျက်နှာသွေးမရှိတော့။

ကျော်ဆွေကိုလည်း ခြေဖျားလက်ဖျားအေးကာ တတ်သမျှ မှတ်သမျှစာတွေခေါင်းထဲမှ လွင့်စဉ်ကုန်လေ၏။ သူဖြေရမည့်စားပွဲမှ ဖြေဆိုပြီး ထွက်လာသော ကျောင်းသူမှာလည်း ဦးနှောက်တွေ အဆန်ချောင်ကုန်သလားမသိ။ ခပ်ငေးငေးကြောင်ကြောင်ပင် ငိုက်စိုက် ငိုက်စိုက်နှင့် လက်တွေ့ စမ်းသပ်ခန်းထဲ ပြန်ဝင်သွားလေ၏။

အထဲမှခေါ်၍ ဝင်ဖြေချိန်မှာ ဒူးတုန်နေသဖြင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မနည်းကြီး ထိန်းလျှောက်ရသည်။ သားအိမ်ကင်ဆာမှသည် ခွဲမေးလိုက်သည်မှာ အဆုတ်သို့ ရောက်လိုရောက်၊ အဆုတ်နှာ လက္ခဏာများမှတစ်ဖန် အစာလမ်းကြောင်းဘက်ဝေ့သွားကာ အသည်းတွင် အနာဖြစ်ခြင်းမှတစ်ဆင့် အသားဝါရောဂါရောက်ပြီး အသည်းကျွမ်းသည့်ဘက် လည်သွားပြန်လေ၏။ ပြန်ထွက်လာစဉ် သူ့ခေါင်းခွံထဲမှာ ဦးနှောက်မပါလာတော့ဘူး ထင်မိသည်အထိ။

စာစစ်စားပွဲ ငါးခုလုံးမှ ဆရာများ ဝိုင်းထိုင်ကာ တစ်ယောက်တစ်လှည့် ဝိုင်းမေးကြသော မေးခွန်းများကို ဖြေဆိုလျက် ဂုဏ်ထူးထွက်သည်ဆိုတော့ ချစ်သောဆုကို မချီးမွမ်းဘဲ မနေနိုင်။

ဆုကတော့-

'တစ်နှစ်လုံး ဒီအတွက်ပဲ တို့ ပြင်ဆင်လာတာပဲ ကိုဆွေရယ်' ဟု ခပ်အေးအေးဆိုလေသည်။

ယခုတော့ ဆုသည် မအူပင် အမြန်သင်္ဘောပေါ်ရောက်နေလေပြီ။ ကုန်ဝယ်လာသော ဒေါ်ဒေါ်မြနှင့် တွေ့သဖြင့် ဒေါ်ဒေါ်မြဖျာတွင် ဆုသက်တောင့် သက်သာ ထိုင်ရလေ၏။ ကျော်ဆွေကိုလည်း ဆု အဖော်တွေ့သဖြင့် စိတ်ချလက်ချ လွှတ်လိုက်နိုင်ပေမည်။

'ဒီလိုပဲ သွားနေကျပါ ကိုဆွေရယ်' ဆိုပေမယ့် သူနှင့် ဆိုင်လာတော့ သူစိတ်မပူဘဲ ဘယ်နေပါ့မလဲ။

မသိမသာ လေ့လာအကဲခတ်နေသော ဒေါ်ဒေါ်မြ



ကြောင့် အနေကျုံ့ရသည့်အထဲ 'မောင်လတ်လည်း လူနာသိပ်ရတာပဲ။ ပျော်ပျော်နေတတ်တော့ ပေါ့ပေါ့ဆဆ ရှိမလားမှတ်တာ။ တယ်ပြီး လူနာဂရုစိုက်တာပဲ။ မြို့ခံလည်း ဖြစ်ပြန်တော့ သူ့ဆေးခန်းမှာ တိုကင်တောင် ပေးနေရတယ်။ ဆေးရုံမှာလည်း အခွဲအစိတ်ဆို ဆရာဝန်ကြီးက သူ့ပဲ လွှဲထားတာ။ ပင်ပန်းသကွယ့်။ မမိုကတော့ ညည်းပြန်ရောက်မှ သူ့သား သက်သာမတဲ့' ဟု အလိုက်မသိ ပြောပြန်တော့ ကျော်ဆွေကို့ရင်မှာ ပူလောင်ရသည်။

ဒေါ်ဒေါ်မြ ထမင်းဆိုင်ထသွားခိုက်မျိုးသိပ်နိုင်ဘဲ-

'ကိုဝင်းလတ်ဆေးခန်းမှာ သွားကူမလို့လားဟင်' ဟု မဝံ့မရဲမေးမိ၏။

'တို့ကို မယုံဘူးလားကွယ်'

'မယုံနိုင်ဘူး ဆု။ နီးစပ်ရင်ငြိတတ်တာပဲ။ လူတွေပဲ'

'တို့မှာလည်း အိမ်အလုပ်တွေနဲ့မအားပါဘူး ကိုဆွေရယ်။ မသွားဘူးလို့တော့လည်း မပြောချင်ဘူး။ ဒါပေမယ့် သူယုံ၊ တို့ ကိုလတ်ကို မချစ်ပါဘူး'

'သူက ဆုကိုချစ်နေတာ'

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ သူက တစ်ခါမှ ဖွင့်မပြောဖူးပါဘူး'

'တချို့ကိစ္စတွေက ဖွင့်ပြောစရာ မလိုပါဘူး ဆုရယ်။ အလိုလို သိတတ်တာမျိုးပါ'

'တို့ ကိုလတ်သို့မချစ်ပါဘူးဆို ကိုဆွေရယ်

www.burmeseclassic.com

www.burmeseclassic.com



'ဆုတို့က မရှောင်သာမလွှဲသာတဲ့ သံယောဇဉ်တွေ၊ ငဲ့ကွက်စရာတွေ အများကြီးရယ်။ မပြန်စေချင်တော့ဘူး ဆုရယ်။ တို့ စိတ်မချနိုင်ဘူး'

'သိပ်ခက်တဲ့ ကိုဆွေပဲကွယ်'

'ခက်ရတယ် ဆု။ တို့မှာက မပိုင်မနိုင်ဘ၀'

'ခုနက ကိုဆွေပဲပြောပြီးတော့ တချို့ကိစ္စတွေက ဖွင့်ပြောစရာ မလိုပါဘူးဆို။ အလိုလို သိတတ်တာမျိုးပါဆို'

ဆုမျက်နှာမှာ အဖြေရှာတော့ ဆုက ရီဝေဝေမျက်လုံးများနှင့် မချိုမချဉ်ပြုံးနေသည်။ သိသလိုမသိသလိုနှင့် ခက်ပဲခက်ရချည့်။

'ချစ်လားဟင် ဆု'

'ဟော… ဒေါ်ဒေါ်မြ လာနေပြီ'

တကယ်ပင် ဒေါ်ဒေါ်မြလာနေပြီမို့ သူ့မှာ မတင်မကျနှင့် မျက်နှာက အောက်သိုးနေတော့သည်။

'ဟော… ဥသြဆွဲပြီ၊ ကိုဆွေသွားတော့'

ဆုက သင်္ဘောအောက်ထပ်သို့ လိုက်ပို့သည်။ လှေကားပေါ်တွင် -

'ပါ့တ်တူးရောက်မှနော်'ဟု နှစ်သိမ့်လေ၏။

'ကြိုးရှည်ရှည်နဲ့ လှန်ထား သိလား'ဆိုတော့ ဆုမျက်နှာ ညှိုးလေ၏။

ခွာစပြုနေသော သင်္ဘောပေါ်မှ ဇောတံတားပေါ်ခုန်တက်ရသည်။ စိုးရိမ်သွားသော ဆုမျက်နှာကိုမြင်လျှင်



ကျေနပ်နှစ်သိမ့်ရင်း လက်ပြနှုတ်ဆက်ရသည်။ အရာရာကို မေ့ပျောက်လျက် အလွမ်းတွေ ရင်မှာပြည့်ကျပ်ကာ တဖြည်းဖြည်းဝေးကွာသွားသော ချစ်ရသူဆုကို ငေးကြည့်ကျန်ရစ်သည်။ ဆု ပြန်တိုင်းပြန်တိုင်းမှာပင် ကျန်ရစ်ရသည့် အလွမ်းဝေဒနာမှာ ကြာလေဆိုးလေမို့ ရင်ဆိုင်ရမှာပင် စိုးကြောက်နေရပြီ။ ကမ်းနားသို့တက်လာကာ ကားပေါ်မှနေ၍ မြင်ကွင်းမှ သင်္ဘောပျောက်သည်အထိ တစ်မျှော်တစ်ခေါ် ငေးနေမိသေးသည်။

အိမ်ပြန်ရောက်လျှင် ထမင်းမစားနိုင်ဘဲ အိပ်ရာထဲတွင် ခွေလဲနေမိသည်။ ယခုမှ စာမေးပွဲဒဏ်ပါပေါင်းကာ လူမှာ ဖျားချင်သလိုလို ဖြစ်လာတော့သည်။

လွတ်လွတ်လပ်လပ် တွေးနေဆွေးနေချင်ပေမယ့် မာမာက ပေါင်မုန့်ကင်ကို ထောပတ်သုတ်ကာ ဟောလစ်တစ်ခွက်နှင့် ရောက်လာ၏။ သူ့ဇက်ကြောတွေ၊ ပခုံးတွေ၊ မျက်ရိုးတွေကို တယုတယ နှိပ်ပေးနေပြန်သည်။

'စာမေးပွဲပြီးစ အိမ်မှာနားနေဦးမှပေါ့ သားရယ်'

ဆုအပြန်ကိုသွားပို့ကြောင်း မာမာ ရိပ်မိသိရှိမှာပါပဲ။ သူကမူ ဆိတ်ဆိတ်သာနေလေ၏။ အစစအရာရာ အလိုလိုက်အကြိုက်ပေးပေမယ့် သူ့အချစ်ရေးမှာတော့ အပေးအယူမျှဖို့ မာမာ မျှော်လင့်ကြောင်း သူ နားလည်ပြီးဖြစ်လေသည်။ မေတ္တာနှင့်ရင်းနှီးထားသောအခါ ဆန့်ကျင်ရမှာခက်ခဲလှပါကလား။

www.burmeseclassic.com

www.burmeseclassic.com



မာမာတို့ရဲ့မာနတွေနဲ့ ဆုရဲ့မာနတွေကြားမှာ သားခံစားနေရတာတွေ မာမာ မသိဘူးနော်ဟု ရင်ထဲမှ ငိုညည်းမိသည်။

မာမာကတော့ မမြင့်ဖူး၍ မှုးမြစ်ထင်တာ၊ မကြင်ဖူး၍ ဆူးအချစ် ထင်ရှာသည်ဟု 'သားရယ် သိပ်အစွဲအလမ်းမထားပါနဲ့။ သား ငယ်ပါသေးတယ်။ အချိန်တွေကြာလာရင် သား အတွေးအမြင်တွေ ပြောင်းလဲလာမှာပါ။ မာမာပြောတာမယုံရင် သား စောင့်ကြည့်ဦး'ဟု တစ်လုံးစ နှစ်လုံးစ နားချနေသည်။

ခက်တာပဲ။ ရိုးရိုး ဝိဇ္ဇာသိပ္ပံတက်ရင် မဟာဝိဇ္ဇာတန်း အောင်လာပြီ။ ခုတော့ ဆေးကျောင်းတက်မိလေတော့ ကျောင်းသားဘဝ မကုန်နိုင်ဘဲ ကလေးအဖြစ် အထင်ခံရတုန်းပါပဲလား။

*

## အခန်း (၁၈)

ဒေါ်ခင်ဝင်းမှီကိုယ်တိုင်က အကူအညီတောင်းလာပြီဆိုတော့ ညနေတိုင်းပင် ဆုမြတ်လှိုင်တစ်ယောက် ဒေါက်တာဝင်းလတ်၏ဆေးခန်းတွင် ဝိုင်းဝန်းကူညီရပြန်သည်။ တစ်နေ့လုံး ညောင်းအောင်ထိုင်ကာ စက်ချုပ်ရသမျှ တစ်ညနေလုံး မတ်တတ်မတ်တတ်နှင့် လူနာစာရင်းမှတ်လိုက်၊ ဆေးထိုးဆေးပေးလိုက်၊ ငွေသိမ်းလိုက်နှင့် ဇယ်ဆက်စလို မနားတမ်း လုပ်ရပြန်လေ၏။

အချို့လူနာအသစ်များကို စမ်းသပ်ကြည့်ရှုရလျက် ရောဂါအမည်တပ်နိုင်လျှင်တော့ ပန်းသမျှ ပြေပျောက်ရလေသည်။ တိုက်ဆိုင်သောအခါများတွင် မေ့လျော့နေသော ဆေးဝါးများ၊ ရောဂါပိုးများအကြောင်းကို ပြန်လှန်နွှးနှပ်ဖြစ်သဖြင့် သူ့အတွက် အကျိုးရှိမြဲ။

တစ်ခါတစ်ရံ လူနာပါးချိန်တွင် ဧည့်ခန်း၌ ကိုလတ်နှင့်အတူ ကျားထိုးဖြစ်ကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပါ့တ်တူးအတွက် စာအုပ်တွေ ရပြီလား'

'ကိုလတ် ပေးထားတာ တချို့ရှိတယ်။ တချို့က လည်း စာကြည့်တိုက်ကပဲ ယူရမှာပဲ။ သူငယ်ချင်းတွေဆီ ကလည်း ငှားလို့ရပါတယ်'

'ကျော်ဆွေကိုဆီက ဆိုပါတော့'

ဆုက ပြုံးနေမိသည်။ ကိုဆွေ့ဖခင်သည် သား အတွက် နိုင်ငံခြားမှ နောက်ဆုံးပုံနှိပ်သော စာအုပ်မှန်သမျှ မှာယူပေးနိုင်သော်လည်း ကိုဆွေက စာကျက်ပျင်းလှသည်။ သူ့စာအုပ်တွေသည် ဆုဆီပဲ ရောက်နေလေ့ရှိလေ၏။

သည်တစ်ကြိမ် ကျောင်းပိတ်၍ အိမ်အပြန်တွင် အဘွားက ဆုကို စကားအထူးအဆန်းပြောခဲ့သည်။ ဒေါ်လေး မှီက ဆုကို သူမ၏သားနှင့် သဘောမျှနေသည့်အကြောင်း၊ ဒေါ်ဒေါ်မြ ပြန်လည်ဖောက်သည်ချ၍ ကိုဆွေ သဘော်ဆိပ် လိုက်ပို့ကြောင်းသိကာ ဆုမှာ တွယ်တာစရာရှိလာနိုင်သဖြင့် များစွာ နောက်မကျမီ ချည်ပြီးတုပ်ပြီး ဖြစ်ထားချင်ကြောင်း စသည်ဖြင့်။ ဆုက မီမီတို့၊ မမရှယ်လီတို့ကို အကြောင်းပြ ကာ ငြင်းခဲ့သည်။

'ကျောက်ကောင်းမှန်ရင် အနှာအဆာတော့ ရှိစမြဲ ပေါ့ သမီးရယ်။ မောင်လတ်ခမျာလည်း နောင်တတွေရပြီး ပြောင်းလဲလာလိုက်တာ ဟိုတုန်းကနဲ့ တခြားစီမဟုတ်လား။ အဘွားကတော့ သမီးကို အတင်းအကျပ်မတိုက်တွန်းပါဘူး။ သမီး စဉ်းစားဖို့ပါ။ ကိုယ့်ဓာတ်သိချင်းဆိုတော့ သမီးအတွက်



လည်း ကောင်းမယ်လို့ အဘွား ယူဆတယ်လေ။ အရိုးများ တယ်၊ ချေးခါးတယ် အပြစ်ရှာစရာ မလိုတော့ဘူးပေါ့'

ဒေါ်လေးမှီတို့ကျေးဇူးသည် ဆုအပေါ်တွင် ကြီးမား လှကြောင်း ဆုသိလျက်နှင့် အသည်းနှလုံးနှင့်ရင်းပြီး ဆပ် ရမှာ တွန့်ဆုတ်ခဲ့သည်။ သည်းဦးပန်းကို ပိုင်သူက ရှိနေနှင့် ပြီ။ အဘွားတို့ ဒေါ်ဒေါ်မြတို့အားလုံးက သဘောတူကြည် ဖြူပေမယ့် ဆု လက်မခံနိုင်ခဲ့။ တစ်ခုပဲ စိုးရိမ်ရသည်။ ဒေါ်လေးမှီကများ အတင်းအကျပ်တောင်းဆိုလာလျှင် အဘွား အငြင်းခက်လေမလား။

ကျောင်းဖွင့်၍ ပြန်ခါနီးမှာတော့ ကိုဝင်းလတ်က 'ဆု စိတ်ချမ်းသာအောင်နေ။ ကိုလတ်က ဆုကို ကလေးဘဝ ကတည်းက ပြုစုပျိုးထောင်လာခဲ့တာ။ ဥယျာဉ်မှူးဆိုတာ ကိုယ်ပျိုးတဲ့ပန်းကလေး လန်းဆန်းနေတာမြင်ရရင် ကျေနပ် နေတာပါ ညီမရယ်'ဟု နှစ်သိမ့်လေ၏။

ကျေးဇူးတရားတွေ ဖိုကာဖိကာ ဆုအပေါ် အနိုင် မယူရက်။ သူ့ပြစ်ချက်တွေကြောင့်လည်း ဆုနှင့်တန်သည် မထင်။ ဆုကသာ သူ့ကိုချစ်ခဲ့လျှင်ဖြင့် အပြစ်ဟူသမျှ ဆေး ကြောပြီးဖွယ် ရှိလေရဲ့။ ယခုမူကား ဆု ခိုနားမည့်ရင်ခွင် သည် ဆုအတွက် ငြိမ်းအေးချမ်းမြေ့စေဖို့ပဲ သူ ဆုတောင်း နေရစ်ရတော့မည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကျောင်းတွေဖွင့်ချိန်မှာ ဆု ပြန်ရောက်မလာတော့ ကျော်ဆွေကို့မှာ နေမထိထိုင်မထိ ပူမိသေးသည်။ နှစ်ရက် သုံးရက်နောက်ကျပြီး ခွဲစိတ်ဆောင်တွင် လူနာခုတင်ဘေး၌ ဆရာ သင်ကြားပို့ချခိုက် ဆုရောက်ရှိလာမှပင် ဝမ်းသာနိုင်တော့သည်။ ဆရာ့နောက်ကျောဆီမှ လှပသော ဆု၏မျက်လုံးများက ပြုံးရယ်ပြမှပဲ မပြောင်းလဲသေးပါလားဟု စိတ်အေးရလေ၏။

'ဟိုက်ဒြိုဆီး(လ)ဆိုတာ မြန်မာလို ဘယ်လိုခေါ်မှန်းတောင် မသိဘူးလားဟင်။ တော်တော်တုံးတဲ့ အကောင်။ ရေမှုတ်တို့ လေမှုတ်တို့ မကြားဖူးဘူးလား။ ဒါ ရေမှုတ်ခေါ်တာပေါ့ကွ'ဟု ဆရာက စိတ်မရှည်စွာ ဆူပူနေသည်။

လူနာအဘိုးကြီး၏ ဖောင်းကားနေသော မုတ္တကို ဝိုင်းကြည့်ရ၊ နှိပ်ရစမ်းရနှင့်။

'ဟဲ့ကောင်မလေး ဒီနေ့မှ ကျောင်းတက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟင်း… ပြောစမ်း… ဘာနည်းနဲ့ခွဲမလဲ’

ဆုက ‘ဂျဘိုးလေးပါဆရာ’ဟု ဖြေလိုက်၏။

‘ဟိုကောင် စာလုံးပေါင်းစမ်း’ဟု ကိုဘိုကြည်ကို မေးသည်။ ကိုဘိုကြည် ခေါင်းကုတ်နေ၏။

‘နောက်ဆုံးနှစ်ရောက်နေပြီ၊ ဒါတောင်မတတ်ဘူး။ နောက်တစ်ယောက်’

မင်းမော်က JEBOLE ဟု ရမ်းသမ်းပေါင်းပစ်သည်။

‘ဟာ… မင်းဟာက ဂျပိုး ဟိုဒင်းဖြစ်နေပြီ’ဆိုလျှင် ဣန္ဒြေမဆည်နိုင်ဘဲ ရယ်မောကြရလေ၏။

ဖရက်ဒီ အလှည့်ကျမှပင် စာလုံးပေါင်း မှန်သွားလေ၏။

‘ဘယ်လိုခွဲတာလဲကွ။ ဒီလုံး လုပ်စမ်းပါဦး’

စောဒီလုံး မျက်လုံးကလယ်ကလယ်နှင့် စစ်ကူရှာသည်။ ဆုက ဆရာ့နောက်မှ လက်နှစ်ဘက်နှင့် ပြောင်းပြန်လှန်ချုပ်ဟန် ပြပေး၏။

‘ဟို… ဟို… လှန်ပြီး ချုပ်ရတယ် ဆရာ’

‘ဘာ လှန်ပြီး ချုပ်မှာလဲကွ’

‘ဟိုဒင်း… အင်း…၊ ကျူးနီးကား အယ်လ်ဘူဂျီးနီယား ဆရာ’

‘ဟိုက်… ဒုက္ခပါလား။ (ရေးစေ့) Testisကွဲထွက်လာမှာပေါ့ကွ။ အဲဒါက Testisနဲ့ ကပ်နေတဲ့ဥစ္စာ။ အရည်



စိမ့်ထွက်နေတဲ့အလွှာကို လှန်ချုပ်မှပေါ့။ ဟေ့ကောင်တွေ နယ်မှာ အတူတာဝန်ကျတုန်း ရေမှတ်ဖြစ်လို့များတော့ သူငယ်ချင်းမို့များ အားကိုးပြီး ဒီကောင့်ဆီ သွားမခွဲကြနဲ့ကွ။ ဒုက္ခများသွားမယ်။ မင်းကွာ အတော်ရက်စက်တဲ့အကောင်’

စောဒီလုံးက ပါးစပ်ကို လက်ဝါးနှင့်ကွယ်ကာ မခို့တရို့ရယ်သလို ကျွန်ကျောင်းသားများလည်း တဝါးဝါး ပွဲကျသွားရပြန်လေ၏။

ညနေစောင်း၍ ဓိဝကမ္ဗဗေဒဌာန လှေကားတစ်ဆစ်ချိုးမှာ ထိုင်မိလျှင်တော့ ဆွေးသမျှ၊ လွမ်းသမျှ တစ်ဖွဲ့တစ်နွဲ့ သီကုံးရချေသည်။

‘တော်ပါသေးရဲ့ ဆုရယ်။ တို့က ပြန်မှ လာပါဦးမလားလို့…’

‘အနည်းဆုံးကျောင်းကိုတော့ ပြန်မလာဘဲ မနေဘူးဆိုတာ သူ ဘာလို့ မတွေးတတ်ရတာလဲဟင်’

‘တို့ ဘယ်လို တွေးတတ်နိုင်မှာလဲ’

‘သူသိတာ တစ်ခုပဲရယ်’

‘ဟုတ်တယ်၊ ဆုကို ချစ်တယ်။ ဒါပဲလေ’

ဆုက သက်ပြင်းချကာ ငေးမောနေသည်။

‘အဆင်မပြေတဲ့ ဘဝတွေကို ကြည့်ကြည့်ပြီး တို့သတ္တိနည်းတယ် ကိုဆွေ’

‘ဆု ဘာကို ဆိုလိုတာလဲဟင်’

‘နှန်းတို့လိုလေ။ အခုသူတို့ တရားဝင် မပြတ်စဲ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကွဲနေကြပြီ'

'အဲဒါနဲ့ တို့တွေနဲ့ ဘာဆိုင်တာ လိုက်လို့ကွယ်'

'ရှေ့ရေးဆိုတာ မရေရာဘူးမဟုတ်လား။ သိပ်ချစ်ရင် သိပ်မျှော်လင့်တယ်။ မျှော်လင့်ချက်တွေ ဆုံးရှုံးသွားရင် သိပ်ခံစားရတတ်တယ်လေ'

'ဆုက ကိုယ့်ကို ချစ်တယ်လား ဟင်'

သူက ဆု၏ လက်ကလေးကို ရှိုက်နမ်းလျှင် ဆုကလည်း မရုန်းမဖယ်ပေ။

'အနားက မြက်တွေလည်း ကုန်ပါပြီ ဆုရယ်'

'ဘာပြောတယ် ကိုဆွေ'

'သြော်… ကြိုးရှည်ရှည် လှန်ထားလိုက်တာ၊ ကြာတော့ အနားက မြက်တွေလည်း စားရင်းကုန်ပါပြီလို့'

သူ့လက်မောင်းကို ဆုက မနာမကျင် ဆွဲဆိတ်ကာ-

'နွားလုပ်တယ်လို့ ဆိုချင်တာပေါ့'ဟု မေး၏။

'ချစ်လားဟင်'

'သိလျက်နဲ့ကွယ်'

ဝမ်းပန်းတသာ ဆုကို ရင်ဝယ်ပိုက်တွေးလျက်-

'တို့ဘာသာ သိချင်ရာသိ ထင်ချင်ရာထင်နေလို့ တရားမဝင်ဘူး မဟုတ်လား ဆုရယ်။ ကဲ… ဖြေလေ'

'ပြန်ခါနီးမှ'

သူက ဆု၏ လက်ကလေးကိုဆွဲကာ ဘယ်ဘက်ရင်တွင် ထိကပ်စေလျက်-



'ဆုကို ဘယ်လောက် ချစ်သလဲဆိုကြည့်စမ်း။ တို့ရဲ့ နှလုံးသားဟာလေ လတ်ဘ်ဒပ်တ်တို့ မမြည်တော့ဘူး သိလား ဆု… ဆုနဲ့ပဲ မြည်နေတော့တယ်'ဟု ချွဲနွဲ့မိသည်။

ကျော်ဆွေကိုက သူ့အစ်မ 'မာလာကို' လက်ထပ်တော့မည့်အကြောင်း၊ သူ့အိမ်မှယာဉ်မောင်းသူ အသစ်ပြောင်းသည့်အကြောင်းများပြောပြစဉ် ဆုကလည်း ကြောင်မကြီးမိဖြူ သေဆုံးသွားသည့်အကြောင်း၊ ဆရာဝန်ဖြစ်လျှင် အဘွားကို အနားယူစေတော့မည့်အကြောင်းများ ပြန်ပြောဖြစ်သည်။ အသက်တစ်ယောက် ဆယ်တန်းမအောင်နိုင်သေးကြောင်းလည်း ထည့်ညည်းမိသေးသည်။

သူ့ငယ်ချင်းများအကြောင်း ရောက်ပြန်တော့ ဇရက်ဒီသည် ဆရာဝန်ဖြစ်လျှင် လျော်ကြေးပေးပြီး နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားရန် ဆုံးဖြတ်ပြီးကြောင်း ပြောမိကြသည်။ အစ်ကိုကြီး ကိုဘိုကြည်က သားတစ်ယောက်ရလာတော့ ဖဲအရိုက်လျှော့ကာ အလုပ်သင်ဆရာဝန် ပြီးသည်နှင့် သူ့ရပ်ရွာမှာ ဆေးခန်းပြန်ဖွင့်မည်ဟု သည်နှစ်တွင် နှစ်ချင်းပေါက်အောင် ကြိုးစားတော့မည်။ ဇော်ဒီလုံးက သူ့ထောက်ပံ့ကြေးယူထားရာ ကရင်ပြည်နယ်တွင် ပြန်လည်အမှုထမ်းဖို့ စိတ်အားထက်သန်လေပြီ။ မင်းမော်ကား စေလိုရာစေဟု ကြွေးကြော်လေ၏။

နှန်းနှင့် ခင်မောင်မောင်ကား ကျောင်းတော်ကို စွန့်ခွာချိန်ဝယ် သူတို့၏ ပြိုလဲခဲ့သော အိမ်ထောင်ရေးကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ခါတည်း မြုပ်နှံသင်္ဂြိုဟ်ခဲ့ဖို့ ကြံရွယ်ထားလေမလား။

'တို့ကတော့ ဖြစ်လေရာဘဝကပဲ ဆုရေ What ever will be will be' ဟု ကိုဆွေက ဆိုလေ၏။

'တို့အဖို့ ဘွဲ့ရပြီးရုံနဲ့ ခရီးမဆုံးသေးဘူးဆိုတာ သူ သိရဲ့လား'

'အဲဒါ အရေးကြီးလို့လား'

'မပြောတတ်ဘူး ကိုဆွေ။ ဒါပေမယ့် တို့ကိုချစ်ရင် တို့ဘဝကိုလည်း သိထားဖို့ မကောင်းပေဘူးလား'

'တို့ သိပါတယ်'

'သူ ဘယ်လောက်အထိ သိထားသလဲ'

'သိသင့်သလောက်တော့ သိပါတယ် ဆုရယ်။ အစက မသိလို့ ချစ်မိတယ်လို့ ပြောဖို့အကြောင်းလည်း မရှိတာ သေချာပါတယ်။ ချစ်တာဟာ ချစ်တာပဲဆု။ ချစ်မိမှတော့ ပြုပြင်ပြောင်းလဲလို့ မရတော့ဘူးဆိုတာ ဆုလည်း လက်ခံစေချင်တယ်။ ဆုအဖို့ အချစ်ဆိုတာ ဒုတိယဦးစားပေး၊ တတိယဦးစားပေး အဆင့်တွေမှာ ရှိပေမယ့် တို့အဖို့တော့ ပထမဦးစားပေးအဆင့်မှာ ရှိတယ်ဆိုတာလည်း ဆု လက်ခံစေချင်တယ်။ ကဲ… ဆု ဘာပြောချင်သလဲပြော။ တို့ နားထောင်ပါ့မယ်'

'တို့ ဘာပဲလုပ်လုပ်၊ တို့ဘာပဲစဉ်းစားစဉ်းစား တို့ရဲ့ သိမ်ငယ်ခဲ့ရတဲ့ အဖြစ်တွေက အရိပ်ထိုးနေခဲ့တယ် ကိုဆွေ။ တို့အဖေဟာ အမေ့ကို လက်ထပ်မယူနိုင်ခင် အသက်ဆုံးရှုံး



ခဲ့ရတယ်။ တို့အမေက တို့ကို ယောက်ျားမရှိဘဲ မွေးခဲ့လို့ တို့ဟာ အုတ်ကြားမြက်ပေါက် မိမစစ် ဘမစစ်ရယ်လို့ မျက်နှာ ငယ်ခဲ့ရတယ်။ တို့အဖေကိုလည်း ကလေကချေ လူဆိုးဓားပြရယ်လို့ သတ်မှတ်ထားခဲ့ကြပြန်တော့ တို့မှာ ဒီတစ်သက် မပျောက်ပျက်နိုင်လောက်အောင် စိတ်မှာ ဒဏ်ရာရခဲ့တယ်။ ဒီတော့ကိုဆွေ၊ တစ်ဘက်မှာ ငုံ့ခံစရာဖြစ်ပေမယ့် နောက်တစ်ဘက်မှာ တို့မော်နိုင်ရမယ်။ တို့ကို အထင်သေးနှိမ်ချတဲ့ မျက်လုံးတွေရှေ့မှာ သူတို့ထက်သာတဲ့ အနေအထားနဲ့ တို့ဝင့်ကြွားနိုင်ရမယ်။ သိပြီလားကိုဆွေ။ တို့ ရှန်းကန်ဖို့ အများကြီး ကျန်သေးတယ်'

ကျော်ဆွေကိုက ဆု၏ ထိခိုက်နာကြည်းသော မျက်နှာကို ငေးကြည့်နေသည်။

'တို့အမေလို အမှားမျိုးကို မိန်းမတွေ အများကြီး ကျူးလွန်ဖူးကြတာပါပဲ။ ဒါပေမယ့် တို့အမေကျမှ ဘာလို့ အမှားနဲ့ မမျှအောင် ခံစားသွားရတာလဲ။ အမေရဲ့ ဝေဒနာ ခံစားနေရတဲ့ မျက်နှာဟာ တို့ရဲ့အိပ်မက်တွေထဲမှာ အမြဲပါဝင်နေတယ် ကိုဆွေ'

သူက ဆု၏လက်ကလေးများကို ဖျစ်ညှစ်အားပေးမိသည်။ ဆု လက်ကလေးများကလည်း အေးစက်လွန်းလှပါတကား။

'တို့လေ နန်းကို အတတ်နိုင်ဆုံး ကူညီခဲ့တယ်။ သူတို့က ထင်ကြတယ်နော်။ ဆုမြတ်လှိုင်ဟာ နန်းကို သိပ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်တာပဲလို့။ အမှန်တော့ ကိုဆွေ နန်း မခံစားရစေချင်ဘူး။ နန်းရဲ့ကလေး ဖိုးကူးကလေးကို တို့လို မခံစားရစေချင်ဘူး။ တို့ဘဝကို တို့ဖြစ်စေချင်တဲ့ပုံသဏ္ဌာန်ကို နန်းတို့ထဲမှာ ပုံဖော်ကြည့်မိတယ်။ ခုတော့ အဲဒီစိတ်ကူးကလေးဟာလည်း သည့်ပြင် တစ်နည်းတစ်လမ်းနဲ့ ပျက်စီးသွားရပြီ။ တို့တစ်ကိုယ်ကောင်း မဆန်လွန်းဘူးလားဟင်'

'အဆင်မချောတဲ့ အထစ်အငေါ့ကလေးတွေဟာ ဘဝတိုင်းမှာ တစ်မျိုးတစ်ဖုံစီ ရှိနေကြမယ်လို့ သဘောမထားနိုင်ဘူးလား ဆုရယ်'

'ဟင့်အင်း… တို့ဘဝဟာ ဒီထက် အများကြီး အဆင်ချောသင့်ပါတယ်။ တို့အမေရဲ့ ဘဝဟာလည်း ဒီထက် အများကြီး အထစ်အငေါ့နည်းသင့်ပါတယ်။ အို… ကိုဆွေရယ်။ တို့ဖြေလို့ မပြေနိုင်ဘူး'

ဆုက မျက်နှာကို လက်နှစ်ဘက်နှင့်အုပ်ကာ တစ်ကိုယ်လုံးတုန်နေသည်။ ကျော်ဆွေကိုက ဆု၏ကျောကလေးကို အသာအယာပွတ်သပ်ကာ နှစ်သိမ့်ဖို့ ကြိုးစားမိ၏။

မှောင်စပျိုးသည်အထိ စကားမပြောဘဲ ငြိမ်သက်နေကြသည်။ မိုးတစိမ့်စိမ့်ရွာနေသဖြင့် စိမ့်အေးလာသည်။ အင်္ကျီလက်ပြတ်ကလေးနှင့် ဆုကို သူက တယုတယ ပိုက်ထွေးထားလိုက်လေ၏။

'ပြန်စို့ ကိုဆွေ။ ခြောက်နာရီခွဲတော့မယ်'

ကျော်ဆွေကိုက အရင်ရပ်ကာ လက်ကမ်းပေး



သည်။ ဆုက အလိုက်သင့် လက်ကလေး ပြန်ပေးတော့ ညင်ညင်သာသာ ဆွဲထူလိုက်သည်။

လှေကား တစ်ထစ်နှစ်ထစ်ဆင်းမိပြီးတော့ ဆုက ရပ်လိုက်သဖြင့် သူလည်းရပ်ကာ လှည့်ကြည့်မိသည်။ ဆု၏ မျက်လုံးများသည် ရီဝေနွမ်းညှို့လွန်းလှလေ၏။

'မမေးတော့ဘူးလား ကိုဆွေ'

'ဘာကိုလဲဟင်'

'သူ အမြဲတမ်း အမြဲတမ်း မေးနေတဲ့ မေးခွန်းလေ ကိုဆွေ'

'သြော်… မမေးရက်တော့လို့ပါ ဆုရယ်'

'တို့က ဖြေချင်တယ်'

ဆုက မျက်လွှာ ချလိုက်လေ၏။ ဒိတ်ခနဲ ရင်ဖိုလှိုက်စွာ ရှေ့တိုးကပ်သွားတော့ ဆုက သူ့ရင်ဘတ်ကို လက်နှင့်တွန်းကာထားလေ၏။

'ဆု တို့ကို ချစ်လားဟင်'

သူ့အသံက တုန်နေသည်။

'မျက်စိမှိတ်ထား'

ဆုက သူ့လက်နှစ်ဖက်ကို ပိုက်ပေးသည်။ သူက မျက်စိမှိတ်ကာ ပြုံးနေ၏။

နားမှာ ပူနွေးသော အတွေ့နှင့်အတူ ကမ္ဘာပေါ်တွင် အသာယာဆုံး အချိုမြိန်ဆုံး အသံကလေးကြားလိုက်ရသည်။

'သိပ်ချစ်တာပဲ'တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဆုက ဖျတ်ခနဲ လေ့ကားမှ ဆင်းပြေးသည်။ သို့တစေ သည်လိုနေရာမျိုးတော့ ကျားသတ္တဝါပီပီ ကွက်ကျော် မြင်နှင့်ကာ ချက်ချင်း ဖမ်းဆွဲ၍ မီလိုက်လေ၏။

ပထမတော့ သူ၏ ပူနွေးမွှတ်သိပ်သော အနမ်းများကို ဆုက မရုန်းမဖယ် ခံယူနေသေးသည်။ တစ်ဆင့် တစ်ဆင့် ကမ်းတက်လာတော့ ဆုက ချော့ရင်း ခြောက်ရင်း ရုန်းကန်လေ၏။

နောက်ဆုံးစိတ်ဆိုးမာန်ဆိုး လက်သည်းနှင့် ကုတ်ဆွဲလိုက်သည်မှာ ပါးတွင် ဖျဥ်းခနဲ ပူစပ်သွားမှ ဖြေလွှတ်ပေးလိုက်ရလေ၏။

ဆုက ရှေ့မှ ခြေကုန်သုတ်သည်ကို အပြေးအလွှားလိုက်ရသည်။ တဖျဥ်းဖျဥ်းနာလာသောပါးကို လက်ဝါးနှင့်အုပ်ရင်း 'ဟိတ် ဆု၊ ဆောရီးကွာ'ဟု လိုက်တောင်းပန်ရလေ၏။

ကျောင်းရှေ့မှာ ရပ်ထားသော ကားအနီး ရောက်မှ ဆုက သူ့ကို လှည့်ကြည့်သည်။ သွေးစို့သော ကုတ်ခြစ်ရာအစင်းမှာ နှစ်လက်မခန့် ရှည်လျားလေ၏။

'သူ သိပ်ဆိုးတာကိုး။ တို့က လုပ်မိတာပေါ့'ဆိုကာ လက်ကိုင်ပဝါလေးနှင့် အုပ်ပေးသည်။

'လက်ကိုင်ပဝါယူသွား၊ အဆောင်နားမလိုက်နဲ့တော့။ ပါးမှာ အစင်းကြီးနဲ့ ရှက်စရာကြီး'

'ဆု သိပ်ရက်စက်တယ်ကွာ'



'ဥုံဖွ··· ဥုံဖွ၊ ကဲ··· ပြန်ခြစ်မလား'ဟု ဆုက ပါးကလေးထိုးပေးပြီး ရှေ့သို့တိုးသွားလျှင်တော့ နောက်ဆုတ်ကာ 'ဟိုးဆရာ ဟိုး၊ တို့က ရရစ်ပြောတာ'ဟု တားမြစ်လေ၏။

'လမ်းမကြီးမှာမို့နော်။ သိမယ် နက်ဖြန်မှ'ဟု သူက ကြုံးဝါးတော့ ဆုက မချိုမချဥ်ပြုံးသည်။ စိန်ပန်းပွင့်တို့ကြွေသော လမ်းပေါ် ဖြတ်လျှောက်ကာ ဆုပြန်သွားသည်ကို လိုက်ငေးမိသည်။ မိုးဖွဲဖွဲကျနေလျက်က ထိီး မပါရှာသည်ကိုပင် သနားသလို လွမ်းသလို။

ထိုညက တဖျဥ်းဖျဥ်းနာသောပါးကို လက်နှင့်စမ်းရင်း တစိမ့်စိမ့်အတွေးနှင့် ကြည်နူးကာ အိပ်မပျော်။ အချစ်ရော၊ အခြစ်ပါ ရရှိလိုက်သည့်အဖြစ်သည် အိပ်မက်ထဲမှာပဲ စိုးမိုး၍ နေပြန်လေသည်။

နောက်တစ်နေ့ ကျောင်းတွင် သူငယ်ချင်းတွေက ကျော်ဆွေကို့ကို 'ဟော့ကောင်၊ မင်း ဆုကို ဘာသွားလုပ်သလဲ'ဟု ဆုကြားအောင် စကြ နောက်ကြတော့ ဆုက မလုံမလဲဖြစ်ကာ-

'သူ့ကြောင့်၊ သူ့ကြောင့်၊ မကောင်းဘူးကွယ်'ဟု ကျိတ်၍ မာန်မဲလေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

တနင်္ဂနွေ ကျောင်းပိတ်ရက်မို့ ဆုသည် တစ်ပတ်စာ မလျှော်ဖြစ်သော အဝတ်များကို စုပုံ၍ မနက်ပိုင်းတွင် လျှော်စရာရှိသမျှ အပြီးအပြတ် လျှော်ဖွပ်ရသည်။ နေ့ခင်းပိုင်းကျတော့ ခြောက်သွေ့သော အဝတ်များပါရော၍ မီးပူတိုက်ရပြန်၏။ ညနေ သုံးနာရီထိုးလျှင် ကိုဆွေလာလိမ့်ဦးမည်။ တစ်ပတ်မှာ တစ်ရက်ပင် မတွေ့မနေနိုင်အောင် အဖြစ်သည်းလှသည့် ကိုဆွေ့ကို ခုနေတော့ အလိုလိုက်နေရသေးသည်။ စာမေးပွဲနီးလာတော့ စည်းကမ်းလုပ်ရမည်ဟု စဉ်းစားထားလေ၏။

'ဆုရေ… ဧည့်သည်တဲ့။ ကိုဆွေထင်တယ်'ဟု နန်းက လာပြောသည်။ နန်းသည် ယခုအခါ မြို့ထဲရှိ အဒေါ်အိမ်မှ ကျောင်းတက်ကာ ဆုထံ၌ မကြာခဏ လာကပ်နေမြဲဖြစ်လေ၏။

'ဟင်… ခုမှ တစ်နာရီကျော်ကျော်လောက်ပဲ ရှိဦး

www.burmeseclassic.com

www.burmeseclassic.com



မှာ။ ဒုက္ခပါပဲ၊ မီးပူတိုက်လို့မှ မပြီးသေးဘူး’

‘သွားတွေ့ချေပါ။ နန်း တိုက်တားပါ့မယ်’

သို့တစေ ဆု၏ ညွှန်သည်မှာ ကိုခွေမဟုတ်။ မအူပင်မှ ရောက်ရှိလာသော မောင်ငယ်ဖြစ်လေ၏။ ကိုလတ်၏ တပည့်မောင်ငယ်။

‘ဟင်… မောင်ငယ် ဘာကိစ္စလဲ ဟင်’

‘ကျွန်တော် ပုသိမ်အမြန်နဲ့ လိုက်လာတာလေ အစ်မ။ ဆရာ စာပေးခိုင်းလို့’

ညီမလေးဆု…

အဘွားနေမကောင်းဘူး။ ဆုကို တွေ့ချင်ပုံရတယ်။ ဆုပြန်လိုက်နိုင်ရင် လိုက်ခဲ့ပါ။ သိပ်တော့ စိတ်မပူနဲ့။ လူကြီးလည်းဖြစ်၊ နေမကောင်းလည်း မဖြစ်ဘူးတော့ စိတ်အားငယ်မှာစိုးလို့ အခေါ်လွှတ်လိုက်တာ။

ကိုလတ်

သိပ်စိတ်မပူနဲ့ဆိုသော်လည်း တကူးတက အခေါ်လွှတ်ကတည်းက စိုးရိမ်ရ၍သာ ဖြစ်မည်ဟု တွက်ဆကာ ဆု၏မျက်နှာ ဖြူရော်သွားသည်။

‘မောင်ငယ် အဘွား အတော် နေမကောင်းဘူးလားဟယ်၊ ဘာဖြစ်တာလဲ’

‘ကျွန်တော်လည်း နားမလည်ဘူးအစ်မ။ ဆရာကြည့်ပေးနေတာပဲ’



‘ဆေးရုံမှာလား၊ အိမ်မှာလား ဟင်’

‘အိမ်မှာပဲ အစ်မ’

‘အိမ်မှာဆိုရင်တော့ သိပ်မဆိုးဘူးထင်ပါရဲ့။ ဒါဖြင့်ခဏစောင့်ဦး။ ငါ ပစ္စည်း သွားသိမ်းဦးမယ်’

ပြောပြောဆိုဆို ဆုသည် သုတ်သုတ်ပျာပျာ ပြန်ဝင်လာ၏။

အကျိုးအကြောင်းသိရလျှင် နန်းသည်-

‘ခုပဲ သွားတော့မလို့လား ဆုရဲ့။ ကိုခွေ့ကို စောင့်ပါဦး’ဟု တားသည်။

‘မစောင့်တော့ဘူးနန်း။ မြောင်းမြသင်္ဘော မီရင်မီမှာ’

‘မီပါ့မလား ဆုရဲ့။ တစ်နာရီကျော်နေပြီ’

ဆုကို တားမရသဖြင့် နန်းက အဆောင်ရှေ့သို့ ထွက်ခဲ့ကာ မောင်ငယ့်ထံ အခြေအနေ ထပ်မေးရပြန်သည်။

မောင်ငယ်က ဆုတ်ဆိုင်းနေပြီးမှ-

‘အဘွား မနက်ကတည်းက ဆုံးပြီဗျ။ ဆရာက အစ်မ မသိစေရဘူးဆိုလို့’ဟု ဖွင့်ပြောလေ၏။

‘စက်ချုပ်နေရင်း ရုတ်တရက် မူးတယ်ဆိုပြီး လဲကျသွားတာပဲ။ ဆရာ့အမေလည်း အနားမှာ တရားဆွေးနွေးရင်း ရှိနေတာ။ ဆရာ့ပြေးခေါ်လိုက်တော့ အသက်မရှိတော့ဘူး။ ဒါနဲ့ သင်္ဘောမီသေးတယ်ဆိုပြီး ဆရာက လိုက်ခိုင်းတာ’

www.burmeseclassic.com

www.burmeseclassic.com



ဆုနဲ့မောင်ငယ် ထွက်သွားတော့ နန်းတစ်ယောက်တည်း ယောက်ယက်ခတ်ကာ ကျန်ရစ်သည်။ ဆုသည် အဘွားဆုံးပြီဟု မသိရသေး။ မအူပင်ရောက်မှ သိပေလိမ့်မည်။ ဆုတွင် အားကိုးစရာ သည်အဘွားပဲ ရှိသလို၊ သည်အဘွားသည် ဆု၏ တစ်ဦးတည်းသော သွေးသား အတွယ်အတာ ဖြစ်ခဲ့သည်။ အဘွားကွယ်လွန်ခြင်းသည် ဆုကို တစ်ကောင်ကြွက် တစ်မျက်နှာအဖြစ် တွန်းပို့လိုက်ခြင်းပင်တည်း။

'ဟဲ့နန်း··· ဘာဖြစ်နေတာလဲဟင်။ မျက်နှာကလဲဆန်ပျာနဲ့'ဟု မိပုတ် စပ်စုသည်ကိုမှ ဖြေမရှင်းနိုင်။

နန်းသည် ကြံရာမရဘဲ အများသုံးတယ်လီဖုန်းမှ တစ်ဆင့် ကျော်ဆွေကိုထံ လှမ်း၍ ဆက်သွယ်လေသည်။ ကျော်ဆွေကို အိပ်နေသည်ဟု တစ်ဘက်မှ အမျိုးသမီးရွယ်ရွယ်တစ်ယောက် အသံက ပြန်ဖြေသည်။

'အခု ပြောနေတာ ဘယ်သူပါလဲ'ဟု ယဉ်ကျေးသော်လည်း စူးစမ်းသောအသံဖြင့် မေးနေသဖြင့် 'နန်းဝါနွဲ့ပါ၊ တဆိတ်စကားပြောပါရစေ။ ကျွန်မ သူ့သူငယ်ချင်းပါ'ဟု ပြေပြေလည်လည် ဖြေရှင်းသည့်တိုင် 'သူ အိပ်နေသလားမသိဘူး သွားကြည့်ဦးမယ်'ဆိုရာ နန်းများစွာ စိတ်ပျက်မိတော့သည်။ နက်ဖြန် သန်ဘက်ခါ ဆရာဝန်ဖြစ်တော့မှာပေမယ့် မိန်းကလေးတစ်ယောက်ထံမှ တယ်လီဖုန်းပင် လွတ်လွတ်လပ်လပ် ဆက်သွယ်ခွင့် မရှိပါလားဟု တွေးခိုက်



'ဟလို'ဟူသော ကျော်ဆွေကို့ အသံကြားရလေသည်။

နန်း အတော်ပင် စိတ်သက်သာရာ ရသွားလျက် ဆု သတင်းကို အမောတကော ပြောပြရသည်။ ကျော်ဆွေကို ဖုန်းလာကိုင်သည်မှာ မြန်ဆန်လွန်းသဖြင့် သူ့ဖုန်းဖြစ်ကြောင်း သူ့ဘာသာသိကာ ရောက်လာခြင်း ဖြစ်မှာပဲဟု နားလည်နေလေ၏။

'အခုသွားပြီလား'

ကျော်ဆွေ့ကို့ အသံက အေးစက်စက်။

'သွားတော့ သွားပြီလေ။ ဒါပေမယ့် မြောင်းမြသင်္ချိုင်းမီမယ် မထင်ဘူး။ အဲဒါ ကိုဆွေ ခဏလိုက်ကြည့်ဦးလို့ ပြောမလို့။

'ကောင်းပြီလေ အစ်ကိုကြီးကို ပြောလိုက်။ တို့အဆောင်မှာ လာအိပ်မယ်လို့။ ဘောလီအင်လပ်ဗ်လည်း ယူခဲ့မယ်လို့။ ပို့စ်စတင်တာမေးပွဲက အင်္ဂါနေ့ရွှေ့လိုက်တာ သေချာတယ်နော်။ အေးကွာ ကျေးဇူးပဲ'

နန်း အစိုးပွာယ်ပေါက်လာသည်။ သူ့အစ်မတစ်ယောက် ဘေးမှာ ရှိနေပေလိမ့်မည်။ ဖုန်း လက်လွှဲလိုက်ပေမယ့် ထွက်မသွားဘူး ထင်သည်။

'ယူ လိုက်သွားမလို့လား'

'ဟုတ်တယ်။ နန်းကော'

'လိုက်ချင်တယ်။ ဒါပေမယ့် ခုနက စိတ်ကူးမရဘူး။ ပြီးတော့ ကိုဝင်းလတ်က နေမကောင်းတဲ့အနေနဲ့ ဒါ

www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ နန်း လိုက်မယ်ပြောရင် သူ မသင်္ကာဖြစ်မှာ သေချာတယ်။ ကိုဆွေဆိုရင်တော့ တစ်မျိုးပေါ့။ ဟိုကျမှ စိတ်မချလို့ စိတ်ကူးရပြီး လိုက်သလိုလုပ်ပေါ့။ နန်း အစ်ကိုကြီးတို့ကိုလည်း အကျိုးအကြောင်း ပြောပြထားမယ်။ အစ်ကိုကြီး ကြည့်စီစဉ်မှာပါ'

'အေးကွာ ကျေးဇူးပဲ'

'ဒါဆိုရင် ဒါပဲနော်'

နန်းဝါနွဲ့ ထွက်ဆသည့်အတိုင်းပင် မြောင်းမြ သင်္ဘောနှင့် ဆုပါမသွားပေ။ ပုသိမ်အမြန်မှာ ညနေလေးနာရီခွဲမှ ထွက်မည်ဖြစ်ရကား အသွားအတွက် ပေါင်မုန့်လေး၊ စပျစ်သီးလေး ဝယ်လိုက်၊ ခုလောက်ရှိ ကိုဆွေ အဆောင်ရောက်၍ အကြောင်းစုံသိကာ စိတ်ပူနေတော့မည် တွေးလိုက်နှင့် အချိန်တွေကုန်ခဲ့လှသည်ထင်မြင်ဆဲ ကိုဆွေ သင်္ဘောပေါ် တက်လာလေ၏။

'ဟင်... ကိုဆွေ။ နန်း ပြောပြလိုက်သလား'

ဝမ်းမြောက်မှုကို ဆု မဖုံးကွယ်နိုင်ပေ။

'အသွားဟာ ဘယ်တော့မှ နေမကောင်းမဖြစ်ဘူး ကိုဆွေရဲ့။ ဝေဒနာခံစားဖူးတာ မဟုတ်တော့ လက်စားထိလည်း သိပ်ကိုနာတယ်မှတ်တယ်။ နှာစေးချောင်းဆိုးဆိုရင်ပဲ စိတ်မရှည်နိုင်ဘူး။ အသည်းလည်း ငယ်တယ်။ ဟုတ်မှာပါပဲ။ အားငယ်နေလို့ ကိုလတ် အခေါ်လွှတ်တာဖြစ်မှာ'

သည်စကားများကို ဆုသည် သူမကိုယ်ကို နှစ်သိမ့်



အားပေးသည့်အနေနှင့် ပြောနေသလားမသိ။ မောင်ငယ်အားပျက်သော မျက်နှာကို သတင်းစာနှင့်ကွယ်ကာ ချောင်မှာ ကုပ်နေလေ၏။ လောကအလယ်တွင် မျက်စိသူငယ်နှင့် အထီးကျန်ရစ်လေသည့်အဖြစ်ကို မသိရှာသေးသော ချစ်သူကို သနားလှသဖြင့် ကျော်ဆွေ့မျက်နှာလည်း မှုန်မှိုင်းနေတော့သည်။ ဒါကိုပင် ခွဲရမှာ သည်းမခံသာ အနေခက်လေ၍ ထင်မှတ်ကာ ဆုက-

'မကြာပါဘူး ကိုဆွေရယ်။ သီသားနဲ့ ကျောင်းနဲ့ ကြာကြာခွဲခွာလို့မဖြစ်တဲ့ တို့အကြောင်း၊ ပြီးတော့လည်း ကိုဆွေနဲ့လည်း ခွဲမနေချင်ပါဘူး'ဟု ချော့နေသေး၏။

ခါတိုင်းလို 'သိပါတယ်ကွာ၊ ကျောင်းက ပထမ။ တို့က ဒုတိယဆိုတာ'ဟု မထေ့မငေါ့ဖြစ်။

သင်္ဘောထွက်ကာနီး သူ မဆင်းမှပင် မအူပင်သို့ သူလည်း လိုက်မည်ဟု ဆု ရိပ်မိလေ၏။

'မဟုတ်တာတွေ ကိုဆွေရယ်။ ကိုဆွေအိမ်က ဘာပြောမလဲ'

'စာမေးပွဲရှိလို့ အဆောင်မှာ အိပ်မယ် ပြောခဲ့ပါတယ် ဆုရာ။ ခါတိုင်းလည်း အိပ်နေကျပဲ'

'မဖြစ်ဘူးထင်တယ် ကိုဆွေ။ ပြီးတော့လည်း အတွဲနဲ့ ပြန်လာတယ်ဆိုပြီး ဆူနေလိမ့်မယ်'

'သင်္ဘောဆိပ်ကနေ လှည့်ပြန်မှာပါ ဆုရယ်။ အိမ်မလိုက်ပါဘူး။ ခုလိုညကြီးရောက်သွားမှာ တို့ စိတ်မချလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'မောင်ငယ် ပါသားနဲ့ကွယ်'

သဘော်အောက်ထပ်မှာ တစ်နေ့ရာရကာ ကျပ်ကျပ်တည်းတည်း လိုက်ပါကြရသည်။ နှင်းထူထပ်၍ လကလည်း မိုက်သည့်တွင် ဆောင်းလေက တဟူးဟူး တိုက်ခတ်လျက် အသည်းစိမ့်အောင် အေးမြလှသည်။ နှစ်ယောက်လုံး ကသုတ်ကရက်မို့ အနွေးထည်ပါမလာ။ ရှပ်လက်ရှည်နှင့် တဆိတ်တော်သေးသော ကျော်ခွေကိုက လက်ဆွဲအိတ်ထဲ ကောက်ထည့်လာဖြစ်သော မျက်နှာသုတ်ပဝါလေးနှင့် ဆုပခုံးကို လွှမ်းခြုံပေးရလေ၏။

'ဆုက အင်္ကျီလက်ပြတ်ကလေးတွေပဲ ဝတ်တာကိုး။ ချမ်းမှာပေါ့'

'လက်ပြတ်က တစ်တောင်နဲ့တစ်မိုက်ပဲ ကုန်တာကိုး။ အစဖိုး သက်သာတာပေါ့'

တစ်သက်လုံး အဝတ်အစားဝတ်လာသမျှ အစဖိုးတို့၊ ချုပ်ခတို့ ကျော်ခွေကို မစဉ်းစားဖူးခဲ့။ ဆုပြောသော စကားများသည် သူနှင့် ဆု ကျင်လည်ရသော ဘဝချင်း ကွာဟကြောင်း ညွှန်ပြနေသလိုပါပဲ။ ဆု အမှတ်မထင်ပြောမိသော စကားများကိုက ဆုအပေါ် အကြင်နာ ဆကဲစေကြောင်း ဆုသိမည်မထင်။ သိလျှင်လည်း မာနခဲကလေးက စကားလုပ်၍ မပြောဖြစ်မှာ သေချာလေ၏။

ညောင်းလွန်း၍ ခြေဆန့်တန်းမိလျှင် ဆုသည် အားနာလှစွာ 'ဦးခန်းကနေ ခေါ်စီးမိရင်ကောင်းမှာ။ သူ ပင်ပန်းနေပြီ'ဟု ညည်းညူသဖြင့် 'ဆု ဒီကစီးနိုင်ရင် တို့လည်း စီးနိုင်ရမှာပေါ့။ တို့ကို သိပ်မခွဲခြားနဲ့ ဆုရယ်'ဟု ကန့်ကွက်ရလေသည်။



ထမင်းကြော် တစ်ပန်းကန်ကို နှစ်ယောက်အတူ စားကြပေမယ့် မစားနိုင်ကြ။ ကျော်ခွေကို သိထားသော ကြေကွဲဖွယ် အကြောင်းရပ်ကို ဆုလည်း မသိစိတ်မှ ရိပ်မိပြီ ထင်၏။

မအူပင်သဘော်ဆိပ်တွင် ကိုဝင်းလတ် လာကြိုနေလေသည်။ ဆုအပေါ် ကိုဝင်းလတ်ထားရှိသော သံယောဇဉ်မေတ္တာကို ထိုခဏဝယ် ကျော်ခွေကို အနီးစပ်ဆုံး မှန်းဆကြည့်လိုက်နိုင်လေ၏။

ကျော်ခွေကို တစ်ယောက် ဆု နောက်မှ ကပ်ပါလာသည်ကိုမြင်လျှင် ကိုဝင်းလတ် ခေတ္တတုံ့ဆိုင်းသော်လည်း ချက်ချင်းလက်ဆွဲ ဖျစ်ညှစ်ကာ 'ခင်ဗျားပါလာတာ သိပ်ဟန်ကျတာပဲဗျာ'ဟု ဆိုလေ၏။

'အဘွား ဘယ့်နှယ်နေသေးလဲ ကိုလတ်'

'နည်းနည်းတော့ စိုးရိမ်ရတယ်ဆု'

ဆု၏ ဖြူရော်သော မျက်နှာကို ကျော်ခွေကို မမြင်ရက်ပေ။

သဘော်ဆိပ်မှ ဆိုက်ကားဂိတ်သို့ လျှောက်ရင်း ကိုဝင်းလတ်က ဖြစ်ပုံပျက်ပုံ အလုံးစုံကို အေးအေးဆေးဆေး ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မာမီနဲ့အတူ ဥပုသ်စောင့် သွားကြမလို့တဲ့။ အဲ့ဒါ အပ်ထည်တစ်ထည် ခါးသိမ်းဖို့ ကျန်နေလို့ ဆိုပြီး စက်ချုပ်တာ။ မူးလိုက်တာ မမှီရယ်ဆိုပြီး လဲသွားတာပဲဆု။ သတိလစ်သွားတယ်။ ကိုလတ်လည်း ချက်ချင်း ရောက်လာတာ'

'ခုကော သတိရပြီလားဟင် ကိုလတ်'

'အဲဒီကတည်းက သတိမလည်ဘူးဆုရယ်'

ပါးနပ်သော ဆုသည် ဤမျှပြောလိုက်လျှင် အဓိပ္ပာယ်ပေါက်ကာ-

'အဘွားမရှိတော့ဘူးလား ကိုလတ်'ဟု အက်ကွဲကြေမွေသော အသံကလေးနှင့် မေးလေ၏။

'ဆုရယ်၊ အဘွားဟာလေ ဝေဒနာ မခံစားသွားရပါဘူး။ စိတ်ဖြေပါ ညီမလေးရယ်'

ဆုမျက်လုံးများဝယ် မျက်ရည်ပြည့်လျှံလျက် ပါးပြင်ပေါ် တလိမ့်လိမ့်ကျစီးလာသည်။ ကိုယ်တိုင် ရင်ခွင်မှာ နှစ်သိမ့်ချင်သော်လည်း ဆုနံဘေးတွင် ဆိုင်သူပါလာခဲ့လေပြီ။

ဘွားအေ၏အလောင်းကို တစိမ့်စိမ့်ကြည့်ကာ အဘွား၏ သက်မဲ့ရင်ခွင်ပေါ်သို့ မျက်ရည်ပေါက်များ ခုန်ဆင်းသွားခဲ့သော်လည်း ဆုသည် အလူးအလိမ့်မငိုခဲ့။

ဒေါ်ဒေါ်မြရော ဒေါ်ခင်ဝင်းမှီပါ 'သမီး ငိုချလိုက် အော်သာ ငိုပစ်လိုက်။ အဲဒီလိုတင်းမထားနဲ့။ သမီးအဘွား ဆုံးသွားပြီ။ သမီးကို ခွဲသွားပြီလေ'

စသည်ဖြင့် ပွင့်ထွက်လာအောင် ပိုင်းဝန်း ငိုခိုင်း



သော်လည်း ဆုကား သဲသဲ့မျှသာ ရှိုက်လေ၏။ ဆုကို ငိုခိုင်းရင်း ဒေါ်ခင်ဝင်းမှီသာ မျက်ရည်မဆည်နိုင်။

ကြာတော့ ကိုဝင်းလတ်က မိခင်အား စိတ်ငြိမ်ဆေး တိုက်ကျွေးရချေတော့သည်။

ကိုဝင်းလတ်သည် ပတ်ဝန်းကျင်အသစ်တွင် မကြုံဘူးသော အနိဋ္ဌာရုံနှင့် ရင်ဆိုင်ရလျက် ဆုကို သနားလှသည်နှင့်အမျှ မည်သို့မည်ပုံ အားပေး နှစ်သိမ့်ရမှန်းပင် မသိရှာသော ဆု၏ ချာတိတ်ကိုလည်း ကရုဏာသက်မိသေး၏။ ဦးနှောက်သွေးကြော ပြတ်သွားသည်ဟု ယူဆရကြောင်း၊ ဝလွန်းသဖြင့် အနံ့ထွက်မှာစိုးကာ ဆေးထိုးထားကြောင်းဖြင့် စကားရှာကာ ကျော်ဆွေကို အနေရသက်သာအောင် ဖန်တီးရလေသည်။

ဈာပနကိစ္စအဝဝကို ဒေါ်ဒေါ်မြနှင့် ကိုဝင်းလတ်ပင် တာဝန်ယူဆောင်ရွက်ရလျက် ကိုဝင်းလတ်က ခွင့်ပင်ယူထားရသည်။ ရပ်ကွက်ဆိုင်ရာ မြို့ခံလူငယ်များသည်လည်း ရက်လည်သည်အထိ ပြီးဆုံးအောင် ကူညီလေ့ရှိသော ဓလေ့ထုံးစံအတိုင်း လိုလေသေးမရှိ အကွက်စေ့အောင် ဆောင်ရွက်သွားကြလေသည်။ သတင်းမေး အသုဘရှု လာရောက်ကြသော ဧည့်သည်များကို ဧည့်ခံရန် လက်ဖက်ခြောက် ကွာစိမှအစ အသုဘပို့ရာတွင် ကမ်းလှမ်းရန် ယပ်တောင်အဆုံး။

ကျော်ဆွေကိုကား ကြုံလည်း မကြုံဖူး၊ အိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တရားနာ ဆွမ်းကပ်လှူင်ပင့် စားသောက်ရုံထက် ပါဝင်ပတ်သက်ရန် မဆိုခဲ့သူမို့ ဆုကို မျက်လုံးများဖြင့် အားပေးနှစ်သိမ့်ရုံမှအပ သူ့အတွက် နေရာမရှိ။

နယ်မှာတော့ မိန်းကလေးနေအိမ်သို့ ဆွေမတော်မျိုးမစပ်သော ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်လိုက်ပါလာခြင်းသည် ရှူးစမ်းစပ်စုဖွယ်ရာ ဖြစ်နေကာ ညှော်သည်များရော၊ အလုပ်အကိုင်သမားများပါ ကျော်ဆွေကိုထံအာရုံရောက်နေသည်။ ကိုဝင်းလတ် အပြောနှင့် ချမ်းသာကြွယ်ဝသော ဆေးပညာရှင်ကြီး ဒေါက်တာဖုန်းကို၏ တစ်ဦးတည်းသော သားအဖြစ်လည်း အထူးပင် ဦးစားပေး ဂရုစိုက်ကြလေရာ ကျော်ဆွေကို့မှာ အနေရခက်ရသေးတော့၏။

*

# အခန်း(၂၁)

ညဘက်တွင် ဆုနှင့်အတူ ဒေါ်ဒေါ်မြတို့ သားအမိလာအိပ်ကြပြီး ဒေါ်ဒေါ်မြတို့ အိပ်ခန်းကို သားကြီးနှင့် သားငယ်က ကျော်ဆွေကိုအိပ်ရန် ရှင်းလင်းပေးကြသည်။ မွေ့ရာခြင်ထောင်ကအစ ကိုဝင်းလတ်တို့အိမ်မှ သွားသယ်ကြလေ၏။ တစ်ညလုံး မီးထိန်ထိန်လင်းလျက် ဖဲဝိုင်း မိုးအလင်းရှိလေသည်။ စကားပြောသံ၊ လှုပ်ရှားသံများနှင့် လမ်းလျှောက်တိုင်း ကြမ်းတကျွိကျွိမြည်နေတော့ တစ်မှေးပင် အိပ်မရ။

သူ နံနက်စောစော နိုးလာလျှင် ဆုသည် နိုးနှင့်လျက် သူ့အတွက် သွားပွတ်တံ၊ မျက်နှာသစ်ရန် ဆပ်ပြာ၊ မျက်နှာသုတ်ပဝါနှင့် မျက်နှာသစ်ဖို့ ရေနွေးပါမကျန် အသင့်ပြင်ပေးလေ၏။

'တို့ပါလာတာ ဆု တာဝန်ပိုနေပြီ။ တို့နေတတ်ပါတယ် ဆုရယ်'

ဆုက…

www.burmeseclassic.com

www.burmeseclassic.com



'သူလိုက်လာတာ တို့ တကယ်ပဲ အားရှိပါတယ်' ဟု မျက်ခွံနီမို့မို့ကလေး ပင့်ကြည့်ကာ တီးတိုးပြောလေ၏။

မည်မျှပင် တလေးတစား ဆက်ဆံကြသည်ဆိုသော်လည်း အေးစက်သော အငွေ့အသက်ကိုတော့ သူ သတိမထားမိ၍မရ။ ဤပတ်ဝန်းကျင်ဝယ် ကိုဝင်းလတ်သည် လူချစ်လူခင်ပေါသလောက် သူ့ကျေးဇူးမကင်းကြလေတော့ ကိုဝင်းလတ်အတွက်ဟု အများက ရည်မှန်းသတ်မှတ်ထားခဲ့သော ဆုသည် သူစိမ်း သူ့ကို ရွေးချယ်ပြီဆိုသောအခါ ဤနေရာမှ လူများသည် သူ့ကို လိုလားနှစ်ခြိုက်နိုင်မည်မဟုတ်သည်မှာ သေချာလှသည်။

နေ့ခင်းတွင် အိမ်မဲသဘော်ာနဲ့ နန်းအပါအဝင် သူငယ်ချင်းတစ်စု ရောက်ရှိလာကြသည်တွင်မှ ကျော်ဆွေကို သက်တောင့်သက်သာ ဖြစ်သွားရလေသည်။ ကိုဘိုကြည်ကပင် အတန်းသားများထံမှ ကူငွေကို ဒေါ်ဒေါ်မြလက်တွင် အပ်နှံလျက် ဆုအတွက် ခွင့်တိုင်ပြီးဖြစ်ကြောင်း၊ သတင်းစာတွင် ဝမ်းနည်းကြေကွဲခြင်း ထည့်ခဲ့ကြောင်း စသည်ဖြင့် လူကြီးဆန်ဆန် ပြောကြားလေ၏။

ဆုသည် ပြန်ရောက်စမှာသာ မဆည်နိုင်မတန့်နိုင် မျက်ရည်ဖြိုင်ဖြိုင် ကျမိပေမယ့် နောက်ရက်များတွင် သူမကိုယ်ကို ထိန်းသိမ်းကာ သူမကို တိုင်ပင်သမျှ ကိစ္စအဝဝနှင့် ပတ်သက်၍ သူမဆန္ဒကို ပြောပြနိုင်ခဲ့သည်။ အဘွားတွင် ကျန်ရစ်သော စုငွေကလေး ငါးရာမျှနှင့် ဆွမ်းသွတ်



ကိစ္စစီစဉ်ကာ ဈာပနကိစ္စအဝဝမှာမူ ကူငွေနှင့်ပင် လုံလောက်သွားလေ၏။ အဘွားမြတ်နိုးလှသော ဆွဲကြိုးကလေးကို အမှတ်တရ သိမ်းဆည်းလိုလျက်က အခြေအနေအရ ထုခွဲရောင်းချကာ အဘွားကို ဂုသွင်းဖို့ စီစဉ်လျက် ပိုငွေနှင့် အပ်ချုပ်စက် ရောင်းရငွေအားဖြင့် ကျောင်းဆက်တက်ရန် ဆုက စီစဉ်လေ၏။

ဒေါ်အေးသင်အလောင်း မြေကျပြီးသည်နှင့် နန်းနှင့် ကျော်ဆွေကိုမှအပ ကိုဘိုကြည်၊ စောဒီလုံး၊ မင်းမော်နှင့် ဖရက်ဒီ ပြန်သွားကြသည်။ ဆုရှေ့ဆက် နေရေးထိုင်ရေး ကိစ္စ ဆွေးနွေးဖို့ စောသေးသည်ဟု ယူဆကြသော်လည်း ဆုကပင် စတင်၍ သူ့ဆုံးဖြတ်ချက်ကို တင်ပြလေ၏။

'အဘွားရဲ့ အဝတ်အစား၊ အသုံးအဆောင်လေးတွေ ရက်လည်ပြီးရင် ဆု ပေးကမ်းပစ်လိုက်မယ်။ ကျန်တဲ့ပစ္စည်းကလေးတွေကိုတော့ ဒေါ်ဒေါ်မြဆီပဲ အပ်ခဲ့မယ်။ ဒီအခန်းကို ဆု ပြန်အပ်ပါ့မယ်။ ဒေါ်လေးမှီ လူငှားအသစ်တင်ပါ'

တစ်ကောင်ကြွက်မလေးဆုမှာ နေစရာ အိမ်ပိုင်ကလေးပင် မရှိပါလားဟု ကျော်ဆွေကို နားလည်ရသည်။ ဆု၏ အဖော်အဖြစ် သူ ဆုကို လက်ထပ်တော့မည်ဟု စိတ်ကူးကြည့်မိ၏။ တကယ်တမ်းကျ မာမာတို့ မပေးဘူးဆိုလျှင် သူ့တွင် ဝင်ငွေတစ်ပြားမှမရှိ။ သူ့ပိုင် အဖိုးတန်ပစ္စည်းဟူ၍ လက်မှ လက်ပတ်နာရီတစ်လုံးသာ ရှိလေ၏။ တစ်သက်လုံး အလိုလိုက်လေသမျှ သူ့အိမ်ထောင်ရေးမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ အလျော်အစားလိုချင်သော မာမာသည် သူမ၏ဆန္ဒကို ဆန့်ကျင်လျှင် သူ့အပေါ် စိမ်းကားပြတ်တောက်နိုင်ပေလိမ့်မည်။ ထိုအခါ ဆုကို ရေနစ်သူ ဝါးကူထိုးသလို ရှိလိမ့်မည် ထင်၏။

'ဒေါ်လေးမှီတို့ကို မစိမ်းပါနဲ့ သမီးရယ်၊ သမီးကို လွယ်မမွေးရုံတမည် သမီးရင်းနဲ့မခြား ဒေါ်လေးမှီချစ်ခဲ့ရတာပါ။ သမီး ကျောင်းပိတ်ရက်ပြန်လာရင် ဒီအခန်းမှာပဲနေနေ၊ ဒေါ်လေးမှီနဲ့ပဲနေနေ ဒီအခန်းကတော့ သမီးရဲ့ အခန်းပဲ၊ ဒေါ်လေးမှီ ဘယ်သူ့ကိုမှ မငှားပါဘူး'

'ဒေါ်လေးမှီ အိမ်လခ ရအောင်လို့ပါ။ ဆုက ဆက်မပေးနိုင်တော့ဘူး မဟုတ်လား'

'ဒေါ်လေးမှီ ဒီတစ်ခန်း မငှားရလည်း မငတ်သေးပါဘူး သမီးရယ်၊ သမီးအစ်ကို အောင်ကတည်းက ဒေါ်လေးမှီ မကျုပ်တည်းပါဘူး။ ကျုပ်တည်းသည့်တိုင် သမီးအတွက် ဒေါ်လေးမှီ တတ်နိုင်ပါသေးတယ်'

ကိုဝင်းလတ်က တစ်စုံတစ်ရာ ပါဝင်ဆွေးနွေးခြင်း မရှိ။ ဆုသည် သူမ ပြန်မဖြည့်နိုင်သော မာမှီဆန္ဒအတွက် နောက်ထပ် ကျေးဇူးတရားတွေ အတင်မခံလိုတော့ကြောင်း ကိုဝင်းလတ်သာ နားလည်နိုင်လေ၏။

ညဘက်တွင် ကိုဝင်းလတ် အပါအဝင် ကာလသားတစ်သိုက် ဖဲဝိုင်းထိုင်ကြကာ ဒေါ်ဒေါ်မြ၊ သားကြီး၊ သားငယ်တို့သည် မလှမ်းမကမ်းတွင် ဖျာခင်း၍ အိပ်ပျော်



နေ၏။ နန်းသည်လည်း ခေါင်းကိုက်သည်ဟု အိပ်ခန်းထဲတွင် လဲလျောင်း အနားယူနေလေ၏။

ဆုနှင့် ကျော်ဆွေကိုမှာ ဒေါ်ဒေါ်မြတို့ အိမ်ရှေ့ခန်းထောင့်တစ်ထောင့်တွင် ရေနွေးကြမ်းတစ်အိုး ရှေ့ချလျက် အတွေးကိုယ်စီနှင့် ငြိမ်သက်နေလေ၏။ အရပ်ထဲက အဘွားမိတ်ဆွေ အမယ်ကြီးတစ်စု တရားဆွေးနွေးရင်း လက်ဖက်စားကာ နေကြသည်။ အသက်နှင့် သူငယ်ချင်းသုံး[illegible] ယောက်လည်း ကွာစိတစ်ပန်းကန်နှင့် တွတ်ထိုးကာ [illegible] ၏။

'သူ မနက်ဖြန် ပြန်မလား'

'ဆုနဲ့မှ ပြန်မယ်လေ'

'တို့က ရက်လည်ပြီး ခဏနေဦးမှဖြစ်မှာ။ ပစ္စည်းတွေ နေရာတကျ ထားခဲ့ရမယ်။ အဲဒီလုံချည်အညိုနဲ့ အဒေါ်ကြီးက အဘွားစက်ကို သိပ်သဘောကျတယ်။ ရောင်းရင် သူ ဝယ်မယ် အမြဲပြောခဲ့တာ။ ရက်လည်မှ မေးကြည့်ရမယ်။ ကြိုးကတော့ ချက်ချင်းရောင်းလို့ ထွက်ပါတယ်။ ဒေါ်လေးမှီပဲ ပြန်ယူမလား မသိဘူး။ အခန်းကတော့ သူတို့ဘာပြောပြော ပြန်အပ်လိုက်တော့မှာပါ'

ဆု၏ ပေါင်ပေါ်တွင် ကြောင်အဝါကျားကလေး တစ်ကောင် ခွေအိပ်နေသည်။ ဤကြောင်ကလေးမှာ ကြောင်မကြီး မိဖြူ၏ မြေးကလေးဖြစ်သည်။

'သူ့ခမျာလည်း တို့လိုပဲ အိမ်မရှိရှာတော့ဘူး။ ဒေါ်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြကိုပဲ ပေးလိုက်ရတော့မယ်'

ဆုက အေးအေးဆေးဆေး ပြောသော်လည်း သူ့ရင်နာရပြန်သည်။ ကိုဝင်းလတ်တို့လို၊ ဒေါ်ဒေါ်မြတို့လို၊ ပြီးတော့ ဒေါ်လေးမှီတို့လို သူ့မှာ ဆု အားထားနိုင်လောက်အောင် အဘယ့်ကြောင့် အစွမ်းအစ မရှိလေသလဲ။

'တို့ကျောင်းကို အမြန်ဆုံး ပြန်လာမှာပါ။ ကိုဆွေ

တာယ်း နက်ဖြန် ပြန်နှင့်နော်'

နေနေ၊ 'တို့ ဆုကို မထားခဲ့ရက်ဘူး'

ပဲ၊ ဒေါ် ဆု မျက်နှာတွင် ဝမ်းနည်းရိပ်ကလေး ဖြတ်သန်း

သည်။

မပေ 'တို့လည်း သူ့ကို မပြန်စေချင်ဘူး'ဟု ဆိုပြီးမှ

သတိထားကာ-

'ဒါပေမယ့် သူ့အိမ်က ရှာနေမှာ စိုးရတယ်'ဟု ဆက်ပြောသည်။

'အစ်ကိုကြီးက အဆောင်မှာရှိတယ်လို့ လိုမ့်ထားတာပဲ'

'အဘွားဆုံးလို့ ဝမ်းနည်းကြောင်းကို အတန်းက ထည့်တာကြီး သတင်းစာထဲ ပါလာမှတော့ ကိုဆွေ့အိမ်က ရိပ်မိမှာပေါ့'

ရုတ်တရက် ဆုတို့ အိမ်ရှေ့တွင် ဂျစ်ကားအဖြူကလေးတစ်စီး ထိုးဆိုက်လာသည်။ မအူပင်တွင် ကားရှားပါးလှရကား၊ ဤကားသည် မြို့မျက်နှာဖုံးတစ်ဦးဖြစ်သော



ဦးဘုန်းကြည်၏ကားမှန်း ချက်ချင်းသိနိုင်သည်။ မသိသည်က လာရင်းကိစ္စ။

လူငယ်တစ်ယောက်က 'ဆရာဝန် လာပင့်တာလား မသိဘူး'ဟု ထင်မြင်ချက်ပေးခိုက်၊ ကားပေါ်မှ လူများ ဆင်းလာလေသည်။ ဦးဘုန်းကြည်နှင့် မျက်နှာစိမ်းများ၊ ကျော်ဆွေကို့အတွက်တော့ မျက်နှာစိမ်းများ မဟုတ်ပေ။ မာမာ၊ မမစန္ဒာ။ ပြီးတော့ မာမာ့မောင် ဦးလေးချမ်း။ ကျော်ဆွေကို့ မျက်လုံးများ ပြာဝေသွားလေ၏။

'ဟာ… ဘယ်သူတွေပါလိမ့်အောက်မေ့တာ။ ဦးဘုန်းကြည်ကိုး။ ကြွပါ၊ ကြွပါ'ဟု ကိုဝင်းလတ်က ဖဲချပ်များကို ဟန်မပျက်သိမ်းရင်း ခရီးဦးကြိုပြုသည်။

ဦးဘုန်းကြည်၏ မျက်နှာမှာ မသက်မသာ ရှိလှလျက်…

'ဆရာရေ… ဒါက ကျွန်တော့်ဆရာ ဦးချမ်းသာပါ။ ဒါက ဆရာရဲ့အစ်မ ဒေါက်တာဖုန်းကိုရဲ့ဇနီး ဒေါ်စန်းစန်း။ ကိစ္စက'ဟု တုံ့ဆိုင်းနေဆဲ။

ဒေါ်စန်းစန်းသည် နီရဲခက်ထန်သော မျက်နှာဖြင့် ကျော်ဆွေကိုအား စူးစူးရှားရှား ကြည့်ကာ-

'ကျော်ဆွေကို မင်းနှယ်ကွယ် မပြောမဆို ထွက်သွားလိုက်တာ။ မင်းကိုယ်မင်း ဆွေမရှိ မျိုးမရှိ ကာလေကချေ မှတ်နေသလား ဟင်။ ငါ့မှာ သေမှန်းမသိ။ ရှင်မှန်းမသိဟု မာကျောစွာ မာန်မဲပြီးနောက် ကိုဝင်းလတ်ဘက်လှည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



'အန်တီ သင်းကို လာလိုက်ခေါ်တာပဲကွယ့်'ဟု ခပ်ပြတ်ပြတ် ပြောလေ၏။

ကိုဝင်းလတ် ဒေါ်စန်းစန်းအနီး ရောက်ရှိချိန်တွင် ဒေါ်ဒေါ်မြလည်း ငုတ်တုတ်ထထိုင်ပြီ။ နန်းလည်း အခန်းထဲမှ ပြေးထွက်လာကာ ဆုနှင့် ကျော်ဆွေကို ထိုင်နေသည့်ကြားမှာ လာရပ်၏။ အိမ်တွင် ရှိနေသမျှအားလုံး ကျော်ဆွေကိုနှင့် ဆုကို တစ်လှည့်၊ ဒေါ်စန်းစန်းတို့ကိုတစ်လှည့် ကြည့်နေကြသည်။ ကျော်ဆွေကို့ မျက်နှာသည်လည်း နီရဲနေတော့သည်။

'အားနာစရာ ဖြစ်နေပါပြီဗျာ။ သူတို့ သူငယ်ချင်းတစ်သိုက် ပါလာကြတော့ အားလုံးပြောခဲ့ဆိုခဲ့ကြတယ် မှတ်နေတာ။ ကိုဆွေလည်း သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်ပြီး မေ့မေ့လျော့လျော့ ဖြစ်သွားထင်ပါရဲ့။ ညနေက မောင်ဘိုကြည်တို့ ပြန်သွားတော့တောင် ဒီမှာ ကျန်ခဲ့တဲ့ နန်းဝါနွံ့နဲ့ ကျော်ဆွေကိုတို့ အိမ်တွေ ထပ်ပြောလိုက်မယ် ပြောသွားပါသေးတယ်။ ဟုတ်တာပေါ့ဗျာ။ မပြောခဲ့မိတော့လည်း လူကြီးတွေ စိတ်ပူပေမပေါ့။ ကဲ… ထိုင်ပါဦး အန်တီ။ လာပါ အပန်းဖြေကြပါဦး'

ကိုဝင်းလတ်၏ သိမ်မွေ့၍ ပြတ်သားကြည်လင်သော စကားများသည် ဒေါ်စန်းစန်းကို ခေတ္တ နှုတ်ဆွံ့စေသည်။

'နန်းတို့လည်း မနက်ဖြန် ပြန်ကြဖို့ပါပဲအန်တီ။ ဆုအဘွားက ဒီနေ့မှ သင်္ဂြိုဟ်ရတော့'ဟု နန်းက ပြေရာပြေကြောင်း စကားစပျိုးခိုက်-



'ဟဲ့… သား လာပြန်မယ်။ မော်တော် စောင့်နေတယ် ဟု ဒေါ်စန်းစန်းက ခေါ်လေ၏။

ကျော်ဆွေကို မကြံ့တတ်ဘဲ ဆုကို လှည့်ကြည့်သည်။ လူအများရှေ့တွင် မာမာလုပ်ရက်ပုံကြောင့် ရှက်ရသည်။ ထို့ထက် ဆုခမျာ ဆုဝန်းကျင် ဆုအသိုင်းအဝိုင်းတွင် သူ့ထက်ပို၍ အရှက်ကြီးရှက်တော့မည်ဟု ရင်ထဲတွင် ဗလောင်ဆူနေလေ၏။

ဆုသည် နံရံတွင် ကျောကပ်ထိုင်နေရာမှ တဖြည်းဖြည်း မျက်နှာနီရဲလျက် မျက်လုံးများ တဝင်းဝင်းတောက်လာလေ၏။ ဖျတ်ခနဲ ကျော်ဆွေကို့ကို လှည့်ကြည့်ချိန်တွင် ကြေကွဲရိပ်က မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ထင်ဟပ်သည်။ သို့တစေ အရှိန်ရလာသော မာနအခိုးအငွေ့များက မီးလျှံမီးညွန့် တက်မတတ်ဖြစ်၏။

'ကဲလေ… ကိုဆွေ။ ပြန်လိုက်သွားလိုက်ပါ။ ဟုတ်တ်ပါရဲ့။ ကိုဆွေ့အိမ်က စိတ်ပူနေကြမှာပေါ့။ ခွင့်လွှတ်ပါ မစန္ဒာ။ သူ့ကို လက်ခံထားမိတဲ့အတွက် တောင်းပန်ပါတယ်'

တောင်းပန်သူ အသံက အေးစက်မာကျောလှသည်။ စန္ဒာကိုသည် မျက်နှာသိနေသူချင်းမို့ မျက်နှာလွှဲထားနေလေ၏။ ဆုက ကိုဝင်းလတ်အနီးတွင်ရပ်ကာ ဒေါ်စန်းစန်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သူမ အသွင်သည် ရန်သူကို ရင်ဆိုင်မည့် ခြသေ့်မနှယ် ရဲရင့်တည်ကြည်နေလေသည်။

'ကျွန်မအတွက်ကြောင့် မစန္ဒာတို့၊ ကိုဆွေတို့ ခုလိုသောက ရောက်ရတာ ကျွန်မ သိပ်အားနာပါတယ်'

ပြုံးကြောင်ကြောင်လေး ကြည့်နေသော အသက်ကို 'အသက်ရေ… ကိုဆွေ့ပစ္စည်းကလေးတွေ သိမ်းခဲ့ပါကွယ်'ဟု လှမ်း၍ စေခိုင်းလေ၏။

ကိုဝင်းလတ်က ဆု၏လက်မောင်းကို ကိုင်လှုပ်ကာ တစ်စုံတစ်ရာ တားဆီးဖို့ ကြိုးစားဆဲ ဆုသည် 'ကိုဝင်းလတ်ဆိုတာ ကြာဖူးတယ် မဟုတ်လား မစန္ဒာ။ ဒါကိုဝင်းလတ်ပဲ။ အစက ကျွန်မအောင်မှ လက်ထပ်ကြဖို့ပဲ။ ခုတော့ အသွားမရှိတော့ဘူး မဟုတ်လား။ အခြေအနေအရ မကြာခင်ပဲ လက်ထပ်ကြမှာပါ'ဟု မထစ်မငေါ့ ချောမောပြေပြစ်စွာ ပြောချလိုက်သည်။

ကျော်ဆွေကို မယုံနိုင်အောင် အံ့အားသင့်ကာ ငေးနေခိုက် ဆုသည် အသက်လက်မှ အိတ်ကို လှမ်းယူကာ မစန္ဒာလက်ထဲ ကမ်းပေးသည်။

'ကဲ… ကိုဆွေ။ ခုနေသွားမှ တော်ကြာ ရေတက်လာရင် မော်တော်ရေဆန်မိနေလိမ့်မယ်။ ခုလို ကူညီတာ ကျေးဇူးပါပဲ ကိုဆွေရယ်'

ကိုဝင်းလတ်က မကျေနပ်ခြင်းကို ဖုံးဖိလျက် ဆုလက်မောင်းကို ဖမ်းဆွဲဟန့်တားကာ တစ်စုံတစ်ရာပြောဖို့



ကြံဆဲ-

'သင်္ဘောဆိပ်ကို လိုက်ပို့လိုက်ပါဦးလား ကိုလတ်'ဟု မရွှေဆုက ဆက်လိုက်လေသေး၏။

ဦးဘုန်းကြည်ကသာ အားနာလှဟန်ဖြင့်…

'ဟာ… ဆရာရယ်။ နေပါစေ။ ဒီမှာလည်း အကြောင်းကိစ္စတွေနဲ့ မပို့ပါနဲ့ဗျာ။ ကျွန်တော်ပါနေတာပဲ'ဟု ပြန်ပြောလေသည်။

ဒေါ်စန်းစန်း ချာခနဲ လှည့်ဆင်းသွားသည်။ သူမနောက်သို့…

'ဩော်… ကိုဆွေ။ တို့နဲ့ နန်းအတွက် ခွင့်ကုန်သွားရင်လည်း လက်မှတ်ထိုးထားပါလို့ အစ်ကိုကြီးကို ပြောလိုက်ပါဦး'ဟူသော ဆု၏အသံက လေတွင်လွင့်ကာ ကပ်လိုက်သွားလေ၏။

စန္ဒာကိုမှာ အထူးပင် ကြောင်အမ်းလျက်‥'ကဲ… သွားပါဦးမယ်'ဟု ကိုဝင်းလတ်ကို နှုတ်ဆက်ကာ ခပ်သုတ်သုတ်ဆင်းသွားလျက် တစ်ဖန် ကျော်ဆွေကိုကို လှည့်ကြည့်နေပြန်သည်။

'ပြန်မယ် ဖိုးဆွေ'ဟု ဦးလေးချမ်းက ခေါ်သည်။

သူ့ခြေထောက်များကို လှုပ်၍မရသေး။ ဆုကို ငေးကြည့်နေမိသေးသည်။ ကိုဝင်းလတ်လည်း ယခုမှ သက်ဝင်ကာ ဆုလက်မောင်းကို ကိုင်ထားမိသော သူ့လက်ကို ရှက်သိမ်းလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ပြန်ပါတော့ ကိုဆွေ၊ တို့ သူ့ကို နားလည်သလို တို့ကိုလည်း နားလည်လိုက်ပါတော့။ ဓာတ်လမ်းက ဆုံးသွားပါပြီ။ တို့ ကိုလတ်ကိုပဲ လက်ထပ်မယ်။ ဒါပါပဲ'

ဆုက အိမ်ထဲ လှည့်ဝင်သွားသည်။ ကျော်ဆွေကို မသွားနိုင်သေး။ အဖြစ်အပျက်၏ အဓိပ္ပာယ်အတိမ်အနက်ကို သူ မဝေခွဲနိုင်သေး။

'ကိုဆွေ ခုတော့ ခင်ဗျား ပြန်သွားလိုက်ပါဦးဗျာ။ ခင်ဗျားမိသားစုကို နားလည်အောင် အလျင်ရှင်းပြလိုက်ပါဦး။ လောလောဆယ် ထပ်ပြီး ဆူဆူပူပူဖြစ်မှာ စိုးရတယ် မဟုတ်လား'

'ကိုလတ်ကိုပဲ လက်ထပ်မယ်'ဟူသော ဆုအသံသည် ကျော်ဆွေကို၏နားဝကို ပွဲတင်ဟပ်နေပြီ။ ထိုခဏမှာတော့ ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်မှ လူအများကို ရင်မဆိုင်ဝံ့အောင် သိမ်ငယ်လှသည်။

ကိုဝင်းလတ်က ကားနားအထိလိုက်ပို့သည်။ ကျော်ဆွေကို၏ ထိခိုက်နာကျင်သော မျက်နှာကိုကြည့်ကာ သူ အမှန်ပင် စိတ်မှာ မချမ်းမြေ့။ ဆုက သူ့ကို တကယ်ချစ်၍ ပြောခြင်းဖြစ်လျှင်လည်း မထောင်းတာ၊ မာနနှင့် အရှက်ကို ခိုက်လာသဖြင့် အနိုင်ရလျှင်ပြီးရော ရမ်းလိုက်မှန်း သူသိနေတော့ ဝမ်းမသာနိုင်။ ခက်သည်က သူ နားလည်သလို ကျော်ဆွေကိုသည် ဆုကို နားမလည်။

ကားထွက်သွားလျှင် ကိုဝင်းလတ် အိမ်ပေါ်ပြန်



တက်လာ၏။ ဒေါ်ဒေါ်မြသည် လူသိရှင်ကြား ဖြစ်မှာစိုးသဖြင့် ကြိတ်မှိတ်ခံလိုက်ရလေရာ ယခုတိုင် ဒေါသမပြေနိုင်ဘဲ -

'ဟင်… ချောင်းကိုပစ်ပြီး မြစ်ကိုရှာတဲ့မိန်းမ မှတ်ရော့'ဟု ကရုဏာဒေါသနှင့် ကြိမ်းဝါးနေသဖြင့် အသက်ကပါးစပ် လှမ်းပိတ်လိုက်ရလေ၏။

'သူ့ခမျာ ကံဆိုးရှာပါတယ် ဒေါ်ဒေါ်မြရယ်။ ခွင့်လွှတ်လိုက်ပါ'ဟု ကိုဝင်းလတ်က နှစ်သိမ့်သည်။

'ဝိုင်းပြန်စကွာ'ဟု ကိုဝင်းလတ် စေခိုင်းလျှင် လူငယ်များလည်း စိတ်မပါဘဲ ဖဲချပ်ကိုင်ကြပြန်သည်။

အိပ်ခန်းထဲတွင် ဆုမြတ်လှိုင်သည် မလှုပ်မယှက်ငြိမ်သက်စွာ ထိုင်နေသည်။ နန်းဝါနွဲ့က ဆုကိုဖက်ကာ မျက်ရည်ကျမိသည်။

'စိတ်မထိခိုက်ပါနဲ့ နန်းရယ်။ တို့ခံနိုင်ရည်ရှိပါတယ်။ တို့မှာ အသွားဆုံးပြီဆိုတော့ အားကိုးမရှိတာမို့ ကိုဆွေ့ကို ဖမ်းယူထားမယ်ထင်လို့ လိုက်ခေါ်ကြတာ ဖြစ်မှာပေါ့။ ပေဘဝမှာတော့ ထုသမျှ ခံရုံပေါ့ကွယ်'ဟု ဆုက ခါးသီးစွာ ပြောလေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

မေ၊ ငါ့အား၊ သဗ္ဗေတိ၊ ခပ်သိမ်းကုန်သော၊ ပိယေဟိ၊ ချစ်နှစ်လိုအပ်ကုန်သော၊ မနာပေဟိ၊ နှလုံးကို ပွားစေတတ်သော အဆွေအမျိုး၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့နှင့် နာနာဘာဝေါ အရပ်တစ်ပါးသို့ ပြောင်းသွားသဖြင့် ရှင်ကွဲ ကွဲရခြင်းသည်လည်းကောင်း၊ ဝိနာဘာဝေါ ဘဝတစ်ပါးသို့ ပြောင်းသွားသဖြင့် သေကွဲ ကွဲရခြင်းသည်လည်းကောင်း၊ မှိ၊ ဖြစ်တတ်ချေ၏။ ဣတိ၊ ဤသို့ အဘိဏှံ၊ နေ့ညဉ့်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

အဟံ၊ ငါသည် ကမ္မသကော၊ ကံသာလျှင် မိမိဥစ္စာရှိသည်။ ကမ္မဒါယာဒေါ၊ ကံသာလျှင် အမွေခံရှိသည်။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရင်းရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် အဆွေအမျိုးရှိသည်။ ကမ္မပ္ပဋိသာရဏော၊ ကံသာလျှင် ကိုးကွယ် လဲလျောင်းရာရှိသည်။ အမှိ၊ ဖြစ်၏။

ကလျာဏံဝါ၊ ကောင်းသည်လည်းဖြစ်သော၊ ပါပကံဝါ၊ မကောင်းသည်လည်းဖြစ်သော၊ ယံကမ္မံ၊ အကြင်

www.burmeseclassic.com

www.burmeseclassic.com



ကံကို ကရိယာမိ၊ ပြုအံ့၊ တဿကမ္မဿ၊ ထိုကောင်းမှု၊ မကောင်းမှုကံ၏၊ ဒါယာဒေါ၊ ကောင်းမွေဆိုးမွေခံသည်။ ဘဝိဿာမိ၊ ဖြစ်ရအံ့၊ ဣတိ၊ ဤသို့ အဘိဏှံ နေ့ညဥ့်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဆုသည် အဘိဏှံသုတ်ကို တီးတိုးရွတ်ဆိုနေသည်။ ညစဉ် အိပ်ရာဝင်ခါနီး ဘုရားရှိခိုးတိုင်း ရွတ်ဆိုနေကျဖြစ်လျက် အနက်အဓိပ္ပာယ်ကို သိရှိလျက်နှင့် မခံစားဖြစ်ခဲ့။

ယခုလို ချစ်လှစွာသော အဘွားနှင့် သေကွဲ ကွဲရသော တစ်ပြိုင်နက်မှာပင် ချစ်လှစွာသော ကိုဆွေနှင့် ရှင်ကွဲကွဲရပြီဆိုမှပင် ဆု၏ ရင်ကွဲနာသည် သွေးစိမ်းရှင်ရှင် မကျပါဘဲလျက် မြဲ၍လှိုက်စားကာ အတိုင်းအဆမရှိ ဆိုးရွားရပြီဟု ခံစားရလေ၏။ သို့စဉ်လျက် 'ကောင်းသည်လည်း ဖြစ်သော၊ ဆိုးသည်လည်းဖြစ်သော အကြောင်းကံကိုပြုအံ့။ ထိုကောင်းမှု မကောင်းမှုကံ၏ ကောင်းမွေဆိုးမွေ ခံသည် ဖြစ်ရအံ့'ဟု တရားနှင့် မဖြေနိုင်သေး။

ကိုဆွေ ပြန်သွားသောညတွင် ကမ်းနားလမ်းမှ နေခဲ့ဖူးသော အိမ်ကြီး၏ နောက်ဖေးတန်းလျားသို့ စိတ်ဝိညာဉ်တစ်ခေါက် တစ်ဖန် ရောက်ရှိပြန်ကာ အိပ်မက်ဆိုးတို့ဖြင့် လန့်နိုးရပြန်လေ၏။ အိပ်မပျော်လေတိုင်း ကိုဆွေ့မိခင် ဒေါ်စန်းစန်း၏ တင်းမာသောမျက်နှာကို မြင်ယောင်ပြန်ကာ အရှက်နှင့် နာကြည်းခြင်းသည် ရင်ဝယ်တစ်လှည့်စီ စိုးမိုးကြလေ၏။ 'လုပ်ရက်လေခြင်း'ဟု မခံရပ်နိုင်သည်က တစ်



ဘက်၊ 'ခံရလေခြင်း'ဟု မကျေမချမ်းနိုင်သည်က တစ်ဘက်။

နောက်ဆုံး အိပ်မပျော်နိုင်သော ဆုကို ဆု ဒေါသဖြစ်မိပြန်ကာ နန်း အိပ်ပျော်နေခိုက် အသာထလျက် စိတ်ငြိမ်ဆေးနှစ်ပြား ဆင့်သောက်ပစ်လိုက်သည်။ မျက်ခွံများလေးလံ လာသည်ကို ကျေနပ်နှစ်သိမ့်ခြင်းဖြင့် ဆု အိပ်ပျော်ခြင်းကို ရရှိခဲ့ရလေ၏။

သည်ကတစ်၍ သူ့အဖော်သစ်ရတော့သည်။ နေ့မှာလည်း စိတ်ငြိမ်ဆေးစားကာ စိတ်ငြိမ်အောင် ထိန်းထားသည်။ ညမှာလည်း ဆုအိပ်ပျော်ရေးအတွက် ဗေလီယံအကူအညီကို ပဲ ရယူပြန်လေ၏။

ဆု၏အကြီးဆုံး ဒုက္ခမှာ ကိုဆွေကို တမ်းတမိခြင်းပင်တည်း။ သူ့မှာ ဘာအပြစ်မှ မရှိရှာဘဲလျက် ဆု မည်သို့မုန်းနိုင် မေ့နိုင်ပါ့မလဲ။ သူ သိပ်ခံစားနေရပြီလားဟု အပြေးအလွှား ပူပင်မိသေးသည်။

သို့သော် အရေးကြီးလှသော သို့သော်ပါပဲ။ချစ်ခြင်းမေတ္တာကို ချစ်ခြင်းမေတ္တာနှင့် နှိုင်းဆမည် ဆိုပါလျှင်တော့ ကိုဆွေထက် မပိုသာဘူးဆိုလျှင်တောင်မှ နည်းနည်းကလေးမှ မလျော့ပါးမည့် မေတ္တာများနှင့် ဆုသည် ကိုဆွေကို ပုံအော ချစ်ခဲ့ရသည်သာပါ။ ယခုမူ ကိုဆွေ အသိုင်းအဝိုင်းက ဂုဏ်တံတိုင်း၊ ငွေတံတိုင်းတွေနှင့် ကာဆီးပိုင်းခြားကြပြီဆိုတော့ အသိုင်းအဝိုင်းမရှိသော ဆုတစ်ယောက်တည်းကလည်း မာနတံတိုင်းကို အတိုင်းအဆမရှိ ပို၍ မြင့်မားလွှ

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ရတော့မည်။ ဆုကမ္ဘာသို့ ဆုချစ်သူ လာခွင့်မပြုနိုင်ပြီ။

နေရာကျဉ်းကျဉ်းကလေးမို့ ဆု၏ ချစ်သူကို သူ့မိဘ သူ့အသိုင်းအဝိုင်းက တင်းတင်းမာမာ လာရောက်ပြန်ခေါ်သွားကြကြောင်း သတင်းလား၊ အတင်းလားတော့ မသိ။ ဆုတို့ ပတ်ဝန်းကျင်မှာဖြင့် ပွဲလွှင့်ကျွန်ရစ်ရသည်။ အိမ်တွင်းဝင်ထွက်သွားလာသူများကို ဧည့်ဝတ်မပျက် ဆက်ဆံလျက်ကပင် သူတို့၏ ကြင်နာသော အကြည့်များ နောက်ဝယ် 'တစ်ကောင်ကြွက် တစ်မျက်နှာ၊ ပကာသန အဆောင်အယောင်လည်းကင်းလေတော့ အစွန့်အပယ်ခံရရှာပေမပေါ့' ဆိုသော အဓိပ္ပာယ်တွေပါမှာပါပဲဟု ခံစားသိမ်ငယ်ရလေသည်။ ယင်းသို့ သိမ်ငယ်ရသည့်အတွက် ဆုကိုယ်ဆု မကျေမနပ်ဖြစ်မိပြန်လေ၏။

ကျဉ်းမြောင်းသော အဘွား၏ အိပ်ခန်းကလေးတွင် ဆုသည် ဒဏ်ရာအတွက် ကျိတ်၍ ရှိုက်ညည်းရန်ပင် ဆိတ်ကွယ်ရာ မရှိခဲ့။ သီးသန့်နေရာ မရနိုင်သည်မို့လည်း အများရှေ့တွင် ထုံပေသော မျက်နှာနှင့် အံကြိတ်ကာ တင်းရမြဲ။

အဘွားရက်လည်ပြီး နောက်တစ်နေ့တွင် နန်းပြန်လေသည်။

'ကိုဆွေဆီ ဘာမှာဦးမလဲ' ဟု နန်းက မေးသည်။

'မှာစရာ မရှိတော့ပါဘူး နန်း။ ပြောစရာစကားကုန်သွားပြီပဲ'



'ကိုဆွေကို စိတ်မခုပါနဲ့ ဆုရယ်။ သူ့ခမျာ ဘာမှအပြစ်ရှိရာတာမဟုတ်ဘဲနဲ့ ဆုက စိတ်လိုက်မာန်ပါပြောပြီးနင်တော့ သူ ဘာလုပ်ရမလဲ'

'တို့ စိတ်လိုက်မာန်ပါ မလုပ်တာတ်ပါဘူး နန်း။ သူ့အိမ်က သူတို့သားဟာ တို့နဲ့ မတန်ဘူး ထင်ကြတယ် မဟုတ်လား။ မတန်ဘူးထင်ရင် သွားပေါ့။ သူတို့က တို့နဲ့ ကွဲစေချင်တယ်။ ကွဲစေရမှာပေါ့။ ဒါပဲလေ နန်း'

'သူ့အိမ်က ဘာပဲဖြစ်ဖြစ်၊ သူက အရေးကြီးတာပါ ဆုရယ်။ သူကမှ ဆုနဲ့ မကွဲချင်တာ'

'နှမ်းတစ်စေ့နဲ့ ဆီမဖြစ်နိုင်ပါဘူးကွယ်။ သူ့ကိုချစ်မိလို့ သူ့အသိုင်းအဝိုင်းက ဝိုင်းနှိမ်ချကြမှာကို တို့မလိုလားဘူး။ အနှိမ်ချလည်း မခံနိုင်ဘူး။ မချစ်ရဘူးဆိုရင် မချစ်ဘူးနန်း'

ပြောရင်းပင် နန်းသည် ကိုဆွေနှင့် ဆုကြားဝယ် ဇာတ်လမ်းပြီးဆုံးပြီဟု လုံးဝ လက်မခံနိုင်သေးကြောင်း သိချေသည်။

'ဆု ပြောပုံက နင် မဟုတ်ရင် နင့်အဖေပဲဆိုတဲ့ ဝံပုလွေကြီးလိုဖြစ်နေပြီ'

'သူ့သွေးသားတွေ ပြုသမျှ သူ့မှာလည်း တာဝန်ရှိတာပဲ။ ကိုဆွေဟာ ဘယ်တော့မှ သူ့အမေ သူ့အစ်မတွေကို ဆန့်ကျင်နိုင်မယ့်သူ မဟုတ်ဘူး နန်း'

www.burmeseclassic.com

www.burmeseclassic.com



'ဆု အထင်မှားနေပြီ။ သူက ချစ်တတ်တဲ့သူပဲ ဆုရယ်။ ဆုကို သိပ်ချစ်သလို သူ့မိဘမောင်နှမကိုလည်း သူချစ်ရှာမှာပေါ့။ ဒါပေမယ့် တကယ်တမ်း ရွေးချယ်ဆုံးဖြတ်ရမယ့် အချိန်ကျတော့ သူ သစ္စာရှိမှာ၊ ပြတ်သားမှာ သေချာပါတယ်။ ခုတော့ ဆုက ဆန္ဒစောလွန်းတယ်'

'ဘာပဲဖြစ်ဖြစ်၊ သူ့ကို တို့ စိတ်ပြတ်ပြီ'

'ဒါဖြင့် ဆု ကိုလတ်ကို လက်ထပ်မယ်ပေါ့'

ဆု ခေတ္တတွေဝေသည်။ ကိုဆွေကို စိတ်ပြတ်ပြီဆိုသည့်စကားကို ဆုသည် တမင်တကာ လုပ်ကြံ ဖန်တီးလိုက်ခြင်းမျှသာဖြစ်လျက် ကိုလတ်ကို တကယ်တမ်းလက်ထပ်ဖို့ တစ်ခါမျှ စိတ်ကူးမရဘူးခဲ့။

ကိုလတ်သည် ဆု၏ အစ်ကိုပါ။ သွေးမစပ်ပေမယ့် ဆု၏ အစ်ကိုပါ။

နန်းကို အမှန်ဝံခံရမလား စိတ်ကူးကြည့်သည်။ သို့သော်လည်း ဆု၏ အတွင်းရေးများကို တခြားသူ တစ်ယောက်နှင့် တိုင်ပင်သောအကျင့် ဆုတွင် မရှိ။

'ဆု ကိုလတ်ကို ယူတော့မယ်ပေါ့'

'ဟုတ်တယ်။ တို့ ကိုလတ်ကို ယူမယ်'ဟု ဆု၏ ခါးသီးနေကျ ပါးစပ်သည် လွယ်လင့်တကူပင် ပြောထွက်လေ၏။

နန်းသည် ပြန်ကာနီးတွင် မျက်ရည်ကျဖြစ်လေ၏။ နန်း၏ မျက်ရည်သည် နန်းတို့ အချစ်နှင့်မခြား ပျက်စီးဆုံး



ရှုံးသွားပြီဖြစ်သော ဆုတို့အချစ်အတွက်ဖြစ်ကြောင်း ဆု သိသလို ဆု ကိုလတ်ကို လက်ထပ်တော့မည်ဟူသော သတင်းကိုလည်း နန်းတစ်ယောက် ကိုဆွေနှင့်တကွ သူ့ပတ်ဝန်းကျင်ဆီသို့ စိတ်ချယုံကြည်စွာ သယ်ဆောင်သွားတော့မည်ကိုလည်း ဆုသိရှိလေ၏။

နန်းခမျာ ကိုလတ်ကိုလည်း ခင်မင်နေကာ ကိုလတ်၏ ဆု အပေါ်ထားရှိသော မေတ္တာအတိမ်အနက်ကိုလည်း နားလည်နေပြန်တော့ မကျေနပ်လျက်ကပင် ဆုကို အကြောက်အကန် ငြင်းခုန်နိုင်စွမ်း မရှိရှာ။

'ဆု ဘယ်နေ့ ပြန်လာမှာလဲ'

'မသိသေးဘူး နန်း။ ဒါပေမယ့် ကျောင်းနဲ့ အကြာကြီး ခွဲမနေနိုင်တာတော့ သေချာပါတယ်'

နန်းက မကျေနပ်သော မျက်လုံးများကို မျက်လွှာချကာ ဖုံးကွယ်ရှာလေသည်။ ဆု၏စကားက စိမ်းကားလွန်းလှသည်ထင်၍ပင်တည်း။ သည်စကားကို ကိုဆွေသာ တစ်ဆင့် ပြန်ကြားသိလျှင် 'ကျောင်းက ပထမ၊ တို့က ဒုတိယ ထိုတာ သိပါတယ် ဆုရာ'ဟုပင် ဆိုနိုင်ရှာတော့မည်မဟုတ်။ ဒုတိယနေရာကိုပင် စွန့်လွှတ်ရကာ ဆုက အပြီးအပိုင် စွန့်ခွာလိုက်ပြီ မဟုတ်လား။

နန်းကို ကြိုဆီးကာ သတင်းတွေ မေးကြတော့မည်။ ကိုဆွေမျှော်လင့်နေဦးမှာပါပဲ။ ဆု ဆုံးဖြတ်ပြီးပြီ သိရလျှင် ဘယ်လိုခံစားရမှာပါလိမ့်။ ထိုညတွင် ဆုသည်

www.burmeseclassic.com

www.burmeseclassic.com



အလွန်အမင်း ဗိုက်အောင့်ကာ လူပါဖြူဖျော့သွားခဲ့သည်။ ကိုလတ် အရန်သင့်ရှိနေ၍ပင် သားကြီးကို ဆေးအိတ်ပြေး ယူခိုင်းကာ ဆေးတစ်လုံး ထိုးလိုက်ရလေ၏။

နောက်တစ်နေ့မှစ၍ ဆုသည် ဆန်ပြုတ်ကျဲနှင့် နွားနို့ကိုသာ အာဟာရဖြည့်တင်းလျက် အစာခြေအရည်ကို ချေဖျက်မည့် ဂျယ်မက်များ၊ အစာလမ်းကြောင်း လှုပ်ရှားမှုကို လျှော့ချပစ်မည့် အင်တီကောလ်စသည်ဖြင့် ဆေးဝါးများကို အဖော်အသစ်အဖြစ် ရရှိကာ အိပ်ရာတွင် လဲလျောင်းရတော့သည်။ ဒီအိုဒီနမ် အူသိမ်အစ အစာအိမ်အဆုံးဝယ် အနာဖြစ်လေပြီ။

'ဆု လုံးဝ သက်သာမှ ကိုလတ်ပြန်လွှတ်နိုင်မယ်'

'ကျောင်းမှာ ဆက်ကုမှာပေါ့ ကိုလတ်ရဲ့။ ဆု ကျောင်းပျက်ရက်တွေ များနေပြီ'

'ဆုက ဘယ်လို ကုမှာလဲ'

'ဆရာတွေလည်း ရှိသားပဲ။ ဆုဘာသာလည်း ဆေးစားမှာပေါ့'

'ဆု ရောဂါက ဘယ်ကစသလဲ သိရဲ့လား'

ကိုလတ်ဗိုက်ကို လက်ညှိုးထိုးပြကာ 'အဲဒီကစတာ မဟုတ်ဘူး ဆု'ဆို၍ ဆု၏ နားထင်ကို လက်ညှိုးထောက်ပြကာ 'ဒီက ဆုရဲ့ ဒီက'ဟု ပင့်သက်နှင့်အတူ ညည်းညူလေ၏။

'စိတ်ကို လျှော့ပစ်လိုက်စမ်းပါ ဆုရယ်'



ဆု ခေါင်းရင်းမှာ စိတ်ငြိမ်ဆေးပုလင်းကို မြင်တွေ့လျက်-

'ဒါကိုလည်း အကျင့်မလုပ်နဲ့ဆု။ ခု ခဏတော့ ကိုလတ် မကန့်ကွက်ပါဘူး။ ဆုလိုပါတယ်။ တဖြည်းဖြည်းတော့ အကျင့်ပြန်ဖျောက်'

ဆု၏ ခံစားချက်များကို သိနားလည်လွန်းသော ကိုလတ်ရှေ့တွင် ဆုမှာ အစွယ်ကျိုးသော မြွေပမာ တစ်ဘက်က သိမ်ငယ်ကာ ကျန်တစ်ဘက်ကလည်း ဝေဒနာမျှ ခံစားသူရှိလေ၍ ရင်မှာ အတန်ငယ် အကြိတ်အထုံး ပြေလျော့လေသည်။

ဆု အကျဉ်းအကျပ် ကြုံရသည်က ကျောင်းသို့ မပြန်မီသည်။ ဒေါ်လေးမို့မှာ အဘွားဆုံးပြီးကတည်းက သွေးတိုးတက်နေကာ များစွာနေမကောင်း။ အဘွား ရက်လည်ပြီးသည်နှင့် ဆုနှင့်အပြိုင် အိပ်ရာထဲ လဲလေသည်။

ထိုနေ့တစ်ညနေလုံး ဒေါ်ဒေါ်မြသည် ဆုကို ဒေါ်လေးမို့ထံ သွားနှုတ်ဆက်ဖို့ပဲ ခေါ်ညြနေခဲ့သည်။

မတတ်တိုင် နှစ်တိုင်မျှ ကွာဝေးသော ဒေါ်လေးမို့ အိမ်သို့အသွား လမ်းကျမှပင် ဒေါ်ဒေါ်မြက အရင်းမရှိ အဖျားမရှိ 'မမမို့က ညည်းနဲ့ မောင်လတ်ကိစ္စ သွေးနွေးချင်တာ'ဟု စကားစလေ၏။

'ရှင်… ဒေါ်ဒေါ်မြ၊ ဆုနဲ့ ကိုလတ်ကိစ္စ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေ။ ဆုပဲ သူ့သားကို ယူမယ်ပြောတော့ သူ့မှာ အဲဒီကိစ္စပဲ ခေါင်းထဲ ရောက်နေတော့တာပေါ့'

ဆု တစ်ချီတည်း ငိုင်ကျသွားတော့သည်။ ကိုဆွေ့မိခင်ကို ရွဲ့ချင်တာပဲ သိခဲ့ကာ သည်စကား၏ အကျိုးဆက်တွေ မည်သို့ပေါ်ပေါက်လာမည်ကိုမူ ဆု သတိလစ်ဟင်းခဲ့ချေ၏။ ကိုလတ်ကို ဆုနှင့် ဒေါ်လေးမို သဘောမျှနေသည်ကိုသော်လည်းကောင်း၊ ကိုဆွေပါလာ၍ ဒေါ်လေးမို စိတ်ထိခိုက်ခဲ့ရသည်ကိုလည်းကောင်း ဆုမသိ မဟုတ်။ သို့ပေမယ့် ကိုဆွေ့မိဘများက ခါချလိုက်သော အပယ်ခံမလေး ဆုကို ဒေါ်လေးမို ဤမျှ မြန်မြန်ဆန်ဆန် ပြန်လည်လိုလားမည် မထင်မှတ်ပေ။

'မဖြစ်နိုင်တာ ဒေါ်ဒေါ်မြရယ်'

'ဘုရားရေ…'

'မသိုးထမင်း မသိုးဟင်းနဲ့ရှာလည်း ဒီသားအမိလို ဆုအပေါ် ကောင်းမယ့်သူ မတွေ့နိုင်ပါဘူး ဆုရယ်။ မောင်လတ်အပေါ် သိန်းထိုက်တဲ့ ကမ္ဗလာမှာ ငှက်ချေးတစ်ကွက် ပါတယ်ရယ်လို့ ဆု ချေးများမနေပါနဲ့တော့။ မောင်လတ်ကလည်း ညည်းအမှားတွေကို သင်ပုန်းချေပစ်မယ့်သူ။ တကယ်တော့လည်း သာတယ် နာတယ် ကြည့်စရာမလိုတဲ့ သူတွေပါ ဆုရယ်'

'ခက်တာပဲ။ ဒေါ်လေးမိုကို ဘယ်သူကများ ပြောလိုက်ပါလိမ့်နော်'



'ဒါ မအူပင် ဆုရဲ့။ ရန်ကုန်လို မဟုတ်ဘူး။ ဆုအဖြစ်က ချက်ချင်း သတင်းပျံ့နှံ့သွားတာ။ ငါ့ကို မေးတော့ ငါလည်း ဟုတ်တယ် မမို။ တကယ်တမ်း ယှဉ်ရွေးရမယ့်အချိန်ကျတော့ ဆုဟာ ဘယ်သူ့ကို ရွေးသင့်တယ်ဆိုတာ သိသွားတာပဲလို့ ပြောပြလိုက်တယ်။ နို့ မဟုတ်ဘူးလား'

'ဟင့်အင်း။ အို… ဒုက္ခပါပဲ'

'မမိုကဖြင့် နောက်ဆုံးတော့ မောင်ဘိုနေမြဲ ကျားနေမြဲ ဖြစ်သွားတာပေါ့တဲ့။ ဝမ်းသာလို့။ သူချစ်ကို ရှာစမ်းပါ ဆုရယ်။ ညည်းမှာ ရှေ့က မားမားမတ်မတ် ရပ်နေမယ့် အားကိုးအားထား လိုနေပါပြီ'

'ကိုလတ်ကို ဆု သံယောဇဉ်မရှိလို့ မဟုတ်ပါဘူး။ ဒါပေမယ့် ဆုဘဝကို ဆုဘာသာပဲ ဖန်တီးချင်တယ်။ ဘာမဆို ဆု တစ်ယောက်တည်း ရင်ဆိုင်နိုင်ပါတယ်'

'ဟိုက သား ပြန်ခေါ်သွားကာမှ စပျစ်သီးချဉ်နေပြန်ပါပြီ ဆုရယ်။ ညည်းဟာလေ ရွာနားကဘုရား ရွာသားမရိုသေသလို ဖြစ်နေပြီ သိရဲ့လား'

ကိုလတ်ကား အိမ်တွင်မရှိ။ ဆေးရုံမှ အရေးတကြီး ဗိုက်ခွဲမွေးရန် လူနာရောက်သဖြင့် လာခေါ်သွားခဲ့လေသည်။ ဒေါ်လေးမိုကတော့ ညရှစ်နာရီထိုးသည့်တိုင် ထမင်းမစားရသေးသော သားဆရာဝန်အတွက် ပြင်ဆင်ထားသော ထမင်းပွဲမှ အေးစက်သွားပြီဖြစ်သော ဟင်းချိုကို တစ်ခေါက်ပြန်နွေးရန် မွေးစားတူမလေးကို ညွှန်ကြားနေသည်။ အိပ်

www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲတွင် ခုတင်နံဘေး၌ ပက်လက်ကုလားထိုင်ခင်း၍ ထိုင်နေရာမှ ဆုတို့ကိုမြင်လျှင် အပြုံးနှင့် ကြိုလေသည်။

ဆုက ဒေါ်လေးမှီနံဘေး ကြမ်းပြင်ပေါ် ကျုံ့ကျုံ့ ထိုင်ကာ ဒေါ်ဒေါ်မြကတော့ ခုတင်ပေါ်တွင် တင်ပလ္လင်ထိုင် လိုက်လေသည်။

'ဆု မနက်ဖြန် ကျောင်းပြန်တော့မယ် ဒေါ်လေး မှီ'

ဒေါ်လေးမှီသည် ဆု၏လက်ကလေးတစ်ဖက်ကို ယုယစွာ ဆုပ်ကိုင်ထားသည်။ စကားဖြင့် ဖွင့်ပြောစရာ မလိုဘဲ ဒေါ်လေးမှီ၏ မေတ္တာကို ဆု သိနားလည်ကာ ဒေါ်လေးမှီ၏ ဆန္ဒကို မဖြည့်နိုင်သော ဆု၏ခါးသီးမှုကို ဆုပြန်လည် ရှုံ့ရှာစက်ဆုပ်မိလေ၏။

'ဆု မပြန်ခင် ဒေါ်လေးမှီ တိုင်ပင်စရာတွေ ရှိသေး တယ်'

ဆု အကြံအိုက်နေသည်။ ဆုမည်သို့ ငြင်းရပါ့။ ဒေါ်လေးမှီ နားခံသာအောင် ဆုမည်သို့ ပြောရမည်ကို စကား လုံးရှာနေသည်။ မလှည့်တစ်ပတ်လည်း မလုပ်လိုပြီ။ ဤမျှ ပြဿနာ တက်လာရသည်ကိုက လွန်လွန်းနေပါပြီ။

'သမီး နောက်တစ်ခေါက်ပြန်လာရင် သမီးနဲ့ ကို လတ် စေ့စပ်ကြောင်းလမ်းလိုက်ကြရင် မကောင်းဘူးလား ကွယ်'

မီးခဲမျိုရသလို ရင်ထဲမှာ ပူလောင်ရသည့် ဆု



အဖြစ်။

'သားကတော့ သမီးကို ဒီကိစ္စတွေ လုံးဝမပြော ရဘူးလို့ ဒေါ်လေးကို တားထားတယ်။ သားသိရင် ဒေါ်လေး ကို စိတ်ဆိုးမှာပဲ။ ဒါပေမယ့် ဒေါ်လေးမှီ တစ်ခါထပ်ပြီး နောက်မကျချင်တော့ဘူး။ ဆု ငယ်သေးတယ်ဆိုပြီး ဒေါ် လေးမှီ ချိန်ဆနေခဲ့တယ်။ ပြီးတော့လည်း သားနောက် ကြောင်းတွေကြောင့် သားက ဆုကို အားနာခဲ့တယ်။ ဒါပေ မယ့် ဆုရယ် သားနဲ့ သမီးဟာ တစ်ယောက်အကြောင်း တစ်ယောက် အူမချေးခါးမကျန် သိခဲ့ကြသူချင်းပဲ။ သမီး မှာလည်း အဖော်လိုတယ်။ သမီးဟာ သားအတွက် အဖော် ကောင်းပဲလို့လည်း ဒေါ်လေးမှီသိတယ်။ တစ်ကြောင်း ကြောင်းကြောင့် နဖူးစာ မင်ရည်ကျဲမှာ ဒေါ်လေးမှီစိုးရိမ် တယ်ကွယ်'

ဒေါ်လေးမှီက ဆုကို ခြေမန်းကွင်းချည်၍ လွှတ် လိုက်လိုသော သဘောပါပဲ။

'သားဟာလည်း ကံဆိုးရှာတယ် သမီးရယ်။ သမီး အတွက်လည်း သမီးစဉ်းစားပါ။ သားအတွက်လည်း စဉ်း စားပါ ဆုရယ်'

ဆု ပင့်သက်ရှိုက်ရင်းပင် ဆုံးဖြတ်လိုက်သည်။ ဆု ပြတ်သားရပေတော့မည်။

'ဆု ကိုဆွေ့မိဘတွေကို အရွဲ့တိုက်ပြီး ပြောလိုက် မိတာ ဆု အမှားပါပဲ ဒေါ်လေးမှီ။ ကိုလတ်က ဆုကို အား

www.burmeseclassic.com

www.burmeseclassic.com



လည်တာမို့ ဆုအလွယ်ပြောလိုက်မိတယ်။ ဆု ကိုလတ်ကို အစ်ကိုအရင်းလိုပဲ ချစ်ခဲ့ပါတယ်။ ကိုလတ် နားလည်ပေမယ့် ဒေါ်လေးမို အယူအဆလွဲစရာဖြစ်သွားရတာ ဆုမှာ အပြစ်ရှိပါတယ်။ ဆုဘဝမှာ အမှားကြုံခဲ့ပြီးတဲ့နောက် ရင်ထဲမှာ ဒဏ်ရာကျန်ခဲ့တယ် ဒေါ်လေးမိုရယ်။ ဆုကို ခွင့်လွှတ်ပါ။ ဆု ဘာမှထပ်ပြီး မစဉ်းစားပါရစေနဲ့'

မမျှော်လင့်ဘဲ ဒေါ်လေးမို မျက်ရည်ကျတော့ ကျေးဇူးရှင်ကို ကျေးစွပ်ရသော ဆုမှာ အပြစ်ကြီးလေးရပြန်သည်။

'ကလေးတွေ မဟုတ်တော့ပါဘူးမမရယ်။ တဖြည်းဖြည်းတော့ သူတို့နားလည်မှု ရလာကြမှာပါ။ တစ်နေ့ မမဆန္ဒတွေ ပြည့်လာလိမ့်မပေါ့။ ခုနေခါတော့ ဆုမှာ သောကများနေသေးတယ်လို့ မောင်လတ်ပြောသားနဲ့။ ခေါင်းအရှုပ်မခံနေပါနဲ့ မမရဲ့။ စိတ်အေးအေးထားစမ်းပါ'

ပြန်ခါနီး ဆု ကန်တော့သည်ကိုမှ ဒေါ်လေးမိုသည် ဆု မပေးနိုင်ရှာ။ မျက်ရည်သုတ်ရင်း ကျန်ရစ်ရှာလေ၏။

အပြန်လမ်းတွင် ဒေါ်ဒေါ်မြက ဆုကို မရှုံ့မရဲ သွယ်ဝိုက်အပြစ်တင်လာလေ၏။

'မမိုက ညည်းကို ညည်းအဘွားဆွဲကြိုးတောင် ပြန်ပေးချင်တာ။ မောင်လတ်က ဆု မာနကို ထိခိုက်တယ်။ ဒီလိုမလုပ်နဲ့ဆိုလို့သာ။ သူသိမ်းထားမယ်တဲ့။ အနည်းဆုံး ညည်း ဆရာဝန်ဖြစ်တဲ့အခါ ပြန်ရွေးယူနိုင်ဖို့ပေါ့။ မောင်လတ်တို့က ညည်းအတွက် အစစအရာရာ တာဝန်ယူချင်တာ



ပါဟယ်။ ညည်းကသာ မာနတွေ ထားနေတာ'

ထိုညက ဗိုက်တစ်ချိုပြန်အောင့်ကာ ကျိတ်၍ ဆေးစားရသည်။ အိပ်ပျော်အောင် စိတ်ငြိမ်ဆေးကိုပဲ အားကိုးရပြန်လေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

ပညာသင်ချိန် ခြောက်နှစ်ကျော်အတွင်း မအူပင်မှ ကျောင်းသို့ အကြိမ်ကြိမ် ပြန်လာခဲ့ဖူးပြီ။ သည်တစ်ကြိမ် ကျောင်းသို့ အလာလမ်းလောက် စိတ်ထဲမှာ ပင်ပန်းဆင်းရဲရခြင်းမျိုး ဆု မကြုံဘူးခဲ့။

ယခင် အချိန်များက ပုသိမ်အမြန်ပဲစီးစီး မအူပင်အမြန်တို့၊ အိမ်မဲတို့၊ ခနဖြူတို့နဲ့ပဲလိုက်လိုက်၊ ဆုစိတ်မှာ သဘော်ကြီး နေးလှသည် ထင်မှတ်မြဲ။ ယခုတစ်ခေါက်တော့ ရေကျနေသည်ကိုပင် ပြန်ဆွဲထားချင်လှသည်။

ဝေး၍ ကျန်ခဲ့သော မအူပင်ကိုလည်း ဆု လွမ်းလှသည်။ နောက်ထပ်တစ်ဖန် ခြေမချတော့ပြီဟု ဆုံးဖြတ်ပြီးလေပြီ။ ချစ်သော ဒေါ်လေးမိ၏ဆန္ဒကို မဖြည့်စွမ်းနိုင်ဘဲနှင့်တော့ ဆု မအူပင် မပြန်ပြီ။ ဆင်ဖြူမျက်နှာကို ဆင်မည်းမကြည့်ဝံ့သော ဆုအဖြစ်မှာ အံ့သြလောက်စရာတော့ မရှိပါတကား။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့မို့ ပို၍သွေ့ခြောက်နေတာပါဟု စိတ်မှာ လိုရာဆွဲတွေးရပေမယ့် ကျောင်းနယ်မြေသည် ခါတိုင်းလို ဆုကို နွေးနွေးထွေးထွေး ဆီးမကြိုတာ သေချာလေ၏။

လူအများကြီးကို ရုတ်တရက် ရင်ဆိုင်နိုင်လောက်အောင် သတ္တိမပြည့်စုံဘူးဟု မှတ်ယူကာ တမင်တကာပင် တနင်္ဂနွေနေ့ကို ရွေးချယ်ပြီး ပြန်လာခဲ့သည်မို့ ဆုတို့ သီတာဆောင်တွင် အတန်းဖော် ရီရီညွန့်နှင့် ပုတ်ပုတ်အပြင် ဆု အခန်းမှာခိုအောင်းကာ ဆုကို မျှော်နေသော နန်းသာရှိလေ၏။

သူငယ်ချင်းများက အပြေးထွက်ကြိုကြပေမယ့် အခြေအနေက လျှော့ရဲ အားစက်ခဲ့သည်။

'ကြာလိုက်တာ ဆုရယ်။ ပိန်လည်းပိန်သွားလိုက်တာ'ဆိုတာထက် ရီရီညွန့် ပို၍ မပြောတတ်။

ပုတ်ပုတ်သည်လည်း အားလုံး အဆင်ပြေခဲ့ရဲ့လား ဆုဟုပဲ မေးဖြစ်လေသည်။

အသွားသတင်းကိုရော၊ ကိုလတ်သတင်းကိုပါ မေးရပြောရမှာ ခက်ခဲနေကြလေသည်။ ဆု လက်ထဲမှ ခြင်းကို နှစ်ယောက်သား လှယူကာ ဆု အခန်းထဲသို့ သယ်ပို့ပေးပြီးနောက် ရီရီညွန့်က ဘလော့ခ်စာမေးပွဲ စစ်တော့မည့် အကြောင်း ပြောပြလေသည်။

'စာကျက်ချိန် တစ်ပတ်တော့ ရဦးမှာပေါ့။ တော်သေးတယ်'ဟု ဆုက ဝတ်ကျေဝတ်ကုန် ပြန်ပြောသည်။

တည်သည်ထက် တင်းသည်က ပိုမည်ဖြစ်သော



ဆုမျက်နှာရိပ်ကိုကြည့်ကာ ရီရီညွန့်က ပုတ်ပုတ်ကို မျက်ရိပ်ပြလျက် 'အဝတ်သွားလျှော်ဦးမယ် ဆု'ဟု နှုတ်ဆက်ကာ ထွက်ခွာသွားကြလေ၏။

နန်းကမူ လူရှင်းသည်နှင့် တစ်ပြိုင်နက် ဆု နှစ်သက်မည် မနှစ်သက်မည် လုံးဝ ထည့်စဉ်းစားဖို့ လိုသည် မယူမှတ်ဘဲ 'ကိုဆွေ တစ်ရက်မှ ကျောင်းမတက်ဘူး ဆု'ဟု အလွန်ပင် အပြစ်တင်လိုလှဟန်နှင့် အဆောတလျင် စကားစလေ၏။

ဆုသည် တစ်ပတ်နွမ်း ဘလောက်စ်အင်္ကျီတစ်ထည်နှင့် တဘီအဟောင်းကို လဲလှယ်ဝတ်ဆင်နေသည်။

'ဒီအကြောင်းတွေ မပြောနဲ့ဆို နန်း။ တို့ သိပ်ပင်ပန်းနေလို့ပါ'

ပိန်ချုံးသွားသဖြင့် ပါးရိုးကလေးကပင် ငေါထွက်လာကာ ပင်ကိုယ်ကြီးမားသော မျက်လုံးများသည် ပို၍ပင် ကြီးမားနေဟန်ရှိသော ဆုကို နန်းသတိထားမိလျက်ကပင် ကိုဆွေအပေါ် ကြင်နာမှုကသာ ပိုကဲနေလေ၏။

'နန်း ပြန်မရောက်ခင်က ကိုဆွေလေ ဆုကို သင်္ဘောဆိပ်မှာ သွားကြိုနေသေးတာ။ နန်းကို သူပဲ အိမ်ပြန်ပို့ပေးတယ်။ သူ့ကို နန်း ဘာမှ မပြောရက်ခဲ့ဘူး။ သူက လည်း ဘာမှမမေးဘူး။ သူ ကြားချင်တဲ့စကားကို သူ မကြားရမှာစိုးလို့ ဖြစ်မှာပါပဲ။ နန်းမှာလည်း သူကြားချင်တဲ့ စကားမှ မပါခဲ့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဆုက ခရီးသွားစဉ်ဝတ်ထားသော အဝတ်များကို ခုတင်ခြေရင်းရှိ ကြိုးတန်းပေါ် ဖြန့်လွှားတင်လိုက်လေသည်။

'အစ်ကိုကြီးတို့နဲ့ တွေ့မှပဲ ဆု ကိုလတ်ကို လက်ထပ်တော့မယ်လို့ ပြောပြလိုက်ရတယ်။ သူတို့မဲ့ ကိုဆွေ့ကို ပြောပြကြတယ်။ ကိုဆွေ ငိုတယ် သိလား ဆု'

ဆုသည် နန်းကို ကျောခိုင်းကာ ကြမ်းပေါ် ထိုင်လျက် ခြင်းထဲမှ ပစ္စည်းများကို ထုတ်ယူနေသည်။ ဂျယ်မက်ဆေးဘူးများ၊ အင်တီကော့လ်၊ မဂ္ဂနီစီယမ်ထရိုင်စီလီကိတ် ဆေးမှုန့်၊ စပတ်စမိုစီဘယ်လ်ဂျင်၊ အင်ထရိုပင်း၊ နောက်ဆုံးဆေးပုလင်းကတော့ ဗေလီယံ၊ ထို့ပြင် နို့မှုန့်ဘူးကြီးက တစ်ဘူး။ ဪ... အဘွားနှင့် ကိုဆွေကို ခွဲခွာလိုက်ရပြီးနောက် ရရှိလာသော ဆု၏ မိတ်ဆွေသစ်များပါ။ ဆု အမျိုးခက်လှ၍ မနှစ်သက်ပါလျက် အဆာပြေစေတော့ဟု ကြိတ်မှိတ်ကာ မြုံရမြဲ။ မာရီတစ်စတစ်များကိုလည်း ပေါပေါများများ ပိုသာစွာဆောင်ထားရပြီ။ ဆုနှစ်သက်သော ရေတ်သီးမှုန့်များ၊ အချဉ်ထုပ်များ၊ မာလကာသီးများအားလုံးကို ဆု ရှောင်ရလေပြီ။

ဆေးကို ရေနှင့် မသောက်တတ်သော ဆုသည် အင်တီကော်လ်တစ်ခြမ်းကို ဒီအတိုင်း မျိုချသည်။ ဆေးကိုက ခါးသက်လှသည်။ ဝေဒနာကလည်း ခါးသက်လှချေသည်။

'ကိုဆွေအပေါ် ဒီအထိ မရက်စက်သင့်ပါဘူး ဆုရယ်'



'တို့ကို ခင်ရင် ဒါတွေမေ့ထားကြစို့ နန်း'

'ဆုကို ခင်ပါတယ်။ ဒါပေမယ့် ကိုဆွေ့ကိုလည်း နန်းက ခင်တယ်'

'ကိုလတ်ကိုလည်း နန်း ခင်တာပဲ မဟုတ်လား'

ဆုက ပစ္စည်းများကို နေရာတကျ သိမ်းဆည်းနေသည်။

'ကိုလတ်ကိုလည်း ခင်ပါတယ်။ ဒါပေမယ့် ကိုဆွေက ဆုရဲ့ အချစ်ကို အရင်ဦးဆုံးရတဲ့ သူပဲ'

'နန်းတောင်မှ အချစ်ဟာ ပြောင်းလဲသွားနိုင်တယ်၊ ပျက်စီးသွားနိုင်တယ်လို့ ပြောဖူးတာပဲလေ'

မျက်နှာကို ပြုံးထားလျက်ကပဲ အစာအိမ်ဝယ် အစာချေအရည်များ ယိုစိမ့်ထွက်နေပြီဟုသိကာ ဆု လုံးဝ မနှစ်သက်သော နို့မှုန့်တစ်ခွက် ဖျော်ရသည်။ နန်း အသင့်တည်ထားသော ရေနွေးရှိနေသဖြင့် တော်ပေသေးသည်။ ဂျယ်မက်ဆေးပြားကို ပဲလှော်ဝါးသလို ဝါးရင်း နို့မှုန့်ပန်းကန်ပြားတွင် လောင်းထည့်ပြီး အေးအောင် မှုတ်သည်။

ရည်မှန်းချက် ကြီးမားသမျှ ခံစားမှုတွေ များပြားပြီး စိတ်ကို မညှာမတာ ညှဉ်းပန်းစေခိုင်းလေသူတို့တွင် ဒီအိုဒီနမ် အူသိမ်အဝဝယ် အနာစွဲကပ်တတ်သည်ဟု ဆိုလေသည်။ စိတ်ကို မနိုင်ပေမယ့် ဖြစ်လာသော ရောဂါလက္ခဏာများကိုတော့ ဆုက ဂရုတစိုက် ဆင်ခြင်ကုသရသည်။ ဆု အစာအိမ် မပေါက်လိုပါ။

www.burmeseclassic.com

www.burmeseclassic.com



'ကိုဆွေ ကျောင်းပြန်တက်အောင် အစ်ကိုကြီးတို့ ဖျောင်းဖျလို့ မရဘူး။ သူ့ကို ဆု ဘာမှမပြောတော့ဘူးလား ဟင်'

'တို့က ဘဝတက်လမ်းကလေးတစ်ခု ရဖို့အတွက် အသေအလဲ ကြိုးစားနေရတာ။ သူတို့လို တွေဝေနေ စိတ်ကူးယဉ်နေဖို့ အချိန် ဘယ်ရှိပါ့မလဲ'

ဆု၏ ပြတ်တောက်သော စကားကြောင့် နန်း မျက်ရည်ဝဲနေလေသည်။

'ခင်နှင်းဖြူ နန်းကို သတင်းလာမေးသေးတယ်။ ကိုဆွေ့အမေနဲ့အစ်မ ဆုအိမ်ကို လိုက်လာတဲ့အကြောင်း။ နန်းက ကိုဆွေ့ အသိုင်းအဝိုင်းက ရှိင်းလွန်းတယ်လို့ ပြောပစ်လိုက်တယ်။ ခင်နှင်းဖြူကလည်း အဲသလိုပဲ ယူဆတယ်'

ခင်နှင်းဖြူက အဘယ်ကြောင့် သူတော်ကောင်း လုပ်ချင်နေရပါသနည်း။ သူမချစ်သော ကိုဆွေသည် ယခု ဆုနှင့်ကွဲလေပြီ။ သူမ ပွဲလန့်တုန်း ဖျာခင်းဖို့ပဲ မဟုတ်လား။

'ကိုဆွေ့ အမေနဲ့ အစ်မတွေကတော့ ခဏခံစားရပြီး ပြီးပြတ်သွားမယ်လို့ ယူဆပြီး ကျေနပ်နေသတဲ့။ ခင်နှင်းဖြူကတော့ ကိုဆွေ့အတွက် စိတ်ပူနေတယ်။ ကိုဆွေဟာ ကလေးလို ရိုးသားပေမယ့် လေးလေးနက်နက်ခံစားတတ်တဲ့ လူတစ်ယောက်ဆိုတာကို ဘာလို့ သူတို့ မစဉ်းစားကြတာ လဲတဲ့'

ဆုက စာကြည့်စားပွဲတွင် ဝင်ထိုင်လိုက်သည်။



ခွဲစိတ်ကုပညာစာအုပ်ကို စတင် လှန်လှောလိုက်လေသည်။

'ခင်နှင်းဖြူက ပြောသေးတယ်။ ဘာပဲဖြစ်ဖြစ် ဆုဟာ ကိုလတ်ကို ယူမယ်လို့ အဲဒီအချိန်မှာ မပြောသင့်ပါဘူးတဲ့'

'စာမေးပွဲက ဆယ့်ရှစ်ရက်နေ့နော် နန်း။ တို့ ရက်နှစ်ဆယ်တောင် ပျက်လိုက်ရတယ်။ ဂရိတ်ဖိုက်မှ ရပါဦးမလား'

နန်းက စာမေးပွဲရက်ကို မင်နီကွင်းထားသော ပြက္ခဒိန်ဆီသို့ လက်ညှိုးညွှန်လေ၏။

'ခင်နှင်းဖြူက ဆုရဲ့ပြီး ပြောမယ်ထင်နေတာ။ နန်းကပဲ ဆုတကယ်ပဲ ကိုလတ်ကို ယူတော့မှာလို့ ပြောပြလိုက်ရတယ်။ ကိုလတ်ကို ယူမှာဖြင့် ကိုဆွေ့ကို ဆုက သက်သက်လှည့်စားခဲ့တာပေါ့နော်တဲ့။ နန်းမခံချင်စိတ်ဖြစ်မိတယ်။ ဒါပေမယ့် ပြန်မဖြေတတ်ဘူး'

ပြက္ခဒိန်ကို ထကြည့်တော့ ဆုမျက်လုံးတွင် ရက်စွဲများကို မမြင်ပါ။ ကိုဆွေ့မျက်နှာကိုပဲ တရစ်ဝဲဝဲ မြင်ယောင်နေမိသည်။

'ဆု ဘယ်တော့ လက်ထပ်မလဲ'

'အောင်မှာပါ။ ဒါပေမယ့် တို့ စေ့စပ်ကြောင်းလမ်းပြီးပြီ'

မှတ်ကရော။

ပေါင်းသင်းလာကြသော ခြောက်နှစ်ကျော်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



နန်းသည် တစ်ကြိမ် ဆုကို မုန်းတီး စိတ်ဆိုးမိလေသည်။

'ဖရက်ဒီက ဘာပြောလဲ သိလား။ အစကတည်းက ခင်နှင်းဖြူကို ဒီကောင်ချစ်ဖို့ကောင်းတယ်လို့ သူပြောသွားပဲတဲ့။ အဲဒီတော့ အစ်ကိုကြီး ကိုဘိုကြည်က ထောက်ခံတယ်။ ဒီကောင် အရွေးမှားတယ်တဲ့'

နန်းက ဆု၏ အိပ်ရာပေါ် ခွေလှဲလိုက်သည်။

'ခုတော့ နန်းလည်း အဲသလိုပဲ ထင်နေမိပြီ'

ဆု၏ရင်မှာ အောင့်မိသည်။ သို့တစေ နန်း စကားတွေကို ဆုက အသံလွင်လွင်ဖြင့် အားပါးတရ ရယ်မောပစ်ဖို့ မမေ့လျော့။

(Bailey and love )ခွဲစိတ်ကုပညာစာအုပ်ထဲမှ စာလုံးများကလည်း ဆုကိုတစ်လှည့်တစ်ပြန် ခုန်ပေါက်ရယ်မောလှောင်ပြောင်နေကြပြန်လေ၏။

*

## အခန်း(၂၄)

လာမည့်ဘေးကို အပြေးတွေ့ရလျက် ကျောင်းပြန်တက်ရသောအခါ ကိုခွေမှအပ သူငယ်ချင်းတစ်စုကို စုံစုံညီညီ ပြန်လည် ရင်ဆိုင်ရပြန်လေသည်။

'ဆု ပိန်သွားတယ်'

ဖရက်ဒီက မှတ်ချက်ချသည်။

'အားလုံးအဆင်ပြေတယ် မဟုတ်လား'

မင်းမော်က မေးသည်။

သည်စကားတွေထက် ပို၍ ပြောစရာ မရှိခဲ့။ ကြိုတင်သံပတ်တင်းထားသော ဆုမျက်နှာထားက သူတို့ ပြောချင်သော စကားများကို ဆွံ့အ,ကွယ်ပျောက်စေခဲ့သည်။

စုဝေးစာသင်ချိန်တွင် တစ်ယောက် လိုနေသော အသိက အားလုံးကို ဖမ်းစားမြဲ။ စောဒီလုံးပင် ယခင်လို ရယ်စရာဟာသတွေ မလုပ်နိုင်၊ မပြောနိုင်။ သူ တမင်တကာ ရယ်စရာ ဖန်တီးပြန်တော့လည်း ကျန်သူငယ်ချင်းများ၏

www.burmeseclassic.com

www.burmeseclassic.com



အပြုံးတွေက ဝတ်ကျောဝတ်ကုန်။

ကိုဘိုကြည်သည် ဆု စိတ်ထိခိုက်ဆဲ အချိန်အခါ ဟူ၍ သူ့စိတ်ကို ထိန်းကာ အပြစ်မတင်မိအောင် မျိုသိပ်ထားရလေဟန် ဆုကို စကားဟဟ မဆိုဖြစ်။

'ဟိတ်… ကျောင်းပြေး။ မင်းတစ်ယောက်တည်းလားကွ။ တစ်ယောက်ဘယ်မှာ ထားခဲ့သလဲ'

လူနာခုတင်ဘေးတွင် စာသင်ပေးရင်း ဆုတို့ ဆရာဦးသက်အောင်ဝေက ဆုကို ကျီစယ်လိုဟန် ရုတ်တရက်လှမ်းမေးလေသည်။

ရုပ်ဖြောင့်၍ ပညာတော်သော ဆရာသည် တပည့်များကို တရင်းတနှီး ချစ်ခင်ဆက်ဆံမြဲမို့ ဆရာပွဲကြောင်းသတင်းများကို မျက်ကွယ်ပြုလျက် ကျောင်းသူ ကျောင်းသားများက သူ့ကို ခင်မင်ရမြဲဖြစ်လေ၏။

တတွဲတွဲ မြင်နေကျကို မမြင်ရချိန်တွင် ဆရာများပင် ဘဝင်မကျလေတော့။ အပေါင်းအသင်းများရင်မှာ ပို၍အဆင်မချောဖြစ်ခြိမ့်မည်။ ကာယကံရှင်ရင်မှာ မည်မျှ ဟာမည်ကိုတော့ သူတို့နားမလည်နိုင်သည်ကိုပင် ဆုက ဝမ်းပန်းတသာ ရှိရပါသေးသည်။

သူငယ်ချင်းများ မျက်နှာမကောင်းခိုက် ဆရာက တစ်ကျော့တစ်ဖန်ထပ်၍-

'အတူတူ ပျောက်နေပြီး တစ်ယောက်တည်း ပြန်လာသလားကွ' ဟု ထပ်၍နောက်နေပြန်သည်။



ဆုက မျက်နှာ ခပ်ပြုံးပြုံးနှင့် မျက်လွှာချကာနေလိုက်သည်။

ကြာလျှင် ဆရာအခြေအနေ သိသွားပေလိမ့်မည်။ ပြီးတော့ သုံးလေးရက် ကျောင်းတက်ပြီးလျှင် သည်ဘာသာရပ်အတွက် ဆုတို့ စာမေးပွဲဖြေဆိုကြရပြီး နောက်တစ်ဘာသာ သင်ကြားရေးအတွက် နောက်တစ်ဌာန ပြောင်းရမည်။ ထိုအခါ ဆရာနှင့် ရင်ဆိုင်ဖို့ မလိုတော့။

သည်တော့ ဆရာကို ဆု ဘာမှ ရှင်းပြနေစရာမလိုချေတကား။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

သည်အချိန်ကာလအတွင်း ဆု၏ဘဝထဲ ဝင်ရောက်ဖို့ ကြိုးစားသူတစ်ဦး ပေါ်ပေါက်လာခဲ့သည်။ သူကား စိုးသော်။

အဘွား ကွယ်လွန်ပြီးနောက် ဆု ကျောင်းပြန်ရောက်စ တစ်ရက်က ဖြစ်လေသည်။

ဆု မြောက်ဥက္ကလာပဆေးရုံမှ ပြန်အလာ ပါလာထဲတွင် ညှိသည်စောင့်နေသည်ဆိုသဖြင့် ပုံသဏ္ဌာန်မေးကြည့်ရာ ဆု မသိသော လူငယ်တစ်ဦးဖြစ်နေသည်။ တွေ့တော့လည်း ရုတ်တရက် ဆု မမှတ်မိ။ ဆံပင်ရှည်နှင့် ယောင်းနွမ်းသော ဂျင်းဘောင်းဘီနှင့် မသေမသပ်နိုင်လှသော်လည်း နုနယ်သော မျက်နှာမှာ မွန်ရည်သော အသွင်ဆောင်နေသည့် သူငယ်သည် အကျွမ်းတဝင် ရင်းနှီးဖူးသူတစ်ယောက်နှင့် တူလှသည်ဟု ဆု သတိပြုမိသည်။

'မမဆု ကျွန်တော် စိုးသော်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆိုမှ အုံ့သြဒေါသထွက်ကာ စကားမပြန်နိုင်။

'မမရဲ့ အဘွားဆုံးသွားတယ်ဆိုတာ ကျွန်တော် သတင်းစာထဲမှာ တွေ့လိုက်တယ်။ မမ လိုအပ်တာရှိရင် ကျွန်တော် ကူညီချင်ပါတယ်'

ဆုက လှောင်ပြုံးနှင့်-

'တို့ကို ကူညီချင်တယ်လား။ မလိုပါဘူးကွာ။ တို့ဘဝ တို့ဘာသာ ဖန်တီးလာခဲ့တာ မင်း မမွေးခင်ကတည်းက ပါ။ ခုမှတော့ ဆရာဝန်ဖြစ်ဖို့ လက်တစ်ကမ်းပဲ လိုတော့တာ' ဟု ခပ်ရိုင်းရိုင်း ပြောပစ်လိုက်၏။

'အလျင်က မမမှာ အဘွားရှိခဲ့တယ်လေ။ ခုတော့ မမတစ်ယောက်တည်း ဖြစ်နေပြီမဟုတ်လား။ မမ အဖော်လိုချင်လိုမယ်လို့ ကျွန်တော် တွေးမိတယ်။ သွေးဆိုတာ ဖြတ်လို့ မပြတ်ပါဘူး မမရယ်။ မမဟာ ကျွန်တော့်အစ်မဆိုတဲ့ အသိဟာ ကျွန်တော်ငယ်ငယ်ကလေးတည်းက အမြစ်တွယ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ကျွန်တော်ငယ်သေးတယ်လေ။ ခုတော့ ကျွန်တော်ဟာ မမရဲ့မောင်အဖြစ် အဖော်လည်းဖြစ်နိုင်ပြီ။ မမလိုမယ့် အကူအညီလည်း ကျွန်တော်ပေးနိုင်ပြီလို့ ယူဆပြီး အချိန်လည်းတန်ပြီလေ။ ဒါကြောင့် မမ မုန်းမုန်းသိလျက်နဲ့ ကျွန်တော်လာခဲ့တာပဲ'

သူတို့မိသားစုသည် မိမိရသင့်ရထိုက်သော စည်းစိမ်ဥစ္စာများကို အပိုင်စီး ခံစားလျက် မိမိအား သိမ်ငယ်အောင်လည်း ဖန်တီးခဲ့ကြပါသလားဟု မုန်းတီးခါးသီးလျက်



ကပင် စိုးသော် မျက်နှာကျပုံသည် မေမေငယ်ငယ်က ဓာတ်ပုံနှင့် ဆင်သလိုရှိသည်ကို သတိထားမိ၏။

'တို့ ဆရာဝန်ဖြစ်တဲ့အထိ တို့ဘာသာ ရပ်တည်နိုင်တယ် စိုးသော်။ ဆရာဝန်ဖြစ်ပြီးရင်တော့ ဘာလိုဦးမှာလဲ'

'မမ အောင်ပြီးတဲ့အခါ ကျွန်တော့်ကို အသိအမှတ်မပြုချင်ဘူးဆိုရင်လည်း ကျွန်တော် မဆက်သွယ်ပါဘူး မမ။ ခုနေခါတော့ မမရဲ့ကျောင်းစရိတ် အခက်အခဲရှိမယ်ထင်လို့'

'တို့ ဆရာဝန်ဖြစ်တာ မင်းတို့ကျေးဇူး မကင်းဘူးလို့ ဂုဏ်ဖော်ချင်သေးလို့လား စိုးသော်'

'မမ ကျွန်တော့်ကို အထင်လွဲနေပြီ။ မမတို့သားအမိအပေါ်မှာ ဖေဖေ မတရား မမျှတခဲ့တာ ကျွန်တော် နားလည်ပါတယ်ဗျာ။ မမ ရသင့်တဲ့ပစ္စည်းတွေကို မမပြန်ရဖို့ ကျွန်တော် ဖေဖေ့ကို အမြဲတိုက်တွန်းတယ်ဆိုတာ မဲမယုံပါ။ နောက်ဆုံး ကျွန်တော်ရတဲ့ ဝေစုကို မမအတွက် လွှဲပေးဖို့ ရည်ရွယ်ထား ဆုံးဖြတ်ထားတာပါ။ သံသရာထိ ကြွေးမသယ်သွားချင်ဘူးဆိုတာ မမယုံစေချင်တယ်'

'ပစ္စည်းဟာ အဓိကမဟုတ်ဘူး စိုးသော်။ လူနှစ်ယောက်ရဲ့စိတ်ကို ချိုးနှိမ်ခဲ့တာ၊ သိမ်ငယ်စေခဲ့တာ၊ အညွန့်တုံးစေခဲ့တာကို တို့ ဘယ်တော့မှ မကျေနပ်ဘူး။ ခုတွေးရင် ခုနာတယ်'

စိုးသော်က သူမကို ကရုဏာမျက်လုံးများနှင့် ကြည့်နေတော့ ဆုက ပို၍ဒေါသထွက်မိသည်။ [illegible]ကို သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး သနားစရာမလိုပါ။

'မမ ကျေနပ်အောင် ကျွန်တော်လုပ်နိုင်ရင် လုပ်ချင်ပါတယ်။ မမ ကျွန်တော့်ကို မောင်အဖြစ် အသိအမှတ်မပြုနိုင်ဘူးဆိုရင်လည်းနေပါ။ အနည်းဆုံး ကျွန်တော်က မမကို အစ်မလို့ပဲ သတ်မှတ်တယ်ဆိုတာ မမ သိထားရင်တော်ပါပြီ'

'တော်ပါပြီ စိုးသော်။ မင်းတို့နဲ့ သွေးစပ်သမျှကိုယ်ထဲကတောင် ဖောက်ထုတ်ပစ်ချင်သေးတာ'

စိုးသော်က ခေါင်းတညိတ်ညိတ် ပြုံးသည်။ ဆုသည် သူ့ရှေ့တွင် အတော်ပင် ကသိကအောက် ဖြစ်ရလေ၏။

သူ့ ဂျင်းဂျာကင်အိတ်ကပ်ထဲမှ စက္ကူအိတ်တစ်ခုကို ထုတ်ကာ စားပွဲပေါ်တင်သည်။

'ဖေဖေတို့ငွေကို မမ လက်မခံဘူးဆိုတာ ကျွန်တော် သိတာပေါ့။ ဒါ ကျွန်တော် ပွဲခရတာ။ ကျွန်တော့်လုပ်စာ'

ပထမဆုံးအကြိမ် ဆု သူ့ကို စိတ်ဝင်တစားဖြစ်လျက်-

'ဦးမောင်မောင်သော်ရဲ့သားက ပွဲစားလား'ဟု ခပ်လှောင်လှောင် မေးမိ၏။

'ကျွန်တော် ကျောင်းလည်းနေပါတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ ဝင့်ဝင့်က မမလို ဉာဏ်မကောင်းကြဘူး။ ဝင့်ဝင့်က ဆယ်တန်းနှစ်ခါကျ၊ ကျွန်တော်ကတော့ ရှစ်တန်းမှာသုံးနှစ်လေ။ စာတွေကလည်း ပျင်းစရာကောင်းနေပြီ။ဒီတော့ သူငယ်ချင်းတွေနဲ့စုပြီး ကားပွဲစားလုပ်ကြတယ်'



စိုးသော်က ခေတ္တစဉ်းစားပြီးမှ-

'ဝင့်ဝင့်နဲ့ ကျွန်တော်က သဘောထားချင်း သိပ်မတူကြဘူး။ သူဟာ ကျွန်တော်လိုချင်တဲ့အစ်မမျိုး ဖြစ်မလာဘူး'

သက်ပြင်းတစ်ချက်ချကာ-

'မမကိုတော့ ကျွန်တော် တစ်သက်လုံး အထင်ကြီးလာခဲ့ပါတယ်'ဟု ဆို၏။

ဆုကမူ သူ့မေတ္တာကိုရော၊ သူ့ငွေကိုပါ ငြင်းပယ်ခဲ့လေသည်။ သူကား အတော်ပင် စိတ်ရှည်သော သတ္တဝါကလေးဖြစ်လျက် ဆုထံ ထပ်မံလာရောက် တွေ့ဆုံဖို့ ကြိုးစားသေး၏။ သူမှန်းသိလျှင် ဆုက ထွက်မတွေ့။ သည်တော့တစ်ဖန် ဆု ကြိုက်တတ်သော မာလကာသီးများ၊ အချဉ်ထုပ်များကို ဂိတ်ဝမှာ ပေးပစ်ခဲ့တတ်သေးသည်။ သူ ဘယ်လိုသိပါလိမ့်။ ကိုဆွေ့ဆီကလား။ ခင်နှင်းဖြူဆီကလား။ မစုံစမ်းဘဲ မသိကျိုးကျွန် ပြုရသည့်တိုင် ဆုစိတ်ကို စိုးသော်လှုပ်ရှားစေခဲ့သည်မှာ အမှန်ပါပဲ။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

နောက်ဆုံးနှစ်စာမေးပွဲကို ဆုမြတ်လှိုင်တစ်ယောက် အစဉ်အလာမပျက် ဂုဏ်ထူးနှစ်ခုနှင့် ထူးချွန်စွာ အောင်မြင်ခဲ့လေ၏။ အောင်စာရင်းကို ထုံးစံအတိုင်း လာစောင့်လျက်၊ ပြုံးလျက်၊ ရယ်လျက် နေနိုင်ရက်သော ဆုကို နန်း၊ ခင်နှင်းဖြူ၊ စောဒီလုံးနှင့် မင်းမော်တို့က တအံ့တသြ ငေးမောရလေသည်။

မမျိုသိပ်နိုင်သော ဖရက်ဒီကတော့-

'ဖိုးခွေအတွက် နည်းနည်းမှ စိတ်မထိခိုက်ဘူးလား ဆု'ဟု ဖွင့်မေးလေ၏။

'တို့ ဘာတတ်နိုင်မှာလဲ'

တကယ်ပဲ ဥပေက္ခာပြုနိုင်လေဟန် ခပ်တင်းတင်းဖြေလိုက်သေးသည်။

ဘွဲ့ရထိုက်ပြီဟူသော စာတန်းကလေး ဘေးမှပါသူတို့ မော်နိုင်၊ ပြုံးနိုင်သလောက် ကျရှုံးသူတို့လည်း ရှိတတ်

www.burmeseclassic.com

www.burmeseclassic.com



နံ့ရုံလက်သီးနှင့် ထိုးသူထိုး၊ ချုံးချင်သူငို၊ အချို့လည်း နောက်ဆက်တွဲမှ ထပ်ဖြေမည်ဟု အေးဆေးသက်သာ ရှိလေ၏။

ကိုဘိုကြည်လည်း ဤလူအုပ်တွင် မပါဝင်ပေ။ မည်သူကမှ မပြောသော်လည်း ဆုနှင့် ရင်မဆိုင်လိုကြောင်း ဆုက သိနေလေ၏။

အဘွားရက်လည်ပြီး ဆယ်ရက်ကျော်ကြာမှ ဆု ပြန်လာခဲ့သည်။ ထိုအချိန်က ကျော်ဆွေကို ကျောင်းမတက်ဖြစ်။ ဝိုင်းဝန်း၍ ပြောကြစဉ်မှာ ဆုက 'တို့ ဘာတတ်နိုင်မှာလဲ'ဟူ၍သာ ဆိုခဲ့သည်။ အဆုံးအစ ပြတ်သည်ဟု နားကျပ်မှ 'ဆွေ'ဟူသော တိပ်ပြားကလေးကိုပင် ခွာပစ်ခဲ့သည်။ ယင်းတိပ်ကလေး သေတ္တာအောက်မှာ ရှိနေသည်ကိုတော့ ဆုသာ သိနိုင်ချေတော့သည်။

ဆု တကယ်တမ်း တင်းပြီပြတ်ပြီဆိုတော့ အပေါင်းအသင်းများသည် သူတို့နှစ်ယောက်ကြားဝယ် ရွှေလမ်းငွေလမ်း မဖောက်ဖြစ်တော့။ ဆု ကိုယ်နှိုက်ကလည်း ကိုဆွေ့သတင်း သယ်လာသူတိုင်းကို ရှောင်ရှားခဲ့လေ၏။

ဆုသည် တကယ့်ကို အထီးကျန်အဖော်မဲ့ရလေတော့သည်။

စာမေးပွဲကြီး နီးလာချိန်တွင် ဆုနှင့် ကိုဘိုကြည်သည် မလွှဲမရှောင်သာ ရင်ဆိုင်စကားများခဲ့ကြရသည်။

'ဖိုးဆွေ ဒီအချိန်မှ ကျောင်းပြန်မတက်ရင် ဘယ်နည်းနဲ့မှ ကျောင်းခေါ်ချိန် မပြည့်တော့ဘူးဆု။ နင့်ကို ငါ



တစ်ခါတုန်းကလိုပဲ ထပ်ပြီး တောင်းပန်ပါရစေဦး ဆုရာ။ စာမေးပွဲဖြေဖြစ်အောင် နင် ကူညီပါ။ တို့များဟာ အချစ်ဆုံး သူငယ်ချင်းတွေပါကွာ'

'သူတို့ဟာ အဘက်ဘက်က ပြည့်စုံတဲ့သူတွေ၊ အရာရာကို တတ်နိုင်တဲ့သူတွေ မဟုတ်လား အစ်ကိုကြီး။ တို့က ကူညီရမယ်ဆိုတာ ရယ်စရာပါ။ ယုံတမ်းတွေ လာမပြောစမ်းပါနဲ့အစ်ကိုကြီးရာ'

'နင် ငါ့ကို မလှောင်နဲ့ဆု။ ဖိုးဆွေ စာမေးပွဲဖြေဖြစ်အောင် နင်ပဲ တတ်နိုင်တယ်ဆိုတာ နင်သိတယ်'

'အစ်ကိုကြီးရာ၊ ရှည်းစားပျက်တယ်ဆိုတာ ဆန်းသလား။ အထူးသဖြင့် တက္ကသိုလ်မြေမှာ ဆန်းသလား။ ထမင်းစား ရေသောက် ဖြစ်နေပျက်နေတဲ့ ကိစ္စကို အစ်ကိုကြီးတို့ကျမှပဲ ဗာရာဏသီချဲ့နေကြတယ်။ သူမဖြေချင်လို့ မဖြေတဲ့ကိစ္စမှာ တို့ အနေသာကြီးပါ'

'နင် လက်လွှတ်စပယ် မပြောချင်နဲ့ဆု။ ဖိုးဆွေဟာ နဂိုကတည်းက အေးအေးချမ်းချမ်း နေတတ်တဲ့လူစား။ လေးလေးနက်နက် စဉ်းစားတဲ့လူစား။ ခုလို နင်ကလည်း စွန့်ပစ်၊ လူကြားထဲလည်း အရှက်ကွဲ'

'အဲဒါ တို့အပြစ်လား'

'သူ့အမေတွေ လုပ်ပုံကိုင်ပုံမဟုတ်လို့ ငါလည်း နင့်ဘက်က နာခဲ့ပါတယ်ဆို။ ဒါပေမယ့် နင် လုပ်ပုံကလည်း မဟုတ်ဘူး။ သူ့မိဘ အလုပ်မဟုတ်တာနဲ့ သူခံစားရမယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာကတော့'

'တို့ကတော့ အရှက်မကွဲခဲ့ဘူးလို့ အစ်ကိုကြီးက ဆိုချင်တယ်ပေါ့။ ပြီးခဲ့တာတွေကို တို့အားလုံး မေ့ပစ်လိုက်ပြီ အစ်ကိုကြီး။ တို့မှာ ဆွေးနေ ငေးနေဖို့ အချိန်အပိုမရှိဘူး။ သူတို့လည်း သူတို့ခင်းတဲ့ဇာတ်ကို နိုင်အောင် ကပါစေလား။ တို့လည်း တို့လမ်းတို့လျှောက်ရဦးမယ်'

ဆုရင်ထဲက အလွမ်းတွေ၊ ကြေကွဲမှုတွေ၊ အရှက်နှင့် မာနအတွက် အသည်းနှလုံးကို စတေးလိုက်မိတာတွေ အမှန်အတိုင်း ရှင်းပြခဲ့လျှင် အစ်ကိုကြီးသည် ဆုကို နာကြည်းမည်မထင်။ သို့တစေ အစ်ကိုကြီးမှတစ်ဆင့် သူ့အသိုင်းအဝိုင်း ကြားသိမှာကို ဆု မလိုလားပေ။ ဆု ဝမ်းနည်းရသည်။ ဆု ခံစားရသည်ဆိုလျှင် ဆုရှုံးနိမ့်တော့မည်။ ဆု မခံစားရဘူးဟု ထားလိုက်ပါစို့။ ကိုဆွေ့အတွက် ဝမ်းမနည်းဘူးဟု သူတို့ ထင်နေကြပါစေ။

ယခုမူ အစ်ကိုကြီးသည်-

'နှင့်လို အကြင်နာမဲ့တဲ့ သူငယ်ချင်းမျိုးကို ငါခင်မိတယ်ဆိုတာ ငါ့ကိုယ်ငါ အံ့သြလွန်းလို့။ အေး··· နှင့်အတွက် စိတ်ဒုက္ခရောက်ရတဲ့ လူတစ်ယောက်ကို မငဲ့မကွက်ရက်စက်နိုင်သလို နှင့်အလှည့်မကြုံပါစေနဲ့လို့ ငါဆုတောင်းနေမယ် ဆု'ဟု နှင့်အလှည့်ကြုံပါစေဟူသော အဓိပ္ပာယ်ပေါက်သောစကားကို ဆိုလေ၏။

'ငါလေ··· ဟိုတုန်းကတော့ နှင် ဖိုးဆွေကို ချစ်



တယ်ရယ်လို့ ယုံခဲ့ဖူးတယ်။ ခုမှသိတယ်။ နှင့်အချစ်က အဆိပ်ဆူးတွေချည်းပဲ ဆု'

ဆု ရယ်မောမိစဉ် အစ်ကိုကြီး ချာခနဲ လှည့်ထွက်သွားခဲ့သည်။ အစ်ကိုကြီးထင်သလို လှောင်ရယ်ခြင်း မဟုတ်ဘဲ သူ့စကားကို သဘောကျလွန်း၍ မှန်လွန်း၍ ရယ်မိပါကြောင်း ဆု မရှင်းပြခဲ့။

'ဟုတ်တယ် ကိုဆွေ၊ အသည်းမှာ အဦးဆုံးပွင့်တဲ့ ပန်းကို ပန်ဆင်ပါစေလို့ ဆက်သခဲ့တာပါပဲ။ ဒါပေမယ့် တို့ရဲ့ အသည်းပန်းမှာ ဆူးတွေပါခဲ့တယ်။ မရည်ရွယ်ပေမယ့် အဆိပ်ဆူးတွေက အချစ်ဆုံးကိုမှ စူးနစ်ခဲ့ပြီ။ မကြည့်ရက် မမြင်ရက်ပေမယ့်လည်း လွန်ခဲ့ပြီကိုဆွေရေ။ တို့ မဖြေရှင်းတော့ပါဘူး။ အဆိပ်ဆူးရံခတဲ့ အသည်းပန်းမှ ပွင့်ရတဲ့ တို့ဘဝကိုက ဒီလိုပဲ ဖန်တီးခဲ့ပြီကိုး။ ဆူးဆိပ်တွေ အမြန်ဆုံး ပြေပါစေတော့ ကိုဆွေရယ်'ဟု ရင်ထဲမှာ ကျိတ်၍ ရှိုက်ရတော့သည်။

နောက်ဆုံးနှစ် အပိုင်း(ခ)စာမေးပွဲကို သူ လာမဖြေခဲ့ပါ။ သူ့မိဘများက ဆေးခွင့်တင်လိုက်ကြောင်းဖြင့် တစ်ဆင့်စကား တစ်ဆင့်နား ကြားသိရလေသည်။ ဆုရှိရာ နယ်မြေကို သူ ခြေမချလိုပြီ ထင်ရဲ့။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

အလုပ်သင် ဆရာဝန်အဖြစ် နေစရာအဆောင်ရရှိသောကြောင့် တစ်နှစ်တာ ဆုနေထိုင်ရေး အဆင်ပြေခဲ့ရပြန်သည်။ ဘဝမှာ ပြဿနာ မကြုံမဆုံဖူးသူမို့ ကျော်ဆွေကို အဖို့ အချစ်ဆုံးရှုံးခြင်းသည် အကြီးအကျယ်ဆုံးပြဿနာ ဖြစ်ခဲ့ရသည်ဟု ဆု ယူဆနိုင်သည်မို့ အနည်ထိုင်လျှင် တည်ငြိမ်အေးဆေးသွားလိမ့်မည်ဟု မျှော်လင့်ခဲ့လေသည်။သို့တစေ ဆုတို့ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေခိုက်မှာလည်း သူ ကျောင်းပြန်မတက်ဘူးဆိုပြန်တော့ ဆု ရင်နာထိခိုက်မိသည်မှာ အမှန်ပါပဲ။ တစ်ပြိုင်နက်မှာပင် ကျော်ဆွေကိုအတွက် သူ့မိဘမောင်နှမများ သောကမွေကာ စိတ်ရောဂါအထူးကုဆရာဝန်ကြီးများနှင့် တိုင်ပင်နေကြရပြီဆိုတော့ "ဘယ့်နှယ်ရှိစ" ဟု အားရကျေနပ်ခြင်းနှင့် ထိုသို့အားရကျေနပ်ခြင်း ဖြစ်ရလေ၍ မိမိကိုယ်မိမိ စက်ဆုပ်ရွံရှာခြင်းသည် တစ်ပြိုင်နက်မှာပင် ဒွန်တွဲလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေစဉ်က စာအုပ်များအလယ်တွင် ဘဝကို မြှုပ်နှံထားခဲ့သည့်နည်းတူ အလုပ်သင် ဆရာဝန်ဘဝတွင် အလုပ်ထဲမှာသာ စုံးစုံးနစ်မြုပ်လျက် ဖျက်ဆီးခဲ့ပြီးသည့် အချစ်ကိုလည်း အသည်းသုသာန်ဝယ် အရှင်လတ်လတ် မြေမြှုပ်ခဲ့ရတော့သည်။

ဆု မရှိလျှင် အမိတဏ္ဍသိုလ်ရင်ခွင်သို့ သူ ပြန်လည် ခိုဝင်လိမ့်မလားဟု တာဝန်ပြီးဆုံးရန် စိတ်စောကာနေလေ၏။ အလုပ်မခန့်မီ အချိန်ပိုင်းအတွင်း မအူပင်အပိုင် ကျွဲတုံးရွာတွင် ဆေးခန်းသွားဖွင့်ဖို့ ဆုက ကြိုတင်စီစဉ်နှင့်သည်။ ဒေါ်ဒေါ်မြက ဆယ်တန်းမအောင်နိုင်သော အသက်ကိုထည့်လိုက်ဖို့ စီစဉ်လေသည်။ ခင်မင်ရင်းနှီးလှသော နန်းကိုပင် ဆုက မအူပင်ပြန်မည်ဟုသာ အသိပေးလေတော့ နန်းကိုယ်တိုင်ပင်လျှင် ဆုနှင့် ကိုဝင်းလတ် လက်ထပ်တော့မည်ဟု ယုံကြည်ခဲ့လေ၏။

ဆုကို အစဉ်အမြဲ စိတ်အနှောင့်အယှက်ပေးခဲ့သူတစ်ယောက်ကတော့ ခင်နှင်းဖြူ။ စိတ်ပျက်စရာကောင်းလောက်အောင် ဖန်တီးလာခဲ့ပုံမှာ အလုပ်သင်ဆရာဝန် သက်တမ်းတစ်လျှောက် ဆုသည် ခင်နှင်းဖြူနှင့်တွဲ၍သာ တာဝန်ကျခဲ့လေ၏။ ရင်မဆိုင်ဘဲ ရှောင်ထွက်လျှင် အရှုံးပေးရာကျမှာစိုးသဖြင့် ဆုသည် အဆောင်လွှဲပြောင်းခွင့်ရအောင် မကြိုးစားခဲ့။ ခင်နှင်းဖြူကကော အဘယ်ကြောင့် တခြားစီဖြစ်အောင် မကြိုးစားပါလိမ့်ဟု ဆု ကျိတ်၍ မကျေမချမ်းဖြစ်ရ



လေသည်။ တစ်နှစ်အတူ အလုပ်လုပ်ကြရာတွင် အပြေလည်ဆုံး ဆက်ဆံသည့် ခင်နှင်းဖြူ၏ သဘောထားကို ဆု ခန့်မှန်း၍မရ။ ဆုနှင့် သူမအကြားတွင် ဘာမှ အပိုင်းအခြား မရှိဖူးလေသည့်နှယ်။ တစ်ခုတော့ ရှိသည်။ ခင်နှင်းဖြူသည် ကျော်ဆွေကိုတို့ မိသားစုအကြောင်းသော်လည်းကောင်း၊ ဝင့်ဝင့်သော်တို့ မိသားစုအကြောင်းသော်လည်းကောင်း တစ်ခွန်း တစ်ပါဒမျှ မဟာခဲ့။ သည်တော့လည်း သက်တောင့်သက်သာ အနေအထားမှာရှိစေရန် ခင်နှင်းဖြူ တမင်တကာ ဖန်တီးထား ခဲ့တာပဲဟု စွပ်စွဲချင်လေ၏။

အလုပ်သင် ဆရာဝန်သက်တမ်း တစ်နှစ်ကုန်ဆုံးပြီးမို့ ဆရာများကို နှုတ်ဆက်ကန်တော့ကြသောနေ့။

'မအူပင် ပြန်မှာပေါ့နော်'ဟု ခင်နှင်းဖြူမေးတော့ ဆုက ပြီးစလွယ် ခေါင်းညိတ်သည်။ မအူပင် မဝင်တော့ဘဲ ကျွဲတုံးသို့ အိမ်မဲသဘော်နှင့် တန်းသွားမှာတွေ။ အဖော်လိုက်မည့်အသက် ခိုးရာလိုက်ပြေးကာ အိမ်ထောင်ကျသွားတာတွေ ပြောစရာမလိုခဲ့။

'ဆုတို့ ဘယ်တော့ လက်ထပ်ကြမလဲ'

အနိုင်ယူသော မေးခွန်းဟု ယူဆလျက်-

'ရက် မသတ်မှတ်ရသေးပါဘူး'ဟု ခွန်းတင်မခံတမ်း ပြန်ဖြေဖြစ်သည်။ ကိုလတ်ကို လက်ထပ်ဖို့ လုံးဝ မစဉ်းစားခဲ့ဘူးကြောင်း ဝန်ခံစရာ မလိုခဲ့။

'ဆုကိုလေ သူငယ်ချင်းတစ်ယောက်အနေနဲ့ ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ချင်တာတွေရှိတယ်။ ဘယ်လိုမှ မထင်ပါနဲ့ကွယ်။ ဆုရဲ့သူငယ်ချင်း ပြီးတော့ ကျော်ဆွေကို သူငယ်ချင်းအနေနဲ့ပါ။ အိုင်လည်း ခုနစ်နှစ်အတူ စာသင်လာကြတဲ့ သူငယ်ချင်းတွေထဲမှာ အပါအဝင်မဟုတ်လား'

'ဘာပြောစရာ ရှိဦးမှာမို့လဲ ခင်နှင်းဖြူ'

'ရှိပြီကောဆု။ အိုင်ဟာ ယူ့နဲ့ကိုဆွေ့ကြားမှာ လူဆိုးဖြစ်မှန်းမသိ ဖြစ်ခဲ့ရတယ်။ အဲဒီအတွက် အိုင် လုံးဝ စိတ်မချမ်းသာခဲ့ဘူး။ ယူ့ကို အိုင်တောင်းပန်ချင်တယ် ဆုရယ်'

'မဆိုင်တာဘဲ ခင်နှင်းဖြူရယ်'

'အိုင်က ဆိုင်တယ်လို့ ခံစားရတယ်။ အနည်းဆုံး အိုင့်ဘက်က ဆိုင်ခဲ့မိပေတာကိုး။ ပြီးတော့ ကိုဆွေ့ဘဝ ခုလို လေလွင့်တာလည်း အိုင် စိတ်မချမ်းသာခဲ့ဘူး ဆု'

'ဒါတွေဟာ တို့နဲ့မဆိုင်တော့ဘူး ခင်နှင်းဖြူ။ သူ့မိသားစု စိတ်တိုင်းကျပါပဲ'

သည်စကားပြောချိန်တွင် ချိုမြိန်ခြင်းက တစ်ဝက်၊ ခါးသက်ခြင်းက တစ်ပိုင်း။

'အိုင်နဲ့သူ မဆုံဖြစ်တော့တာ သူကျောင်းထွက်သွားကတည်းကပါ။ ခုတော့လေ သူ့ဘဝ အဖတ်ဆယ်ဖို့ သူ့အိမ်က အိုင်နဲ့ လက်ထပ်ပေးဖို့ စီစဉ်ကြတယ်'

လက်စသတ်တော့ ခင်နှင်းဖြူ သည်အကြောင်း ပြောချင်တာပါလား။ ဆုက တမင်တကာ ပြုံးပစ်လိုက်လေသည်။



'ကောင်းပါတယ် ခင်နှင်းဖြူ။ ကံကောင်းတာပေါ့'

ခင်နှင်းဖြူက ခေါင်းကိုသွက်သွက်ခါယမ်းလျက်–

'မဟုတ်ဘူးဆု မဟုတ်ဘူး။ တစ်နှစ်ကျော်အတွင်း ပထမအဖြစ် အိုင်နဲ့သူ ပြန်တွေ့ကြတယ်။ သူ အိုင့်ကို လာတွေ့တယ်။ အိုင်ကို လာတောင်းပန်တယ်လေ။ အိုင် ငြင်းဖို့'

သည်တစ်ကြိမ်တော့ ဆု အငိုက်မိကာ ဟန်တွေ အမူအရာတွေနှင့် ဟန်ဆောင်ရန် မေ့လျော့နေ၏။

'မအူပင်မှာ ဖြစ်ရတဲ့ကိစ္စအတွက် သူဟာ ဆုကိုလည်း စိတ်နာတယ်။ သူ့အမေကိုလည်း စိတ်နာတယ်။ ဒါပေမယ့် အဓိက ခံစားရတာကတော့ သူဟာ ဆု စိတ်အဆင်းရဲဆုံးအချိန်မှာတောင်မှ ဆုအပါးမှာ မားမားမတ်မတ် မရပ်တည်နိုင်ခဲ့တဲ့သူ၊ ယောကျ်ားမပီသတဲ့သူရယ်လို့ သူ့ကိုယ်သူ အပြစ်တင်တာရယ်၊ ပြီးတော့လည်း အကြောင်းကြောင်းတွေကြောင့်ပဲ သူ အရှက်ကြီးရှက်ခဲ့တာရယ်၊ ပတ်ဝန်းကျင်ကို သူ ရင်မဆိုင်ချင်တော့ဘူးတဲ့ ဆုရယ်။ ဆူးရှူးတဲ့ဒဏ်ရာဆိုတာ သာမန်အားဖြင့် မဖြစ်လောက်တဲ့ ဒဏ်ရာလေး မဟုတ်လား။ ဒါပေမယ့် တချို့မှာတော့ ပိုးဝင်ပြီး အနာရင်းရသလို၊ တချို့ကျ သွေးဆိပ်တက်ပြီး အသက်တောင် ဆုံးရသေးတယ်။ တချို့လည်း မေးခိုင်ပိုးဝင်လို့။ ကိုဆွေ့ပြောစကားတွေကို အိုင် နားလည်သလို ပြန်ပြောတာပါ ဆု'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတွေဟာ တို့နဲ့ ဘာများ သက်ဆိုင်နေသေးလို့လဲ ခင်နှင်းဖြူ'

'သူ့အမေဟာ သူ့အတွက် စိတ်ထိခိုက်နေရှာတယ်။ သွေးတိုးနဲ့ နှလုံးရောဂါအခံလည်းရှိတယ်ဆု။ သူဟာ သူ့အမေကို စိတ်နာတဲ့ကြားကပဲ သူ့အမေ စိတ်ဆင်းရဲနေတာကို မကြည့်ရက်ပြန်ဘူး။ သူ့အမေ အလိုကျ ကျောင်းပြန်တက်ဖို့ကလည်း ဒီပတ်ဝန်းကျင်ကို ရင်မဆိုင်ချင်။ အိုင့်ကို မယူချင်တာကိုလည်း သူ့အမေဆန္ဒနဲ့ဆန့်ကျင်ပြီး မငြင်းချင်ဘူးတဲ့။ သူကတော့ အိုင် နားခံသာအောင် ပြောတာပေါ့လေ။ သူ့ကို ရှင်းပြလိုက်ပါတယ်။ အိုင်လည်းပဲ တခြားတစ်ယောက်ကိုပဲ တမ်းတနေမယ့်သူကို လက်မထပ်ရဲပါဘူးလို့။ အိုင်လည်း အသက်မငယ်တော့ဘူး မဟုတ်လား။ စဉ်းစားတတ်နေပါပြီ။ ဒီအထိ မစွန့်လွှတ်ရဲတာ အမှန်ပါပဲ။ အိုင်ငြင်းလိုက်ပါတယ် ဆု'

'ဒီတော့'

'လက်ထပ်တော့မယ့်ဆုကို သူ့အတွက် အယူခံဝင်နေလည်း အပိုပဲဆိုတာ အိုင် နားလည်ပါတယ်။ ဒါပေမယ့် သူဟာ တုံ့ပြန်စိတ်ကျရောဂါဖြစ်နေတယ် မဟုတ်လား။ သူ မခံမရပ်နိုင်ခဲ့တဲ့ အကြောင်းတရားကြောင့် ဖြစ်ရလေတော့ ဆုကသာ ဖေးဖေးမမ ဖျောင်းဖျလိုက်ရင် စိတ်ဒဏ်ရာ သက်သာနိုင်လိမ့်မယ်လို့ အိုင် ထင်မိတယ်။ ဒီပတ်ဝန်းကျင်မှာ မနေချင်ရင်လည်း တခြားတစ်နေရာမှာ သူ့ဘဝပြန်ပြီး နာလန်ထူလာနိုင်ပါသေးတယ်။ ဆေး(၁)ဖြစ်စေ၊ မန္တလေးဖြစ်စေပေါ့'



'တို့ စဉ်းစားမယ်လေ။ ကတိတော့မပေးချင်ဘူး။ ပြီးတော့လည်း ကိုဆွေ့ကိစ္စဟာ သူ့မိသားစု ဖန်တီးခဲ့တာပဲ။ သူတို့ဘာသာ ဆုံးအောင် တာဝန်ယူရမှာပဲ မဟုတ်လား။ တို့ဘက်က လက်ဆေးကြောပစ်ခဲ့တာ ကြာပါပြီ'

'ဆု စဉ်းစားမယ်ဆိုရင်ပဲ အိုင် ဝမ်းသာလှပါပြီကွယ်'

ထိုခဏ၌ ခါတိုင်းထက် အဆများစွာ ပို၍ ခင်နှင်းဖြူအပေါ် ဆု မုန်းတီးလိုက်မိ၏။ ခင်နှင်းဖြူသည်လှသည်။ ခင်နှင်းဖြူကို ဆု ချစ်သူ၏ အသိုက်အဝန်းက တန်ဖိုးထားလိုလားကြသည်။ ထို့ကြောင့် ဆုထက် အသာစီးရသည်။ ဆု မုန်းသည်။ ခင်နှင်းဖြူက ဆုကို ရှုံးနိမ့်သည်မှာ တစ်ခုသာ။ ကိုဆွေသည် ခင်နှင်းဖြူကို မချစ်။ သို့စင်လျက် ခင်နှင်းဖြူသည် ဤဇာတ်လမ်းမှာ ဘယ့်အတွက် ဆုကို အနိုင်အထက်ပိုင်းလိုသော ချစ်လှူဆိုးဖြစ်မလာခဲ့ပါသနည်း။

ဆုသည် ဤတစ်ကြိမ်လည်း ခင်နှင်းဖြူကို ရှုံးရပြန်ချေပြီ။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

### ဒေါက်တာဆုမြတ်လှိုင်
### အမ် ဘီ ဘီ အက်စ်(ရန်ကုန်)

ကျွဲတုံးတွင် ငှားရမ်းနေထိုင်သော နေအိမ်တံခါးဝ၌ ချိတ်ဆွဲထားသော ဤဆိုင်းဘုတ်ကလေးကို မြင်တွေ့တိုင်း ဆုမြတ်လှိုင် အားသစ်မာန်သစ် တိုးတက်ရလေသည်။ ကြိုးစားခြင်း၏ အောင်မြင်ခြင်းမှတ်တိုင်။

ဆေးပညာတွင် စိတ်ကို လုံးဝဥဿုံ မြှုပ်နှံထားခဲ့လေ၍ ဆေးကုသရာ၌ အကျိုးထူးအောင်မြင်လှသည်။ 'ဒေါက်တာဆု'ရယ်လို့ ကျွဲတုံးရွာတစ်ပိုင်လုံး နာမည်ကြီးလျက်။ ပညာသာ အဓိက၊ အသပြာသည် သာမညဟု သဘောပိုက်ခဲ့လျက်က နေ့မအား ညမအား ဆေးကုရလွန်းတော့လည်း ငွေရေးကြေးရေးသည် ဆုအတွက် ပြဿနာမဟုတ်တော့ပြီ။ အဘွားအတွက် ရည်စူး၍ အလှူပေး အမြဲဝေနိုင်ရုံမျှမက အလုပ်ရလျှင် အမြန်နိုင်ဆုံး ဘွဲ့လွန်တက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ရင်း ရှိသည်နှင့်အညီ အပြင်ဆေးခန်း မထိုင်နိုင်ချိန်တွင် သုံးစွဲရန် ပိုပိုလျှံလျှံ စုဆောင်းထားနိုင်လေပြီ။ အဘွားတစ်လလုံး တကုန်းကုန်း စက်ချုပ်ကာ ရှာရသော ဝင်ငွေမျှကို တစ်ခါတစ်ရံ တစ်နေ့တည်း ရရှိလေတော့ အဘွားကို ဆရာ၏လုပ်စာနှင့် တစ်ရက်မျှပင် မကျွေးလိုက်၊ မပြုစုလိုက်ရပလေဟု တမ်းတမိတတ်သည်။ ဆုအဖို့ ဖြေမပြေသည်က တစ်ကိုယ်တည်း အထီးကျန်ရခြင်းထက် အဘွားကို ပြည့်စုံသောဘဝမှာ မထားလိုက်ရခြင်းပင်ဖြစ်လေ၏။ ခုတော့ အဘွားဆွဲကြိုးကလေးကိုရွေးကာ ဘုရားမှာ ဌာပနာနိုင်ခဲ့ပြီ။ အဘွားကျေနပ်မည်ထင်ပါ၏။

ဆု၏ အိမ်ရှင် အဘိုးကြီး၊ အဘွားကြီးလင်မယားသည်-

'ဟဲ့… သမီးရဲ့။ တောသူတောင်သားဆိုတာ ရင်းရင်းနှီးနှီး ဝင်ထွက်လည်ပတ်မှ ကြိုက်တာ၊ သီးခြားနေရင် မာနကြီးတယ် ထင်မှာပေါ့'ဟု ပြောသော်လည်း ဆုက-

'ဆု တစ်ယောက်တည်း နေတတ်တာ အကျင့်ပါနေလို့ပါ အမေ။ ဆေးကုဖို့ကတော့ ဘယ်အချိန်ဘယ်အခါပဲဖြစ်ဖြစ် လိုက်ပါ့မယ်'ဟု သီးသန့်နေမြဲ။ ဆု၏ အဖော်သည် မပြောင်းမလဲ ဆေးစာအုပ်များသာ ဖြစ်နေဆဲ။ ပြီးတော့လည်း ဗေလီယံနှင့် ဂျဲလ်မက်များသည် ဆုကို ခင်တွယ်နေဆဲ။

ရပ်ရွာကတော့ အပျိုအရွယ်ကလေး ဆွေမပါ မျိုးမပါတစ်ယောက်တည်း နေရတော့လည်း ဣန္ဒြေသံပတ်



တင်းထားရပေမှာပေါ့ဟု ကျေနပ်ခွင့်လွှတ်မြဲ။

ဒေါ်ဒေါ်မြတစ်လှည့်၊ ဒေါ်လေးမိုတို့သားအမိတစ်လှည့် ဆုထံ တစ်ခါတစ်ရံ လာရောက်လည်ပတ်သလို လူကြုံရှိတိုင်း ဆုက စားမကုန် ပေးမကုန်သော ငှက်ပျောသီး၊ ကြက်ဥ၊ ဆန်၊ ဆီများကို မအူပင်သို့ တင်ပို့ရတတ်သည်။

'ဒေါက်တာဆု သတင်းကတော့ တယ်မွှေးနေတာပဲကွာ'ဟု ကိုလတ်က ကျေနပ်စွာ ချီးမွမ်းတတ်သည်။

'ဒေါ်နုနုတင်တစ်ယောက်တော့ စီအေအီဆောဖဂတ်စ်နဲ့ ဆုံးသွားပြီ ဆု'ဟူသော အစာမျိုလမ်းကြောင်းကင်ဆာဖြင့် ဦးမောင်မောင်သော်၏ဇနီး ဆုံးပါးကြောင်းသတင်း။

'ဦးမောင်မောင်သော်လည်း တပည့်တွေအရှုပ် သူ့ကိုပိပြီး အလုပ်ထွက်လိုက်ရတယ် ဆု။ မအူပင် ပြန်ရောက်နေတယ်။ ဝင့်ဝင့်သော်ကလည်း ဆယ်တန်းမအောင်နိုင်၊ ဘိန်းဖြူလည်း စွဲနေဆိုပဲ'ဟူသော သတင်း။

ဒေါ်ဒေါ်မြသည် ထိုသတင်းများကို သယ်ဆောင်လာရင်း-

'အင်း… ဆုကအတက် သူတို့က အဆင်း၊ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်ပေပဲ'ဟု မှတ်ချက်ချလေ၏။

တစ်နှစ်နီးပါးကြာခဲ့ချိန်တွင် တစ်နေ့သ၌ ကိုလတ်တစ်ယောက်တည်း ရောက်လာခဲ့လေ၏။

'ဆုကို လာနှုတ်ဆက်တာ။ ကိုလတ် ချင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရမယ် ဆု'

'ဟင်... ချင်းတောင်။ နယ်စပ်လည်း သွားပြီပြီပဲ ကိုလတ်ရယ်။ ကိုလတ် လိုက်မပြောဘူးလား'

'မပြောပါဘူးကွာ။ လူပေါ်ပဲပြောပြော၊ လူမိုက်ပဲပြောပြော ကိုလတ်ကတော့ နေရာကောင်းမှာချည်းလည်း အတည်တကျ မနေချင်ဘူး။ မအူပင်မှာ မာမီ့ဖို့ အတော်အသင့် ရှာပေးနိုင်ပြီးပြီ။ ကိုလတ် ခြေဆန့်ချင်သေးတယ်။ ချင်းတွေကိုလည်း ဆေးကုကြည့်ဦးမယ်လေ'ဟု ကိုလတ်က ရယ်စရာပမာ ပြောနေ၏။

'ဘွဲ့ထပ်ယူဖို့ စိတ်မကူးတော့ဘူးလား ကိုလတ်'

'စာထပ်ကျက်ရမှာ ကိုလတ် ပျင်းသွားပြီ။ ပြီးတော့ ကိုလတ်က တဗုန်းဗုန်း ကျတာဆိုတော့ အမှတ်တွေကလည်း မကောင်းဘူး။ နောက်တစ်ကြောင်းကလည်း ဒီတစ်ဘွဲ့နဲ့ပဲ ကိုလတ် ဆေးကုနိုင်တဲ့ လူနာတွေ အများကြီးရှိတယ်လို့ ယူဆတယ်လေ။ ကိုလတ်ကို ဆုရဲ့ ပေတံနဲ့တော့ မတိုင်းနဲ့ဆု'

ကိုလတ် ရောက်သည်ကြားသဖြင့် ရွာတောင်ဘက်များမှ ကိုလတ်၏ လူနာသားအမိ ငှက်ပျောသီး နှစ်ဖီးနှင့် ရောက်ရှိလာကြသည်။

'သမီး ဘယ်နှစ်တန်းရောက်ပြီလဲကွ။ နေဦး။ ဆရာမှတ်မိပြီ။ မနှစ်က နှစ်တန်းဆိုတော့ ဒီနှစ်သုံးတန်းဟုတ်ရဲ့လား။ သမီး ဗိုက်မအောင့်တော့ဘူးနော်'



ကလေးမကလေးမှာ အသားညိုညို စိုစိုတစ်တစ်နှင့် ချစ်စဖွယ်ပင်တည်း။ အသက်ဆယ့်နှစ်နှစ်အရွယ်မို့ ကောင်းစွာ သူ နားလည်တတ်ပေပြီ။

'အစ်မကြီးကော နေကောင်းတယ်နော်'

'ကောင်းပါတယ် ဆရာရယ်'

'ခင်ပွန်းကော'

'အရက်ပြတ်သွားပါပြီ ဆရာ။ ဆရာ့ကျေးဇူးကြီးလှပါတယ် ဆရာရယ်။ သူလည်း ဝလို့ဖီးလို့။ ကျွန်မလည်း ဆရာ သူ့ကို ခေါ်ဆွေးနွေးပြီးကတည်းက တစ်ခါမှ အရိုက်မခံရတော့ဘူး။ အခု ဝဖီးလာတာကြည့်တော့။ စိတ်ချမ်းသာရတာမှလေ နေ့တိုင်း ဆရာ့ကို မေတ္တာပို့နေတာပါ ဆရာရယ်'

'အေးဗျာ... ခင်ဗျားတို့မိသားစု ချစ်ချစ်ခင်ခင် အဆင်ပြေကြတယ်ဆိုရင်ပဲ ကျွန်တော် ကျေနပ်လှပါပြီ'

သားအမိပြန်သွားတော့ ကိုလတ်က ဆုကို ကလေးမကလေး၏ ရောဂါအကြောင်း ရှင်းပြသည်။ အသက်ဆယ့်တစ်နှစ်အရွယ်ကလေးနှင့် ကလေးမခမျာ အစာအိမ်အနာဖြစ်ကာ ချုံးကျအောင် ဝေဒနာ ခံစားနေရကြောင်း သိရတော့ ဒေါက်တာဝင်းလတ် စိတ်အထာမကျ။ အစာအိမ်ရောဂါသည် စိတ်သောက ဖိစီးမှုများနှင့် များစွာ ဆက်နွယ်ပတ်သက်နေရကား မိခင်ဖြစ်သူအား အိမ်တွင်းရေး အခြေအနေ တီးခေါက်ကြည့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကလေးအဖေက အရက် သိပ်သောက်တယ်။ အရက်သောက်လာရင် ကျွန်မကို ရမည်ရှာပြီး ရိုက်တော့တာပဲ ဆရာရယ်။ ကျွန်မကိုရိုက်ရင် သမီးလေးဟာ အိမ်အောက်မှာ ဝင်ပုန်းပြီး ငိုတော့တာပဲ။ နောက်တော့ ဒီရောဂါ စွဲလာတာပါပဲ' ဟု ကလေးအမေက ဆိုလေ၏။

ကိုဝင်းလတ်က ကလေးအဖေကိုခေါ်၍ ရှင်းပြရသည်။

'ခင်ဗျားသမီးလေးဟာ ခင်ဗျားကြောင့် ဒီရောဂါရတယ်ဆိုတာ ခင်ဗျား သိစေချင်တယ်ဗျာ။ ခင်ဗျား သူ့အမေကို ရိုက်နှက်နေတာ သူ စိတ်မချမ်းသာဘူး။ ကြာရင် အခြေအနေ အဖတ်ဆယ်မရ ဖြစ်သွားနိုင်တယ်။ ခင်ဗျားကလေးကို ခင်ဗျားချစ်ရင် ခင်ဗျားအပြုအမူတွေကို ပြုပြင်လိုက်ပါဗျာ'

ရင်သွေးကိုတော့ မိဘတိုင်းက ချစ်သည်သာ။ ကလေးအဖေသည် ထိုနေ့မှစ၍ ဇနီးကို မရိုက်တော့။ ကြာတော့ အရက်ပါပြတ်သွားလေ၏။

ကိုဝင်းလတ်က သူ့ အတွေ့အကြုံကို ပြောပြကာ-

'မိသားစုတစ်စု သာယာချမ်းမြေ့သွားတိုင်း ဘယ်လို စိတ်ကြည်နူးမိမှန်း မသိဘူးဆုရယ်' ဟု နိဂုံးချုပ်လေ၏။

ဆုသည် အဝေးသို့ ခွဲခွာပြောင်းရွှေ့သွားမည့် ကိုလတ်ကို အောက်မေ့မိမည်ဖြစ်ကြောင်း ကြိုတင်သိရှိရင်း ကိုလတ်နှင့် သူမသည် ဆရာဝန်ချင်းတူပေမယ့် ယုံကြည်



ချက်ချင်း၊ ခံစားချက်ခြင်း မတူကြကြောင်း ရေးရေးမျှသဘောပေါက်သလို ရှိလေ၏။

'ကျော်ဆွေကို ကျောင်းပြန်တက်နေပြီဆု'

'သြော်'

'ဆေး(၂)မှာပါပဲ။ အချိန်က ကုစားခဲ့ပြီ ထင်ပါရဲ့'

'ဟုတ်မှာပေါ့လေ'

'ကိုလတ်နဲ့ တွေ့ခဲ့တယ်'

'ဟုတ်လား'

'ခင်နှင်းဖြူနဲ့ တွေ့ခဲ့တာပါ။ ဆေးဆိုင်မှာ တွေ့ကြတာ'

'သြော်'

'သူတို့ လက်ထပ်ကြတော့မယ်။ ဒီမှာ ဆုဖို့ ဖိတ်စာပေးလိုက်တယ်'

ဆုသည် ကိုလတ် လှမ်းပေးသော ဖိတ်စာကို လှမ်းယူကာ စာအိတ်ထဲမှ ဆွဲထုတ်၍ကြည့်သည်။ ရွှေတာရောင် စာလုံးများသည် မသဲမကွဲဘဲ ဝေဝါးနေ၏။

ခင်မောင်ထိုက် (အမ် ဘီ ဘီ အက်စ်)

နှင့်

ခင်နှင်းဖြူ (အမ် ဘီ ဘီ အက်စ်)

'ကြည့်စမ်း ကိုလတ်ဟာလေ ကံဖန်နောက်တယ်'

ဆုမျက်နှာ ရှက်သွေးဖြန်းသည်ကို ကိုလတ်က နှစ်ထောင်းအားရ တဟားဟား ရယ်မောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုလတ်က ခင်နှင်းဖြူတို့ လက်ထပ်တော့မယ်လို့ ပြောတာပဲလေ။ ဆုဘာသာဆု ထင်ချင်ရာတွေ ထင်နေပြီးတော့'

'တော်ပါ ကိုလတ်ရယ်' ဟု အရှက်မပြေ။

'ဆုပဲ ပြောပြသေးတယ်လေ။ ခင်နှင်းဖြူက ကိုဆွေ့ကို ငြင်းလိုက်တယ်လို့လေ။ ခုဘာလို့ ဆုက ဆက်စပ်စဉ်းစားနေရတာလဲ'

ဆုသည် ကိုလတ်ကို ဘယ်အခါကမှ ဟန်ဆောင်လိမ်ညာ၍ မရခဲ့သည်မို့ ပြန်မငြင်းတော့ပေ။

'မောင်ဘိုနေမြဲ ကျားနေမြဲဆိုပေမယ့် လူတွေကို သူ့နေရာ သူရောက်အောင် ညွှန်ကြားလို့ မရဘူး ဆု။ မောင်ဘိုကလည်း နေချင်ရာနေ ကျားကလည်း ရောက်ချင်ရာရောက်တာပဲ။ ခင်နှင်းဖြူက မေးသေးတယ်။ ကလေးရပြီလားတဲ့'

'ဘယ်သူ့ကိုလဲ'

'ဆုပဲ ကိုလတ်နဲ့ ယူမယ်လို့ လျှောက်ပြောခဲ့ပြီးတော့ ကျော်ဆွေကို ကိုယ်တိုင်က ဆုနဲ့ကိုလတ် လက်ထပ်သွားပြီမှတ်တာ'

အဘွားကို သင်္ဂြိုဟ်သောညက အကြောင်းရင်းကို မဆွေးနွေးတမ်း တစ်ခန်းရပ်ထားခဲ့သည်မှာ ယခု ပထမဆုံးအကြိမ် ပြန်လည် ပြောဖြစ်ကြသည်။

'ကိုလတ် ဘာပြောခဲ့လဲ'



'ဘာပြောရမှာလဲ ဆုရယ်။ လက်မထပ်ရသေးပါဘူးလို့ဘဲ ပြောခဲ့ရတာပေါ့'

အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြလေ၏။

'ဆု ကိုလတ်ကို ခုတုံးလုပ်ခဲ့မိတယ်' ဟု ဆုက ဝမ်းနည်းစွာ ပြောမိသည်။

'ခုတုံးလုပ်မှန်း ကိုလတ်သိပါတယ်။ မာမီကတော့ မျှော်လင့်နေတုန်းပဲ။ အထူးသဖြင့် ရှယ်လီ လက်ထပ်သွားပြီဆိုတော့ မာမီ ပိုပြီးမျှော်လင့်တယ်။ ဒါပေမယ့်ဆုရယ် ဆု ဘယ်သူ့ကို ချစ်တယ်ဆိုတာကိုလည်း ကိုလတ်ပဲ အသိဆုံးပါပဲ'

အသက်သုံးဆယ်အရွယ် လယ်သမားကြီးတစ်ဦး ရောက်လာသဖြင့် စကားစ ပြတ်သွားကြလေတော့သည်။

'ဦးလေး ဘယ်နှယ့်နေသေးသလဲ ကိုကံချွန်'

'ဟာ… အစ်မရယ် ထွက်လိုက်တဲ့ သလိပ်ပုပ်တွေဆိုတာ တွေးခံနဲ့တစ်လုံးပဲ။ ပုပ်လိုက်တာလည်း ဟောင်နေတာပဲ။ တစ်လလုံးလုံး မကျတဲ့အဖျားဟာ အခု ယူပစ်လိုက်သလိုပဲဗျာ။ ဆန်ပြုတ်တိုက်တာ တစ်ပန်းကန်ကုန်တယ်။ အံ့ရော အံ့ရော။ ပြုံးလို့ ရယ်လို့။ အဘကလေ မိန်းကလေးမို့သာ နို့မဟုတ်ရင် သိကြားမင်း ဆရာဝန်ဟန်ဆောင်ပြီး လာကုတယ် စွပ်စွဲမိမှာပဲတဲ့။ စိတ်ဓာတ်လည်း အရမ်းတက်လာတာပဲ။ ဒီတစ်ခါ ငါမသေရင် မသေတော့ဘူးဆိုပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဆုက သဘောကျစွာ ရယ်မောနေသည်။ ဆု၏ လှပသော မျက်လုံးများသည် ဝင့်ဝင့်ကြွားကြွား တောက်ပနေလေ၏။

'ကိုလတ်ကို ကြွားရဦးမယ်။ ဆု ဘယ်လို ဒိုင်ယာဂနိုးဆစ်(ရောဂါအမည်တပ်ခြား)ရခဲ့သလဲဆိုတာ။ အဲဒီ ဦးလေးကြီးက စဖြစ်စက ဖျားတာတစ်ခုပဲ ရောဂါလက္ခဏာရယ်လို့ မည်မည်ရရ ပြစရာရှိတာ။ အိမ်မှာ လေးငါးရက်နေ့ မကျတော့ ဆေးရုံတင်သတဲ့။ ဆေးရုံက အစက တိုက်ဖွိုက်ထင်၊ နောက်တော့အခါ ဓာတ်မှန်ရိုက်တော့ နမိုးနီးယားဆိုပြီး ကုပြန်ရော။ ဆေးပေးလိုက်လို့လား မသိဘူး။ အဖျားက နည်းနည်းချင်းပဲ တက်တော့တယ်တဲ့။ လူကတော့ ပိန်းလာပြီး အစားလည်းမစား ပိန်လိုက်လာတယ်။ ဒါနဲ့ ဆေးရုံဆင်းပြီး အပြင်ဆေးခန်းတွေမှာ ကုပြန်ရောတဲ့။ အဲဒီ တီဘီပြော၊ ကင်ဆာပြောနဲ့ နောက်ဆုံး စိတ်လျှော့ပြီး ရွာပြန်လာတာ။ ဆုကို လာခေါ်တော့ အဖျားတွေ အရမ်းပြန်တက်နေပြီ။ ရင်ဘတ်ခေါက်ကြည့်တော့ ညာဘက် အဆုတ်အောက်ခြေမှာ အသံက 'အ'နေတယ် ကိုလတ်ရဲ့။ နားထောင်ကြည့်တော့လည်း အရည်ရှိမှန်းသိရတယ်။ ဒါနဲ့ ဓာတ်မှန်ပြန်တောင်းကြည့်တော့ အဆုတ်မှာ ပြည်တည်နာ ဖြစ်နေနိုင်တာ ခန့်မှန်းမိတယ်။ ဓာတ်မှန်ရိုက်တဲ့ အချိန်တုန်းကတော့ အနာဖြစ်စကိုး။ အဆုတ်အအေးမိတာလိုလို၊ ကင်ဆာလိုလို မရေရာဘူးပေါ့။ ဆုက ဓာတ်မှန်ပြန်ရိုက်စေချင်တယ်။ ဒါပေ



မယ့်လည်း အခြေအနေက ဆိုးနေပြီ။ ဒါနဲ့ပဲ ဘရော့ရ်စပက်ထရမ် ပဋိဇီဝဆေးပေး၊ လူကိုခြေရင်းပိုင်းမြှင့်၊ ခေါင်းပိုင်းနိမ့်ပြီးအနေအထားပုံစံနဲ့ သလိပ်ထွက်အောင် လုပ်ရတယ်။ နေ့ကတည်းက သလိပ်ပုပ်တွေ ထွက်နေတာ။ ဪ… ရောဂါဇစ်မြစ် သေချာမေးတော့မှ ဆေးရုံမှာနေရင်း ချောင်းဆိုးချင်သလိုလို၊ သလိပ်ပုပ်ချင်သလိုလို ဖြစ်လာတာ သိရတယ်လေ။ ဆုဖြင့်လေ စာတွေ့အတိုင်း လက်တွေ့ တွေ့နေရတော့ ကျေနပ်လိုက်တာ ကိုလတ်ရယ်'

ကိုလတ်သည် သူ၏ တက်ကြွလန်းဆန်းသော အမူအရာကိုကြည့်ကာ ပြုံးရင်း ခေါင်းညိတ်နေမိသည်။ တကယ့်ကို ဆုရယ်လို့ ပြောစရာမလိုအောင် ပီပြင်လှသော ဆုရဲ့ ပုံစံပေပဲဟု တွေးနေမိလေ၏။

'ဆု လိုက်သွားကြည့်ရဦးမယ်။ ကိုလတ် ရွာထဲ လျှောက်လည်ဦးမလား'

'သွားသာသွားပါ။ ကိုလတ် ရေမိုးချိုးပြီးမှ လျှောက်လည်မယ်'

ကိုကံချွန်က ဆေးအိတ်ဆွဲကာ ရှေ့မှသွားခိုက် လောကကြီးအလယ်တွင် တစ်ကိုယ်တည်း အထီးကျန်ရယ်လို့ လုံးဝ အားမငယ်တမ်း ကိုယ့်ကိုယ်ကို ယုံကြည်အားကိုးဟန်တွေ အပြည့်ဖမ်းကာ ဆုက ခပ်မတ်မတ် လိုက်ပါသွားလေ၏။ ဆုကို လိုက်ကြည့်ရင်း ကိုဝင်းလတ်သည် အသွားဒေါ်အေးသင်၏ ရင်ခွင်ဝယ် မျက်စိသူငယ်နှင့် မာနတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ကာ မတင်းတတ်ရှာသေးဘဲ အမေကို တမ်းတရင်း တအိအိငိုကြွေးနေခဲ့သော ခုနှစ်နှစ်သမီးကလေးဆုကို သူ စမြင်ဖူးစက ခံစားရသည့်အတိုင်း သနားကြင်နာ မဆုံးအောင် ခံစားရပြန်ချေသည်တကား။

*

## အခန်း(၂၉)

စိန်ပန်းမြေသို့ တစ်ကျော့တစ်ဖန် ပြန်လည်ခြေချပြန်လေပြီ။ စိန်ပန်းတို့သည် မပြောင်းမလဲ ဝေဆာဆဲ။ နှစ်နှစ်တာ ခွဲခွာသွားသော ချစ်သမီးဆုမြတ်လှိုင်ကို အမိကျောင်းတော်သည် ယခင်က နွေးထွေးခြင်းများဖြင့် ဆီး၍ ကြိုလေ၏။ သည်ကျောင်းတော်နှင့် ရေစက်ဆုံစည်းလေတော့ မြောက်ဥက္ကလာပ ဆေးပညာသင်ကြားရေး ဆေးရုံမှာသာ တာဝန်ကျရပြန်ပြီကော။

ကျောင်းအဝင်ဝဝယ် ကံကော်ပင်များသည် အုပ်ဆိုင်းလျက်။ ဆုတို့ သစ်လွင်ဘဝက သည်နေရာတွင် ကံကော်တွေမရှိသေး။ အခုတော့လည်း ကြာမြင့်ခဲ့သော အချိန်ကို ညွှန်ပြနေသလိုပါပဲလား။

ဆေးပညာ စာအုပ်သစ် ရောက်သည်ကြား၍ စာအုပ်ဆိုင်လာရင်း ကျောင်းအတွင်း ဖြတ်သန်းဝင်ရောက်မိသည်။ နံဘေးမှ ဖြတ်သန်းလျှောက်သွားကြသော နုနယ်ပျို

www.burmeseclassic.com

www.burmeseclassic.com



မြစ်သည့် ကျောင်းသူ၊ ကျောင်းသားများနေရာတွင် တစ်ချိန်တစ်ခါက ငယ်ပေါင်းရောင်းရင်းများကို မြင်ယောင်လာမိသည်။ မိခင်ကျောင်းတော်၏ ရင်ခွင်မှ အတောင်အလက်စုံလင်ကာ စွန့်ခွာ ပျံထွက်သွားကြပြီဖြစ်သော သူငယ်ချင်းများ။

ဖရက်ဒီသည် အိုင်လင်းနှင့်အတူ အင်္ဂလန်သို့ အပြီးအပိုင် ထွက်ခွာသွားလေပြီ။ ခရစ်စမတ်တုန်းကပင် သူတို့မောင်နှံထံမှ ပို့စကတ်ကလေးတစ်ခု ရောက်လာခဲ့သေးသည်။ ငယ်ငယ်တုန်းက ဆုကို စာပေး၍ စိတ်ဆိုးမိသည့်အကြောင်း အမှတ်ရရင်း ဖရက်ဒီ့လက်ရေးနှင့် 'အမြဲ မြူးနေတုန်းပါပဲ' Old gay dog as ever ဟူသော စာတန်းကိုဖတ်၍ ပြုံးရသည်။ စောဒီလုံးသည် သူ့ရည်ရွယ်ချက်အတိုင်း ကရင်ပြည်နယ်ပြန်ကာအမှုထမ်းနေပြီး မင်းမော်ကတော့ 'ပျင်းလည်း မနားရပါဘူးကွာ'ဟု ညည်းရင်း ပျဉ်းမနားတွင် တာဝန်ကျနေလေ၏။ ကိုဘိုကြည်တစ်ယောက် 'လဟယ်'တွင် တာဝန်ကျနေရာ၌ စောဒီလုံးက 'သွားလေရော့ လဟယ်'ဟု အဖန်ဖန် ရွတ်နောက်သဖြင့် ကိုဘိုကြည်စိတ်တိုကြောင်းဖြင့် နန်းပြောပြသည်ကို အမှတ်ရတော့လည်း ပြုံးချင်ပြန်၏။ နန်း၏သားကလေး ဖိုးကျူးပင် ပထမတန်းရောက်ပြီဆိုတော့ ကုန်လွန်ခဲ့သော အချိန်တွေကို မှန်းဆကြည့်မိသည်။ အလုပ်ဝင်စက နန်းနှင့်ဆုံသေး၏။ နန်းသည် ဆွေရိပ်မကင်းသူ တစ်ဦးနှင့် အိမ်ထောင်ကျကာ တောင်ကြီးမှာပင် အလုပ်ရနေလေသည်။ ခင်မောင်မောင်ကတော့ အစိုးရအလုပ် မလျှောက်



ဘဲ အပြင်ဆေးခန်းဖွင့်၍ ဟန်ကျနေကာ ပေါ့ပေါ့တွေး ပျော်ပျော်နေဆဲ။ ဘဝတိုင်းတွင် အဆင်မပြေသည့် အထစ်အငေါ့တစ်ဆစ်ချိုးကလေးတွေကို ဘဝင်မကျလျက်ကပဲ ဆု တွေ့မြင်ရပါလေ၏။ ရီရီညွန့်က အလုပ်သင်ဆရာဝန်ဘဝမှာပင် အတန်းဖော်တစ်ဦးနှင့် ကသုတ်ကရက် လက်ထပ်ကာ ပုတ်ပုတ်ကတော့ ဆုနှယ် တစ်ကိုယ်တည်း အပျိုကြီး။

ခင်နှင်းဖြူတို့ မောင်နှံလည်း အမေရိကသို့ ထွက်ခွာသွားကြကြောင်း ကြားသိလိုက်ရသည်။ နန်းထံမှ ဆုမကြားလိုဘဲလျက် ဇွတ်ပြောသဖြင့် ကြားရပြန်သည်မှာ ကိုဆွေတစ်ယောက် စာမေးပွဲတစ်ဘာသာ ကျရှုံးကာ နောက်တစ်နှစ် ဆေးခွင့်တင်၍ နားနေပြန်သည်တဲ့။

'အချစ်ရယ်... ဒီလိုနဲ့ပဲ အချိန်တွေ ကုန်တော့မှာလား'ဟူ၍ ရင်နင့်လျက်ကပင် အဘွားအလောင်း မြေကျသော ညနေမှာပဲ လူပုံအလယ် အရှက်ရခဲ့သည်ကိုတော့ သတိရကာ 'သူ့အသိုက်အဝန်း အလိုကျ ငါနဲ့ လွဲခဲ့ကြရတာပဲ'ဟု ဆင်ခြေပေးနေမိလေ၏။

စာကြည့်တိုက်ရှေ့မှ ဖြတ်လျှောက်ခဲ့သည်။ ဝဝဖိုင့်ဖိုင့် ကျောင်းသားတစ်ယောက် စာကြည့်တိုက်ထဲ ဝင်သွားသည်ကို စောဒီလုံးရုပ်သွင် ထင်ယောင်မြင်ယောင်မိပြီးမှ စောဒီလုံးသည် ဆရာဝန်ရင့်မကြီးဖြစ်နေပြီကို ပြန်လည်သတိထားမိလေ၏။

'အမေ့...'

www.burmeseclassic.com

www.burmeseclassic.com



'ဆောရီး··· ဆောရီး··· ဟော··· ဆုမြတ်လှိုင်'

ဇီဝကမ္မဗေဒဌာန အောက်ထပ်တွင် လှေကားမှ ဆင်းကာ ချိုးကွေ့ထွက်လာသူ တစ်ဦးနှင့် ရုတ်တရက် တိုက်မိသည်။ သည်နေရာကလေးများတွင် ချစ်အပြုံး ဝေခဲ့ဖူးသည့်အတိတ်တွေ အရိပ်ထင်ဆဲမို့ တုန်လှုပ်ထိတ်လန့်သွားမိလေ၏။

'ဩော်··· ဆရာ'

ကိုဆွေမဟုတ်ပါ။ အထူးကု ဆရာဝန်ကြီးတစ်ဦးပင် ဖြစ်ပါ၏။ ဦးသက်အောင်ဝေရယ်ပါ။

'လာလည်တာလား ဆရာ'

'အလုပ်ကိစ္စလေးရှိလို့လေ။ မင်း ဒီမှာ အလုပ်ပြန်ရတယ်မဟုတ်လား။ ဆရာလည်း ပြောပြထားသေးတယ်'

'ဟုတ်ကဲ့ဆရာ။ ဆရာ့ကျေးဇူးပါပဲ'

ဆုမြတ်လှိုင် နောက်ဆုံးနှစ် ကျောင်းသူဘဝက ဦးသက်အောင်ဝေသည် ဆေးရုံတွင် လက်ထောက်ဆရာဝန် အမှုထမ်းရင်း ဆုတို့ကိုလည်း တစ်ခါတစ်ရံ စာသင်ပေးဖူးလေ၏။ ယခုမူ ဆရာသည် နိုင်ငံခြားမှ ဘွဲ့လွန်ရလာခဲ့ပြီး ရန်ကုန်ဆေးရုံကြီးတွင် အမှုထမ်းနေလေသည်။ ယခင်က ဆုနှင့် အဆက်အစပ်ပတ်သက်ခြင်း လုံးဝ မရှိသလောက်ပါပဲ။ ဆု အလုပ်လာလျှောက်စဉ် ဆေးပညာဦးစီးဌာနမှာ တစ်ခါဆုံစဉ်ကတော့ ဆု ဆေးပညာဌာနမှာ အလုပ်ဝင်ရစေရန် သူ ပြောပေးမည်ဟု ကတိပေးခဲ့သည်။ ယခုလို ဆုလိုချင်



သောဌာနတွင် တန်း၍အလုပ်ရခဲ့သည်မှာ ဆရာကတိ မဖျက်ခဲ့ကြောင်း ဆု သိခဲ့ရသည်။

'ဆရာ့ကျေးဇူးပါပဲ ဆိုရုံနဲ့တော့ ဘယ်ရမလဲ ဆုမြတ်လှိုင်။ မင်း တစ်ခုခု ကျွေးသင့်တာပေါ့'

'ကျွေးမှာပေါ့ဆရာ။ ဒါပေမယ့် ဒီကျောင်းမှာ အစားအသောက်တော့ သိပ်မကောင်းလှဘူး'

'ရပါတယ်ကွာ။ လက်ဖက်ရည် တစ်ခွက်တိုက်ပြီး စီးကရက်တစ်လိပ်ရှူရရင် တော်ပါပြီ'

သူကူညီခဲ့လျက် မိမိဘက်က ကျေးဇူးတင်ကြောင်းပင် သွားမပြောဘဲ ပျက်ကွက်ခဲ့သည်မို့ ဆုမြတ်လှိုင် အားနာလှသည်။ ဆရာသည် အကျွမ်းဝင်သည်ဖြစ်စေ၊ အကျွမ်းမဝင်သည်ဖြစ်စေ တပည့်တိုင်းကို တတ်အားသရွေ့ အကူအညီပေးလေ့ရှိသည်ဟူသော ဆရာ့ကောင်းသတင်းက မွှေးပျံ့ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဆုကို ကူညီစဉ်ကတော့ တပည့်များကို ကူညီလေ့ရှိသော သူ့အတိုင်းအတာအရ အမှတ်မထင် ဆောင်ရွက်ချက်မျှသာ ဖြစ်ပေလိမ့်မည်။

'မင်း ဘွဲ့လွန် ဆက်တက်ဦးမယ် မဟုတ်လား'

'လုပ်သက် နှစ်နှစ်ရှိရမယ်လေဆရာ။ ဆုက ခုမှ အလုပ်ရတာ'

'အလုပ်သင်တစ်နှစ်နဲ့ဆို ရှေ့နှစ်ခါ မင်း ဝင်ဖြေနိုင်ပါပြီ။ အကြိတ်အနယ် ပြိုင်ရဦးမှာပဲ။ ဒါပေမယ့် မင်း ရမှာပါ။ မင်း အခု ဘယ်မှာနေသလဲ'

www.burmeseclassic.com

www.burmeseclassic.com



၉

'လှည်းတန်းမှာ ဆရာ'

'ဘယ်နားမှာလဲ'

'အပြင်ဆောင်နေတာ ဆရာရဲ့'ဟု ဆုက လိပ်စာ အတိအကျပြောပြရကာ ဆရာက ဒိုင်ယာရီတွင် ရေးမှတ်ယူလေ၏။

'ဆရာ စာအုပ်အတော်များများ ပါလာတယ်။ ဂျာနယ်တွေလည်း မင်းဖတ်ဖို့ ဆရာ ယူလာပေးဦးမယ်'

ဆရာသည် စီးကရက်ဖွာရှိုက်ရင်း ယနေ့ ဆေးပညာရှင် လောကအကြောင်း၊ အင်္ဂလန်အကြောင်း၊ ကိုယ်ပိုင်ဆေးခန်းများအကြောင်း တစ်နာရီနီးပါးကြာအောင် စကားပြောနေခဲ့သည်။

ဆုထက် နှစ်နှစ်ခန့်စော၍ အောင်ကာ ဆရာပြန်လုပ်နေကြသော မောင်နှံတစ်စုံတွဲ လက်ဖက်ရည်လာသောက်ရင်း ဆုနှင့် ဦးသက်အောင်ဝေကို တစေ့တစောင်း အကဲခတ်ကြည့်နေကြသည်။ သူတို့ ပြန်ထွက်သွားချိန်ထိ ဆရာသည် စကားဆက်မပြတ်။ စီးကရက်မီးခိုးငွေ့ကြားမှ ဆွဲဆောင်မှုရှိသည်ဟု ကျောင်းသူဘဝက သူများတွေ ပြောတတ်ကြသော ဆရာ့မျက်လုံးများသည် အကြည့်ရဲတာအမှန်ပဲဟု ဆုဝေဖန်နေမိသည်။

'ညည်း ဘယ်ဆေးခန်းမှာ ထိုင်သလဲ'

'ခုမှ ရန်ကုန်ရွှေ့လာတာ ဆရာရယ်။ ဘယ်မှာမှ မထိုင်ရသေးပါဘူး'



'လှည်းတန်းမှာ ဆရာ အရင်ထိုင်ဖူးတဲ့ ဆေးခန်းရှိတယ်။ မင်းလုပ်မယ်ဆိုရင် ဆရာပြောပေးမယ်။ သူတို့က လုပ်သက်ရင့်ဆရာဝန် လိုချင်တာပဲ။ ဒါပေမယ့် မင်းက အများထက် ပိုတော်တယ်ဆိုတာ ဆရာ အာမခံပေးမှာပေါ့'

ဆု မငြင်းနိုင်။ နေသည့်နေရာနှင့် ဆေးခန်းနီးမည်ဆိုလျှင် သွားရေးလာရေး အခက်အခဲ ပြေလည်လိမ့်မည်။

'ဆရာကော ဆေးခန်းမဖွင့်ဘူးလား'

'ဆေးခန်းဖွင့်ပြီး ဆေးကုတဲ့အလုပ်ကို ကိုယ် အယုံအကြည် မရှိဘူး'ဟု ဆရာက ဆိုသည်။

'ဆေးခန်းဖွင့်တဲ့အလုပ်ကို ကိုယ် အယုံအကြည် မရှိလို့တော့ သူများဖွင့်ကြတာကို ကိုယ် မတိုက်ခိုက်ပါဘူး' ဟုလည်း ဆက်လက် ဖြေရှင်းသည်။

ဆုစိတ်ထဲကမူ 'သူတို့က ဆေးခန်းမဖွင့်လည်း ဝင်ငွေအတွက် ပူပန်သောက မရောက်ရတဲ့သူတွေပေပဲ'ဟု တွေးကာ တစ်ဖက်ကလည်း 'ဆရာဟာ ပညာတော်ပြီး စေတနာကောင်းတဲ့ ဆရာဝန်တော့ အမှန်ပါပဲ။ သူ့ဘာသာ ပွေတာကတော့ သူ့ကိုယ်ရေးကိုယ်တာပေါ့လေ'ဟု ချိန်ထိုးကြည့်နေမိသည်။

'ကိုယ် မနက်ရှစ်နာရီအရောက် ဆေးရုံသွားတယ်။ ညနေ လေးနာရီထက်စောပြီး မပြန်ဘူး။ အလုပ်ကိစ္စမှ အပပေါ့လေ။ ဒါပေမယ့် လူနာကိစ္စကို အိမ်မှာ လုံးဝ မဆွေးနွေးဘူး။ ဘာကြီးညာကြီးပဲဖြစ်ဖြစ်။ ဒါကို တချို့က မပြောက်

www.burmeseclassic.com

www.burmeseclassic.com



ကြဘူးကွ။ မတတ်နိုင်ဘူး။ ကိုယ့်မှုနဲ့ကိုယ်ပဲ'စသည်ဖြင့်။

ဆုသည် အချိန်မရွေး ဆေးရုံသို့ပြေးတတ်ကာ အိမ်က ဆေးခန်းမှာလည်း အချိန်ကန့်သတ်ထားလျက်က လာချင်သလိုလာသော လူနာကို စိတ်ရှည်လက်ရှည် ဆေးကုသည့်အပြင် 'ကျွန်တော် ကျွန်မတို့ လူနာအကြောင်းတွေ ဆွေးနွေးချင်လို့ပါ'ဟု မဆုံးနိုင်သော စကားတွေကို ရှည်လျားစွာပြောနေပြီး ရှင်းပြပြန်လည်း နားမဝင်သော လူနာရှင်များကို တစ်ခါတစ်ရံ ဒိုက်မျဉ်းငြီးငွေ့လျက်နှင့်ပင် မနှင်တမ်းလက်ခံတတ်သော ကိုလတ်ကို သတိရပြန်သည်။

နိုင်ငံရပ်ခြားမှ တပင်တပန်း သင်ကြားတတ်မြောက်လာသော ပညာများကို အပြည့်အဝ အသုံးမချနိုင်သည်များကို ဆရာက ရင်ဖွင့်ဆဲ 'ချင်းတွေကိုလည်း ဆေးကုကြည့်ဦးမယ်လေ'ဟု ကိုလတ်က ရယ်မောပြောပြသည်ကို နားထဲမှာ ကြားယောင်သည်။

'ဒီစနေနေ့ညနေ မင်း အဆောင်မှာရှိမလား။ ဆရာစာအုပ်တွေ ယူခဲ့ပေးမယ်။ ပြီးတော့ ဆေးခန်းမှာ အလုပ်စဖို့ တစ်ခါတည်း စီစဉ်ခဲ့မယ်'ဟု ဆရာက စကားလက်စသတ်ရင်း လက်ဖက်ရည်ခွက် ကိုင်ချိန်တွင် လက်ဖက်ရည်အေးစက်၍ နေလေ၏။

*

## အခန်း(၃၀)

မစားချင်မသောက်ချင် ပျို့ခြင်း အန်ခြင်းနှင့်အတူ ဝမ်းဗိုက်အထက်ပိုင်းဆီမှ နာလျက် ခေါင်းကိုက် ဖျားနာကာ ဝမ်းဗိုက်အတွင်း အသည်းရောင်စပြုသည်ကို စမ်းသပ်မိလျှင်ပဲ ဗိုင်းရပ်ကြောင့် အသည်းရောင်တာဖြစ်သည်ဟု မှတ်ယူလျက် အနားယူခိုင်းထားခဲ့သည်။ နောက်တစ်ရက်နှစ်ရက်မှာ ဆီးစဝါကာ အသားဝါလိုက်လာလေ၏။ ယခုမူ ဆုရ်လူနာ အဘိုးကြီးသည် အစားအသောက်လည်း တောင့်တာပြီ။ အသားဝါရောင်လည်း လျော့ကျလာလေပြီ။

'ဦးလေး ခွင့်ရသေးရင်တော့ ဆက်ပြီး အနားယူပါဦး။ ဘာမှ သိပ် လှုပ်လှုပ်ရှားရှား မလုပ်စေချင်ဘူး'

'ဟာ... နားပါတယ် ဒေါက်တာ။ ဆေးခန်းလာတာတောင် ကိုယ်တိုင် ကားမမောင်းပါဘူး။ အိမ်က သားမက် မောင်းပို့ပါတယ်'

နောက်ထပ်လူနာမှာ နာတာရှည်ရောဂါ အသွေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေရာ နွမ်းပါးသော အခြေအနေအရ ရန်ကုန်ဆေးရုံကြီးရှေ့ရှိ အဆုတ်နာ တိုက်ဖျက်ရေးဌာနသို့ ထပ်ဆင့် ရည်ညွှန်းပေးလိုက်သည်။ လူနာက သိပ်မသွားချင်။ ဆုထံမှာ ဆေးတစ်လုံး နှစ်လုံးထိုးပြီး ပျောက်ဖို့ မျှော်လင့်နေလေ၏။ ဆု တရားဟောရပြန်ချေ၏။

သွေးတိုး၊ နှာစေးချောင်းဆိုး၊ အချို့လည်း အားနည်း၍ အားဆေးထိုး သက်သက်။

ညခုနစ်နာရီထိုးပြီ။ လူနာလည်း စဲပြီ။ ဆေးခန်းပိတ်မည်ဟု သူနာပြုဆရာမလေးကို သိမ်းဆည်းခိုင်းလိုက်လေသည်။

ဆေးခန်းတွင် ထိထိရောက်ရောက် သိပ်မလုပ်ပေးနိုင်ဘဲ အချို့လူနာများကလည်း ထပ်ဆင့်ညွှန်ကြားသောနေရာတွင် သွားရောက် စစ်ဆေးကုသဖို့ ဝန်လေးကြပြန်တော့ ဆရာဦးသက်အောင်ဝေ၏ 'ဆေးခန်း'မဖွင့်သော အယူအဆကို အတည့်အလင်း မငြင်းနိုင်သလို ရှိရပြန်၏။

'ဆုရေ ကလေးမကလေးတစ်ယောက် ကျန်နေသေးတယ်။ ရောက်နေတာကြာပြီ။ လူနာရှင်းအောင် စောင့်မယ်ဆိုလို့'ဟု ဆေးခန်းပိုင်ရှင် အဒေါ်ကြီးက ခန်းဆီးကြားမှ ခေါင်းပြူ၍ ပြောသည်။

'သွင်းလိုက်လေ အဒေါ်'

ဆံပင်ကုပ်ဝဲ၊ ဖောင်းကြွယန်းပွင့်များနှင့် အနီရောင်ဝတ်စုံ။ ပခုံးတွင် တစ်တောင်ခန့် လက်ဆွဲအိတ်အနီကြီးချိတ်



ကာ သုံးလက်မခန့် ဒေါက်ဖိနပ် အနီရဲရဲ စီးထားသော မိန်းကလေး။ အနီသည် မလိမ်းမခြယ်ထားသော မိန်းကလေး၏မျက်နှာ ဖြူဖပ်နွမ်းရော်မှုကို တောက်ပစိုပြည်အောင် မဖန်တီးနိုင်ရုံမက ပို၍ သိသာအောင် နောက်ခံပေးသလို ရှိနေ၏။

'ဝင့်ဝင့်သော်ကိုး'ဟု ဆုက ရင်ထဲမှာ လှုပ်ရှားလျက်နှင့်ပင် တည်တည်ငြိမ်ငြိမ် မှတ်ချက်ချလိုက်နိုင်လေသည်။

လွန်ခဲ့သော ငါးနှစ်ကျော်လောက်က တစ်ကြိမ်အိမ်မဲသဘော်ပေါ်တွင် ဆုံစည်းမိပြီး နောက်ထပ် မတွေ့တော့သော်လည်း ဆု မမှတ်မိစရာမရှိ။ ခါတိုင်းလို မျက်နှာတွင် ဆေးဆိုးယန်းရိုက် မလုပ်ထားသဖြင့်လည်း မျက်ခုံးသေးသေးနုတ်ထားသည့်တိုင် ဆုနှင့် ရုပ်ချင်းပို၍ ဆင်လာသည်မှာ မငြင်းနိုင်။

'ကဲ··· ဆို'

ဆုက သတိထားထိန်းပြောလျက်က အသံသည် အနည်းငယ်ကိုပြတ်သည်။

'ဝင့်ဝင့် တိုင်ပင်စရာရှိလို့ပါ'

ဝင့်ဝင့်သော်တွင် ခါတိုင်းတွေ့နေကျ ဝင့်ပါပလွှားသောအမူအရာ ပါမလာခဲ့။ ဆုနည်းတူ လှပသော မျက်လုံးများသည် ဆုကို တောင်းပန်တိုးလျှိုး နေကြချေသည်။

'ထိုင်လေ'

ဝင့်ဝင့်သော်က လူနာထိုင်သော ကုလားထိုင်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကျို့ကျို့ယို့ယို့ ဝင်ထိုင်သည်။ စားပွဲပေါ်တင်ထားသော လက်များသည် မသိမသာတုန်နေ၏။ မပြုမပြင်နိုင်အောင် လျစ်လျူရှုထားဟန် လက်သည်းရှည်များဝယ် ဆိုးဆေးတစ်ဝက်တစ်ပျက် ပျက်ပြယ်နေလေသည်။

'ကိစ္စက'

ဝင့်ဝင့်သော်သည် တံတွေးတနင်နင်၊ နှုတ်ခမ်းတပြင်ပြင်နှင့် ဆုမျက်နှာကို ငေးကြည့်သည်။ အေးစက်သောဆု၏ မျက်လုံးများသည် သူမကို ပို၍ တွန့်ဆုတ်စေလေ၏။

'ဆေးခန်းမှာ တို့ လူနာပဲကြည့်တယ် ဝင့်ဝင့်သော်။ စကားအပိုပြောဖို့ တို့မှာ အချိန်မရှိဘူး'

ဝင့်ဝင့်သော်၏ ဖြူရော်သောမျက်နှာသည် သွေးရောင်တစ်ချက်ရဲသွားလျက် ကိုယ်ကလေး ဆတ်ခနဲက တွန့်သွား၏။ ဆုရင်ထဲမှ ပြုံးမိသည်။ ဝင့်ဝင့်သော်ကသာ လူတကာအပေါ် ယခု ဆုပြောသလို ခပ်တင်းတင်း ဆက်ဆံခဲ့ပေလိမ့်မည်။

'ဝင့်ဝင့်မှာ ကားပါပါတယ် မမ။ ဝင့်ဝင့် ပြန်ပို့ပေးပါ့မယ်'

'မလိုပါဘူးကွယ်။ ပြောစရာရှိတာသာ မြန်မြန်ပြောပါ'

ဝင့်ဝင့်သော်က နှုတ်ခမ်းကလေးကိုက်ကာ ခေတ္တတွေဝေပြီးမှ ဆုံးဖြတ်လိုက်ဟန် ပင့်သက်ရှိုက်သည်။

'စိုးသော်က ပြောဖူးတယ်။ မမဟာ စေတနာ



ကောင်းတယ်လို့ နာမည်ရတယ်တဲ့'

'မင်း အဲဒါပြောမလို့ လာတာလား'

ဝင့်ဝင့်သော် အမ်းသွားသည်။ ခေါင်းတစ်ချက်ခါယမ်းကာ ကြိုးစွာ အခက်တွေ့နေလေ၏။

'ဝင့်ဝင့် လူနာအဖြစ်နဲ့ လာတာပါ'ဟု တိုးတိတ်စွာ ပြော၏။

'လူနာ။ အို… ရန်ကုန်မြို့ကြီးမှာ တို့ထက်ပညာအများကြီးတတ်တဲ့ အထူးကုကြီးတွေ အပုံပဲ ဝင့်ဝင့်သော်ရယ်။ မင်းတို့ ငွေပုံပေးပြီး ကုနိုင်တာပဲ။ တို့ဆီမှ လာရတယ်လို့ တကယ့်ကို အံ့သြစရာပါပဲ'

'ဟုတ်တယ် မမ။ လူနာအဖြစ်နဲ့ လာတာပါ။ ဝင့်ဝင့် သွေးထိမ်လို့ပါ'

နောက်ဆုံးစကားများသည် တိမ်ဝင် ပျောက်ကွယ်သွားကြသည်။

'ဘယ်နှစ်လရှိပြီလဲ'

'သုံးလ'

'ခါတိုင်းကော မကျော်တတ်ဘူးလား'

ဝင့်ဝင့်သော် ခေါင်းခါသည်။ သူမ၏ အမူအရာအကဲမရပုံကို ကြည့်လျက် သူမ အခြေအနေကို အတွေ့အကြုံအရ ဆု မှန်းဆတတ်လေပြီ။

'ကိုယ်ဝန်လား'

ဝင့်ဝင့်သော် ခေါင်းငုံ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝင့်ဝင့်ကို ကူညီပါ မမရယ်'

'သုံးလဆိုတော့ နုပါသေးတယ်။ ပြီးတော့လည်း သားဖွားနဲ့ မီးယပ်ဆိုင်ရာပါရဂူဆီမှာ ကိုယ်ဝန်အပ်တာက ပိုပြီး သင့်တော်တာပေါ့ ဝင့်ဝင့်သော်ရယ်။ မီးဖွားတဲ့အထိ သူတို့က တာဝန်ယူ ကြည့်ရှုပေးနိုင်တာကလား'

ဤမျှ ဆရာဝန်သက် ရင့်လာမှတော့ ဝင့်ဝင့်သော် ဆိုလိုရင်းကို ဆု မရိပ်မိဘဲ ရှိပါ့မလား။ သို့ပေမယ့် ဆုပေပဲ။ အေးစက်သော မျက်လုံးများနှင့်ကြည့်ကာ အသက်မပါသော အသံဖြင့် လေးလေးပင်ပင် ပြောနေလိုက်သည်။ ဝင့်ဝင့်သော်သည် စိတ်ရှုပ်ထွေးစွာ ခေါင်းခါယမ်းရှာ၏။

'မဟုတ်ဘူး မမ။ မဟုတ်သေးဘူး'

'ဘာကို မဟုတ်တာလဲ ဝင့်ဝင့်သော်'

'ဝင့်ဝင့် ဒီကလေးကို မလိုချင်ဘူး'

'ဖြစ်ရလေကွယ်'

ဆုက စုတ်သပ်သည်။

ဝင့်ဝင့်သော်ကား ကျားသနားမှ နွားချမ်းသာမည့် အခြေအနေသို့ ဆိုက်ရောက်နေလေပြီ။

'ဝင့်ဝင့်ယောကျ်ားကကော မလိုချင်ဘူးတဲ့လား'

ဝင့်ဝင့်သော် ခေါင်းခါသည်။

'ဝင့်ဝင့်မှာ အိမ်ထောင်မရှိပါဘူး' ဟု လေသံမျှ ဆို၏။

'အိမ်ထောင်မရှိဘဲ ကိုယ်ဝန်ရတယ်လား။ ခြော်‥



ခြော် သိပါပြီကွယ်။ နားလည်ပါပြီ။ ဒါကြောင့် ဒီကိုယ်ဝန်ကို ဝင့်ဝင့်က မလိုချင်ဘူးပေါ့'

ဝင့်ဝင့်သော်က ခေါင်းညိတ်သည်။

'နေပါဦး၊ ဝင့်ဝင့်ဒီကိုယ်ဝန်ကို မလိုချင်တာနဲ့ပဲ တို့ဆီ ဘာကိစ္စလာရတာလဲ။ တို့ လုံးဝ စဉ်းစားလို့ မရပါဘူး'

လက်ပွေ့အိတ်ကိုင်ထားသော ဝင့်ဝင့်သော်၏လက်သည် သိသိသာသာ တုန်နေတော့သည်။

'မမကြိုက်သလောက်တောင်းပါ။ ဝင့်ဝင့်ပေးပါ့မယ်။ ဒီကိုယ်ဝန်ကို ဖျက်ပေးပါ'

ဆုက မျက်လုံးပြူး ပါးစပ်ဟကာ ရင်ကို လက်နှင့် ဖိထားလိုက်လေ၏။ တကယ်တော့ ဆု မအံ့ဩပါ။

'ဖျက်မယ်။ ကလေးဖျက်မယ်။ ဘုရား၊ ဘုရား မကြံကောင်းမစည်ရာ ဝင့်ဝင့်သော်ရယ်။ နေပါဦး မင်းအဖေက ဖျက်ခိုင်းသလား'

'မဟုတ်ပါဘူး မမရယ်။ ဖေဖေက မအူပင်မှာပါ။ လုံးဝ မသိသေးပါဘူး။ ဖေဖေသိရင် ဝင့်ဝင့်ကို သတ်လိမ့်မယ်။ ဝင့်ဝင့်ကို သနားပါ မမရယ်'

'တို့ကလေးဖျက်ပေးဖို့ ပြောနေတာလားဟင်' ဟု ဆုက နူးညံ့စွာမေးလျှင် ဝင့်ဝင့်သော်သည် မျက်လုံး ကလည် ကလည်နှင့်ကြည့်ကာ ခေါင်းညိတ်လေ၏။

'တို့ ကလေးမဖျက်ဘူး ဝင့်ဝင့်သော်။ တို့အသက်

www.burmeseclassic.com

www.burmeseclassic.com



မသတ်ဘူး။ ဆရာဝန်ဆိုတာ အသက်ကယ်ဖို့ မဟုတ်လား ဝင့်ဝင့်သော်ရယ်။ ကဲ··· ကဲ··· ပြန်ပေဦး။ တို့ဆေးခန်း ပိတ်ဖို့ အချိန်လွန်နေပြီ'

ဆုသည် စားပွဲပေါ်မှ သူမ၏ ဖောင်တိန်၊ နားကျပ်၊ စာအုပ်များကို ကောက်သိမ်းသည်။

ဆုနေရာမှ ထပြီဆိုတော့ ဝင့်ဝင့်သော် ရှိုက်ကြီး တငင် ငိုချလိုက်လေ၏။

'မမရယ်··· ဝင့်ဝင့်ကို သနားပါ။ ဝင့်ဝင့်မှာ တိုင်ပင်စရာ ဘယ်သူမှ မရှိဘူး။ ကြံရာမရလွန်းလို့ ဝင့်ဝင့်တို့ကို မမ မုန်းမုန်းသိလျက်နဲ့ လာခဲ့တာပါ။ ဝင့်ဝင့် တောင်းပန်ပါတယ်။ ဝင့်ဝင့်တောင်းပန်ရင် မမ မျက်နှာမလွှဲဘူးလို့ မျှော်လင့်ပြီး လာခဲ့ရတာပါ။ ဝင့်ဝင့်ကို သနားပါဦး မမရယ်'

'မင်းရဲ့ ကိုယ်ဝန်ရှင်က မရှိတော့ဘူးလား။ အကြောင်းတစ်ခုခုနဲ့များ တိမ်းပါးသွားသလားလို့။ တို့ ကြုံဖူးလို့ မေးတာနော်'

'ဝင့်ဝင့် အဲဒီညက မူးသွားတယ်။ သူမှန်းတောင် မသိလိုက်ပါဘူး။ ခုတော့ သူက သိလျက်နဲ့ ငြင်းတယ်။ ဝင့်ဝင့်ဘယ်လို လုပ်ရမလဲ။ မမတောင်းသလောက် ဝင့်ဝင့် ပေးပါ့မယ်။ ဝင့်ဝင့်ကို ကယ်ပါဦး'

ဆုသည် စလင်းဘက်ကိုလွယ်ကာ ကြိမ်ခြင်း ကလေး ကောက်ကိုင်လိုက်သည်။

'တစ်ချိန်က တို့ဆင်းရဲခဲ့တာ မှန်တယ် ဝင့်ဝင့်



သော်။ ခုလည်း တို့ မချမ်းသာပါဘူး။ ဒါပေမယ့် တို့ ငွေအတွက် အလုပ်မလုပ်ဘူး။ မင်း တခြားမှာ ကြိုးစားကြည့်ပါဦး။ အားတော့နာတယ်ကွယ်'

ဆု ဆေးခန်းထဲမှ ထွက်လာတော့ ဆိုင်ရှင်အဒေါ်ကြီးက ဘယ်လိုလဲဟူသော အမူအရာဖြင့် မေးဆတ်သည်။ သူနာပြုဆရာမကလေးကလည်း နာရီတကြည့်ကြည့်။

'ကလေးမကလေး ပြန်ရင် ဆေးခန်း ပိတ်လိုက်တော့ အဒေါ်'

ဝင့်ဝင့်သော်၏ ရှိုက်သံများသည် ဆု နောက်သို့ ပြေးလွှား လိုက်ပါလာကြလေ၏။ ဆုသည် လှည်းတန်းလမ်းမအတိုင်း အေးဆေးစွာ လျှောက်လာခဲ့သည်။ရင်ထဲတွင် နှလုံးသည် တဒိန်းဒိန်း အခုန်မြန်လှသည်။

အို··· ငါ ဘာဖြစ်နေရပြန်တာလဲ။

ဝင့်ဝင့်သော်ကို မျက်နှာလွှဲခဲ့သည်မှာ ဆုမှားပြီလား။ မတတ်နိုင်ဘူးဟု တစ်ကိုယ်တည်း ခေါင်းခါ ယမ်းမိသည်။ သည်ကိုယ်ဝန်ကို ဆု ဖျက်ပေးခွင့်မှ မရှိပေဘဲ။

ကြမ္မာရဟတ်သည် တစ်ပတ်ဖြင့် လည်ခဲ့ပေပြီ။ ခံလိုက်ပေဦးတော့ ဦးမောင်မောင်သော်ရေဟု ဆုကရင်ထဲတွင် ကြုံးဝါးပစ်လိုက်သည်။ ထင်ခဲ့သလိုကား အရသာမရှိ။

ပူးခနဲ ကားတစ်စီး အရှိန်ပြင်းစွာ ဖြတ်ကျော်သွားသည်။ ဝင့်ဝင့်သော်။ တကယ်ပင် တစ်ယောက်တည်းပါပဲ။ 'တိုင်ပင်စရာ ဘယ်သူမှမရှိဘူး' ဆိုသည်မှာ ဟုတ်မည်ထင်

www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့။ ဆုသည် မီးဝါကို ဖြတ်သန်းမောင်းပြေးသွားသော ရွှေအိုရောင်ကရိုလာ ကားကလေးကို မျက်စိတစ်ဆုံး လိုက်ငေးကြည့်နေသည်။

မေမေ့အလှည့်တုန်းကလည်း တိုင်ပင်စရာ မည်သူမျှမရှိခဲ့ပါ။ မေမေ မှားမိသည့် အမှားနှင့် မမျှအောင် မေမေသည် ကိုယ်စိတ်နှစ်ပါး ဆင်းရဲစွာ ခံစားသွားရသည်။

ဦးမောင်မောင်သော် မည်သို့ဖြေရှင်းမှာလဲ။ မေမေ့ကို စွန့်ပစ်သလို ဝင့်ဝင့်သော်ကို စွန့်ပစ်မှာလား။ ဆု မထင်။ ဝင့်ဝင့်သော် မိန်းကလေးတန်မဲ့ လေလွင့်သမျှ အရက်သောက်ဘိန်းစွဲလေသမျှ ဦးမောင်မောင်သော်သည် လိုက်လံဖုံးဖိထိန်းသိမ်းဖို့ ကြိုးစားခဲ့သေးသည် မဟုတ်လား။

သည်ကိုယ်ဝန်ကို ဖျက်ပစ်ဖို့ ကြိုးစားကြမှာပဲ ထင်သည်။

သို့တည်းမဟုတ်-

'ဘာဆိုင်တာလိုက်လို့ကွယ်'ဟု ဆုက သည်အတွေးများကို ခေါင်းထဲမှ နှင်ထုတ်သည်။ သို့စင်လျက် ဝင့်ဝင့်သော်၏ ကြောက်ရွံ့စိုးထိတ်သော မျက်လုံးများသည် ဆုကို ဟိုမှသည်မှ ဝိုင်းကြည့်နေကြသည်။ စိုးသော်၏ ကရုဏာ မျက်လုံးများကို မြင်ယောင်ပြန်တော့ ရင်ထဲမှာ တင်းကျပ်လာသည်။

ရင်မှာ ချောင်သွားပေါ့သွားစေတော့ဟု ဆုတစ်ယောက်တည်း အသံထွက် ရယ်မောကြည့်သည်။ ရယ်သံ



ကလည်း ရယ်သံနှင့် မတူပြန်ပါကလား။

ဘေးမှ ဖြတ်လျှောက်သွားသော အဘိုးကြီးသည် ဆုကို စိတ်မနှံ့ပါလေစဟု ရူးစမ်းဟန် နှစ်ခါပြန်လှည့်ကြည့်သွားလေသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဘွဲ့လွန်စာမေးပွဲများအတွက် လျှောက်လွှာများပင် ခေါ်လေပြီ။ ဆုသည် စာမေးပွဲကို ဝင်ဖြေရန် ကြိုးပမ်းရင်းပင် ဆရာဦးသက်အောင်ဝေနှင့် လိုအပ်သည်ထက် ပို၍ ရင်းနှီးကျွမ်းဝင်ဖြစ်ခဲ့သည်။ ဆု အလုပ်လုပ်ရာ ဆေးရုံသို့ ဆရာ မကြာခဏ လာရောက်တတ်သလို ဆု၏ဆေးခန်း၊ ဆုနေထိုင်ရာ အပြင်ဆောင်သို့ ဆရာ့ ထောင့်သုံးရာ ဆီဒင် အနီကလေးသည် အမြဲလိုလို ရောက်လာတတ်လေ၏။

'စာတွေ သိပ်မဖတ်နေနဲ့ဦးလေ။ ဦးနှောက်တွေ ပန်ကုန်တော့မယ်' ဟု ဆရာက သတိပေးတတ်သည်။

'ဝင်ဖြေမယ့်လူတွေက အများကြီးဆရာရဲ့။ခြောက် ဆယ်ကျော်သေးတယ်။ ပြီးတော့လည်း ဆုလို ဂုဏ်ထူး သမားတွေ နှစ်ယောက်ပါသေးတယ်။

'ဆု ရမှာပါကွာ'

'ပညာပြိုင်ဖို့တော့ မကြောက်ပါဘူး။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတာ မရှိတာကိုတော့ စိုးရိမ်တာပေါ့ဆရာ'

'ဆရာက ဆုရဲ့ ပလတ်စတာပေါ့ကွ။ စိတ်ချစမ်းပါ။ ဆရာက သိပ်အကပ်ကောင်းတာ ခုပဲကြည့်လေ။ ဆုခွာချလို့ မရဘူး မဟုတ်လား'

ဆုက ပြုံးနေသည်။ တကယ်တော့ ဆုသည် ဆရာ ဘယ်လိုအပြောကောင်းသည်ဆိုသော်လည်း မသာယာမယစ်မူးခဲ့။ သွေးနှင့်သားနှင့် ကိုယ်ပေမယ့် ဆုအတွက် ဘွဲ့လွန်က ပို၍ အရေးကြီးနေသည်။ ပြီးတော့လည်း အဖြူစင်ဆုံး အသည်းနှလုံးဆီသို့သာ ဆု တိမ်းညွတ်ခဲ့သည် မဟုတ်လား။

ရွှေစင်ညို ဘာလို့၍ ဝဲပျံနေကြောင်း ဘေးပတ်ဝန်းကျင် ရိပ်မိ သိရှိကြသည့်နည်းတူ ဆုကိုယ်တိုင်လည်း နားလည်နေနှင့်ပြီ။ ပတ်ဝန်းကျင်က စွပ်စွဲလာသည်ကို ဆု ဝီသစွာ မခံမရပ်နိုင်လျက်က ဆရာ့ကို ဆု မရှောင်တိမ်းနိုင်သေး။ ဘွဲ့လွန်ဟူသော မက်လုံးသည် ဆုကို မြှူဆွယ်နေလေပြီ။

စာမေးပွဲဖြေဖို့ အလှမ်းမဝေးတော့သဖြင့် ဆု ခွင့်ယူလိုက်ပြီး နောက်တစ်နေ့တွင် ဆရာ ရောက်ရှိလာပြန်သည်။ ဆုအတွက် မှတ်စုအချို့ ရှာဖွေလာပေးခြင်း ဖြစ်လေ၏။

'ဆု ပုဂံရောက်ဖူးလား'

'ဟင့်အင်း'

'လိုက်ခဲ့ပါလား'

'ဆရာ သွားမလို့လား'



'အင်း'

'ဆရာ တစ်ယောက်တည်း'

'ဆရာ့မိတ်ဆွေတွေ အင်္ဂလန်က လာကြမယ်။ သုံးယောက် အမျိုးသမီးတစ်ယောက်ပါမယ်။ အားလုံး ဆရာ့ဝန်တွေချည်းပဲ။ သူလည်း အဖော်ရအောင်။ ပြီးတော့ ဆရာလိုက်ပို့ရမှာ ပျင်းနေတယ်။ ပုဂံက ရောက်ဖူးလှပြီ။ ဆုပါရင်တော့ တစ်မျိုးပေါ့'

ဆုသည် ခေါင်းလျှော်ထားသဖြင့် တံကောက်ကွေးတိုင် ရှည်လျားသော ဆံပင်များကို ဖားလျားချကာ မျက်နှာမှာ သနပ်ခါးဘဲကျား ရိုက်ထားလေသည်။ ရှပ်အင်္ကျီအစိမ်းကွက်နှင့် တဘီအနက် ဝတ်ထားသဖြင့် ကျောင်းသူကလေးပမာ နုနယ်ဖူးမျစ်နေသည်။ ဥစ္စာစောင့်မကလေးနှင့် တူပဲ တူသေးတော့ဟု ဦးသက်အောင်ဝေ တွေးမိလေ၏။

သည်ပတ်ဝန်းကျင်မှာ ဆု သိက္ခာ မညှိုးနွမ်းအောင် သတိထားနိုင်မှသာ ဆုနှင့် နီးစပ်နိုင်ပေမည်။ သူ့ဇနီးကိုတော့ ထည့်တွက်နေစရာမလို။ သူမသည် သားသမီးသံယောဇဉ်ကြောင့် သည်အိုးသည်အိမ်ကို သူ ဘယ်နည်းနှင့်မျှ မဖြိုခွဲဘူးဟူ၍ တစ်ထစ်ချယုံကြည်ထားသည်။ ဘယ်နှစ်ယောက်ပြောင်းပြီး ဘယ်လောက်ပဲ ဖောက်ပြန်ပေမယ့် နောက်ကလိုက်လေ့မရှိ။ သမီးကြီးကိုပဲ သူလန့်သည်။ ဆုနှင့် မတွေ့မီက သူ နောက်ဆုံးတွဲခဲ့သော မိန်းကလေးကို သမီးသည် ရှိုင်းရှိုင်းပျပျပြောဆိုကာ ကားပေါ်မှ ခွတ်ဆင်းခိုင်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လူသိရှင်ကြား ဖြစ်ခဲ့ရသေးသည်။ ဆုလည်း သည့်သတင်းများကို သိထားဟန်တူ၏။ ဘယ်ရုပ်ရှင် ဘယ်စားသောက်ဆိုင်မှ သူ့ကားနှင့် ခေါ်မရ။

'ဒီအချိန်ဆို အညာမှာ သိပ်မပူဘူး ဆုရဲ့'

'ဖြစ်ပါ့မလား ဆရာ'

'ဘာမဖြစ်ရမှာလဲ ဆုရယ်'

'လူတွေက ဘာပြောကြမလဲ'

'ဘယ်သူ သိမှာလိုက်လို့ ဆုရယ်။ ဆုအတွက် လေယာဉ်လက်မှတ် သီးသန့်စီစဉ်ပေးမယ်။ လေယာဉ်ပေါ်ကျမှ ဆုံကြမှာပေါ့၊ ဘယ့်နှယ်လဲ'

'မဖြစ်ပါဘူး ဆရာရယ်။ ခုတောင် လူတွေက စွပ်စွဲချင်နေကြတာ'

'လူတွေကို ဒီလောက်ပဲ ဂရုစိုက်နေရသလား ဆုရယ်'ဟု ဆရာက မချင့်မရဲ ညည်းညူသည်။

'ဂရုစိုက်ရပါသော်ကော ဆရာ။ မြေနိမ့်ရာ လှံစိုက်တတ်တဲ့ လောကကြီးမှာ ဆုက အောက်ဆုံးကနေ တက်လာရတာ။ ခုနေခါ တွန်းအချမခံနိုင်သေးဘူး။ အခြေမခိုင်သေးဘူး မဟုတ်လား'

'ဘယ်သူက တွန်းချလို့ ရမှာတဲ့လဲ ဆုရယ်။ကိုယ့်လမ်းကိုယ်သွားနေကြတာပဲဟာ။ ဒါပေမယ့် ဆရာက ဆုရဲ့ဆန္ဒကို မဆန့်ကျင်ချင်ပါဘူး။ ဆု မလိုက်ချင်လည်းရပါတယ်။ ဆု သဘောပဲ'



ဆရာ စိတ်ပျက်သွားသည်ကိုမြင်တော့ ဆု တစ်ရစ်လျှော့ဖြေရချေသည်။ ဘုရားမပြီးမီ ငြမ်းအပျက် မခံနိုင်သေးပါ။

'ဆု စဉ်းစားဦးမယ် ဆရာ။ ဆုကို အချိန်ပေးပါဦး'

သည်တော့မှပင် ဆရာ့မျက်နှာ ကြည်သာလာသည်။

'ဒီလိုလည်းလုပ်ပါ ဆုရယ်။ ငြင်းချည်းနေတော့ ဆရာဖြင့် စိတ်မာတ်ကိုကျရော'

'စာမေးပွဲဖြေပြီးမှ လိုက်နိုင်မှာနော် ဆရာ'

'သိပါတယ် ဆုရယ်။ ဆုရဲ့ ရည်မှန်းချက်တွေ မပြီးပြတ်ဘဲ မဖြစ်နိုင်ဘူးဆိုတာ သိပါတယ်ဗျာ'

'ဆရာ့ မိတ်ဆွေတွေက ဘယ်တော့ရောက်မှာလဲ'

'အောက်တိုဘာလကုန်လောက်ပေါ့ ဆု။ မိုင်ဗာဝင်ပြီးမှ ရောက်မှာပါ'

'ဆရာက သေချာနေလိုက်တာ'

'စိတ်ချစမ်းပါဆုရယ်။ ဆုရမယ်လို့ ဆရာပြောပြီးမှပဲ'

ဆုရယ်ချင်နေသည်။ တစ်ပြိုင်နက်မှာပဲ ဆုကို ဆရော ဆရာ့ကိုပါ ရွံရှာစက်ဆုပ်မိသည်။ ဘယ်လိုပင် စကားလှအောင် ရွေးချယ်ပြောဆိုကြပေမယ့် သူဘာလိုချင်ကြောင်း ဆုသိပြီး ဆုလိုချင်သည်ကိုလည်း သူ သိနေလေသည်။ ရန်ကုန်ပတ်ဝန်းကျင်မှာ ဆုနှင့် လွတ်လပ်စွာ တွေ့ဆုံနိုင်

www.burmeseclassic.com

www.burmeseclassic.com



မလွယ်သည်မို့ ဆရာ့အစီအစဉ်တွေက သိမ်မွေ့ကျယ်ပြန့်လှသည်။

ဆု တစ်သက်တွင် ဦးနှောက်ကိုပဲ အသုံးချကာ တက်လမ်းရှာခဲ့သည်။ အလှကို အသုံးချပြီး အောင်မြင်မှုရယူဖို့ သည်တစ်ကြိမ် ပထမဆုံးစိတ်ကူးဖြစ်ပါပကော။

*

## အခန်း (၃၂)

ပြန်လည်ဆုံတွေ့ရသည်ဆိုလျှင်ပဲ ဆု၏ရင်ဝယ် လှိုက်ခနဲဖိုလျက် တအံ့တဩခံစားရသည်။ အံ့ဩခြင်းနောက်ဝယ် ဝမ်းသာခြင်းသည် လျှပ်တစ်ပြက် လက်ခဲ့သည်။ နောက်တော့လည်း ကြီးစွာကြေကွဲဝမ်းနည်းခြင်းသည်သာ စိုးမိုးကျန်ရစ်ခဲ့ချေသည်။

ဆုက သူ့ကို အရင် စတင် မြင်တွေ့ခြင်းဖြစ်ပါ၏။ လူနာခုတင်ဘေးတွင် ရောဂါရာဇဝင်ကို ထိုင်ဖတ်နေသော သူသည် ဆုကိုမမြင်။ ထိုအချိန် အခိုက်အတန့်လေးမှာပင် လျှင် သူ၏နွမ်းလျသော အသွင်သဏ္ဌာန်ကို ဆု ဖမ်းမိလိုက်နိုင်လေ၏။

သည်လူနာမှာ ဆု၏ ဆေးခန်းပိုင်ရှင် အဒေါ်ကြီး၏ ခင်ပွန်းဖြစ်လေသည်။ ညက ဆိုးရွားစွာ ပန်းနာရင်ကျပ်ထလျက် မသက်သာဘဲ ဆေးရုံတင်လိုက်ရခြင်း ဖြစ်လေသည်။ ဆု တင်လိုက်သော လူနာလည်းဖြစ် ခင်မင်ရင်းနှီး

www.burmeseclassic.com

www.burmeseclassic.com



ကလည်းရှိသဖြင့် မလွဲမရှောင်သာဘဲနှင့် ခွင့်ယူထားလျက်က အခြေအနေလာကြည့်ရခြင်း ဖြစ်လေသည်။

ဆုကို မြင်စဉ်မှာ ကိုဆွေ့ မျက်လုံးများတွင်လည်း ဝမ်းမြောက်မှုသည် လက်ခနဲ အရောင်ပြက်ထင်ခဲ့သည်။ နောက်တော့ မျက်လွှာချကာ ခေတ္တငြိမ်သက်သွားလေ၏။

ဆုသည် လူနာခုတင်ဘေးတွင် ရပ်လိုက်သည်။ လူနာကို အလယ်မှာထားကာ ဆုက ဆွေးဆွေးမြည့်မြည့် သူ့ကို ငေးနေမိစဉ် သူသည် ဆုကို ပြန်ကြည့်ကာ ပြုံးဖို့ ကြိုးစားလေ၏။ စက္ကန့်ပိုင်းမျှ အချိန်ကလေးသည် ကမ္ဘာများစွာ ကြာမြင့်သလိုပါပဲ။

'ကိုဆွေ ဒီမှာ ပိုစတင်ကျတယ်လား'

လန်းဆန်းသော၊ သန့်စင်သော၊ အပူအပင်ကင်းသော ကလေးအသွင် ကွယ်ပျောက်လျက် အဆုံးကြီး ဆုံး၍ အရှုံးကြီး ရှုံးခဲ့လေသော သူတစ်ယောက်အတွက် ရင်မှာ နာကျင်လျက်ကပင် ဆုက ဟန်ဆောင်ကောင်းလှစွာ စတင်နှုတ်ဆက်လိုက်လေသည်။

သူက 'ဖေဖော်ဝါရီလမှာ ဝင်ဖြေမှာပါ။ နောက်ဆုံးချန်နီစ်ပါ့လေ'ဟု သူ မအောင်မြင်သေးကြောင်းနှင့် သည်တစ်ကြိမ် သူ့အတွက် နောက်ဆုံး အခွင့်အရေးဖြစ်ကြောင်း ခံစားချက်ကင်းမဲ့စွာပင် ဆုကို အသိပေးလေ၏။

သူ့လက်ထဲမှ မှတ်တမ်းကို ဆုအား ခပ်ယို့ယို့ လှမ်းပေးလေသည်။ ဟန်မပျက် လှမ်းယူရပေမယ့် သူ့အပြု



အမူသည် ဆု၏အသည်းကို ကွဲခတ်သလိုပါပဲ။

'အို··· ကိုဆွေရယ်။ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ တို့များဟာ ချစ်သူတွေပါပဲ။ သူဟာ တို့ရဲ့ချစ်သူပါကွယ်'ဟု ဆိုကာ နှလုံးသားက တစာစာ ငိုကြွေးသော်လည်း ကိုဆွေ မကြားနိုင်ပါ။ ဆုသည် နှလုံးသားကို အမှောင်တိုက်ပိတ်၍ အကျဉ်းချသော့ခတ်ထားခဲ့ချေသည်။

'နားကျပ် ခဏငှားပါလား ကိုဆွေ'

ကျော်ဆွေကို ခေတ္တတုံ့ဆိုင်းသည်။ ပြီးမှ သက်ပြင်းမသိမသာချရင်း သူ့ဂျူတီကုတ်ထဲမှ နားကျပ်ကို ထုတ်ပေးလိုက်သည်။ နားမှာ တပ်နားထောင်သော ဘုကလေးများပင် ဝါကြန့်ကြန့်ဖြစ်နေသည့် နားကျပ်ကလေး။ ကပ်ထားသော တိပ်အနီကလေးကတော့ ခိုင်မြဲစွာ တည်ရှိနေသေးသည်။ 'ဆု'ရယ်ပါတဲ့လေ။

ကျင့်သားရနေသော နားများက လူနာ့ အဆုတ်ထဲမှ အသံတွေ၊ နှလုံးထဲမှ ညည်းသံတိုးသံတွေကို ကြားနေရသည်။ စဉ်းစားစရာမလိုဘဲ နှုတ်ခမ်းများက လူနာကို အားပေးစကား ပြောကြားသည်။ စိတ်များကမူ အမှတ်တရ ပစ္စည်းကလေးများ သိမ်းဆည်းထားရာ သေတ္တာထဲမှ ကိုဆွေ့ နားကျပ်ကလေးကို သတိရနေလေသည်။ ငွေပိုလျှံလာသည်နှင့် (LITTMAN)အမျိုးအစား နားကျပ်တစ်ခုကို ဆု ဝယ်ကိုင်ခဲ့သည်။ ကိုဆွေနှင့်ပတ်သက်၍ ဘာမှ အမှတ်မထားတော့ပြီဆိုသော သဘော။ တခြားလူတွေအမြင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆုတစ်ယောက် အခြေအနေအသစ်ဝယ် စိတ်သစ်လူသစ်နှင့်ပျော်မွေ့နေပြီ ထင်ကြစေလိုသော သဘော။ ဆုကိုယ်ဆုမူမည်သို့ လိမ်ညာ၍ ရနိုင်ပါမည်နည်း။ လူနာ့နှလုံး ညာဘက်ခြမ်းတွင် ရောဂါဖြစ်နေသည်ကို ဆုက စကားအဖြစ်ကိုဆွေ့ကို လှမ်းပြောမိ၏။ ပြီးမှ ဆုက ဆရာ၊ ကိုဆွေက ကျောင်းသားဟူသောအဖြစ်ကြောင့် ဆု နှုတ်ဆွံ့ရလေ၏။ ဆုက သင်ကြားပြသပေးနိုင်စွမ်းသည့် အခြေအနေကို ဖော်ညွှန်းရာ မရောက်စေချင်ပါ။

ကျော်ဆွေကိုသည်လည်း တစ်ချိန်တစ်ခါက ဆေးစိမ်အလောင်းနံဘေးဝယ် နှလုံးသားကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြရင်း ဆုက သူတို့အား ရှင်းပြသင်ကြားပေးခဲ့သည်ကို သတိရနေသည်။ ချစ်တတ်သော နှလုံးသားအကြောင်းကိုလည်း ဆုပင် သင်ကြားပေးခဲ့သည်။ လွမ်းရ ဆွေးရအောင်လည်း သည်နှလုံးသားကို ဆုပင် ခွဲရက်ခဲ့ချေသည်။

နားကျပ်ပြန်ပေးရင်း 'ကိုဆွေ ဖေဖော်ဝါရီလ ဖြေရမယ်လား' ဟု သိပြီးသားကို ထပ်မေးမိပြန်၏။

'ဟုတ်ကဲ့' သူ့ အဖြေက ဤမျှသာ။

လူနာ ခုတင်ဘေးမှခွာကာ မတိုင်ပင်ဘဲ ဆေးရုံကော်ရစ်ဒါတွင် အတူ ရပ်မိကြသည်။ ပြောစရာစကားတွေ ရင်မှာ အပြည့်ရှိလျက်က သင့်တော်မည့်စကားကို ရွေးချယ်နေကြရသည်။ ဆု လက်ထပ်ပြီးပြီလား။ ကိုလတ်ဘယ်မှာလဲ။ အဆင်ပြေနေရဲ့လား မေးချင်မိသည်။ ပြီးတော့ ပြောချင်



မိသည်။ ဆုကို လွမ်းနေခဲ့ပါကြောင်း။ ဘာတစ်ခုမှ မပြောသာ။

'ကိုဆွေ ရှိနေတယ်ဆိုတာ တို့ မသိဘူး'

သူ ပြုံးမိသည်။ မချိသည့်အပြုံး။ အလုပ်တွေခန့်တော့မည်ဆိုကတည်းက ဆု အလုပ်ဝင်တော့မည်ဟု သိခဲ့သည်။ အလုပ်ဝင်လျှင် တော်သောဆုကို ကျောင်းက ဆရာအဖြစ် ပြန်ခေါ်မည်ကိုလည်း မှန်းဆနိုင်ခဲ့သည်။ ရင်ဆိုင်တွေ့ဆုံရမည်ကို ထိတ်လန့်လျက် မနှစ်က ကျောင်းမတက်ဖြစ်။ သည်နှစ်တော့ မဖြေလျှင်လည်း မဖြစ်တော့ပြီ။ သည်တော့ စိတ်ကူးထဲမှာ ဆုနှင့် အကြိမ်ကြိမ် ရင်ဆိုင်ကြည့်ခဲ့သည်။ သို့စင်လျက် မင်္ဂလာဒုံစစ်ဆေးရုံမှ ဤဆေးရုံသို့ တာဝန်အပြောင်းတွင် ဆု ဘွဲ့လွန်ဖြေရန် ခွင့်ယူထားကြောင်း သိရတော့ စိတ်သက်သာရာရလိုက်သည်မှာ ပြောစရာမရှိ။ ခုတော့လည်း မမျှော်လင့်ထားချိန်တွင် ပြန်တွေ့ချေသည်။ သူ့အခြေအနေ သူ ဤမျှထိန်းနိုင်လျှင်ပဲ ကျေနပ်လောက်ပါပြီလေ။

'အားလုံးနေကောင်းကြတယ် မဟုတ်လား'

'မာမာ မကျန်းမာဘူး။ ကျောက်ကပ် မကောင်းတော့ဘူး။ Dialysis လုပ်လုပ်နေရတယ်။ ကျွန်တော် မန္တလေးပြောင်းဖို့ပါပဲ။ မာမာ့အတွက်ကြောင့် မပြောင်းဖြစ်ခဲ့ဘူး။ ခုလည်း ကျွန်တော် ကျောင်းတက်နေတယ်ဆိုရင် သူစိတ်ချမ်းသာမှာမို့ . . .'

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားသည် အဆုံးမသတ်ခဲ့။

'သား စိတ်ချမ်းသာမယ်ဆိုရင် သားစိတ်ကြိုက် ဘာမဆို မာမာလိုက်လျောပါတော့မယ်။ ဆုမြတ်လှိုင်ကို ယူချင်လည်းယူပါတော့'ဟု ကြာမြင့်စွာကပင် မာမာ ပြောခဲ့ကြောင်း ခုမှတော့ ဆုကို သူ ပြန်ပြောပြမနေချင်ပြီ။

'အားလုံးလွန်ခဲ့ပါပြီ မာမာ'ဟု သူ မာမာ့ကို ဖြေခဲ့သလိုပင် အခြေအနေအားလုံးသည် လွန်ခဲ့လေပြီ။

'ကိုဆွေ ဘာလိုသေးလဲ။ တို့ ကူညီနိုင်တာဆိုရင်'

ဆုလည်း စကားတစ်ဝက်တပျက်နှင့် တုံ့ဆိုင်းရသည်။ ပန်းတိုင်မရောက်ဘဲ နောက်ကျ ကျန်ရစ်သူအပေါ် အထက်စီးဆန်နေလေမလား။

'အခုတော့ မလိုပါဘူး။ ကျေးဇူးတင်ပါတယ်'

'ဒီအထိ စိမ်းကြဖို့ မလိုပါဘူး ကိုဆွေ၊ တို့တွေဟာ တကယ်တော့ သူငယ်ချင်းတွေပဲ မဟုတ်လား'

ကျော်ဆွေကို ပြုံးရပြန်သည်။ သူငယ်ချင်း၊ အဆေးဆုံး ဝေးခဲ့ကြသည့် သူငယ်ချင်း။

'အစ်ကိုကြီး ကိုဘိုကြည်ဆီက ဘာသတင်း ကြားသေးလဲ'

'သူငယ်ချင်းတွေနဲ့ အဆက်အသွယ် ပြတ်နေတာကြာပါပြီ'

'မင်းမော် လက်ထပ်တာ သတင်းစာထဲမှာ တွေ့လိုက်သေးလား'



'ဟုတ်ကဲ့၊ အဲဒါတော့ တွေ့လိုက်ပါတယ်'

နှုတ်ဆိတ်သွားကြပြန်သည်။

ဆုက နာရီကြည့်လိုက်သည်။

'တို့ သွားမယ်ကိုဆွေ။ ဒီတစ်နှစ် အောင်အောင်ဖြေလိုက်ပါ ကိုဆွေရယ်'

ကိုဆွေ ပြုံးပြန်ပါ၏။ အရာရာကို မျှော်လင့်ချက်မထားသော လူတစ်ယောက်၏ အပြုံး။

ထိုညက ဆု စာမကျက်နိုင်ခဲ့။ ကိုဆွေ့လက်ရေးနှင့်စာတိုစာကလေးများ၊ ပို့စကတ်ကလေးများ၊ သူငယ်ချင်းတွေ စုဝေးရိုက်ထားကြသော ဓာတ်ပုံများ၊ ကိုဆွေ့ နားကျပ်ကလေး၊ ပြီးတော့ စာတစ်အိတ်ထဲမှာ ကော်ကပ်ပိတ်ကာ သိမ်းဆည်းထားသည့် 'ဆွေ'ဟူသော တိပ်အနီကလေး။ ဆုသည် မကပ်တော့သော တိတ်ကလေးကို နားကျပ်မှာ ကပ်ဖို့ ကြိုးစားကြည့်မိသေးသည်။

- Let my Love like sunlight surround you,

- And yet give you illuminated freedom.

တို့ရဲ့ အချစ်ဟာ နေခြည်ပမာ ဆု အနားမှာ နွေးထွေးလို့ ဆုအတွက် ထွန်းလင်းတဲ့ လွတ်လပ်မှုကို ပေးဆပ်နိုင်ပါစေ။

ကိုဆွေ့ထံမှ ပို့စကတ်လေးများစွာအနက် တစ်ခု။ နေရောင်အောက်ဝယ် ပွင့်လန်းသော နှင်းဆီပန်းတစ်ခက်ကို လှပစွာ ရေးခြယ်ထားလျက် နောက်ကျောဘက်တွင်မူ ကို

www.burmeseclassic.com

www.burmeseclassic.com



ဆွေ့လက်ရေးနှင့် မေတ္တာစာလုံးကလေးများ။

နောက်တော့လည်း အဘွားကို သင်္ဂြိုဟ်သောညက ကိုဆွေ့မိခင်နှင့်အစ်မ ရောက်လာပုံကို သတိရကာ ပင့်သက်နှင့်အတူ အမှတ်တရပစ္စည်းအားလုံးကို ပြန်လည် သိမ်းဆည်းလိုက်ရပြန်လေသည်။

ဆု၏ အဆိပ်ရည်လူးသော မာနဆူးနက်ကြောင့် ချစ်သူဘဝ သွေးစိမ်းရှင်ရှင် လူးခဲ့ရပြီ။ ဆူးဖက်လေသော ဆု၏အချစ်သည် ချစ်သူဘဝ ဖြေမပြေအောင် နစ်နာစေခဲ့လေပြီတကား။

နှလုံးမြေ ဥယျာဉ်နန်းမှာလ
ယူသုံးခြွေ ခုဆင်မြန်းပါတော့
ချူလှမ်းပါ သက်ပိုင်မူးရယ်လို့
ညွတ်နူးရှာ မိုက်သူကလေးပါပဲ
ဆွတ်ခူးကာ ရှိုက်ကြူမွှေးပါလို့
အချစ်များစွာ ပိုက်ယူထွေးစေဖို့
မျှော်တွေးခဲ့မိတာပါ သခင်။
ဘယ်သို့ပင် ဘယ်လိုလှမ်းခဲ့သော်လည်း
ပန်းညှာမှာ ဆူးချွန်နက်တွေက
သွယ်ခက်ကာ ရံဆင်တော့
မယ့်သခင် ခူးခြွေခိုက်မှာလ
အဆိပ်ဝင် ဆူးတွေစိုက်ပါရော့
သွေးဖြိုက်ဖြိုက်ရှင်။



ရတက်ဖြာ ရင်မှာနှင့်ပါငဲ့
တစ်သက်မှာ တစ်ခါပွင့်သော်လည်း
ခွင့်လွှတ်တော့ ချစ်သခင်ရယ်
ဝဋ်ရှိတုံ့တင် ကြမ္မာပေပဲ
ဝေဒနာဖန်လာတဲ့အခင်းမှာလ
ဖြေရှင်းဖို့ အယူခံမဝင်
ကွယ်ရာတွင်တော့ မျက်ရည်ဝဲ။
ရှိုက်ဆွေးလို့လေ
အမိုက်ကလေး ဗျာပါဝေပေါ့
နေ့ရက်တွေ ရှည်ကြာညောင်းလာသမျှ
အမေ့ခက်လေ သူ့ဝေဒနာ မပျောင်းဘူးတဲ့
အချစ်ပြောင်းမရှာ နှစ်တွေဆန်းခဲ့သလောက်
အသစ်လော်င်းကာ ယစ်ထွေပန်းရသတဲ့
သြော်... နန်းမဟီ အသည်းမှာ အသင့်ခူးပါလို့
မှန်းရည်အမြဲသာ ပွင့်ဦးကို ဆက်ပေမယ့်
တတန်းတသီတကတည်းသာ အဆင့်ဆင့် ဆူးတွေ
ယှက်မှတော့ မောင်ရေ...သည်းအက်ကြေကွဲ။ ။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၃)

ဘွဲ့လွန်ဝင်ခွင့်စာမေးပွဲကို ပြည်လမ်းလိပ်ခုံးခန်းမဆောင်တွင် ဖြေဆိုကြရသည်။ မဟာသိပ္ပံအတွက်ရော၊ ဒီပလိုမာအတွက်ပါ စိစစ်ရကာ ဖြေဆိုသူဦးရေလည်း မနည်းလှ။

ဆုကို ဦးသက်အောင်ဝေကိုယ်တိုင် လိပ်ခုံးသို့ လိုက်ပို့ကာ ဆုစာမေးပွဲခန်းထဲဝင်မှ ပြန်သွားလေ၏။ စာမေးပွဲ ဖြေပြီးလျှင် ဆုကို တစ်ခေါက်လာပြန်ကြိုဦးမည်။ သည်တော့မှပဲ ဆု ပုဂံလိုက်မည့်အကြောင်း အဖြေပေးရတော့မည်။

ရည်မှန်းထားသည့်အတိုင်း ကောင်းမွန်စွာ ဖြေဆိုနိုင်သဖြင့် အားရကျေနပ်လှသည်။ ဆုတို့ ဆေးတက္ကသိုလ်(၂)မှ ဆရာကြီးက ဆုအဖြေလွှာကို ဘေးမှနှစ်ကြိမ် သုံးကြိမ်လာဖတ်ကြည့်ကာ ခေါင်းတညိတ်ညိတ် ပြုံးသွားသေး၏။

ယခင့်ယခင်က ဖြေဆိုလာခဲ့သော စာမေးပွဲများနည်းတူ မေးခွန်းများသည် ဆုအတွက် လွယ်ကူမြဲမို့ ဆစိတ်တွင် ဆရာဦးသက်အောင်ဝေ၏ အကူအညီမပါဘဲ ဆု

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့လွန်မရနိုင်ဘူးလားဟု စနိုးစနောင့် အတွေးတွေ ဝင်လာသည်။ တစ်ဘက်ကလည်း 'ဘယ်သူက ဘာသွားပေး၍ ဘယ်သူက ဘယ်သူ့ကို ကပ်ကာ၊ ဘယ်သူတွေကဖြင့် ဘယ်သူ့ သားသမီးမို့'ဆိုသော ကောလဟာလသတင်းတွေက ဆုကို မယုံမရဲ တွေဝေစေပြန်၏။

ဦးသက်အောင်ဝေသည် စာမေးပွဲခန်းစောင့်သော ဆရာအချို့နှင့် စကားပြောနေသည်။ ဆုထွက်လာသည်ကို မြင်လျှင် ဆရာများကို နှုတ်ဆက်ကာ ဆုထံလျှောက်လာလေသည်။ ဆရာအချို့သည် ဆုကို လှမ်းကြည့်ကြသည်။ ပညာအရ ဆရာ့ကို လေးစားကြရပေမယ့် ကိုယ်ရေးကိုယ်တာကိစ္စများမှာ ဆရာ့နာမည်ကမှ မကောင်းလေတော့ ဆရာနှင့်အတူ တွဲလာသော ဆုကို အားလုံးကပင် 'သည်ကလေးမ ဘွဲ့လွန်အတွက် အပိုင်ကြံနေပြီ'ဟု တွေးနေကြမလား။

မာနက တစ်ဘက်၊ ဘွဲ့လွန်က တစ်ဘက်၊ ဆုစိတ်ထဲတွင် လွန်ဆွဲနေကြပြန်သည်။ ပုဂံလိုက်မည် ဆုံးဖြတ်ပြီးလျက် စိတ်မှာ အထာမကျနိုင်သေး။ အို… ဘဝ၏ အစွန်းအထင်း အမည်းစက်များသည် ဂုဏ်ပကာသနရိပ်မှာ မှေးမှိန်ပျောက်ကွယ်သွားစမြဲ မဟုတ်လား။ လူတွေ အထင်ကြီးကြမက်မောကြသော ဂုဏ်တွေ ဒြပ်တွေ ဆုရင်မှာ ပွေ့ပိုက်ထားနိုင်လျှင် ဆုကို ဘယ်သူကများ ကဲ့ရဲ့နှိမ်ချနိုင်ဦးမှာတဲ့လဲ။

'ဖြေနိုင်တယ်မဟုတ်လား ဆု'

'ဆရာ ဆုတောင်းပေးလို့ ဖြစ်မှာပါ'



'ဖြေနိုင်မယ်ဆိုတာ ဆရာ စိတ်ချပြီးသားပါကွာ'

ဆရာ ဖွင့်ပေးသော တံခါးမှ ကားပေါ်တက်မည်အပြု နားထဲမှာ ယဉ်ပါးလှသော ခေါ်သံတစ်သံသည် ဆု၏ ခြေလှမ်းကို တုံ့လိုက်လေ၏။

'ဟင်… ကိုလတ်'

ပျော့ပျောင်းချိုသာနေလေ့ရှိသော ကိုလတ်မျက်နှာသည် သိသိသာသာ တင်းမာနေသည်။ အပြစ်မကင်းသူပီပီ ဆုမှာ ကိုလတ်၏ မျက်နှာကို ရဲရဲပင် မကြည့်ဝံ့ဘဲ မျက်စိမျက်နှာပျက်ရတော့သည်။

'ကိုလတ် ဘယ်တုန်းက ရောက်နေတာလဲ'

'မနေ့က ဆုဆီလာမလို့ဘဲ။ ကိစ္စတွေရှိနေတာနဲ့ပဲ ဆု စာမေးပွဲဖြေပြီးမှ လာတွေ့မယ် စိတ်ကူးပြီး ခုမှလာရတာ'

'ဘာကိစ္စတွေလည်း ကိုလတ်။ အရေးကြီးလို့လား'

'အရေးကြီးတယ်။ အဲဒါတွေအတွက် ဆုကို လာခေါ်တာပဲ'

ဆုသည် ဆရာဦးသက်အောင်ဝေ၏ မျက်နှာကို လှည့်ကြည့်ပြီးနောက် ကိုလတ်ကို စေ့စေ့မကြည့်ရဲဘဲ 'ဘယ်ကိုလဲ ကိုလတ်'ဟု မေး၏။

'ကိုလတ်က ချင်းတောင်ကတောင် ဆင်းလာရတာ ဆုရယ်။ အရေးကြီးမှပဲ ဆုက လိုက်မှာလား'

ဆုအလျှော့ ပေးရချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ'ဆိုပြီး သတိရလျက် 'ဪ… ဆရာ၊ ဒါ ဆုရဲ့အစ်ကို ဒေါက်တာဝင်းလတ်တဲ့။ ကိုလတ်၊ ဒါ ဆုရဲ့ဆရာ ဦး…'

'ဟုတ်ကဲ့ ဦးသက်အောင်ဝေ။ ကျွန်တော်က ဆရာ့ထက် နှစ်နှစ်နောက်ကျပြီး အောင်တာပါ'

'ဪ… ဆရာ ကျွန်တော့်ကို သိတာကိုး'

'သိပါပြီကောဗျာ။ ကဲ… ကျွန်တော်တို့ အရေးတကြီးကိစ္စရှိနေလို့ ခွင့်ပြုပါဦး။ ဆုရေ… လာ'

ဦးသက်အောင်ဝေမှာ မျက်နှာညှိုမြည်းလျက် ကျန်ရစ်ခဲ့သည်။ ဆုဘဝကို ဆုပြောပြသည့်အထဲတွင် ဒေါက်တာဝင်းလတ်ဆိုသော အစ်ကို မပါခဲ့။ ယခုမှ ဘယ်ထောင့် ဘယ်နေရာက ပေါ်လာမှန်း မသိပါဘဲလျက် ပိုင်စိုးပိုင်နင်း ခေါ်သွားချေသည်။

ဆု၏ မလွန်ဆန်နိုင်သည့်အသွင်မှာ သိသာ ထင်ရှားလွန်းလှသည်။

'ဆု လိုက်သွားဦးမယ်ဆရာ။ ဆု နောက်မှပဲ ဖုန်းလှမ်းဆက်လိုက်တော့မယ်။ အားနာစရာတော့ ဖြစ်နေပါပြီ ဆရာရယ်…'

'ရပါတယ်ဆု။ အဝေးကလာရတဲ့သူကို ဦးစားပေးရမှာပေါ့။ ဒါနဲ့ ဆရာသွားမယ့်ဆီ ကျွန်တော် လိုက်ပို့ပေးရမလားဆရာ။ ကျွန်တော် အချိန်ရပါတယ်'

'ကျေးဇူးပဲ ဆရာ၊ နေပါစေတော့။ ကျွန်တော်



ရုံးခဏဝင်ရဦးမယ်။ နောက် တွေ့ကြသေးတာပေါ့'

ဦးသက်အောင်ဝေသည် ဆုကိုတစ်ချက် ခေါင်းညိတ်ပြကာ ဣန္ဒြေဆည်လျက် ကားမောင်းထွက်သွားလေသည်။

ကိုဝင်းလတ်က မျက်မှောင်ကြုတ်ကာ ခပ်သွက်သွက်လျှောက်လျှင် ဆုမှာ နံဘေးမှ အပြေးကလေး လိုက်ရသည်။ ပြည်လမ်းပေါ်ရောက်လျှင် ကိုဝင်းလတ်က တက္ကစီတစ်စင်းကို တားလိုက်သည်။

'ဘယ်သွားမှာလဲ ကိုလတ်'

'အဲဒါ ဆု စဉ်းစား။ အေးအေးဆေးဆေး စားသောက်လို့ကောင်းမယ့် နေရာတစ်ခုခု။ ကိုလတ်က တောက တက်လာတာ မသိဘူး'

'ဪ… ဪ… ဆုကို စားသောက်ဖို့ ခေါ်လာတာပေါ့'

ဆု၏ မကျေနပ်ချက်က အန့်ထွက်လာသည်။ ကိုဝင်းလတ် ဘာမှမပြောဘဲ တက္ကစီပေါ်တက်တော့ ဆု လိုက်တက်ရသည်။ ကားဆရာကို ကိုဝင်းလတ်က လှည်းတန်းဘက်သို့ လက်ပြလိုက်သည်။

'ဆုက ကိုလတ်နဲ့ တွေ့ရတာတောင် ဝမ်းမသာနိုင်ဘူးပေါ့လေ'

'ဒါတော့ ကိုလတ် ရွှဲ့တာ။ ကိုလတ်နဲ့တွေ့တာ ဆု ဝမ်းမသာဘဲ ရှိပါ့မလား။ ဒါပေမယ့်…'

www.burmeseclassic.com

www.burmeseclassic.com



'ပြောလေ။ ဒါပေမယ့် ဘာဖြစ်သလဲ'

ကိုဝင်းလတ်က စီးကရက် ဖွာရှိုက်ရင်း ဆုမျက်နှာကို စေ့စေ့ကြည့်နေသည်။ ဆုကို ဦးသက်အောင်ဝေနှင့်အတူ တွေ့ရှိရခြင်းအတွက် ကိုလတ် စိတ်အထာမကျကြောင်း ဆုသိအောင် စကားလုံးများနှင့် ပြောပြစရာမလိုသည့်နည်းတူ ဦးသက်အောင်ဝေရှေ့တွင် ကိုဝင်းလတ် ဆက်ဆံပုံကို ဆုမကျေနပ်ကြောင်းကိုလည်း ဆု ပြောပြမှ ကိုဝင်းလတ် သိမည်မဟုတ်။

အတန်ကြာမှ ဆုက 'ဆု ဘွဲ့လွန်ရဖို့ သူကူညီနေတာပါ'ဟု တစ်လုံးချင်း ပြောသည်။

'သိတယ်။ ရန်ကုန်ရောက်တာနဲ့ ဆု သက်အောင်ဝေနဲ့ တွဲနေတယ်ဆိုတာ ရင်ဝဆီးကန်လိုက်သလိုပဲ ကြားရတယ်။ ဆု အတွေ့အကြုံနည်းလို့၊ သူမြှောက်ပင့်လို့ ဆုကျနေတာ မဟုတ်မှန်းလည်း ဆုကို တစ်သက်လုံးသိခဲ့တဲ့ ကိုလတ်ပဲ ဆုရယ်။ ကိုလတ် သိပ်သိတာပေါ့။ သိပ်သိလို့လည်း ကိုလတ် ပိုပြီးဒေါသထွက်ရတယ်ဆု။ ခုနက အကြောင်းတွေကြောင့် ဆုညွတ်နူးမိတယ်ဆိုရင် ကိုလတ် ခွင့်လွှတ်နိုင်သေးတယ်။ ခုတော့ ဆုရယ် ဘွဲ့တစ်ခုရဖို့များ ကိုယ့်သိက္ခာကို ကိုယ်ဒီလောက်ပဲ ချပစ်တော့မလား'

လှည်းတန်းမီးပွိုင့်တွင် ကားဆရာ လှည့်ကြည့်တော့ ကိုလတ်က ပြည်လမ်းအတိုင်း လက်ညွှန်လိုက်သည်။

'ကိုလတ် သိပ်သိလွန်းတော့ ဆု ဘာပြန်ပြောရမှန်းမသိတော့ဘူး'ဟု ဆုက ပြစ်မှု ဘွားခနဲ ပေါ်ပေါက်ခဲ့သည့် တရားခံပမာ မကျေမချမ်းနှင့်ပင် နှုတ်ခမ်းကလေးမဲ့ရွဲ့ကာ ဖြောင့်ချက်ပေးလေ၏။

'ဆု အခု ဆရာဝန်မကြီးဖြစ်နေပြီပဲ။ နောက်ထပ်ဘွဲ့ရဖို့ ဒီလောက်ပဲ အရေးကြီးသလား ဆုရယ်… ဟင်'

'အရေးကြီးတယ် ကိုလတ် အရေးကြီးတယ်။ ဆုဟာ ဆုဘဝကို ချိုးနှိမ်ခဲ့သူတွေထက် သာရမယ်။ ထိပ်တန်းရောက်ရမယ်။ ဆု အမြင့်ဆုံးကို မှန်းတယ်'

'ဆု အမြင့်ဆုံးကို မှန်းတယ်ဆိုတာ ကိုလတ်ကို ပြောပြစရာမလိုပါဘူး။ ဒါပေမယ့် ဘွဲ့ကို ခန္ဓာကိုယ်နဲ့ လဲယူဖို့ ဆုမို့ ကြံစည်ရက်တယ်'

ကိုလတ်၏ စကားများသည် ရင့်သီးသမျှ မှန်ကန်လွန်းလှ၍ ဆု၏မျက်နှာ နီရဲသွားလေ၏။

'နေပါဦး ဆု၊ အခု ဆု ဘယ်သူကို နာကြည်းပြီး ဘယ်သူ့ကို အနိုင်ယူဖို့ ဒါလောက်တောင် သဲသဲမဲမဲ ဖြစ်နေရတာလဲ'

'ဒါလည်း ကိုလတ် သိပြီးသားပဲ မဟုတ်လား ဟင်။ ဆု ဖြေစရာ မလိုဘူး ထင်တယ်'

ကားဆရာသည် စကားများရန်ဖြစ်နေသော သူတို့နှစ်ယောက်ကို လှည့်ကြည့်သည်။ သူတို့ကား သတိမပြုနိုင်။ တစ်ယောက်ကိုတစ်ယောက် ဒေါသခိုးဝေသော မျက်လုံးများနှင့် သဲသဲမဲမဲ မျက်နှာမလွှဲတမ်း စိုက်ကြည့်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ဆု ပြောစရာမလိုပါဘူး။ ကိုလတ်သိပါတယ်။ ကိုလတ်ပြောမယ်။ ဆုဟာ ဦးမောင်မောင်သော်တို့မိသားစုကို မုန်းတယ်။ ကျော်ဆွေကို့ မိသားစုကို မုန်းတယ်။ ဆုကို နှိမ်ချခဲ့တဲ့သူ မှန်သမျှကို ဆု မုန်းတယ်။ သူတို့ထက် ဆု အသာစီးရချင်တယ်။ ဖြစ်နိုင်ရင် ဆု ကလဲ့စားချေချင်တယ်။ တကယ်လည်း ကလဲ့စားချေခဲ့တယ်'

'ဆုက ဘာများ ကလဲ့စားချေနိုင်ခွင့် ရှိခဲ့လို့လဲ'

'သိပ်ကို ရှိခဲ့တာပေါ့။ ကျော်ဆွေကို့မိသားစုကို ဘယ်လို ကလဲ့စားချေသလဲဆိုတော့ ကျော်ဆွေကို့ အသည်းကိုခွဲပြီး ဒဏ်ခတ်တဲ့နည်းနဲ့ပေါ့။ ကျော်ဆွေကိုဟာ စိတ်အထိခိုက်ကြီးထိခိုက်ပြီး အခုထက်ထိပဲ နာလန်မထူအောင် အရှုံးကြီးရှုံးခဲ့ရတယ်။ ဒီအတွက် သူတို့မိသားစု စိတ်ဆင်းရဲရတယ်။ နောင်တ ရရတယ်။ ဒါကို ဆုကျေနပ်တယ်။ ကျော်ဆွေကို့ကို ဆု အင်မတန်ချစ်လျက်နဲ့ ဆုအသည်းကွဲခံပြီး သူ့ကို ဆုအသည်းခွဲအနိုင်ယူရက်ခဲ့တယ်'

'ကိုလတ်က တော်တော် ရယ်စရာ ကောင်းတာပဲ'

'ဆု ငြင်းနိုင်သလား'

'ပြောချင်တာပြောပါ။ ဆု မငြင်းပါဘူး'

'ဘယ်လို ငြင်းမလဲ။ ကိုလတ်ပြောတာ အမှန်တွေချည်းပဲ။ တစ်ခု မေးပါရစေဦး ဆု။ အခုကော ဆု စိတ်ချမ်းသာရဲ့လား။ ဆု ပျော်သလားဟင်'

ဆုက နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထား



သည်။ ဆုကို သူ့ကျေးဇူးတွေနှင့်ဖို့ကာ အနိုင်မယူရက်ခဲ့သော ကိုလတ်သည် ခုတော့ သူ့မေတ္တာတွေနှင့်ဖို့ကာ အနိုင်ယူရက်ပေ၏။

'ဆု ကလဲ့စားချေတဲ့အကြောင်းတစ်ခုကို ကိုလတ်ထပ်ပြီး ပြောရဦးမယ်။ ဝင့်ဝင့်သော်လေ... ဝင့်ဝင့်သော်၊ ဆုဆီ လာခဲ့တယ် မဟုတ်လား'

ဆု ပထမဆုံးအကြိမ်အဖြစ် မျက်လွှာချလိုက်သည်။ ဝင့်ဝင့်သော်၏ ကြောက်လန့်စိုးရိမ်သော မျက်လုံးများသည် ဆုကို ပတ်လည်ဝိုင်းကြည့်ကြသည်။ ဝင့်ဝင့်သော်၏ ရှိုက်သံများကို ကြားလာကာ ဆု နားမပိတ်မိအောင် မနည်းစိတ်တင်းထားရချေသည်။

'ဆုဆိုတဲ့ ဆရာဝန်မကြီး မျက်နှာလွှဲလိုက်တဲ့ ဝင့်ဝင့်သော်လေ။ သိပ်ဉာဏ်ကောင်းတဲ့ဆု ဘယ်မေ့ပါ့မလဲ။ အဲဒီ ဝင့်ဝင့်သော်ဆုံးပြီ။ ဒါ ဆုသိရဲ့လား'

ဆုမျက်နှာ ဖွေးခနဲ သွေးဆုတ်သွားသည်။

'ဆုဟာ ဦးမောင်မောင်သော့်သမီး ဝင့်ဝင့်သော်ကို ကလဲ့စားချေခဲ့တယ်။ ဆု အနိုင်ရလိုက်ပါတယ်။ ဆု ကျေနပ်သလား။ ပြီးတော့ ဆု စိတ်ချမ်းသာရဲ့လား'

ဆု လှုပ်ရှားလာကာ-

'သူ့ဘာသာ ကိုယ်ဝန်ရှိတာ ဆုနဲ့ ဘာဆိုင်သလဲဟင်။ ဆုက ဖျက်ချပေးရမှာလား။ ဆု ဖျက်မချပေးတာ ဆုအပြစ်လား'ဟု တုန်တုန်ယင်ယင် အော်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာဝန်တစ်ယောက်အနေနဲ့ ကလေးဖျက်မချရဘူးလို့ ဆုက ဆင်ခြေပေးမလို့ပေါ့လေ။ ကိုလတ်လည်း ဆရာဝန်ပါပဲ ဆုရယ် နားလည်ပါတယ်။ ဒါပေမယ့် ကိုလတ်လည်း ဆရာဝန်မို့ ဆု တမင်တကာ မေ့ထားတဲ့ ဆရာဝန်တစ်ယောက်ရဲ့ ဝတ္တရားတွေကို ကိုလတ် ပြန်သတိပေးရဦးမယ်။ ဆုသိလျက်သားနဲ့ ဆုမလိုက်နာတဲ့ ဝတ္တရားတွေလေ။ ကိုလတ်တို့ဟာ လူနာကို ဆေးကုရုံနဲ့ မပြီးဘူး မဟုတ်လားဆု။ ဒီရောဂါအတွက် ဒီဆေးသောက်။ ရော့ … အင့် သွားဆိုပြီး မျက်နှာမလွှဲရဘူး မဟုတ်လား။ ဒီရောဂါ ဘာကြောင့်ဖြစ်ပေါ်လာရသလဲဆိုတာ ကိုလတ်တို့ ရှာဖွေရသေးတယ်။ ဖြစ်လာရတဲ့ အကြောင်းရင်းကို ဝိုင်းဝန်းဖြေရှင်းပေးရသေးတယ်။ ကုသလို့ ပျောက်ကင်းသွားပြီး ပြန်ရင်လည်း နောက်တစ်ခါပြန်မဖြစ်အောင် နည်းလမ်းရှာဖွေပေးရသေးတယ်။ ဒါမှလည်း ဆရာဝန်တစ်ယောက်ရဲ့ တာဝန်ဟာ ကျေပွန်မှာပဲ ဆု'

ကိုလတ်ပြောမည့် စကားများကို ဆု ကြိုတင်ရိပ်စားမိနေပါပြီ။ ဆု ကိုယ်တိုင် လိပ်ပြာမသန့်နိုင်ခဲ့ဘူး မဟုတ်လား။

'ဝင့်ဝင့်သော်ဟာ ဆုကို အားကိုးပြီး လာခဲ့တဲ့ လူနာမဟုတ်လား ဆုရယ်။ သူ့မှာ အမေမရှိဘူး၊ အစ်မမရှိဘူး၊ ယုံကြည်စိတ်ချရမယ့် မိတ်ဆွေမရှိဘူး။ ဆုကသာ သူ့ကို မျက်နှာမလွှဲခဲ့ရင် ဖေးဖေးမမနဲ့ ပြဿနာ ဝိုင်းဝန်းဖြေရှင်းပေးခဲ့ရင်၊ ဥပမာဆိုကြပါစို့ သူနဲ့ဖြစ်ခဲ့တဲ့ အမျိုးသားကိုခေါ်ပြီး ဆွေးနွေးခဲ့ရင်၊ ဒါမှမဟုတ် တစ်ယောက်ယောက်နဲ့ နာမည်ခံလက်ထပ်ဖို့ အကြံပေးခဲ့ရင်၊ ဒါမှမဟုတ်လည်း ဒီပတ်ဝန်းကျင်ကနေ ရှောင်ထွက်သွားပြီး တစ်နေရာမှာ ကလေးမီးဖွားဖို့ အကြံပေးခဲ့ရင်၊ ဒါမှမဟုတ် သူ့အဖေနဲ့ တိုင်ပင်ပြီး …'



'ဒီမှာ ကိုလတ်၊ ဆုအမေ ကိုယ်ဝန်ရှိတော့ ဘယ်သူက ကူညီခဲ့လို့လဲ။ ကိုလတ်အမေတောင်မှ ဆုမွေးပြီးမှ မအူပင်ပြန်ရောက်လာတာ မဟုတ်လားဟင်။ ဆုအမေဟာ သူ့ပြဿနာကို သူ့ဘာသာ ဖြေရှင်းသွားခဲ့တာပဲ။ ဝင့်ဝင့်သော်လည်း သူ့ဘာသာ ပြဿနာ ဖြေရှင်းရမှာပဲပေါ့'

'ဒါပေမယ့် ဝင့်ဝင့်သော်က သူ့ဘာသာ မဖြေရှင်းခဲ့ဘူး။ ဆုဆီမှာ အကူအညီတောင်းခဲ့တယ်။ ဆုက လူနာကို ငြင်းလွှတ်လိုက်တယ်လေ။ ဒီတော့ သူ့ဘာသာ အရပ်လက်သည်နဲ့ ဖျက်ချဖို့ ကြိုးစားတော့တာပေါ့။ ဦးမောင်မောင်သော်ဟာ အရှက်လည်းကွဲ၊ သမီးလည်းဆုံး၊ ဆု စိတ်ချမ်းသာသလား၊ ဆု ကျေနပ်သလား'

ဆု တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ဆုကျေနပ်သလား၊ ဆုစိတ်ချမ်းသာသလား။ ကိုလတ် မေးခွန်းများနှင့် ဝင့်ဝင့်သော်၏ ရှိုက်သံများသည် ဆု၏နားဝယ်ပဲ့တင် ထပ်နေလေ၏။

'တို့များ ဆရာဝန်တွေဟာ လူနာတွေ ချမ်းသာရာ

www.burmeseclassic.com

www.burmeseclassic.com



ရအောင် ကုသပေးနေတဲ့ သူတွေပါ ညီမလေးရယ်။ လူနာတွေဟာ အသက်နဲ့ လူသားတွေပါ။ ခုတော့ ဆုက လူနာတွေကို ပေတံလို သဘောထားတယ်။ ဆုရဲ့ပညာ၊ ဆုရဲ့ အောင်မြင်မှု ရေချိန်ကိုတိုင်းတဲ့ ပေတံတွေပေါ့။ လူနာတစ်ယောက်ရဲ့ ရောဂါရှာတွေ့ရင် ဆုက ငါ့ Diagnosis(ရောဂါအမည်တပ်ခြင်း) မှန်ကန်လေရဲ့လို့ ဝမ်းသာတယ်။ ရောဂါတစ်ခု ပျောက်ကင်းသွားရင် ငါ့ကုသချက် ကောင်းလေရဲ့လို့ ကျေနပ်တယ်။ လူနာတစ်ယောက် အသက်ဆုံးသွားရင် ငါညံ့သေးတယ်၊ ငါလိုသေးတယ်လို့ ဆု ဝမ်းနည်းတယ်။ ဒီလူနာရဲ့ဘဝ၊ သူ့စိတ်ချမ်းသာမှု၊ သူ့ပတ်ဝန်းကျင်ရဲ့ အခြေအနေ ပြောင်းလဲမှုတွေနဲ့ ဆက်နွှယ်ပတ်သက်ပြီး ဆု မခံစားခဲ့ဘူး။ လူနာနဲ့ ထပ်တူထပ်မျှ ခံစားတတ်တဲ့စိတ် ဆုမှာ မရှိခဲ့ဘူး။ လူနာအတွက် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းဆိုတာ ဆုမှာ လုံးဝမရှိခဲ့ပါဘူး။ အဘွားပြောလေ့ရှိသလိုပဲ ဆုဟာ ဦးမောင်မောင်သော်ရဲ့ တဖောက်ကန်း မာနတွေကို တစ်ရွေးသားမလျှော့အောင် ပိုင်ဆိုင်ထားတယ်ဆိုတာ ဆုကိုဆု သတိထားမိရဲ့လား'

ဆု၏မျက်ဝန်းတွင် မျက်ရည်ရွှန်းလဲ့စပြုသည်။ ကိုဝင်းလတ်သည် စကားကိုရပ်နားကာ ပင့်သက်ရှိုက်သည်။ သူ ပြုစုပျိုးထောင်ခဲ့ရသောပန်းကလေးမှ မျက်နှာနွမ်းအောင်၊ စိတ်ပန်းအောင် သူ မပြုရက်ပါ။ သို့တစေ သည်မိန်းကလေးကို မာနအကျဉ်းထောင်ထဲတွင် သူမထားခဲ့ရက်နိုင်။



'ဆုရယ် ဘွဲ့လွန်တွေရလို့ကော ဆုပျော်လာမယ်ထင်သလားဟင်။ ကိုလတ် သောင်းရဲပါတယ်။ ဆုရဲ့ မာနတွေကို လျှော့မချနိုင်သရွေ့တော့ ဆုစိတ်ချမ်းသာမှာ မဟုတ်ဘူး။ အမြဲပဲ အထီးကျန်နေဦးမှာပဲ။ အခွင့်မပြေတဲ့ ဘဝတွေဟာ အများကြီးပါ ညီမရယ်။ ပြီးခဲ့တာတွေအတွက် ဘာလို့ မပြေနိုင် မကျေနိုင် ခံစားနေကြမှာလဲ။ ရှိသရွေ့၊ ရသရွေ့၊ ကျန်သရွေ့ အခြေအနေနဲ့ပဲ အကောင်းဆုံးဖြစ်အောင် မျှော်လင့်ကြဖို့ပါပဲ'

ဆုသည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ သည်းထန်စွာ ငိုကြွေးလေ၏။ အဘွားဆုံးပြီးကတည်းက ဆုဘဝမှာ မျက်ရည်မကျတော့ပြီထင်သော်လည်း တကယ်တမ်းကျတော့ ဆုမှာ မျက်ရည်မခမ်းသေးပါကလား။

ကားသည် မင်္ဂလာဒုံတပ်မြေသို့ပင် ဝင်ရောက်လာခဲ့ပြီ။ ဆု၏ ရှိုက်သံကျဲလာမှ ကိုဝင်းလတ်က လက်ကိုင်ပဝါထုတ်ပေးသည်။ ဆုသည် သဲ့သဲ့ရှိုက်ရင်း မျက်ရည်သုတ်လေ၏။

'ကိုလတ် ပြောစရာ ကျန်သေးတယ်'

'ပြောပါ ကိုလတ်'

'တောင်းပန်ချင်တာပါ ဆုရယ်'

'ပြောပါ ကိုလတ်ရယ်'

'ဆုမှာ လူနာတစ်ယောက် ကျန်သေးတယ်။ ဆု မျက်နှာ မလွှဲစေချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကိုလတ် ဘာကို ဆိုလိုတာလဲဟင်'

'ဦးမောင်မောင်သော် ဆေးရုံ တင်ထားရတယ် ဆု။ မျှော်လင့်ချက် မရှိတော့ဘူး'

'အို'

'သူဟာ ဖနီးလည်းဆုံး၊ ရာထူးလည်းလျှော့၊ စီးပွားလည်းပျက်၊ အခုဒဏ်ကိုတော့ ထပ်ခံနိုင်စွမ်း မရှိတော့ဘူး'

အိမ်မဲသဘော်ပေါ်မှာ တွေ့ခဲ့ဖူးသည့် ဝင့်ကြွားထည်ဝါသော ဦးမောင်မောင်သော်၏ အသွင်သဏ္ဌာန်ကို ဆု မြင်ယောင်မိသည်။ ဆု ဝမ်းသာနိုင်စွမ်း မရှိပြီ။

'အခု ဆုကို သူ တွေ့ချင်တယ်။ ဆု မငြင်းဘူးလို့ ကိုလတ် မျှော်လင့်ပါရစေကွာ'

ဆု နှုတ်ဆွံ့ငေးငိုင်နေသည်။

ကားရပ်သွားကာ ကားဆရာ လှည့်ကြည့်ပြန်သည်။ သတိဝင်ကာ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်မိတော့ ဆေးတက္ကသိုလ်(၂)ဆိုသော ဆိုင်းဘုတ်ကြီးက ဆုကို လှမ်း၍ နှုတ်ဆက်လေ၏။

ကိုလတ် လမ်းညွှန်သည့်အတိုင်း ကားသည် ကျောင်းဘေးမှ ကွေ့ဝိုက်ကာ ဓာတ်ဆီဆိုင် နံဘေးမှ ဆင်းလျှက် ပြည်လမ်းမပေါ် ပြန်ရောက်လာပြီး ရန်ကုန်ဘက်သို့ ပြန်မောင်းလေ၏။

'ကိုယ်ပြုမိတဲ့အမှားကို တစ်ချိန်မှာ လူတွေဟာ မှားမှန်းသိလာကြတယ်ဆု။ သိတဲ့အချိန်မှာ ဝန်မခံတောင်မှာဘဲ



လောကကို အပြီးအပိုင် စွန့်ခွာရတော့မယ့် အချိန်မှာတော့ ဝန်ခံချင်တယ်။ တောင်းပန်ချင်တယ်။ ခွင့်လွှတ်ခြင်းကို ခံယူချင်ကြတယ်။ ဦးမောင်မောင်သော်လည်း ဒီလိုပဲ ဆုရယ်၊ ဆုရဲ့အမေ သူ့ရဲ့နှမလေးကို မာနထောင်လွှား မောက်ကြွားတဲ့ တစ်ချိန်တစ်ခါက သူ ရက်စက်ခဲ့တာတွေကို သူမှန်တယ်လို့ တစ်ချိန်ကတော့ ယူဆခဲ့ပေမှာပဲ။ အခု သူ့သမီး အလှည့်ကျတော့ သူဟာ မာနကို ထိန်းသိမ်းဖို့ထက် သူ့သမီးအသက်ပြန်ရဖို့က အရေးကြီးခဲ့တယ်။ မာနနဲ့ အရက်ထက် သူ့သမီးအသက်က တန်ဖိုးရှိခဲ့တယ်။ ဒီမှာတင်ပဲ သူ့နှမအပေါ်မှာ သူ ရက်စက်ခဲ့ပါကလားဆိုတဲ့ နောင်တတွေဟာ သူ့ကို ဖိစီးတော့တာပဲ။ ဆု ခွင့်မလွှတ်ရင် သူ အသေဖြောင့်မှာ မဟုတ်ဘူး။ ဝေဒနာခံစားလျက်ကပဲ အသက်မထွက်နိုင်ဘဲ ဆုကို စောင့်ရှာပါတယ် ဆုရယ်'

'ဆု ဘယ်ကိုသွားရမလဲ။ ဘယ်လိုလုပ် မျက်နှာချင်းဆိုင်ရမလဲ'

ကိုဝင်းလတ်သည် ဆု၏ လက်ကလေးတစ်ဘက်ကို ယုယစွာ ဆုပ်ကိုင်လိုက်သည်။

'လူနာရှင်ကို ငဲ့ပါဦး ဆုရယ်။ ဆုကို အပါခေါ်ခဲ့ဖို့ သူ့ခမျာ အတန်တန်မှာလိုက်ရှာတယ်။ ဝင့်ဝင့်သော် ဆုဆီလာခဲ့တဲ့အကြောင်းကိုလည်း သူနဲ့ ကိုလတ်ပဲ သိပါတယ်။ သူက ဆုအပေါ် အပြစ်မမြင်ပါဘူး။ ဒီတော့ လက်ကမ်းနေတဲ့ မေတ္တာတွေကို ဘာလို့များ ငြင်းဆန်နေဦးမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးရယ်'

'လူနာရှင်က ဘယ်သူမို့လဲ'

'စိုးသော်ပေါ့ ဆုရယ်။ ဒီကမ္ဘာလောကကြီးမှာ ဆုရဲ့ တစ်ဦးတည်းသော သွေးရင်းသားရင်း မောင်ရင်းနှမ ပေါ့ ဆုရယ်'

*

## အခန်း(၃၄)

ရန်ကုန်ဆေးရုံကြီးသို့ ဆုရောက်ရှိသွားချိန်တွင် ဦးမောင်မောင်သော် အသက်ငင်၍နေလေပြီ။ ခုတင်ဘေးတွင်မူ မလှုပ်မယှက်ထိုင်ကာ ဖခင်၏မျက်နှာကို ငေးကြည့်နေရှာသော စိုးသော်။ စိုးသော်၏ မျက်နှာကို မြင်ရစဉ်တွင် ဆုသည် ဆု၏ မျက်နှာကို ပြန်၍ မြင်ရလေသည်။ အထီးကျန်တစ်ဦး၏ မျက်နှာ။

ကိုဝင်းလတ်သည် ဆု၏ ပခုံးကို ဖေးမကာ ခုတင်ဘေးတွင် ထိုင်စေသည်။

စိုးသော်က ဖခင်ဖြစ်သူ၏နားတွင်ကပ်ကာ···

'ဖေဖေ··· မမဆု ရောက်လာပြီ။ ဖေဖေတွေ့ချင်တဲ့ ဖေဖေ့တူမလေ။ ဖေဖေ့ဘေးမှာ ရောက်နေပါပြီ ဖေဖေ'

စိတ်တန်ခိုးသည် အံ့လောက်ပေစွ။ ဦးမောင်မောင်သော်သည် အသက်ရှူမှန်လာကာ မျက်လုံးဖွင့်လျက် ဟိုသည်ရှာဖွေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မာနဖြင့် ခက်ထန်လှသည်ဟု ဆုသိထားခဲ့သော ဦးမောင်မောင်သော်ဆိုသည့် ဆု၏ ဘကြီး မျက်နှာသည် ယခုမူ ပျော့ပျောင်းသိမ်မွေ့နေလေပြီ။

ဆုကိုမြင်လျှင် နှုတ်ခမ်းတရွရွလှုပ်ကာ စကားပြောဖို့ ကြိုးစားသည်။ ဘာသံမှမူ ထွက်မလာခဲ့။

အတွေ့အကြုံများအရ ဦးမောင်မောင်သော်၏ နောက်ဆုံးအချိန်သည် ဆိုက်ရောက်လာတော့မည်ဟု ဆု နားလည်လိုက်သည်။ ဆုလာရောက်ရခြင်းသည် ဦးမောင်မောင်သော် ကြားလိုသော စကားတစ်ခွန်းကို ပြောပြဖို့ပင် မဟုတ်ပါလား။

ဆုသည် အမောဆိုက်ကာ ဖုတ်လိုက်ဖုတ်လိုက် အသက်လုရှူနေရရှာသော မွေးမိခင်၏အသွင်ကို တစ်ဖန် ပြန်၍မြင်ယောင်မိပြန်သည်။ နာကြည်း ခါးသီးခြင်းများကား ယခင်ကလို ထန်ပြင်းအုံကြွမလာတော့။ ဆု၏ရင်ထဲတွင် ဝမ်းနည်းကြေကွဲမှုသာ စိုးမိုးလွှမ်းခြုံနေတော့သည်။ ကံဆိုးသူ မိခင်အတွက် ဆု ကြေကွဲသည်။ ပြီးတော့ ဆု မတော်စပ်ချင်သော်လည်း ဆုကိုလည်း မတော်စပ်စေချင်သော်လည်း သွေးကစပ်လေ၍ ဘကြီးနှင့် တူမဘဝမှ ပြတ်စဲမရလေသော ဦးမောင်မောင်သော်အတွက် ဆု ကြေကွဲသည်။ ဘဝ နေဝင်ချိန်တွင် မီးစာကုန် ဆီခန်းရလောက်အောင် ချစ်လှသော သမီးကို ဆုံးရှုံးရခြင်းဖြင့် လေပင့်ခဲ့ရသော ဦးမောင်မောင်သော့်အဖြစ်တွင် ဆု၏ ပယောဂ ကင်းပါသည်ဟု တင်းတင်း



ပြတ်ပြတ်ငြင်းဆန်နိုင်လေရဲ့လား။

ဆုသည် ဦးမောင်မောင်သော်၏ ပိန်လှီသော လက်တစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

'စိတ်ကို အေးအေးထားပါ ဘကြီးရယ်။ ဘုရားတရားကိုသာ အာရုံပြုပါ။ ဘာမှ တွေးမနေနဲ့တော့နော်'

ဆု၏ အသံသည် တုန်နေ၏။ ဆု၏ တစ်ကိုယ်လုံးပင် တုန်လှုပ်နေလေ၏။

'မေလေး...'

ဦးမောင်မောင်သော်၏ နှုတ်ခမ်းလှုပ်သည်ကို ကြည့်ကာ ဆု၏ မိခင်အမည်ကို တမ်းတကြောင်း ဆုသိရသည်။

'ယော်ရွယ်တုန်းမှာ လူဆိုတာ မာနနဲ့ မှားတတ်ကြတာပါပဲ ဘကြီးရယ်။ ဘကြီး မှားခဲ့တယ်။ ဆုလည်း မှားခဲ့ပါတယ်။ ခုတော့လေ ဘကြီးအပေါ်မှာ ဆု အာဃာတ မထားတော့ပါဘူး။ ကုသိုလ်ကံကြောင့်ပဲလို့ ဆု သဘောထားနိုင်ပါပြီ။ ဆု ဘကြီးကို ခွင့်လွှတ်ပါတယ်။ မေမေ့ကိုယ်စား ဆုက ခွင့်လွှတ် ကျေနပ်တယ်ဆိုရင် ဘကြီးစိတ်ဖြေပါတော့'

ကျေနပ်ဝမ်းမြောက်ခြင်းနှင့် ယူကျုံးမရ နောင်တဖြင့် ကြေကွဲဝမ်းနည်းခြင်းသည် လောကခံ အထုအထောင်းကို အလူးအလိမ့် ခံစားနေရပြီးသော ဇရာအိုတစ်ဦး၏ မျက်နှာတွင် ရောယှက်ထင်ဟပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'စိုးသော်ဟာ ဆုရဲ့မောင်လေးပါ။ ဘကြီး သူ့အတွက် စိတ်မပူပါနဲ့။ ဆု စောင့်ရှောက်ပါ့မယ်'

ဦးမောင်မောင်သော်၏ မျက်နှာသည် ဖြူးယောင်သန်းလာသည်။ ပညာလည်း မည်မည်ရရ မတတ်မြောက်၊ လူ့ဘဝဝယ် အခိုင်အမာရပ်တည်နိုင်မည့် အာမခံချက် တစ်စုံတစ်ရာမရှိသေးဘဲ ကြွေးပတ်လည်ဝန်းရံလျက် တစ်ယောက်ထီးတည်း ကျန်ရစ်ရမည့် သားအတွက် သူ့မှာ နောက်ဆံတင်းရသည်။ ယခုတော့ သားတွင် သွေးချင်းအဖော်ရှိလေပြီ။

ဦးမောင်မောင်သော်၏ မျက်လုံးများသည် မှေးမှိတ်သွားသည်။ သူ့ဦးခေါင်းသည် တစ်ဖက်သို့ စောင်းငဲ့သွားသည်။ သူ ဘယ်အခါမှ မနိုးတော့ပြီ။ သူသည် စိတ်နှလုံးငြိမ်းချမ်းစွာ ထာဝရ အိပ်စက်လေပြီ။

စိုးသော်ထံမှ ရှိုက်သံသဲ့သဲ့ကြားရသည်။

ကိုဝင်းလတ်သည် ဦးမောင်မောင်သော်၏လက်ကို သွေးခုန်နှုန်း စမ်းသပ်ရှာဖွေကြည့်နေသည်။ တကယ်တော့ သူမရှိတော့ပြီကို အားလုံးသိနေကြလေပြီ။

ဆုသည် စိုးသော်၏ မျက်နှာကို စူးစိုက်ကြည့်မိသည်။ ကြေကွဲထိတ်လန့်သော၊ အားငယ်တုန်လှုပ်သော စိုးသော်၏ မျက်လုံးများသည် ဆု၏ အသည်းနှလုံးများကို အရည်ပျော်စေခဲ့လေသည်။

ဆုက လက်မခံနိုင်၍ ငြင်းဆန်ခဲ့သော်လည်း သွေးကပြောသော မေတ္တာသည် ဆု သော့ခတ်လျှောင်ပိတ်ထားသော အကျဉ်းတံခါးကို ဖျက်ဆီးလျက်၊ ဆု၏ နှလုံးအိမ်တွင်းသို့ ချင်းနင်း ဝင်ရောက်နိုင်ခဲ့ပြီ။

ဆု ခံစားရသော ချောက်ချားဖွယ် အထီးကျန် အိပ်မက်ဆိုးများဖြင့် စိုးသော်၏ ဘဝကို ဆုနှယ် မခါးသီးစေလိုပါ။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၅)

ကျော်ဆွေကိုသည် သည်ခြံထောင့် မာလကာပင်ရိပ်ဝယ် ခါတိုင်းလိုပင် စာအုပ်တစ်အုပ် အဖော်ပြုကာ ထိုင်နေသည်။ ခါတိုင်းလိုတော့ ဝတ္ထုစာအုပ် မကိုင်နိုင်။ မကြာမီ ပြန်လည်ဖြေဆိုရဦးမည့် ဆေးကျမ်းကြီးကိုပဲ အထူးအာရုံစိုက်၍ ဖတ်ရှုနေရသည်။ ဆေးခွင့်တွေလည်း အကြိမ်ကြိမ် ထပ်ခဲ့ပြီ။ သည်တစ်ကြိမ်သည် နောက်ဆုံးအခွင့်အရေး။

ပါပါသည် သူ့ ကျောင်းမှန်မှန်ပြန်တက်နေသည်ကိုပဲ နှစ်ထောင်းအားရ အပေါင်းအသင်းများကြားတွင် ကြေညာနေသည်။ ကျောင်းခေါ်ချိန်ပြည့်လျှင် စာမေးပွဲအောင်ဖို့ ဤမျှခက်ခဲလှတော့မည် မဟုတ်။

မာမာသည်လည်း သူ့ တိုက်တွန်းသည်ကို လက်ခံကာ၊ နိုင်ငံခြားသို့သွား၍ ကျောက်ကပ် အစားထိုးကုသခြင်းကို ခံယူရန် ဆုံးဖြတ်လေပြီ။ ဆက်လက် အသက်ရှင်သန်နေရန် စိတ်လည်လာသည့် သဘော။

www.burmeseclassic.com

www.burmeseclassic.com



'သား ဆရာဝန်ကြီးဖြစ်ပြီးမှ မာမာ သေမယ်တဲ့'

မာမာ့အတွက်၊ ပြီးတော့ လူရယ်လို့ ဖြစ်လာမှ တာဝန်တစ်ခုကို ပြီးဆုံးအောင် ထမ်းဆောင်ရဦးမည့် လူ့တာဝန် လူ့ဝတ္တရားတွေအတွက် အမ်ဘီဘီအက်စ်ဘွဲ့ကိုတော့ သူရအောင် ယူရပေဦးတော့မည်။

ပတ်ဝန်းကျင်ကို ရင်မဆိုင်ဘဲ ရှောင်လွှဲရင်းက ကြာလေပတ်ဝန်းကျင်ကို ကြောက်လေဖြစ်ခဲ့ရသည်။ ယခုမူ ပတ်ဝန်းကျင်မှ ရှောင်သွေထွက်ပြေးဖို့ သူ မကြိုးစားလိုတော့ပြီ။ ဆုကိုပင် ကွာဟနေသော အခြေအနေများတွင် သူ ပြန်လည် ရင်ဆိုင်နိုင်ခဲ့ပြီပဲ။

အမိဆေးတက္ကသိုလ်သည် ဆုအား ဘွဲ့လွန်သင်တန်းတက်ရန် ရွေးချယ်ခဲ့ချေ၏။

ဆေးပညာစာသင်ခန်းမကြီးတွင် ဆုနှင့် သူပြန်လည် ဆုံတွေ့ကြရပြန်သည်။ ဆုက ဘွဲ့လွန်အတွက် ဆရာကြီးများ၏အတန်းကို လာတက်သော ဆရာမ။ သူက နောက်ဆုံးနှစ်အပိုင်း(ခ) စာမေးပွဲကို နောက်ဆုံး ကြိုးပမ်းခွင့်အဖြစ် ဖြေဆိုမည့် ကျောင်းသား။ တစ်ပတ်လျှင် နှစ်ကြိမ်ဆုံမိကြပေမယ့် ကျယ်ဝန်းလှသော ခန်းမကြီးတွင် များပြားလှသော ကျောင်းသူ ကျောင်းသားများကြား၌ ကွာခြားလှသော အခြေအနေများကြောင့် လှမ်း၍မျှ နှုတ်မဆက်သာ။ မျက်နှာချင်းပင် မဆိုင်ဖြစ်အောင် တမင်တကာ ရှောင်တိမ်းမိလေသလား။ ဘာပဲဖြစ်ဖြစ် ခံနိုင်ရည်ရှိလာပြီဟု သူ့ကိုယ်သူ သတ်မှတ်



ရတော့မည်။

ဆုကိုပင် ရင်ဆိုင်နိုင်ပြီဆိုတော့လည်း ယခင်က အတန်းဖော်များကို ယခု သူ့ဆရာများအဖြစ် ရှိသေညွှတ်ကျိုးဖို့ မသိမ်ငယ်နိုင်ပြီ။ ပို၍ အတန်းငယ်ခဲ့သော တစ်ချိန်က အသိအကျွမ်းများပင်လျှင် ကျောင်းတွင် ဆရာပေါက်စများဖြစ်နေကြလျက် သူတို့ စာသင်ပေးတော့လည်း သူလေးစားဖို့ ဝန်မလေးနိုင်ပြီ။ သိဟောင်း ကျွမ်းဟောင်းတို့သည် တချို့လည်း ဝမ်းပန်းတသာ ကြိုဆိုကာ ဖေးဖေးမမ လက်တွဲခေါ်ကြသည်။ တချို့ကမူ အထက်စီးမှ အကြည့်တွေ၊ အပြောတွေနှင့် နောက်ကျန်ရစ်သူပဲဟူ၍ နှိမ့်ချလိုကြသည်။ တချို့မူကား အားတုံ့အားနာ နှုတ်ဆက်ခက်လျက် မျက်နှာလွှဲသွားကြပြန်ချေသည်။

တွေဝေ ငေးမောရင်း သုံးနှစ်ကျော်မျှသော အချိန်တွေ အလဟဿ ကုန်ဆုံးခဲ့ရလေခြင်းဟူ၍လည်း နောင်တတွေရမနေချင်။ တုံ့ပြန်စိတ်ကျရောဂါဟူသော ဝေဒနာကိုကျောခိုင်းလျက် ရီလီစင်၊ ဖေလီယံစိတ်ငြိမ်ဆေးများကိုလည်း သူ ဖြတ်တောက်ပစ်ပယ်လျက် တိုက်ပွဲဝင်ဖို့သာ ပြင်ဆင်နေပြီ။

သူ့မှတ်စုဟောင်းများကို ပြန်လည်လေ့လာစဉ်ဝယ် ဆု၏ သေသပ်လှပသော လက်ရေးများကို လွမ်းမောဖွယ် မြင်တွေ့ရသည်။ ဆုနှင့် ပတ်သက်သော ခြေရာလက်ရာ အရိပ်အငွေ့များကို ဖျောက်ဖျက်ပစ်ဖို့ သူ ဘယ်အခါမှ မစဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ပါ။ ဆုသည် သူ၏ ရှင်သန်လှုပ်ရှားရသော ဘဝဝယ် သူ တန်ဖိုးထား မြတ်နိုးလှသော အချက်အချာကျလှသည့် တစ်စိတ်တစ်ဒေသ၊ တစ်ခန်းတစ်ကဏ္ဍပါပဲ။ သူ့ဘဝ မဆုံးသရွေ့ ဆုသည် သူနှင့်သက်ဆိုင်နေဦးမှာပါပဲ။ ဆုက မည်သို့ပင် ရက်စက်စွာ ပစ်ခွာသွားရက်ခဲ့သော်လည်း ရင်မှာနာကျင်စွာ ခံစားရလျက်ကပင် သူသည် ဆုကိုချစ်မြဲ၊ ချစ်ဆဲ။

ခုတော့လည်း ဆု အပါအဝင် သူငယ်ချင်းတစ်စု တွဲရိုက်ထားသော ဓာတ်ပုံကလေးကို ကာလကြာရှည် စာကြည့်စားပွဲတွင် တရိုတသေ တင်ထားသည်ကို မိခင်နှင့် အစ်မများလည်း ကန့်ကွက်ကောင်းသည် ထင်မှတ်ဟန်မတူတော့။

မာလကာပင်ထက်တွင် မာလကာသီးပွပွကြီးများကို သူမြင်တွေ့နေရသည်။ သူကတော့ မာလကာသီး မကြိုက်ပါ။ အထူးကြိုက်နှစ်သက်စွာ အလုအယက်ခူးလေ့ရှိသော အစ်မများထက်ဦးအောင် ဆုဖို့ ခေါင်သီးများ ခိုး၍ ခူးရမြဲဖြစ်ကြောင်းတွေ သတိတရ ပြုံးမိသည်။

မာလကာသီး ကြိုက်တတ်သော ဆုကို သတိရတော့ မာလကာသီးကြိုက်တတ်သော တစ်ဘက်ခြံမှ ဝင့်ဝင့်သော်ကိုလည်း သတိရမိပြန်သည်။ မာလကာသီး ကြိုက်တာချင်း တူညီသလို ရုပ်ချင်းလည်း ဆင်တူလှသော ဆုနှင့် ဝင့်ဝင့်သော်သည် သွေးချင်းတွေပေမယ့် ဆက်စပ်မရသော ဘဝများတွင် ခြားနားလှသော အနေအထိုင် အယူအဆများ



နှင့် ကြီးပြင်း ကျင်လည်ခဲ့ကြသည်။ ယခု ဝင့်ဝင့်သော် မရှိတော့ပြီ။

သုံးနှစ်လောက် ဝင့်ဝင့်သော်နှင့် သူ မဆုံစည်းဖြစ်ဘူးထင်သည်။ ခြံချင်းကပ်နေပေမယ့် အသွင်မတူစွာ အဲဆက်အစပ်ကင်းမဲ့ခဲ့တော့လည်း အနေဝေးကြသည်မှာ မဆန်းလှ။

ဝင့်ဝင့်သော် မဆုံးမီ သုံးလေးရက်ကမှ သူသည် ဤခြံထောင့်ဝယ် တစ်ဖန်ပြန်၍ စာကြည့်ဖြစ်ခဲ့သည်။

'ကိုကို မာလကာသီး တစ်လုံးလောက်'

ပျော့ပျောင်း နူးညံ့သော အသံကလေးကြောင့် စာကြည့်နေရာမှ လှည့်ကြည့်ဖြစ်သည်။

တစ်ဘက်ခြံစည်းရိုးနံဘေးဝယ် ဝင့်ဝင့်သော်ကို တွေ့ရသည်။ ကလေးဘဝကတည်းက တွေ့ခဲ့ မြင်ခဲ့ဖူးခဲ့လေသမျှ အကြိမ်များနှင့် ခြားနားလှစွာ အပြင်အဆင် ကင်းမဲ့လျက် ဖြူလျော်ပိန်လှီသော ဝင့်ဝင့်သော်ကို သူ အံ့သြငေးမောမိသည်။

မာလကာသီးခူးပေးရင်း 'နေမကောင်းဘူးလား'ဟု မေးဖြစ်သည်။

ဝင့်ဝင့်သော်က မဲ့ပြုံးကလေးနှင့် ခေါင်းညိတ်သည်။

မာလကာသီးရလျှင် 'ကျေးဇူးပဲ ကိုကို'ဟု ပြောလေသည်။

ကျော်ဆွေကို ကုလားထိုင်မှာ ပြန်ထိုင်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝင့်သော်သည် ထွက်ခွာမသွားသေးဘဲ ငေးငိုင်နေ၏။

'ကိုကို ကျောင်းပြန်တက်နေပြီလား'ဟု ကျော်ဆွေ့ကို့လက်ထဲမှ စာအုပ်ကိုကြည့်ကာ မေးသည်။

'တို့ တစ်ခါ ဖြေခွင့်ကျန်သေးတယ်'

'ကိုကို အောင်မှာပါ'

'မျှော်လင့်တာပဲကွာ'

'ကိုကို ကျောင်းပြန်တက်ဖြစ်တာ ဝင့်ဝင့် သိပ်ဝမ်းသာတာပဲ'

'ဝင့်ဝင့်သော်ကော ဆယ်တန်းအောင်သွားပြီလား'

ဝင့်ဝင့်သော် ခေါင်းခါယမ်းသည်။

'ဒီနှစ် ဖြေဦးမလား'

ဝင့်ဝင့်သော်က မဲ့ပြုံးနှင့်ပင်–

'မထူးတော့ပါဘူး'ဟု တီးတိုးဆိုသည်။

'ဝင့်ဝင့်က ကိုကို့ထက် ကံဆိုးတယ်။ ကံတူအကျိုးပေးပေမယ့် ဝင့်ဝင့်ဘဝက နာလန်မထူတော့ပါဘူး'

သူ နားမလည်သော စကားကိုဆိုကာ ဖြည်းလေးစွာ ပြန်လှည့်သွားသော ကလေးမကို ဇဝေဇဝါ လိုက်ကြည့်မိရင်း ဘာကြောင့်ရယ်မသိ ခါတိုင်းလို ဝင့်ထည်မနေသော ဝင့်ဝင့်သော်ကို သူ ကရုဏာသက်လိုက်မိသေးသည်။

နောက်တော့လည်း အမှတ်မထင်ပင် မေ့ပျောက်သွားခဲ့ကာ တစ်ဘက်အိမ်မှာ လူဝင်လူထွက်များလှသည်ကိုလည်း ထွေထွေရာရာ စိတ်မဝင်စားဖြစ်ခဲ့ဘဲ သတင်းစာထဲ



ပါလာမှ ဝင့်ဝင့်သော် ကွယ်လွန်ကြောင်း သိရှိရတော့သည်။

ရှူးမိုက်လိုက်လေဟု အပြစ်မတင်ဖြစ်။ ပုထုဇနော ဥမ္မတကော လူတိုင်းပင် တစ်မျိုးစီရူး၍ တစ်ဖုံစီ မိုက်ကြတာပဲဟု စာနာတွေးတောမိလေ၏။

မအူပင်မှ ဦးမောင်မောင်သော် ပြန်ရောက်လာတာတွေ၊ သမီးဆုံးပြီးနောက် စိတ်နှလုံးထောင်းထောင်း ကြေကာ ဘုန်းဘုန်းလဲတာတွေ နားစွန်နားဖျား ကြားရသေးသည်။ ဦးမောင်မောင်သော် ဆုံးပါးခဲ့ချိန်တွင် ပါပါနှင့် အစ်မများ တစ်ဘက်ခြံသို့ သွားရောက်ကူညီအားပေးကြကြောင်း သူသိခဲ့ရသည်။ ဆုနှင့်ပတ်သက်သည် ယူဆ၍လား၊ မဆီမဆိုင်သော အနိဋ္ဌာရုံများဖြင့် သူ၏အနည်ထိုင်စစိတ်ကို အနှောင့်အယှက်မဖြစ်စေလို၍ဘဲလားမသိ။ သူ့အိမ်သားများသည် တစ်ဘက်ခြံမှ သတင်းစကားများကို သူ့ထံ မသယ်ဆောင်လာကြပေ။

'အစ်ကို စာကြည့်နေသလား'

အတွေးမှ လန့်နိုးသွားသည်။

သည်တစ်ကြိမ်တော့ ဝင့်ဝင့်သော် မဟုတ်နိုင်တော့ပါ။ ဝင့်ဝင့်သော်၏မောင် စိုးသော်ပါ။ ဆံပင်တွေမှာ ဖွာရာကျဲလျက် ညှိုးလျှသော လူငယ်ကို သူက မျက်လုံးများနှင့်သာ ကြိုဆိုနှုတ်ဆက်ဖြစ်နေ၏။

'အနှောင့်အယှက်ဖြစ်သွားမလား မသိဘူး။ ကျွန်တော် ဒီဘက်ကို လှမ်းကြည့်ရင်း ဒီမာလကာပင်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့ ဝင့်ဝင့်ကို သတိရလို့ပါ။ ဝင့်ဝင့်ဟာလေ အစ်ကို့ကို ဒီနေရာမှာတွေ့တိုင်း မာလကာသီးတောင်းဖို့ ပြေးတော့တာပဲ'

စိုးသော်သည် တစ်စုံတစ်ခု တွေ့လိမ့်နိုး မျှော်ကိုးလေဟန် ဟိုသည် လွမ်းလွမ်းဆွတ်ဆွတ် လှည့်ပတ်ငေးမောနေသည်။ ကျော်ဆွေကိုသည် စိုးသော်ကို သနားမိပြန်လေ၏။

'ခုတော့... ဝင့်ဝင့်မရှိတော့ဘူး'ဟု စိုးသော်က တီးတိုးရေရွတ်နေသည်။

ကျော်ဆွေကိုသည် အားပေးနှစ်သိမ့်စကား မဆိုတတ်ဘဲ သူပြောသည်ကို နားထောင်ခြင်းသည်သာ သူ့ဝေဒနာ သက်သာရာရကြောင်း အထောက်အကူ ဖြစ်နိုင်ကောင်းမည်ဟု ယူဆမိလေသည်။

'မာလကာသီးကြိုက်တဲ့ လူတစ်ယောက်ကတော့ မရှိရှာတော့ဘူး'

မာလကာသီးကြိုက်သော နောက်တစ်ယောက်ထံသို့ ကျော်ဆွေကို့လိပ်ပြာသည် လျှပ်တစ်ပြက်မျှ ပျံဝဲရောက်ရှိသွားလေသည်။

'အခုတော့ ဒီအိမ်ကြီးမှာ ကျွန်တော်တစ်ယောက်တည်းပဲ အစ်ကို။ သူငယ်ချင်းတွေ ခေါ်ထားကြည့်သေးတယ်။ မထူးပါဘူး။ တစ်ယောက်တည်း ဖြစ်နေတာပါပဲ။ တစ်ယောက်တည်း နေတာကြာတော့ ချောက်ချားလာတယ်



အစ်ကို။ ကြာလွန်းရင် ခါးသီးလာတတ်တာ လွန်တယ် မဆိုနိုင်ပါဘူး အစ်ကိုရာ'

စိုးသော်သည်လည်း ဝင့်ဝင့်သော်နှယ် သူနားမလည်သော စကားများကို ဆိုပြန်လေသည်။

'ဒီလိုသာ တစ်ယောက်တည်း နေသွားရရင် မလွယ်ဘူး။ ကျွန်တော် ကြောက်လာတယ်။ ကျွန်တော် သွေးချင်းအဖော်လိုနေတယ်။ သွေးရင်းကလည်း ရှားပါးတယ် အစ်ကိုရယ်၊ ကျွန်တော့်မှာ တစ်ယောက်တည်းပဲ ရှိပါတယ်'

သည်စကားကိုတော့ ကျော်ဆွေကို နားလည်ကာ ခေါင်းညိတ်မိသည်။ စိုးသော်သည် ဆုအပေါ် သံယောဇဉ်ရှိရှာကြောင်း သူသိခဲ့သည်။

'သူဒီမှာလာနေဖို့ ကျွန်တော် ကြိုးစားနေတုန်းပဲ'

စိုးသော်စကားသည် သူ့ရင်ကို လှုပ်ရှားစေသင့်သည်။ ဘယ်လိုမှ မခံစားရတော့ သူ့ဘာသာ အံ့သြနေလေသည်။ စိုးသော်က ခေတ္တစဉ်းစားပြီးနောက်-

'သူကလည်း မာလကာသီး သိပ်ကြိုက်တာပဲ အစ်ကို'ဟု ဆို၏။

တစ်ချက်ပြုံး၍ ထွက်ခွာသွားသော စိုးသော်ကို ကျော်ဆွေကို ငေးမောကျန်ရစ်လေသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၆)

BURMESE CLASSIC .com

မင်္ဂလာဒုံလေဆိပ်။

မမျှော်လင့်ပါဘဲ ကိုလတ်သည် မလေးရှားသို့ နှစ်ရှည်လများ ထွက်ခွာသွားပေတော့မည်။

လေဆိပ်ခန်းမဆောင်တွင် ဒေါ်လေးမြတို့မိသားစု၊ ဆုနှင့် စိုးသော်တို့သည် ကိုလတ်၏ မိတ်ဆွေအချို့တို့နှင့်အတူ ကိုလတ်တို့မိသားစုကို နှုတ်ဆက်ရန် စုဝေး ရောက်ရှိနေကြသည်။

မှန်သည်။ ကိုလတ်တို့မိသားစု။ ကိုလတ်ရယ်၊ ဒေါ်လေးမှီရယ်၊ ပြီးတော့ မိမိရယ်။

အစကတော့ ကိုလတ်တစ်ယောက်တည်း ထွက်ခွာသွားမည် ထင်ခဲ့သည်။ မအူပင်မှ မခွာတော့ပြီထင်ရသော ဒေါ်လေးမှီ လိုက်ပါသွားမည်ဆိုတော့ ဆု အံ့သြခဲ့ရသည်။ ပို၍ အံ့သြရသည်ကတော့ ယနေ့ ခန်းမဆောင်တွင် မိမိလည်း ကိုလတ်နှင့်အတူ လိုက်ပါသွားရန် ရောက်ရှိနေသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပါပဲ။

'ကိုလတ်က ဆုကို ဘာမှ အသိမပေးဘဲ ကြိတ်ကြဲလိုက်တာ'ဟု ဆုက အပြစ်တင်မိသည်။

ဦးမောင်မောင်သော်၏ ရှာပနကိစ္စ ပြီးဆုံးပြီးမှ ကိုလတ် မလေးရှားသွားခွင့်ဗီဇာ ကျလာပြီဟု သိရစဉ်ကလည်း ဆုက ဤသို့ပင် ဝမ်းနည်းပန်းနည်းအပြစ်တင်ရသေးသည်။

'ဆုကိုမှ အသိမပေးတာ မဟုတ်ပါဘူး ညီမရယ်။ ကိုလတ်ဘယ်သူ့ကိုမှ အသိမပေးခဲ့ဘူး။ မီမီက ရှယ်လီ့ဆီမှာ မနေချင်ဘူးလို့ ကိုလတ်ဆီ စာရေးလာတယ်။ အမှန်တော့လည်း ကိုလတ် သမီးကလေးဟာ အပျိုကလေးဖြစ်နေပြီပဲ။ ပထွေးနဲ့နေဖို့ ဘယ်သင့်တော်မှာလဲ။ ခုတစ်ခါမှာတော့ ရှယ်လီကပဲ မီမီ့ကို ကိုလတ်နဲ့ နေခွင့်ပြုခဲ့တယ်။ ခက်တာက မာမီ။ ဆုသိတဲ့အတိုင်း မာမီက ရှယ်လီ့ကို သိပ်မုန်းတယ်။ ရှယ်လီနဲ့ရတဲ့ ကိုလတ်ရဲ့သွေးကို လက်မခံနိုင်ဘူး။ ဒီတော့ ကိုလတ်နဲ့ မီမီအကြားမှာ သံယောဇဉ်တွယ်တာမှုတွေ ပျိုးထောင်ယူနိုင်ဖို့ သီးသန့်တစ်နေရာ ကိုလတ်စဉ်းစားရတယ် ဆု။ အဆင်မပြေတဲ့ ဇာတ်လမ်း၊ မလှပတဲ့ ဇာတ်လမ်းရဲ့ အခိုးအငွေ့တွေနဲ့ ကင်းဝေးမှလည်း သားအဖမေတ္တာ ပီပီပြင်ပြင် တည်ဆောက်နိုင်မယ် မဟုတ်လား'

ဆုသည် ဒေါ်လေးမို၏ လက်မောင်းကို ပွေ့ဖက်ကာ ဘေးပတ်ဝန်းကျင်သို့ ငေးမောနေသော မီမီ့ကို ကြည့်နေမိသည်။ ကိုလတ်၏သမီးသည် ကိုလတ်ပြောသလိုပင် အပျိုဖြန်းကလေး ဖြစ်နေပါရောလား။ တစ်ဖန် 'အဆင်မပြေသော ဇာတ်လမ်း'မှ ပေါက်ဖွားလာရသော ကလေးပီသစွာပင် ကျွတ်ဆတ်ဆတ် မှုန်တေတေပါပဲလား။ တစ်ဖန် ကိုလတ်နောက် တကောက်ကောက်လိုက်ကာ တွယ်ကပ်နေသည်မှာလည်း သနားစရာကလေးပါပဲလား။



'မီမီ့ကို ပစ်ထားခဲ့တဲ့အချိန်တွေဟာ သိပ်ကြာသွားခဲ့တယ်။ မီမီသိပ်ပြီး ခါးသီးမသွားသေးဘူးလို့ ကိုလတ်မျှော်လင့်တာပါပဲ။ ကိုလတ်ရဲ့ အချစ်တွေ မေတ္တာတွေ အများကြီးပေးပြီး မီမီ့အတွက် ပျော်စရာဘဝ ဖန်တီးပေးနိုင်ဦးမယ်ထင်တာပဲ ဆုရယ်'

ဆု နားလည်စွာ ခေါင်းညိတ်ရသည်။

'ဆု ထင်ခဲ့သလို ကိုလတ်ဟာ အကြင်နာမနည်းခဲ့ပါဘူး ဆုရယ်။ ကိုလတ် မချစ်တဲ့ မိန်းမတစ်ယောက်နဲ့ မှားယွင်းမိတဲ့ ကိုလတ်ရဲ့ အားနည်းမှု၊ မချစ်ဘဲ မပေါင်းသင်းနိုင်ခဲ့တဲ့ ကိုလတ်ရဲ့ ပျက်ကွက်မှုတွေကို ကိုလတ်ဝန်ခံပါတယ်။ ရှယ်လီနဲ့ ဆက်သွယ်ရမှာကြောက်လို့ မီမီ့ကို ကိုလတ် စိမ်းကားသလို ဖြစ်ခဲ့ရတာလည်း အမှန်ပါပဲ။ ဒါပေမယ့် တကယ်တော့ ကိုလတ် သမီးကို ကိုလတ်ငဲ့ခဲ့ပါတယ်။ သမီးကိုငဲ့လို့ပဲ ရှယ်လီ့ကို မပေါင်းပေမယ့် ကိုလတ် ကွာရှင်းဖို့ မကြိုးစားခဲ့ပါဘူး။ ကိုလတ်ဖြစ်ချင်တာတွေ ဖြစ်လာဖို့လည်း မကြိုးစားခဲ့ပါဘူး။ ဆုလည်း [illegible]ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာမှပဲ။ ကိုလတ်ကို နားလည် ခွင့်လွှတ်တန်ကောင်းပြီလို့ ကိုလတ် မျှော်လင့်တယ် ဆုရယ်'

'ဆု နားလည်နိုင်ပါပြီ ကိုလတ်ရယ်။ ကိုလတ် ပြောခဲ့သလိုပဲ အဆင်မပြေတဲ့ ဘဝတွေဟာ အများကြီးပဲလို့ ဆုသဘောပေါက်တတ်နေပါပြီ'

ဒေါ်လေးမှီသည် ဒေါ်ဒေါ်မြကို ဘာတွေမှန်းမသိ တတွတ်တွတ်မှာ၍ မဆုံးအောင် ရှိနေသည်။ စိုးသော်သည် ကိုလတ်၏ မိတ်ဆွေနှစ်ယောက်သားတွင်ထိုင်ကာ လေယာဉ်ကွင်းဆီသို့ ငေးမောနေလေ၏။

မမရှယ်လီသည် လှပ၍ ပေါ့ပျက်သူအဖြစ် နာမည်ကြီးခဲ့လေသည်။ ယောက်ျားများသည် မမရှယ်လီအပါးတွင် တရှန်းရှန်း ရစ်ဝဲစမြဲ။ ထိုအထဲတွင် မြာစွံသော လူပျိုပေါက်ကလေး ကိုလတ် အမှတ်မထင်ပါဝင်မိရာက မမရှယ်လီအမိဖမ်းလိုက်သဖြင့် တရားဝင် လက်ထပ်ယူလိုက်ရလေ၏။ ဒေါ်လေးမှီသည် သား၏ လက်ထပ်ခြင်းကို လုံးဝ အသိအမှတ်မပြုခဲ့။ ကိုလတ်သည်လည်း မမရှယ်လီနှင့် လက်ထပ်ကတည်းက လုံးဝ မပေါင်းသင်းခဲ့။ သားမယား စရိတ်မှန်မှန်ထောက်ပံ့သည်မှအပ အဆက်အသွယ် လုံးဝပြတ်စဲခဲ့လေသည်။ ကြာတော့ မမရှယ်လီသည် ပွေမြဲ၊ ရှုပ်မြဲ။ နောက်ဆုံး ကိုလတ်ထံမှ ဖြတ်စာတောင်းကာ အိမ်ထောင်ပြုသွားတော့သည်။

ကိုလတ်နှင့် မမရှယ်လီ လက်ထပ်ခဲ့ခြင်းမှာ



တကယ်တော့ စာရွက်ပေါ်မှာပဲ ရှိခဲ့လေ၏။ အသိုင်းအဝိုင်းပတ်ဝန်းကျင်မှာ ကိုလတ်သည် လူလွတ်အဖြစ်သာ မြင်ထင်ခဲ့လေ၏။ ဒေါ်လေးမှီကိုယ်တိုင်က ဆုနှင့် ရည်ရွယ်ကာ မိတ်ဆွေ အသိုင်းအဝိုင်းကလည်း သဘောမျှလေသေးသည်ပဲ။ ဆုကိုချစ်လျက်က ရယူဖို့ ကိုလတ် မကြိုးစားခဲ့သည်ကို ဆုငယ်စဉ်ကတော့ ဆုအပေါ် ငဲ့တာတစ်ခုပဲ ထင်ခဲ့သည်။ ခုတော့ သူ့သမီးကိုလည်း ငဲ့ရှာသည်ဟု သဘောပေါက်ရလေပြီ။

ဘဝတွင် တစ်ကြိမ်မှားရုံမျှနှင့် တစ်သက်တာ အသည်းနှလုံးကို အကျဉ်းချထားရရှာသူပါကလားရယ်လို့ ကိုလတ်အပေါ် ဆု ကြင်နာ နားလည်တတ်ပေပြီ။

ကိုလတ်သည် လုပ်သက်ကိုးနှစ်ကျော်ခဲ့ပြီမို့ မလေးရှားအစိုးရက မြန်မာပြည်မှ ဆရာဝန်များကို ငှားရမ်းခေါ်ယူရာတွင် အရွေးခံရကာ အနည်းဆုံး နှစ်နှစ်သွားရောက် အမှုထမ်းရပေမည်။

'လေးငါးနှစ်တော့ နေမယ် စိတ်ကူးတယ် ဆု။ ပြန်လာကြရင်လည်း မီမီအတွက် ပတ်ဝန်းကျင်အသစ် ဖန်တီးပေးဖို့ ကိုလတ် ရည်ရွယ်တယ်။ သူ့အဖေနဲ့ အမေရဲ့ မလှမပ အဖြစ်အပျက်တွေနဲ့ ကင်းကွာခြားပေးလိုက်ချင်တယ်။ ခုတော့ မမျှော်လင့်ဘဲ မာမီက မီမီ့ကို လက်ခံလိုက်တယ်လေ။ သားရယ် မာမီဟာ သမီးကလေး လိုချင်ခဲ့တာ မရခဲ့ဘူးတဲ့။ ခုတော့ မာမီဟာ မီမီ့အဘွားတင်မကဘူး။ မီမီ့

www.burmeseclassic.com

www.burmeseclassic.com



အမေလည်း ဖြစ်ရတော့မယ်တဲ့။ သားတို့နဲ့ မာမီလည်း လိုက်ရမှာပေါ့တဲ့။ ကိုလတ်တို့မိသားစု ပျော်နိုင်ကြမယ်ထင်တာပဲ ဆုရယ်'

ကိုဝင်းလတ်သည် ဆုကို စိုးသော်နှင့် ထားနိုင်ခဲ့သဖြင့် အတန်ငယ် စိတ်သက်သာရာ ရသည်။ ဆု မက်မောလှသော ဘွဲ့လွန်သင်တန်းကိုလည်း အဖြူစင်ဆုံးနည်းလမ်းနှင့် ရယူနိုင်ခဲ့ပြီမို့ စိတ်ချရပေပြီ။ သို့တစေ အရင်လို မာန်နှင့်ဟန်နှင့် တင်းမထားပြန်တော့ ဆု၏ ပင်ကိုအားငယ်သောအထီးကျန်အသွင်ကလေးက သိသိသာသာ ထင်း၍ထင်း၍ ပေါ်လွင်လာတတ်ပြန်ရကား လုံးလုံးလျားလျားတော့လည်း စိတ်မဖြောင့်နိုင်ပေ။

'ဒေါ်လေးမှိုနဲ့ စကားသွားပြောဦးမယ် ကိုလတ်'

'သွားလေ၊ ကိုလတ်လည်း သူငယ်ချင်းတွေကို မှာစရာရှိသေးတယ်'

ဒေါ်လေးမှိုသည်-

'တစ်ယောက်တည်း မနေရစ်ချင်လို့သာ လိုက်ရတာပါ။ မိမို့ကိုလည်း မောင်လတ်တစ်ယောက်တည်း ဘယ်လို ထိန်းသိမ်းစောင့်ရှောက်မလဲ။ ဒါကြောင့်ပါ။ ကိုယ့်အိုး၊ ကိုယ့်အိမ်၊ ကိုယ်မိတ်ဆွေတွေနဲ့ ခွဲခွာသွားရမှာ ဘယ်သွားချင်ပါ့မလဲ'ဟု ညည်းညူနေ၏။

'မိမိတော့ နိုင်ငံခြားရောက်ဖူးချင်တယ်။ ကမ္ဘာအနှံ့ကို လည်ပတ်ချင်တယ်'



'ညည်းအဖေက ညည်းကို အမေရိကားပို့ပြီး စာသင်မလို့တဲ့'ဟု စိုးသော်က စသည်။

'မသွားပေါင်။ ဘာလို့သွားရမလဲ။ ဖေဖေနဲ့ပဲနေမှာ'ဟု မိမိက ခေါင်းခါခါ လည်ခါခါနှင့်ဆို၏။

ဒေါ်ဒေါ်မြကမူ မျက်ရည်စမ်းစမ်းနှင့်-

'မအူပင်ပြန်ရောက်ရင် မနေတတ် မထိုင်တတ်ဖြစ်နေတော့မှာပဲ'ဟု မသွားခင်ကပင် လွမ်းနေနှင့်ရှာသည်။

'ဒေါ်ဒေါ်မြလည်း အစိုးတို့အိမ်ရော၊ ဒေါ်လေးမှိုတို့အိမ်ပါ ကြည့်နေရတော့ တာဝန်ပိုနေပြီ'ဟု ဆုကဆိုသည်။

စိုးသော်က 'ကျွန်တော်နဲ့ မမဆုရဲ့ အိမ်ပါဗျာ'ဟု ရယ်ရယ်မောမော ဝင်၍ စကားပြင်ပေး၏။

'အဲဒီအိမ် ရောင်းပစ်မယ်ဆိုလားလို့ မောင်လတ်ပြောနေတာ'

'ဟုတ်ကဲ့ ဒေါ်လေးမှို။ မမကလည်း မနေချင်ဘူးတဲ့။ တစ်နေ့ မအူပင် ပြန်ပြောင်းလာဖြစ်ရင်လည်း နောက် တစ်နေရာ ရှာကြရမှာပေါ့။ အကြွေးတွေလည်း ဆပ်စရာရှိနေတယ်။ ရန်ကုန်ကအိမ်ပဲ ကျန်မှာပဲ။ ကားလည်း ရှောင်းရမယ် ဒေါ်လေးမှို။ တစ်ပတ်ရစ်တစ်စီး ပြန်ဝယ်မယ် စိတ်ကူးထားတယ်။ ကိုလတ်ကလည်း သဘောတူတယ်။ ခုအ ခါ ဝင်ငွေမရှိတော့ အကြွေးတွေဆပ်ပြီး ပိုတဲ့ငွေနဲ့ [illegible] ရမှာလေ'

'အေးကွယ်၊ ရှေ့လျှောက် မင်းတို့မောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ပင် လုပ်ကြပေါ့။ ကိုလတ်ကလည်း လူသွားပေမယ့် စိတ်က ဖြောင့်မှာ မဟုတ်ဘူး။ စာရေးမှာပါ'

ထိုအခိုက်မှာပင် ကိုဝင်းလတ်တို့ လိုက်ပါသွားမည့် လေယာဉ် ထွက်ခွာတော့မည်ဖြစ်၍ ခရီးသည်များ လေယာဉ်ပျံပေါ်သို့ ကြွရောက်ပါရန် ကြေညာသံ ထွက်ပေါ်လာလေ၏။

ကိုဝင်းလတ်က သူ့အပေါင်းအသင်းများကို နှုတ်ဆက်သည်။ ပြီးတော့ ဒေါ်ဒေါ်မြ၊ စိုးသော်၊ ဆု။

'မင်း... ဒီနှစ်တော့ ဆယ်တန်းအောင်မယ် မဟုတ်လား အစိုး'ဟု စိုးသော်၏ ဆံပင်များကို လက်နှင့် ဖွကာ မေးသည်။

'စာတော့ ကျက်နေရမှာပဲ ကိုလတ်ရ။ မလွယ်ဘူး' ဟု ဆုဘက် မျက်စပစ်ပြရင်း စိုးသော်က ပြုံးရယ်နေသည်။

'သြော်... ကိုလတ်၊ မမကို ပြောပါဦး'

'ဆို... အစိုး'

'ကျွန်တော်တို့ အိမ်ကြီးဟာ အခု မမနဲ့ ကျွန်တော် နှစ်ယောက် နာမည်နဲ့ မဟုတ်လား။ ဒါပေမယ့် မမက လာမနေဘူးတဲ့၊ ကိုလတ်ပြောပေးပါဦး'

ဆုက စိုးသော်၏ လက်မောင်းကို ပခုံးနှင့်တိုက်ကာ ကန့်ကွက်လေသည်။

'ဟုတ်သားပဲ ဆုရယ်။ စိုးသော်တစ်ယောက်တည်း ရယ်'



'အချိန်ယူရဦးမယ် ကိုလတ်။ ထင်သလောက် မလွယ်လှဘူး'

ကိုဝင်းလတ်က ဆုကို စူးစူးစိုက်စိုက်ကြည့်ကာ-

'ဆုဆပ်ဖို့ အကြွေးတစ်ခု ကျန်သေးတယ်'ဟု ဆို၏။

ခါတိုင်းလိုပင် ဆုက ကိုလတ်၏ဆိုလိုရင်း အဓိပ္ပာယ်ကို နားလည်လှစွာ-

'အဲဒီအကြွေးကို ဆုဆပ်ဖို့ နောက်ကျသွားပြီ ထင်ပါရဲ့'ဟု ဝမ်းပန်းတနည်း ဖြေရလေသည်။

'ဘာဖြစ်လို့လဲ'

'သူ့ဘဝ အနည်ထိုင်သွားပြီးတဲ့ အချိန်အခါကျမှ ဆု ထပ်ပြီး မနှောက်ချင်တော့ပါဘူး'

'အချစ်မှာ အချိန်နှောင်းတယ် ဘယ်ရှိပါ့မလဲ။ နောက်မကျသေးပါဘူး ဆုရယ်'

'သူက ဆုဆပ်မယ့်အကြွေးကို လက်မခံတော့ဘူး ဆိုရင်ကော'

ကိုဝင်းလတ် မဖြေနိုင်မီမှာပင် မီမီသည် ကိုဝင်းလတ်ကို လှုပ်ယမ်းကာ-

'ဖေဖေ မြန်မြန်လာ။ မီမီတို့ ကျန်ခဲ့တော့မယ်'ဟု ဆွဲခေါ်လေ၏။

'ကိုလတ်သွားပြီ ဆု'

ဆု၏ မျက်ရည်စိုရွှန်းသော မျက်ဝန်းများဝယ် ချစ် ကြည်ကိုးစားမှုများ၊ လွမ်းဆွတ်တမ်းတမှုများသည် သူ့လို

www.burmeseclassic.com

www.burmeseclassic.com



ချင်သော အသွင်သဏ္ဍာန်များ မဟုတ်သည့်တိုင် အဖြူစင်ဆုံးနှင့် အခိုင်မြဲဆုံး ထင်ဟပ်နေလေ၏။ ဆန္ဒများ၊ မျှော်လင့်ချက်များအားလုံး ဥသုံမပြည့်စုံနိုင်သော လောကကြီးတွင် ဖြစ်လာသမျှ ရနိုင်သမျှနှင့်ပင် ကိုဝင်းလတ် ကျေနပ်ပါပြီ။

ကိုဝင်းလတ်၏ မျက်လုံးများကိုတော့ ဆု မမြင်သာ။ သူတပ်ထားသော နေကာမျက်မှန်သည် နေရောင်မှ အကွယ်အကာပေးသည့်နည်းတူ သူ့မျက်လုံးများမှ အလွမ်းအဆွေးများကိုလည်း လျှို့ဝှက်ဖုံးကွယ်ထားပေးလေသည်။ သူ့အတွက်ကြောင့် ဆု၏ ဘဝခရီးဆက်ရာဝယ် တရေးမမှောင့်စေလိုပါ။ ဘာအနှောင်အဖွဲ့မှ မထားတမ်း ဆု၏ ချစ်လိပ်ပြာသည် လွတ်လွတ်လပ်လပ် ပျံလိုရာ ပျံဝဲပါစေတော့။

မျက်ရည်သုတ်နေသော မာမီ့ကို တစ်ဖက်၊ ပျော်မြူးနေသော မီမီ့ကိုတစ်ဖက် လက်ဆွဲကာ အားလုံးကို ကျောခိုင်းခဲ့ချေပြီ။

တကယ်တမ်း ခွဲခွာရပြီဆိုမှပင် ကိုလတ်၏ မေတ္တာစေတနာတွေသည် မည်မျှ တန်ဖိုးကြီးမားကြောင်း ဆုပို၍ သိနားလည်ရလေသည်။ တုံ့ပြန်ပေးဆပ်နိုင်ခြင်း မရှိသော ဆု၏ မေတ္တာများကို ကိုလတ် တောင့်တမနေဘဲ သူ့ဘဝ သူ့အခြေမှာ သူ့ဘာသာ ကြည်နူးရောင့်ရဲနေလေ၍သာ ဆု စိတ်ဖြေသာတော့သည်။

လေယာဉ်ပျံကြီးသည် ကောင်းကင်ဆီသို့ ငှက်



အသွင် ပျံကြွထွက်ခွာသွားလေပြီ။ တဖြည်းဖြည်း ဝေးကွာသွားလေ၍လား၊ ဆုမျက်လုံးများကိုကပဲ မျက်ရည်ဖုံးလေ၍လားမသိ။ တစ်ခဏချင်းပင် မသဲမကွဲမှုန်ဝါးပျောက်ကွယ်သွားချေ၏။

ဆု ရင်ထဲတွင်တော့ တမ်းတခြင်းများ အပြည့်အလျှံ ကျန်ရစ်လေပြီ။

ကြင်နာသော လက်တစ်ဘက်က ဆု၏လက်မောင်းကလေးကို လာရောက်ပွေ့ဖက်သည်။

'ပြန်ကြစို့နော် မမ'

ပြုံး၍ ခေါင်းအညိတ်ဝယ် မျက်ရည်တစ်စက်သည် လွင့်စဉ်ကြွေကျသွားခဲ့လေသည်။

ဦးခေါင်းတွေ ရိဝေအုံ့ဆိုင်းလျက်နှင့်ပင် ဆုသည် စိုးသော် တွဲခေါ်ရာသို့ လိုက်လာခဲ့သည်။

ခုတော့… ဆု ပြန်တော့မည်။

ပြီး။

ထာဝစဉ် ချစ်ခြင်းများစွာဖြင့်…..

မြနှောင်းညို

www.burmeseclassic.com